# ဇမ္ဗူဒီပဥဆောင်းကျမ်း

မြန်မာနိုင်ငံသုတေသနအသင်း
၁၂၇၁ 1910
လမ်းရိုးဟောင်းတွင် ဆင့်ကာထွင်
BURMA RESEARCH SOCIETY

သတ္တိုးသီရိသုဓမ္မ ဒေါက်တာ ဂျေ-အက်စ်-ဖ᠊ာနီဗဲလ်

နှင့်

ဒေါက်တာ ဖေမောင်တင်

တည်းပြတ်နိဒါန်းရေးသည်

သုတေသနအသင်းစာစဉ်သစ်

(၂)

# စမ္ဗူဒီပဥဆောင်းကျမ်း

၁၉၆၀ ပြည့်နှစ်တွင် ပဌမအကြိမ် နှိပ်သည်။

မြန်မာနိုင်ငံသုတေသနအသင်းအတွက်
စာပေပဒိမာန်ပုံနှိပ်တိုက်က
ပုံနှိပ်လုပ်ဆောင်သည်။

## တည်းဖြတ်သူတို့၏

# နိဒါန်း

၁။ ။ဤကျမ်းသည် ဗုဒ္ဓအယူဝါဒအရ တောင်ကျွန်းကြီးဖြစ်သော ဇမ္ဗူဒီပသမိုင်းနှင့် ပထဝီဝင်ဆိုင်ရာ စစ်တမ်းများကို စုပေါင်းထားသောကျမ်းဖြစ်သည်။ ယင်းကျမ်းတွင် ဖော်ပြမည့် အကြောင်းအရာတို့ကို ဥဆောင်း ဟူသော အမည်ကို ထောက်၍ သိနိုင်၏။ သို့ရာတွင် အပြင်လောကကို ညွှန်သော အချက်တို့ တခု နှစ်ခုမှတပါး၊ မြန်မာပြည် အကြောင်းကိုသာ ဖော်ပြရကား၊ ဤကျမ်းသည် မြန်မာနိုင်ငံသမိုင်း အဘို့ ပစ္စည်းကြမ်းအဖြစ် စုဆောင်းထားသည့် အရေးအသား ဖြစ်၏။

၂။ ။မူများ။

ဤကျမ်းသည် လွန်စွာအနက်ငုပ်၏။ ဤသို့ အနက်ငုပ်ခြင်းသည်လည်း အများအားဖြင့် ရေးကူးရာ၌ သတိမဲ့ အသိကင်းသောကြောင့် ဖြစ်ကြောင်း တွေ့ရ၏။ ဤသို့ ဖြစ်ရသည်မှာ ကွယ်လွန်သူ ပုဂံ ဝန်ထောက်မင်း ဦးတင့်မူမှ ဗားနတ်မူကို နီးကပ် တူညီအောင် ရေးကူးသူ တဦးတည်း၏ အပြစ်မဟုတ်။ ဦးတင့်မူကို ဟသ်ာတ စစ်ကဲဖြစ်ဘူးသော ကွယ်လွန်သူ ဦးဖန်၏ ပေစာမှ ကူး၏။ ဦးဖန့် ပေစာကိုလည်း ဗိုလ်မှူး မင်းသား၏ ပေစာမှ ကူးကြောင်း ဘေးမှတ်ချက်၌ ဆို၏။ သက္ကရာဇ်ကိုကား မညွှန်းချေ။ ယခုအခါ မြန်မာပြည်၌ ဦးတင့်မူ၊ ဗားနတ်မူ၊ တောင်တွင်းကြီးမူနှင့် ဦးတင့်မူမှ မကြာမီ ကူးယူသောမူတခု နှစ်ခုမှ တပါး အခြားမူများ ရှိဟန်မတူချေ။ ဗြိတိသျှ ပြတိုက်ရှိ မိတ္တူများကို စစ်ဆေးကြည့်ရာ၊ စမ္ဗူဒီပဥဆောင်း ဟူ၍ ပြတိုက်စာရင်းဝင် စာမူတခုသည် အောရ် ၃၄၄၂ ဖြစ်ကြောင်း သိရ၏။ သို့ရာတွင် ဤမူသည် ကျမ်း တပိုင်းမျှဖြစ်၏။စင်စစ်ကား စာရင်းတွင် "ပုဂံ အင်းဝ ရာဇဝင်" ဟုပြသော အောရ်၃၄ဝ၉ နှင့် အောရ် ၃၄၁ဝ ဟူသော အခြားမူ ၂ ခု ရှိသေး၏။ သို့ဖြစ်၍ ဦးတင့်မူနှင့် ဗားနတ်မူတို့ကို တခုတည်းဟု မှတ်ယူလျှင် မူအလုံး ၅ ခု ရှိ၏။ ဤ ၅ ခုသောမူတို့သည် ဖော်ပြအပ်သော အကြောင်းအရာတို့၌ ထပ်တူဖြစ်၏။ ဦးတင့် မူမှ ကူးယူသော ဗားနတ်မူသည် အများအားဖြင့် အခြားမူတို့လောက် ကောင်း၍ အချို့ အချက်တို့၌ကား အကောင်းဆုံး ဖြစ်၏။

(၁) အောရ် ၃၄၄၂ ပေစာသည် ယခု ပုံနှိပ်အပ်သော ဗားနတ်မူ ပုဒ်မ၂ မျက်နှာ ၇ မှ ၂ဝ အဆုံးနှင့် တူ၏။ ပေရွက်တို့သည် 'က' မှ 'ကော' ဖြစ်၍ 'ကံ' တွင် ၃၃ မျဉ်းကြောင်းရှိ၏။ မြန်မာပြည် နယ်နိမိတ် အပိုင်းအခြားမျှလောက်သာ ပါ၍ အစီအစဉ်နှင့် နယ်နိမိတ်တို့သည် ဗားနတ်မူ၌ ဖော်ပြထားသည့် အတိုင်း ဖြစ်၏။ ဗားနတ်မူ မျက်နှာ ၂၁ အစတွင် ဖော်ပြသော 'စန္တာပါသက်နက်နယ်' သာမက၊ မတရ ဇေယျပုရ။စစ်ကိုင်းမြို့နယ် – ရတနပူရ အင်းဝမြို့နယ် – အမရပူရနေပြည်တော်တို့၏ နယ်နိမိတ်တို့ကိုလည်း ပြ ၏။ ထို့နောက် – "မြို့ရွာအပိုင်းအခြားများနှင့်စပ်လျဉ်း၍ မှတ်သားဘွယ် အလုံးပါသော ဇမ္ဗူဒီပဥဆောင်း ကျမ်း ဤတွင် ပြီး၏။ သက္ကရာဇ် ၁၂၁၇ ခု ဝါခေါင်လ ၂ ရက် စနေနေ့ တနာရီ အချိန်တွင် ရေးကူး၍ ပြီး သည်" ဟု ဆိုကာ ပါဠိမြန်မာ နိသျတို့ဖြင့် ရုတ်တရက် အဆုံးသတ်၏။

(၂) အောရ် ၃၄ဝ၉ ပေစာကို အပြင်ဖုံး၌၎င်း၊ ပြတိုက်စာရင်း၌၎င်း၊ ပုဂံအင်းဝရာဇဝင်ဟု ဖော်ပြထား သော်လည်း စင်စစ်ကား ဇမ္ဗူဒီပဥဆောင်းကျမ်း၏ အဆုံး ၅ မျဉ်းခန့် ကျန်နေသော မိတ္တူဖြစ်၍ ဗားနတ် မူနှင့် နီးကပ်အောင်တူညီသည်။ က-ကာ-ဟု စမြဲအတိုင်း မဟုတ်ဘဲ ဥဒါး-ဖြင့်စ၍ ခ၊ ဏ၊ တ၊ ထ၊ ဒ၊ ဓ။ ပြီး

လျှင် န – နှင့် အဆုံးသတ်သည်။ ဤသို့ ကျမ်းအင်္ဂါဖွဲ့ပုံကို ထောက်သော် အမည်က ညွှန်သည့်အတိုင်း ပုဂံ အင်းဝရာဇဝင် ဟူသော ကျမ်းရှည်၏ အပိုင်းမျှ ဖြစ်ခဲ့သည်ဟု ယူဆရာ၏။

ဗားနတ်မူမှ ကွဲလွဲချက်ကြီးများကား အောက်ပါအတိုင်း ဖြစ်သည်။

(က) ဗားနတ်မူ မျက်နှာ ၂၁ အဆုံးနှင့်ကိုက်သော စား- ပေရွက်အလယ်တွင် မြို့ဝ်ကြေရှာနယ်နိမိတ်အပိုင် အချားကိုဝ် သိသာချားနားသည်ကို မှတ်သားသည် ဤ။ ပဌမပိုင်ပြီ’ ဟု ညွှပ်သွင်း၏။

(ခ) ဗားနတ်မူ မျက်နှာ ၆ဂ မျဉ်း ၁၀ နှင့် ကိုက်သော ပေရွက် – ဒ-ကျောဘက်လာ ‘နန္ဒပျံချီတို့ တိုင်တာ ချထားသည်’ နောက်၌ ‘ဒုတိယပိုင်ပြီဤ။’ ဟု ညှပ်သွင်း၏။ သို့ရာတွင် ဗားနတ်မူ မျက်နှာ ၆ဂ မျဉ်း ၁၁ လာ “သက္ကရာဇ် ၁၁၂၄ ခု ဘုရားနောင်တော်ဘုရားကြီး လက်ထက်တော် ပတီးဆရာကြီး ပေစာက ရှင်ညာဏ ကူးယူစေသည်။ ၎င်းသက္ကရာဇ် ၁၁၂၄ ခု ဝါခေါင် လပြည့်ကျော် ၂ ရက်နေ့ စခစ်တိုက်သဿ ရှင်အာစာရကျောင်းတွင် ပေစာလက်ခံက ကူးယူသည် အမိန့်တော်တမ်းကြီး။

“နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ”

ဟူသော မျဉ်း ၄ ကြောင်းကိုကား ချန်ထား၏။

(ဂ) န-ပေရွက်အဆုံး၌ “ဒိုင်းလွှားကာမြင်းဝင်းကို” ဟု ရုတ်တရက် အဆုံးသတ်သည်။ ဗားနတ်မူ မျက်နှာ ၁၀၃ – ကျမ်းမဆုံးမီ- ၅-ကြောင်း၌ “ဒိုင်းလွှားကာမြင်းဝင်းကိုယ်ရံသွေးသောက်” ဟု လာ၏။ ဤကို ထောက်သော် ဗားနတ်မူမှာကဲ့သို့ ကူးယူသူ၊ သက္ကရာဇ်သာမက အစမူလကိုပင် ဖော်ပြရာခဲ့ သည့် ပေရွက်တရွက် ရှိသေးသည်ဟု ယူဆနိုင်၏။

(ဃ) ကိုဝ်-ဟူသော စကားလုံးမျိုး၌ – ဝ်-သတ်သည်များကို တွေ့ရ၏။

(၃) ပုဂံအင်းဝရာဇဝင်ဟု စာရင်းသွင်းသော်လည်း အောရ် ၃၄၁၀ ပေစာအပြင်ဖုံး၌ ဇမ္ဗူဒီပါအုပ်ဆောင်း ဟု အမည်တပ်၏။ဇမ္ဗူသည် စမ္ဗူထက် ထွက်မြဲအသံနှင့်ကိုက်သည်။ က-စား-ပေရွက်တို့နောက်၌ ဆ – ဆာ မဟုတ်ဘဲ အဖဘ်ခခက်သော်လည်း င-ငါနှင့်တူသော အက္ခရာများကို တွေ့ရ၏။ အကြောင်းအရာများသည် ဗားနတ်မူနှင့်တူသော်သည်း ပုဒ်မ၄ (က)(ခ)(ဂ)(ဃ)တို့ကို ချန်ထား၏။ အနည်းငယ် စိတ်ဝင်စားဘွယ် ကောင်းသော ခြားနားချက် ၂ ခု ရှိ၏။ ဗားနတ်မူ၌ ပါမြဲဖြစ်သော နမောတဿ စသည်ကို အမြဲ မဟုတ် လျှင် အများအားဖြင့် ချန်ထား၏။သာ၍ စိတ်ဝင်စားဘွယ်ကောင်းသော အချက်ကား – ဗားနတ်မူ မျက် နှာ ဂ – ၂၁ တို့၌ ဖော်ပြသော အကြောင်းအရာတို့ကို အဆုံးဖြစ်သော စီး- င ပေရွက်တို့တွင်ရေး၍“ဇမ္ဗူဒီပါ အုပ်ဆောင်းပဌမပိုင်း။သက္ကရာဇ်၁၁၉ဂ ဝါခေါင်လဆုတ် ၅ရက်တွင် ရေးကူးပြီး၏” ဟုအဆုံးသတ်ခြင်းဖြစ်၏။

(၄) တောင်တွင်းကြီးမှရသော ပေမူ။ ပေရွက် က-မှ ကောတို့သည် ဗားနတ်မူ မျက်နှာ ၁၇ မျဉ်း ၁၉ အထိ ကိုက်သည်။ ဤမှ ပေရွက် ဂ (ဗားနတ် မျက်နှာ ၃၆ မျဉ်း ၂၀) သို့ ခုန်၍ အစဉ်ပျက်သော ပေရွက် ဂါ၊ ဂိ၊ ဂူ၊ ဂဲ၊ ဃ၊ (ဗားနတ် မျက်နှာ ၆၆ မျဉ်း ၂၁) အထိ ရောက်သည်။ ဆယ်ကြောင်းရေး ကု-မှအပ၊ က-ကော တို့သည် ၉ ကြောင်းရေးဖြစ်သည်။ ၉-ကြောင်းရေး – ဃ-ကျောဘက်မှအပ၊ ဂ-ဃတို့သည် ဆယ်ကြောင်း ရေးဖြစ်သည်။

အနောက် (မျက်နှာ-၁၃)၊ ပေါက်မြို့နယ် (မျက်နှာ – ၁၇)၊ ငါးတလေ့လျှင် တပြည် (မျက်နှာ-၅၁)၊ (လှ္ကက်) အခြောက် (၅၁) တို့အစား မြောက်၊ ပေါက်မြိုင်နယ်၊ ငါးတလေ့လျှင် တဖျည်း၊ (လှ္ကက်) အချောင်း အစရှိသဖြင့် မှတ်သားဘွယ် ကောင်းသည့် မူကွဲများ ပါသော်လည်း၊ ဗားနတ်မူ ၁၆ မှာကဲ့သို့ အချို့ နယ်နိမိတ်ဘို့ကို ချန်လှပ်ထားသည်ကို ထောက်သော် တောင်တွင်းကြီးမူနှင့် ဗားနတ်မူတို့သည် မူ ဟောင်းတခုတည်းမှ ဆင်းသက်လာကြောင်း သိရ၏။မြို့ဝ်-ဟူ၍ တခါတရံ -ဝ်-သတ်သည်ကိုလည်း တွေ့ရ၏။

# နိဒါန်း

## ၃။ ။အကြောင်းအရာ။

မာတိကာကို ကြည့်ရှုခြင်းအားဖြင့် ဤကျမ်းကို သုံးပိုင်း–ပိုင်းထားကြောင်း သိရ၏။ သို့ရာတွင် ၃၄၀၉ မူတခုတည်းကိုသာ ဤသို့ နည်းလမ်းတကျ သုံးပိုင်း–ပိုင်း၏။ အထက်၌ ဖော်ပြခဲ့သည်အတိုင်း ၃၄၄၂ မူသည် ၃၄၀၉ မူ၌ ပဌမပိုင်းဟူသော အပိုင်းမျှသာ ဖြစ်၏ (မျက်နှာ–၁–၂၁)။ ယင်းပဌမပိုင်းကို ၃၄၁၀ မူ၌ ပဌမပိုင်းဟု ခေါ်သော်လည်း မျက်နှာ ၈-၂၁ တို့ကို ကျမ်းအဆုံး၌ထား၏။

ဗားနတ် မူ၌ကား အပိုင်း သုံးပိုင်းဟူ၍ နည်းလမ်းတကျ ပိုင်းခြားခြင်းမရှိချေ။ သို့ရာတွင် နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ-ဟူသောစကားဖြင့် မျက်နှာ ၂၂၊ ၃၃၊ ၄၆၊ ၄၈၊ ၆၀၊ ၆၉ တို့၌ ထပ်ကာ ပိုင်းခြားထားသည်ကို သိရ၏။ မြန်မာစာတမ်း အားလုံးလိုလိုပင် နမောတဿ စသည်ဖြင့် စရကား၊ ယင်းစာပိုဒ် အသီးအသီးသည် အစမူလက သီးခြားသော စာတမ်းဖြစ်တန်ရာ၏။ သို့ဖြစ်၍ ဗားနတ်မူ မျက်နှာ ၁-၂၁-တို့သည် အခြားမူများ၌ ပဌမပိုင်းနှင့်ငြင်း၊ မျက်နှာ ၂၂-၆၈ တို့သည် ဒုတိယပိုင်းနှင့်ငြင်း၊ မျက်နှာ ၆၉ မှ အဆုံးတိုင်သော အပိုဒ်ရှည်သည် တတိယပိုင်းနှင့်ငြင်း ကိုက်၏။ အကြောင်းအရာ၏သဘောကလည်း အပိုင်းသုံးပိုင်း အသီးအသီး သည် အစမူလက သီးခြားသော စာတမ်း ဖြစ်သည်ဟူသော ယူဆချက်ကို ညွှန်ပြ၏။

ပေမူများ၌ အပိုင်းသုံးပိုင်းတို့ကို အမျိုးအစားခွဲခြင်း မပြုသော်လည်း ယင်းတို့ကို အောက်ပါအတိုင်း ဝေခွဲ၍ပြပေအံ့။

ပဌမပိုင်း။ ။အချုပ်။
ဒုတိယပိုင်း။ ။၉၉၉ ခုနှင့် ရှေးစာတမ်းများ။
တတိယပိုင်း။ ။အများအားဖြင့် ၉၉၉ ခုနှင့် နှောင်းစာတမ်းများ။

ပဌမပိုင်း၌ ဒဂုံဆံတော်ရှင် စေတီသမိုင်း (ပုဒ်မ-၁) နှင့် မြန်မာနိုင်ငံရေး ပထဝီဝင် (ပုဒ်မ-၂) ပါသည်။ ဒုတိယပိုင်း၌ စာပိုဒ် ၅ ခု ဖြစ်သော ပုဒ်မ ၁၀ ခု (၃-၁၂) တို့ဖြင့် ခွဲခြားထား၏။ ပဌမစာပိုဒ်ဖြစ်သော ပုဒ်မ ၃ (မျက်နှာ–၂၂-၃၂) ၌ ရှမ်းပြည်သမိုင်းကို ဖော်ပြ၏။ ဒုတိယ စာပိုဒ်သည် ပုဒ်မ ၄-၆ ဖြစ်သည်(မျက်နှာ ၃၃-၄၅)။ ပုဒ်မ ၄ သည် ရှမ်းပြည်သမိုင်းကို ထပ်မံအဲ့ဘိုကောက်ငြရာ၊ ပုဒ်မ ၃ နှင့် စကားတူနိုင်သမျှ တူ၏။ မူကွဲမှုကူးယူသည်ဖြစ်ရာ၏။ ပုဒ်မ ၅ သည် ၉၄၂ ခုရှိ အောက်မြန်မာပြည်ကို ရည်ညွှန်းဟန်တူ၏။ ပုဒ်မ ၆ သည် ရှေးခေတ် သမိုင်းနှင့် ရှမ်းပြည် အကြောင်းများကို ရည်ညွှန်းသည်။ တတိယ စာပိုဒ်ဖြစ်သော ပုဒ်မ ၇ (မျက်နှာ ၄၆-၄၇) သည် ၉၆၃ ခုရှိ အောက်မြန်မာပြည်ကို ရည်ညွှန်းဟန်တူ၏။ စတုတ္ထ စာပိုဒ်ဖြစ်သော ပုဒ်မ ၈-၁၀ (မျက်နှာ ၄၈-၅၉) တို့၌ ၉၉၉ ဖြစ်ဟန်တူသောခု၌ အောက်မြန်မာပြည် အလုံးနှင့် သီးခြားနေရာတို့ ဆိုင်ရာ စာတမ်းများပါသည်။ ပဥ္စမ စာပိုဒ်ဖြစ်သော ပုဒ်မ ၁၁-၁၂ (မျက်နှာ ၆၀-၆၈) သည် ၇၂၉ ခုနှင့် ၉၉၉ ခုတွင် အရပ်ရပ် အုပ်ချုပ်ရေးဆိုင်ရာ အစည်းအရုံးနှင့် စပ်လျဉ်းသည့် အမိန့်တော်တမ်းကြီးများ ပါသည်ဆိုသဖြင့် အထူးစိတ်ဝင်စားဘွယ်ကောင်း၏။

တတိယပိုင်းသည် နေရာလိုက်၍ ၁၃ မှ ၃၀ အထိ ပုဒ်မပေါင်း ၁၇ ဖြင့် ပြသော စာပိုဒ်တခုတည်း ဖြစ်သည်။ ဤမှတ်တမ်းအများတို့သည် နေ့စွဲကွဲသော အရပ်ဒေသကို ရည်ညွှန်းကြသည်။ ဤသို့လျှင် မုတ္တမ၊ တောင်ငူဆိုင်ရာ မှတ်တမ်းစု (ပုဒ်မ ၂၀-၂၇)သည် ငွေခွန်တော် ကောက်ခံပိုင်ခွင့်နှင့် စပ်လျဉ်း၍ ဌာနချုပ်ရှိ ငွေခွန်ဝန်နှင့် ဒေသန္တရအရာထမ်းတို့ တာရှည်စွာ ငြင်းခုံခြင်းကို ဖော်ပြသည်။ မည်သည့်နေရာ၌မဆို စည်းကြပ်သည့် နေရာတိုင်း၌ ကောက်ခံခွင့်ရှိသည်ဟု ငွေခွန်ဝန်က ဆို၏။ နယ်တွင်းရှိသူတို့ထံမှ အခွန် အ

မျိုးမျိုး ကောက်ခံခွင့်ရှိသည်ဟု ဒေသန္တရ အမှုထမ်းတို့က ဆို၏။ အောက်၌ ရှင်းလင်းမည့်အတိုင်း၊ အလုပ်ဝတ္တရား-သို့မဟုတ် – လူမျိုးတူစုအလိုက်နှင့် နယ်မြေအလိုက် ဟူ၍ အုပ်ချုပ်ရေး အစည်းအရုံး နှစ်ထပ်ရှိ၏။ တောင်ငူမှာကဲ့သို့ အခြားနေရာများ၌လည်း ဤသို့သော ထိခိုက်ခြင်းများကို မကြာခဏ တွေ့ကြုံကြရ၏။

တချိန်တည်း တနေရာတည်းနှင့် ဆိုင်သော အမိန့်တော်များလည်း ရှိသေး၏။ ပုဒ်မ ၂၈ (က)သည် တောင်ငူမြို့နှင့် ငွေခွန်ဝန်တို့၏ အငြင်းအခုံတွင် ကရင်မှူး အချို့တို့ အစစ်ခံချက်ပါသော ပုဒ်မ ၂၀(ဃ) ၏ မိတ္တူဖြစ်သည်။ ပုဒ်မ ၂၁ (ဃ)သည် ငှက်ကြီးသိုက်ဆိုင်ရာ ပုဒ်မ ၁၇ (ခ) အပိုင်း၏ မိတ္တူဖြစ်သည်။ ပုဒ်မ ၂၁(ခ)သည် အုံးကွမ်း အရာတော်ဆိုင်ရာ ပုဒ်မ ၁၇ (က)၏ မိတ္တူဖြစ်သည်။ ပုဒ်မ ၁၆၊ ၂၅၊ ၂၉ ဟူ၍ သုံးဆင့်ထပ်သော မှတ်တမ်းလည်း ရှိသေး၏။ ဤမှတ်တမ်းတွင် ပုဒ်မ ၁၆ ၌ ၉၇၃ ခု **ပုပ်ကန်ကြီး သက်ငယ်**သည် ပုဒ်မ ၂၅ ၌ ၉၇၆ ခု **အုတ်ကန်ကြီး** ဖြစ်၍ ပုဒ်မ ၂၉ ၌ ၉၆၇ ခု **ဖုတ်ကန်ကြီး** ဖြစ်၏။

အခွန်တော်ကို ပြသော ဂဏန်းများသည် မကြာခဏ ခြားနားကြ၏။ ပုဒ်မ ၁၆ ၌ တနှစ်လျှင် ၃ ကြိမ် ပေးသည်ဟုဆိုရာ၊ မိတ္တူတို့၌ ၂ ကြိမ် ၃ ကြိမ် ပေးသည်မှာပါ၏။ ထို့ပြင် ကျော်ထွန်းသည် ဘေး ဘိုး ဘွား က ဆင်းသက်ဆက်ခံသည်ကို ထပ်ကာ တွေ့ရသော်လည်း မှတ်တမ်းတခု၌ကား ထိုသူတို့သည် တချိန်တည်း အသက်ရှင်ကာ အစစ်ခံလျက် ရှိကြဟန်တူ၏။

စစ်တမ်းအများ၌ ရှည်လျားသော နိဒါန်းပါ၏။ အချို့ နိဒါန်းတို့သည် စာတမ်းထက် ရှည်လျား၏။ အချို့နေရာတို့၌ ဤနိဒါန်းများကို နောက်လူများ ရေးထည့်ဟန်တူ၏။ သို့ရာတွင် ထိုမျှ ယုတ္တိရှိသော ရှင်းလင်းချက်တခုရှိ၏။ ဘိုးဘွားဘီဘင်တဦး ပြုစုခဲ့သော အခွန်တော် မှတ်တမ်းတခုသည် အလွန်ပြည့်စုံကြောင်း တွေ့ရကား၊ အနီးအနားရှိ သူကြီးတို့သည် ယင်းကို စံပြုကြသည်ဟု မြင်းခြံစီရင်စုက သူကြီး တဦး ပြောဘူး၏။ ဤအကြောင်းကြောင့် သေးငယ်သော နယ်မြေနှင့် ဆိုင်သည့် မှတ်တမ်းအချို့တွင် ကမ္ဘာဦးကစ၍ သမိုင်းရေးကြဟန်တူ၏။ ဤသို့ရေးခြင်းကြောင့် မှတ်တမ်းတခုသည် မည်သည့်နေရာ၌ ဆုံး၍ နောက်တခုသည် မည်သည့်နေရာ၌ စသည် ဟူ၍ သေချာစွာ မပြောနိုင်ရှိတတ်သည်။ ထို့ကြောင့် ယခုပုဒ်မခွဲဝေပုံကို အစမ်းသဘောနှင့်သာ ယူအပ်ပေသည်။

## ၄။ ။သက္ကရာဇ်။

ယင်းသို့သော အခက်အခဲ အရှုပ်အထွေးများ ရှိစေကာမူ၊ ဤကျမ်းသည် မုချမှန်ကန်သော ကျမ်း ဖြစ်လျှင် အသုံးကျ၍ စိတ်ဝင်စားဘွယ် ကောင်းသော အကြောင်းအရာ အများတို့ကို ဖော်ပြ၏။ သို့ရာတွင် ဤသို့ ဖော်ပြအပ်သော- (သို့မဟုတ်-ဖုံးကွယ်အပ်သော) အကြောင်းအရာများ၏ တန်ဘိုးသည် ကျမ်းပြု သက္ကရာဇ်အပေါ်၌ များစွာတည်၏။ များစွာသော မှတ်တမ်းတို့ကို ၉၉၉ ခု သို့မဟုတ် ထိုထက် ရှေးကျသောခုတွင် ရေးသည်ဆို၏။ အကယ်၍ ယင်းတို့သည် ဒဏ္ဍာရီ သို့မဟုတ် လိမ်လည် တုပသော အရေးအသားမျှ ဖြစ်မူ၊ တန်ဘိုးမရှိချေ။ မူရင်း စာတမ်းများ၏ မိတ္တူဟူ၍ လက်ခံနိုင်သည်ဖြစ်မူကား၊ ရေးကူးရာ၌ မှားယွင်းချက်များ ထူထပ်လျက်ရှိစေကာမူ၊ မြန်မာပြည် အုပ်ချုပ်ရေး အကြောင်းအရာ များကို ယင်းစာတမ်းများလောက် ဖော်ပြနိုင်သော အရေးအသား မရှိချေ။ သို့ဖြစ်၍ ဤစစ်တမ်းများ သည် မည်မျှ မှန်ကန်သည်ဟု စစ်ဆေးသင့်၏။

လက်ရှိ ပေမူတို့၌ပါသော သက္ကရာဇ်တို့ကို ဦးစွာ ကြည့်ကြစို့။ ဘားနတ်မူသည် ဦးတင့်မူမှတဆင့် သက္ကရာဇ် မသေချာသော ဗိုလ်မှူးမင်းသား၏ ပေမူမှ ဖြစ်လာ၏။ ၃၄၀၉ မူ၌ သက္ကရာဇ် မပါ။ ၃၄၄၂ မူ၏ သက္ကရာဇ်သည် ၁၂၁၈ ဖြစ်၏။ ၃၄၁၀ မူ၏ သက္ကရာဇ်သည် ၁၁၉၈ ဖြစ်၏။ မပြည့်စုံလှသော တောင်တွင်းကြီး

မူ၌ သက္ကရာဇ်မပါ။ တခုနှင့်တခုကို နှိုင်းရှည့်ကြည့်သော် မည်သည့်မူကို မည်သည့်မူမှ ကူးယူသည် မဟုတ်ဘဲ အားလုံးတို့ကို မူရင်းတခုမှ ကူးယူသည်ဟု သိနိုင်၏။ ဤအချက်နှင့် စပ်လျဉ်း၍ ၃၄၁၀ မူ၌ ပုဒ်မ ၄(က) (ခ) (ဂ) (ဃ) တို့ကို ချန်ထားခြင်း၏ အကြောင်းကို ပြရန် ခဲယဉ်းသော်လည်း မျက်နှာ ၈-၂၁ တို့ကို ကျမ်းအဆုံးသို့ ပို့ခြင်းသည် ဤမျက်နှာတို့ကို မူခြားတခုမှရသည်ဟု ဆိုလိုခြင်း ဖြစ်၏။ ၃၄၄၂ မူမှာလည်း ယင်း ၈-၂၁ မျက်နှာတို့သာ ပါရှိသည်ကိုလည်း သတိပြုရာ၏။ ဤ၃၄၁၀ မူက စာပိုဒ် ၂ ခုမှတပါး ကျန်မူ သုံးခုလုံးတို့သည် အကြောင်းအရာ အစီအစဉ်၌ တူကြသည်ကို ထောက်သော် ယင်းတို့သည် ၁၁၉၈ ခုထက် စောသော မူရင်းမှ ဖြစ်လာကြသည်ဟု လွယ်ကူစွာ ရှင်းလင်းနိုင်၏။

ထိုမူသုံးခုလုံးကို ၁၁၄၅ ခု မတိုင်မီ သက္ကရာဇ်သို့ ရွှေ့နိုင်သည်ထင်၏။ ၁၁၄၅၊ ၁၁၆၄ ခုတို့တွင် ဘိုးတော်ဘုရား ပြုခဲ့သော အခွန်တော် စစ်ကြောမှုတို့ကို အများ သိကြ၏။ ယင်းစစ်ကြောမှု ပြုလုပ်ပြီးမှ မှတ်တမ်း စုဆောင်းသောသူ တဦးတယောက်သည် ယင်းစစ်ကြောမှုနှင့်ဆိုင်သည့် စစ်တမ်းများကို မုချ ကေန် ထည့်သွင်းပေလိမ့်မည်။ စာတမ်းများ၌ အဆိုပါ စစ်ကြောမှုတခုခုကို ရည်ညွှန်းသော အချက်တစုံတရာ မပါခကား၊ စစ်ကြောမှု မပြုမီ စစ်တမ်းတို့ကို စုဆောင်းသည်ဟု လုံခြုံစွာ ယူဆအပ်၏။ ၁၁၂၆-၇ ခု၌လည်း ယခင် စစ်ကြောမှုများလောက် လူသိမများရုံသာမက နံ့ပြားဟန်မရှိသော အလားတူ အခွန်တော် စစ်ကြောမှုကို ပြုခဲ့ရာ၊ ပုဂံမြို့နယ်နှင့် နွားထိုးကြီး မြို့နယ်ဆိုင်ရာ ဤစစ်ကြောမှု မှတ်တမ်းများသည် ယခု ရှိသေး၏။ ထို့ကြောင့် စာတမ်းတို့၏ မူရင်းသည် ၁၁၂၆ ခု မဘိုင်မီက ရှိသည်ဟု ယခင်ကလောက် မသေချာဘဲ ယူဆနိုင်သေး၏။ မျက်နှာ ၆၂၊ ၆၈၊ ၇၇၊ ၉၅ တို့၌ အချို့ စာတမ်းတို့ကို ၁၁၂၄ ခုတွင် ပတီးဆရာကြီး ပေစာမှ ကူးသည် ဟူသော မှတ်ချက်ကလည်း အထောက်အပံ့ပြု၏။ သို့ရာတွင် (ပုဒ်မ ၂၃(ခ)၊ ၃၄၀၉ မူ ခု-ပေရွက်၊ ၃၄၁၀ မူ ငေ-ပေရွက်လာ) စာတမ်းတခု၌ သက္ကရာဇ် ၁၁၀၃ ထိုးထားသည်။ ဤသို့လျှင် ကျမ်းစုဆောင်းသည့် သက္ကရာဇ်သည် ၁၁၀၃ နှင့် ၁၁၂၄ တို့အနက်၊ ၁၁၂၄ ဖြစ်တန်ရာ၏။ ထိုပြင် ဗားနတ်မူတွင် နမောတဿ အစရှိသည့် ပတ္ထနာမှလည်း ပြဿနာ ဖြေရှင်းရာ၌ အလင်းရ၏။ စာစု အမျိုးမျိုးမှ ကူးယူစုဆောင်းလျက်ရှိသော စာရေးတယောက်သည် စုဆောင်းပြီးသော စာစု အသီးအသီး အစ၌–နမောတဿ စသည်တို့ကို ထည့်ပေလိမ့်မည်။ မိမိ စုဆောင်းနေသော စာတမ်းအလယ်ဘွင် နမောတဿ စသည်တို့ကို ထည့်မည် မဟုတ်ပေ။ သို့ဖြစ်၍ ၁၁၂၄ ခုတွင် ဦးစွာ ပြုစုပြီး၍ အယုတ်သဖြင့် ပတီးဆရာကြီးလက်ဘွင် အချို့အဝက်ရှိနေသောမူရင်း စာတမ်းများမှ ဗားနတ် (နှင့် တောင်တွင်းကြီး) မူကို ကူးယူသည်ဟူ၍ရင်း၊ ၃၄၀၉ မူ၊ ၃၄၁၀ မူတို့ကိုလည်း ထိုမူရင်းမှပင် တသီးတခြား ရရှိသည်ဟူ၍ရင်း ယူဆသင့်ဟန်တူ၏။ ဤကဲ့သို့–သက္ကရာဇ် သတ်မှတ်နိုင်ခြင်းသည် အတော်အဘန်အရေးကြီးသော အရာ ဖြစ်၏။ ထိုအချိန် ထိုအခါ၌ အင်းဝသည် ပဲခူးလက်အောက်သို့ ကျရောက်သည်မှာ မကြာသေးချေ။ သို့ဖြစ်၍ အုပ်ချုပ်ရေး အစီအစဉ်များသည် မကြာမီက အတည်ပြုခဲ့သော အလောင်းဘုရားမင်းဆက်၏ အစီအစဉ်များ မဟုတ်ဘဲ အလျင်ကျသော မင်းဆက်တွင် နန္ဒဘုရင် လက်ထက် မင်းစိုးမဲ့ အဖြစ်သို့ ကျရောက်ပြီးမှ ဖြစ်ပေါ် ထင်ရှားလာသော အရှိုးအစဉ်များ ဖြစ်သည်ဟု ယူဆအပ်၏။ စင်စစ်ကား အလောင်းဘုရားက မြန်မာအစိုးရကို ပြန်လည် တည်ထောင်လိုက်သဖြင့် လူတို့သည် ရှေးအုပ်ချုပ်ရေး စနစ်၌ စိတ်ဝင်စားလာကြ၍ ၁၁၂၄ ခု၌ ဤစာတမ်းဟောင်း စုဆောင်းခြင်းကို ပြုပြီးလျှင် ၁၁၂၆-၇ ခု၌ အခွန်တော် စစ်ကြောမှုတို့ကို စီရင်ကြလေသည်ဟု ယူဆရန် ယုတ္တိမရှိဟု မဆိုနိုင်။

သို့ရာတွင် ဤမှတ်တမ်းများတွင် တွေ့သမျှ လက်ခံရမည်ဟု မဆိုလို။ အကြောင်းအရာများသည် အများအားဖြင့် ဝတ္ထုသဘော သက်ရောက်ကြသည်။ သက်သေတို့သည် ကြားဘူးသိမှီသည်အတိုင်း (မျက်

နှာ – ၉၄) ထွက်ဆိုကြသည်ကို တခါတရံ တွေ့ရ၏။ ဒဏ္ဍာရီလာ ဘုရင်တပါး သို့မဟုတ် ဒေသန္တရ သူရဲကောင်းတဦးသည် မြို့တံတိုင်းကို တည်ဆောက်ရာ၌ အသုံးပြုသော အုတ်ချပ်၏ အရေအတွက်ကို သေချာစွာ ဖော်ရမှာကဲ့သို့ တဆင့်စကားဖြစ်သည်ဟု တွေးဆရသော အခါများလည်း ရှိသေး၏။ ၁၁၁၄ ခုလောက်က အလောင်းဘုရားပေးသည့် ရန်ကုန် ဟူသော အမည်ပါသော ၉၆၃ ခု ရေးသည်ဆိုသော (မျက်နှာ-၄၆) စစ်တမ်းကဲ့သို့သော နောက်မှတည်းဖြတ်သည့် စစ်တမ်းအချို့လည်း ရှိသေး၏။

သို့ရာတွင် အချို့သာမက အများဖြစ်တန်ရာသော ဤမှတ်တမ်းတို့တွင် နောက်လူများ ပြုပြင်ချက်များ ပါနိုင်သော်လည်း၊ ညောင်ရမ်း၊ အနောက်ဘက်လွန်၊ သာလွန်မင်းတရားတို့သည် ယင်းတို့၌ ဖော်ပြထားသည့် အုပ်ချုပ်ရေးစနစ်အတိုင်း ပြန်လည် စီမံကြသည်မဟုတ်ဟု ဆိုရန်ခဲယဉ်း၏။ ထိုပြင် အချို့ စာတမ်းတို့၌ အစစ်ဟုတ်ကြောင်း ပကတိ သက်သေပါဟန်တူ၏။ ဆင်အိုင် ပိန်ညင်း ရွာသားတို့သည် အခွန်တော်လွတ်၍ ပန်းတော်ပန်းကို ချည်နီပါးထည်ရစ်၍ ထမ်းပိုးကို နှီးပါးရစ်သိုင်းဆောင်၍ မြို့တိုက်တော်မှာ ဆက်ရပါသည်။ ပန်းဆက်လာသောသူမှာလည်း ဈေးမှာ ကောက်၍ စားရပါသည် (မျက်နှာ-၇၇) ဟု သက္ကရာဇ်သုံးခု အစဉ်အလိုက် ဆက်၍ ဖော်ရသောအခါ ကြံဖန် လိမ်လည် ရေးသည်ဟု မဆိုသင့်ချေ။ ထိုပြင် ဘုရင်နောင် လက်ထက်မတိုင်မီ မြန်မာပြည် အောက်ပိုင်းရှိ လူတို့သည် ဖယောင်း၊ သို့မဟုတ်၊ ပျားရည်၊ သို့မဟုတ်၊ ချိပ်ကိုသာ အခွန်ပေးသည်ဟု တကြိမ်မက တွေ့ရ၏။ လှော်ကား ၃၀၀၀ မှူး လက်ထက်တွင် ပုဆိုးများကို ရောင်းသူ အပြတ်ခံ၍ ပွဲသို့ တင်လျှင် အထည် ၁၀၀ ကို ပွဲ ၁၀-ထည် တောင်းလျှင် အညှံ့ခံ၍ ၈-ထည် ၉-ထည်ပေးရသည်။ ဆန်တလှည်းလျှင် ဦးဆိုက် ၁် လှေဦးဆိုက် ၁်၊ တောင်းပန်လျှင် လျှော့၍ ကောက်ရိုးဟုဆိုသော ရွှေတောင် မှာတမ်းသည်လည်း အစစ်ဟုတ်သကဲ့သို့သော စာတမ်းဖြစ်၏။ ပတီးဆရာကြီး ပေစာမှ ကူးယူသည် ဆိုသော ၇၂၉ ခုထုတ် မင်းကြီးစွာစော်ကဲ အမိန့်တော်တမ်းကြီး (မျက်နှာ ၆၀-၆၂) နှင့် ၉၉၉ ခုထုတ် သာလွန်မင်း အမိန့်တော်တမ်းကြီး (မျက်နှာ ၆၃-၆၈) ၂ ခု တို့တွင် ပဌမ အမိန့်တော်ကြီးသည် အစစ်ဟုတ်သည်ဟု အတပ်မပြောနိုင်စေကာမူ၊ ဒုတိယ အမိန့်တော်ကြီးကိုကား ကြံဖန်လိမ်လည်ရေးသားသည့် စိတ်ကူးမျှဖြစ်သည်ဟု ပယ်ချရန် အကြောင်းရှိဟန်မတူချေ။ဇမ္ဗူဒီပ ဥဆောင်းကျမ်းသည် ၁၁၁၂ ခုတွင် အင်းဝသည် ပဲခူးလက်အောက် မရောက်မီက မြန်မာပြည် အုပ်ချုပ်ရေးစနစ်ကို ဖော်ပြသော ၉၉၉ ခု သို့မဟုတ် ထိုထက် အလျင်ကျသော စာတမ်းများကို ၁၁၂၄ ခုတွင် စုဆောင်းထားသော ကျမ်းဖြစ်သည်ဟု ယူဆနိုင်၏။

ဤမှတ်တမ်းများ၌ အစစ်ဟုတ်သည့်သဘော ပါသည်ကို ထောက်ခံသောအချက်တခု ရှိသေး၏။ စစ်တပ် ဆိုင်ရာ အမည်များကို ထပ်ကာ ဖော်ပြရာများတွင် သေနတ်ကို ရည်ညွှန်းသောအချက် အနည်းငယ်သာ တွေ့ရ၏။ ဘုရင်နောင် လက်ထက်မှစ၍ မြန်မာဘုရင်မင်းတို့သည် အမြောက် ပြောင်းချော သေနတ်များကို အသုံးပြုကြသော်လည်း အမြောက်ကိုင် စစ်သား၊ သေနတ်ကိုင် စစ်သားတို့သည် အများအားဖြင့် သုံးပန်းဖြစ်သော ပေါ်တူဂီ၊ ပသီ စသော နိုင်ငံခြားသားများ၊ သို့မဟုတ် ယင်းတို့မှ ဆင်းသက်လာသူများ ဖြစ်ကြသည်။ မျက်နှာ ၆၄ ၌ ကိုယ်ရံတော် သေနတ်၊ လှေသင်းလှော်ကား၊ သေနတ်အမြောက်၊ သက္ကတန်ရဲလှေ ကတ္တူဟူ၍ ၎င်း၊ မျက်နှာ ၆၆ ၌ မြင်းစုကြီး၊ ပန်းရသေနတ်၊ အသည် ၆-သွေးသောက်ဟူ၍၎င်း တွေ့ရ၏။ ဤကို ထောက်သော် ကျမ်းပြုစုသော အခါ၌ အမြောက် သေနတ်ကို အနည်းငယ်သာ သုံးစွဲကြသေးကြောင်း သိရ၏။

သက္ကရာဇ်နှင့်စပ်လျဉ်းသော အချက်တခုရှိသေး၏။ ဦးတင်ရေးသော မြန်မာမင်းအုပ်ချုပ်ပုံစာတမ်း – (ဒု-၁၁၇) ၌ ဇမ္ဗူဒီပအုပ်ဆောင်းမှာ ဂေါဇာ သက္ကရာဇ် ၉၀၀ ကျော်မှာ ရေးကြသောစာဖြစ်သည်ဟု

ဆို၏။ အစဉ်အလာအားဖြင့် ဇမ္ဗူဒီပ ဥဆောင်းကျမ်းသည် အချုပ်၊ အကျယ်ဟု ရှိရာ၊ နိုင်ငံတော်၏ ပြည်နယ် အကြောင်းအရာများကို အနောက်ဘက်လွန်မင်းတရား သိလို၍ ဤကျမ်းကို ရေးသားကြရသည်ဟု ဦးတင်က ပြောဘူး၏။ ၃၄၄၂ မူသည် ဗားနတ်မူ မျက်နှာ ဂ-၂၁ မျှ ဖြစ်ကြောင်း၊ ၃၄၀၉ မူ၊ ၃၉၁၀ မူတို့၌ ယင်းမျက်နှာတို့ကို ပဌမပိုင်းဟု ခေါ်ကြောင်း၊ ဗားနတ်မူနှင့် တောင်တွင်းကြီးမူတို့၌ ဒဂုံဆံတော်ရှင် စေတီသမိုင်းနှင့် စသော မျက်နှာ ၁-မှ ၂၁ တို့သည် နောက်၌ နမောတဿ စသည့် ပတ္ထနာဖြင့် ခြားသားသော သီးသန့်စာပိုဒ် ဖြစ်ကြောင်းတို့ကို ဖော်ပြခဲ့ပြီ။ ဤအကြောင်းတို့ကို ထောက်သော် အနောက် ဘက်လွန်မင်းတရားအဘို့ စုဆောင်းအပ်သော ဇမ္ဗူဒီပဥဆောင်းသည် နိုင်ငံရေး ပထဝီဝင်ကို ဖော်ပြသော ပဌမ ဂ-၂၁ မျက်နှာတို့ ဖြစ်သည်ဟု မယူမဆနိုင်သည့်အကြောင်း မရှိချေ။

## ၅။ ။နိုင်ငံရေး ပထဝီဝင်။

တောင်ကျွန်းဖြစ်သော ဇမ္ဗူဒီပကို တိုင်းကြီး ၁၆ တိုင်းဖြင့် ပိုင်းခြားရိုး ရှိ၏။ အောက်၌ ဖော်ပြ သည့်အတိုင်း၊ ဥဆောင်းကျမ်း၌ တိုင်းကြီး ဟူသော စကားလုံးသည် အနက်သုံးမျိုး ထွက်သော်လည်း၊ သာမန်အားဖြင့် ဇမ္ဗူဒီပ၏ ပိုင်းခြားရိုး ပိုင်းခြားစဉ်ကို ညွှန်၏။ အရေအတွက်ကို ၁၆ သို့မဟုတ် ၁၉ ဟု ပြ၏ (မျက်နှာ ဂ)။ ဦးတင် ရေးသော မြန်မာမင်း အုပ်ချုပ်ပုံ စာတမ်း – ဒု-၂၅ ၌တိုင်း သို့မဟုတ် ဇနပုဒ်ကို လူမျိုးတမျိုး ပေါင်းစု၍နေသော အရပ်ဟု အနက်ပေးပြီးလျှင် ယင်းကျမ်း ဂ၁ ၌ ၁၆ တိုင်းပါသော စာရင်း တခု၊ တိုင်း ၂၁ ပါသော စာရင်းတခု – စာရင်း ၂ ခုဘို့ကို ပေး၏။ ယင်းကျမ်း ၆၂ ၌လည်း "တိုင်း" ကို တွေ့ရ သေး၏။

ဥဆောင်းကျမ်း၌ တိုင်းကြီးကို အမှတ်မဲ့ ညွှန်းသည်သာ များ၏ (မျက်နှာ ဂ၊ ၆၃)။ မျက်နှာ ၄၂ ၌ တိုင်းကြီး ၁၃ တိုင်းကို ဖော်ပြရာ၊

| | | | |
|---|---|---|---|
| အင်္ဂ | မဂ္ဂ | ကာသိကရာဇ် | ကောသလ |
| ဝဇ္ဇီ | စေတိယ | ဝင် | ဂုရုရာဇ် |
| ပဥ္စာလရာဇ် | မစ္ဆ | သူရသေန | မလ္လကမ္ဘောဇ |

ဟူ၍ ၁၃ တိုင်းသာ တွေ့ရ၏။

မြန်မာမင်းအုပ်ချုပ်ပုံစာတမ်း -ဒု-ဂ၁-၌ တွေ့ရသော ၁၆ တိုင်း၏စာရင်းကား ဤသို့တည်း။

| | | | |
|---|---|---|---|
| အင်္ဂ | မဂဓ | ကာသိ | ကောသလ |
| ဝဇ္ဇီ | စေတိယ | ဝံသ | ကုရု |
| ပဥ္စာလ | မစ္ဆ | သူရသေန | ကမ္ဘောဇ |
| သက္က | အဿက | အဝန္တိ | ဂန္ဓာရ |

အမည် ၁၂ ခုတို့သည် ကိုက်ကြ၏။ ဥဆောင်းကျမ်းတွင်လာသော မလ္လသည် ဦးတင့်ကျမ်း-ဒု-၆၂ ၌ လာ၏။ ပြည်သည် တိုင်းကြီးလောက် မနှံ့ပြား၊ အရေးမကြီးသော အမျိုးသား ကေမူဖြစ်၏။ သို့ဖြစ်၍ ဦးတင့်ကျမ်း-ဒု-၆၂-၌ သက္ကတိုင်းတွင်၊ ကပိလဝတ်၊ ဒေဝဒဟ၊ ကောလိယပြည် တည်ထောင်စံနေကြသည် ဟု လာ၏။ ဥဆောင်းကျမ်းသည် အိန္ဒိယအလယ်ပိုင်းဖြစ်သော မဇ္ဈိမ ဒေသအတွင်းရှိသည့် ၁၆ ပြည်၊ တိုင်းကြီး ၁၆ တိုင်းတို့ကို ညွှန်၍ (မျက်နှာ ၆၃)။

| | | | |
|---|---|---|---|
| သာဝတ္ထိ | ဝေသာလီ | ပါတလိပုတ် | စေဘုတ္တရာ |
| သင်္ကဿနဂိုရ် | စမ္ပာနဂိုရ် | ကလိန်ကရာဇ် | ကောလိယ |

# နိဒါန်း

| | | | |
|---|---|---|---|
| သာကေတ | ဣန္ဒပထနဂိုရ် | ကပ္ပိလဝတ္ထု | ရာဇဂြိုဟ် |
| ကုဿိနာရုံ | ဒေဝဒဟ | ကောသမ္ဗီ | ဗာရာဏသီ |

ဟူ၍ ပြည်ကြီး ၁၆ ပြည်၏စာရင်းကို ပေး၏(မျက်နှာ ၄၂)။

| | | | |
|---|---|---|---|
| သာဝတ္ထိ | ဝေသာလီ | ပါတလိပုတ် | စေတုတ္တရာ |
| သင်္ကဿနဂိုရ် | စမ္ပာ | [သာဂလ] | [သံသုမာရဂီရိ] |
| သာကေတ | ဣန္ဒပဋ္ဌနဂိုရ် | ကပိလဝတ် | ရာဇဂြိုဟ် |
| ကုဿိန္နာရုံ | [ဥက္ကဋ္ဌ] | ကောသမ္ဗီ | ဗာရာဏသီ |
| [မိထိလာ] | [အာဠဝီ] | [ဥဇ္ဇေနီ] | [တက္ကသိုလ်] |

ဟူ၍ ဦးတင့်ကျမ်း-ဒု-၈၁ ၌ ပြည် ၂၀ ကို အသိအမှတ်ပြု၏။ သို့ရာတွင် ပြည်သည် အိန္ဒိယ ပထဝီဝင်ဆရာတို့၏ အရိုးအစဉ် စကားမျှမဟုတ်။ ပြည် ဟူသော ပျူနိုင်ငံဟောင်း၏ အမည်မှ လာရကား၊ပျူတို့သည် မြန်မာ့စိတ်ကူးတွင် မည်မျှ ကျော်စောကိတ္တိ ရှိသည်ကို ပြသည်ဖြစ်ရာ၏။ အများအားဖြင့် မြန်မာပြည် ပတ်လည်ရှိ တိုင်းပြည်များကိုလည်း ပြည်ဟု ခေါ်၏။ ဤသို့လျှင် ကျော်ကသည်းပြည်၊ ဂျွန်းပြည်၊ ဒဂုံပြည်၊ ပိဿုပြည် (မျက်နှာ ၈)။ ရှမ်းပြည်၊ ယွန်းပြည်၊ တရုပ်ပြည် (မျက်နှာ ၆၀)။ ရှမ်းပြည်၊ ယွန်းပြည်၊ တလိုင်းပြည် (မျက်နှာ ၆၃) တို့ကို တွေ့ရ၏။ မော ၉ ပြည် ဟူ၍ အရပ်ဒေသငယ်၏ အမည် (မျက်နှာ ၆၃)။ ပြည်တိုက်မှုစ၍ ဟူ၍ အမျိုးဆိုင်ရာ အမည် (မျက်နှာ ၅၆)။ ပြည်ရေးရွာမှု ဟူ၍ နာမဝိသေသန (မျက်နှာ ၆၀၊ ၆၅) အဖြစ်ဖြင့် သုံးသေးသည်တို့ကိုလည်း တွေ့ရ၏။ ရွှေပြည်ကြီးမြင်းမှာကဲ့သို့ ရွှေပြည်သည် မြန်မာပြည်ကို ဆိုသည်။ ရွှေပြည်အစား နိုင်ငံကိုလည်း သုံးသည် (မျက်နှာ-၆၆)။ နိုင်ငံကို ဦးတင့်ကျမ်း-ဒု-၂၅ ၌ ရှင်းလင်း၏။ အောက်မြန်မာပြည်ကို အောက်မြစ်စဉ်တလျှောက်ဟု တခါတရံ သီးသန့် သမုတ်၍ ပါဝင်သော မြို့အချို့၏ စာရင်းတို့ကို ဖော်ပြထား၏။ (မျက်နှာ ၄၁-၅၆)။ အောက်မြန်မာပြည် အပိုင်းကို ရာမည သို့မဟုတ် မုတ္တမ၊ ဥပါယ်ခို၊ ပုသိမ် တည်းဟူသော တလိုင်း ၃ ရပ်ဟုလည်း ခေါ်၏။ မြန်မာပြည် မြောက်ပိုင်းကို တခါတရံ အထက်မြစ်စဉ် တလျှောက်ဟု ခေါ်၍ ပါဝင်သောမြို့အချို့၏ စာရင်းတို့ကို ဖော်ပြထား၏။ (မျက်နှာ ၅၇)။

ရှမ်းဒေသကို ၉ ကျိုင်း ၉ မှိုင်း ၉ ထား ၉ မောဟု အများအားဖြင့် ခေါ်သည်။ မော-ကို ဦးတင့်ကျမ်း-ဒု-၁၀၂ ၌ ရှင်းလင်း၏။ မြန်မာပြည် နယ်နိမိတ်တို့ကို မျက်နှာ ၆၃ ၌ အကျဉ်းချုပ်၍ ပြထားသည်။အကျယ်ကို မျက်နှာ ၈၊ ၄၈ တို့၌ စကားထပ်နိုင်သမျှ ဖော်ပြသည်။ မျက်နှာ ၈ ၌ သာသနာတော်တည်ရာ အစောင့်အနေကောင်းဦးအလန်ဖျား ခန့်ထားသည်တို့ကိုလည်း ဖော်ပြသည်။ ဤစာရင်းတို့၌ ပါဝင်သော အမည် အများတို့ကို ဦးတင့်ကျမ်းတွင် ဖော်ပြအပ်သော လူမျိုးစာရင်း (ဒု-၂၀ အစရှိ)၊ နယ်နိမိတ် သတ်မှတ်ပုံ (ဒု-၁၀၅ အစရှိ) တို့၌ တွေ့ရသည်။

တိုင်းကြီး သို့မဟုတ် ပြည်အတွင်း၌ တိုင်းကြီး အငယ်စားလည်း ရှိသေး၏။ ရှုပ်ထွေးဘွယ်ကောင်း၏။ ထိုပြင် တိုင်၊ တိုက်၊ ခရိုင်နှင့် ရှမ်းပြည်အတွင်း-မှိုင်း၊ ကျိုင်း၊ မော၊ ထား ဟူသော အုပ်ချုပ်ရေး ဧကမူကြီးများလည်း ရှိသေး၏။

တိုင်းကြီးရှစ်တိုင်း အငယ်စားတို့ကို မျက်နှာ ၈၊၄၈ တို့၌ ဧရာဝတီမြစ်အနောက်ဘက် – မြောက်ဘက်သည် သုနာပရန္တတိုင်း၊ ဧရာဝတီမြစ် အရှေ့ဘက်- တောင်ဘက်သည် တမ္ပဒီပတိုင်း၊ သရေခေတ္တရာသည် သီရိခေတ္တရာမတိုင်း၊ ကေတုမတီ တောင်ငူသည် ဇေယျဝဍ္ဍနတိုင်း၊ ပုသိမ် ဥပါယ်ခို မုတ္တမသည် ရာမည

တိုင်း၊ သုဝဏ္ဏဘုမ္မိ ရွှေမြေရှိရာ အရပ် ရှမ်း ၅၇ မြို့သည် သုဝဏ္ဏဘုမ္မိတိုင်း၊ မိုးနဲညောင်ရွှေသည် ကမ္ဘောဇ တိုင်း၊ မိုးမိတ် ဘန်းမော်သည် စိန့်တိုင်း၊ ဟူ၍ ဖော်ပြထား၏။

တိုင်းကြီး ၁၆ တိုင်း၊ တိုင်းငယ်များ-ဟု မျက်နှာ ၆၁ ၌ ဆိုရာ တိုင်းငယ်များသည် တိုင်းကြီး ၁၆ တိုင်းမှ သီးသန့် ခြားနားသော အဆိုပါ ဒေသများကို ဆိုသည်ဟု ယူဆအပ်၏။

တိုင်သည်လည်း နှံ့ပြားသော ဧရိယာကို တခါတရံ ဆိုဟန်တူ၏။ သာမန်အားဖြင့်ကား၊ တိုင်းတာသည့် နယ်မြေ သို့မဟုတ် မြေတိုင်းအရာရှိ ဖြစ်ဟန်တူသော တိုင်နက်ကို ဆိုသည်။ ကောက်ခံသည့် အခွန်ကိုလည်း ဆိုသည်။

ကျယ်သော နယ်မြေအနက်ဖြင့် "တိုင်" ကို သုံးခဲ့သည်။ ရန်မပယ်တိုင်ကို မျက်နှာ ၇၄ ၌ တွေ့ရ၏။ နယ်နှင့် တွဲဟန်တူသော တရွှင်းတိုင်နယ်ကို မျက်နှာ ၁၅ ၌ တွေ့ရ၏။ တိုက်မဘက်သည့် မြို့နှင့် ဆန့်ကျင်သော တိုင်ဘက်မြို့ (မျက်နှာ ၆၅) သည် တိုင်တွင်ပါဝင်သောမြို့ကိုညွှန်းသည်။ သို့ရာတွင် ဤနေရာ၌ တိုင်ဘက်သည် တိုက်ဘက်ကို မှား၍ ရေးဟန် တူ၏။ အခြား နေရာ များ၌လည်း တိုင်သည် တိုင်း- သို့မဟုတ် သာ၍ ငယ်သော တိုင်နက်နှင့် ရှုပ်ထွေးသည် ဖြစ်နိုင်၏။

ခရိုင်ကို နေရပ် နှစ်ခုနှင့်သာ သုံးစွဲမြဲ ဖြစ်၏။ ပဌမ နေရပ်သည် ကျောက်ဆည် ဖြစ်၏ (မျက်နှာ ၃၀၊ ၉၀၊ ၉၄၊ ၉၆)။ လယ်တွင်း ဟူ၍လည်း တခါတရံခေါ်၏ (မျက်နှာ ၁၇၊ ၃၈)။ တခါတရံ ကျောက်ဆည်၊ လယ်တွင်း ဟူသော အမည်ကို မြှုပ်ထား၏ (မျက်နှာ ၂၅၊ ၅၆)။ သာမန်အားဖြင့် အဆိုပါ ဧရိယာတွင် ၉ ခရိုင် ပါဝင်သည်ဟု ဆို၏။ အချို့ နေရာတို့၌ကား ၉ ခရိုင်ကို ၄ ခရိုင် ၅ ခရိုင် ဟူ၍ ပြ၏ (၃၀၊ ၉၄-၆)။ တနေရာ၌ (၁၇) ၄ ခရိုင်၏ နယ်နိမိတ်တို့ကို ပြ၏ ၅ ခရိုင်ကိုကား မပြချေ။ မျက်စိ လျှမ်းခြင်းဖြစ်ရာ၏။ တခါတရံ ခရိုင်တို့ကို စု၍ နယ်ဟု ခေါ်၏ (၁၇-၃၉-၅၆)။ တနေရာ၌ (၅၆) ၉ တိုင်း ၉ ခရိုင်နယ်ဟူ၍ တိုင်းနှင့် ခရိုင်ကို တွဲ၍သုံး၏။

သာမန်အားဖြင့် ခရိုင်နှင့်တွဲသော ဒုတိယ နေရပ်ကား ဇင်းမယ် ၅၇ ခရိုင် ဖြစ်၏ (မျက်နှာ ၃၁ – ၃၅-၃၆-၃၇-၄၀-၇၁)။ ဇင်းမယ် ၅၇ မြို့နယ် ဟူ၍လည်း (၁၄ ၌) ဖတ်ရ၏။ မြို့ပေါင်း ၅၇ ပါဝင်သော ဇင်းမယ် ၅၇ ခရိုင် အဝင် မြို့စာရင်းကို ၇၁ ၌ ဖော်ပြ၏။ သို့ဖြစ်၍ ဇင်းမယ်ကို ၅၇ မြို့ ပါဝင်သော ခရိုင် သို့မဟုတ် ၅၇ ခရိုင်ဟု မှတ်အပ်၏။ တနေရာ၌ (၄၆) ပုသိမ် ၃၂ မြို့ ခရိုင်ကို ဖော်ပြ၏။

ကျယ်ဝန်းသော ဧရိယာ အနက်၌ သုံးသော တိုက်ကို ညွှန်ပြခဲ့ပြီ။

ဤစကားလုံးကို ထည့်စရာ ဟူသော အနက်ရင်း၌သာ သုံးဟန်တူ၏။ တိုင်းပြည်အများ ပါဝင်သော တိုက်၊ ကျောင်းအများ၊ အခန်းအများ ပါဝင်သော ကျောင်းတိုက် ဟူ၍ ယခုသုံးလျက် ရှိကြ၏။ ဤသို့လျှင် နယ်မြေ အပိုင်းအခြား၊ ဌာန အပိုင်းအခြား အနက်တို့၌လည်း ညီမျှစွာ သုံးနိုင်၏။ တောင်ဘက်တိုက်၊ မြောက်ဘက်ဘိုက်၊ အရှေ့ဘက်ဘိုက်၊ အနောက်ဘက်တိုက်၊ ဆင်ကျည်တိုက်၊ တွင်းသင်းတိုက်၊ မဟာဒါန်တိုက် ဟူ၍ အရပ်ရပ် ဆိုင်ရာ အုပ်ချုပ်ရေး ဌာန ၇ ဌာန ရှိ၏ (၆၄)။ ပဌမ ၄ ဌာန၏ အမည်တို့သည် နယ်မြေ အပိုင်းအခြားနှင့် စပ်ဆိုင်ကြောင်း ညွှန်ပြ၏။ သာမန်အားဖြင့် နယ်မြေ အပိုင်းအခြား ဟူသော တိုက်သည် မြို့တွင်းရှိ သာ၍ ငယ်သော ဧရိယာကို ဆိုသည်ကို အောက်၌ တွေ့ရလတ္တံ့။ ၅၇ ၌ ပြထားသော အောက်မြစ် အထက်မြစ်ရှိ မြို့များနှင့်တကွ တောင်ဘက်တိုက်ဝင် မြို့စာရင်းသည် ဤကျုံးဝင်သော တိုက်တို့ကား အုပ်ချုပ်ရေးနှင့်သာမက နယ်မြေနှင့်လည်း စပ်ဆိုင်သည် ဟူသော ယူဆချက်ကို အတည်ပြု၏။

**အဝေးမြို့ဟူ၍ အသိအမှတ်ပြုခြင်းသည် မြန်မာနိုင်ငံရေး ပထဝီဝင်၏ အရေးကြီးသော အုပ်ချုပ်မှု**

လက္ခဏာတခုဖြစ်သည်။ အတွင်း သို့မဟုတ် ပြည်ထဲနယ်မြေနှင့် ဆန့်ကျင်ဘက် ဖြစ်ဟန်တူ၏။ အဝေးမြို့တွင် ရှမ်းပြည်နှင့် မြို့စားများအား (၆၁) ခွဲဝေချထားအပ်သော အခြားမြို့များ ပါဝင်သည်ကား ထင်ရှား၏။

ဧရိယာအားဖြင့် တိုင်၊ ခရိုင်၊ တိုက်တို့အောက်ငယ်၍ မြန်မာ အုပ်ချုပ်ရေးစနစ်တွင် အရေးအကြီးဆုံးသော ကေမူကား မြို့ဖြစ်သည်။ အနောက်ဘက်လွန်မင်းအဘို့ စုဆောင်းသည်ဟု ယူဆရန် ယုတ္တိရှိသော ဉဆောင်းကျမ်း ပဥ္စမပိုင်း၌ အပိုင်းအခြားနှင့်တကွ မြို့စာရင်းကို များစွာဖော်ပြ၏။ ကျမ်းတခုလုံး၌ ထိုလောက်မပြည့်စုံသော အလားတူ စာရင်းများလည်း အနှံ့ အပြားရှိကြ၏။ အမည်များသည် မကြာခဏ စာလုံးပေါင်း ကွဲကြ၍ အပိုင်းအခြားများမှာ နေရာတိုင်း၌ ထပ်တူဖြစ်သည်မဟုတ်။ စာရင်းမ၌ပင်လျှင် တမြို့တည်းနှင့်ဆိုင်သော မိတ္တူရေးသွင်းချက်များ ရှိ၏။ တခါတရံ ဌာနချုပ် မြို့ဖြစ်သော မြို့မကို တွေ့ရ၏။ လက်အောက်ခံဖြစ်သော မြို့ရံ ရည်ညွှန်းချက်ကိုလည်း အနည်းငယ် တွေ့ရ၏ (၅၀၊ ၅၉)။

မြို့နယ်ဟူ၍ မြို့ကို နယ်နှင့်ပေါင်း၍ မကြာခဏသုံးသည်။ နယ်တခုတည်းကို မြို့အစား သုံးဟန်ရှိသည်ကိုလည်း မကြာခဏ တွေ့ရ၏။ ပုံစံ-တရုပ်မြို့နယ်၊ ငမြာကြီးနယ် (၁၉-၂၄)၊ အထူးသဖြင့် ပယ်နှင့်တွဲသော နယ်ပယ်သည် အနက်အမျိုးမျိုး ထွက်သဖြင့် ယင်းတို့ကို သီးသန့်ဆွေးနွေးအပ်၏။

မြို့နှင့်ရွာအကြားရှိ ကေမူကို ညွှန်းသော အချက်အနည်းငယ်မျှသာရှိ၏။ သာလွန်မင်း ထုတ်သည်ဆိုသော အမိန့်တော် (ပုဒ်မ ၁၂)၌ကား သန်လျှင် ၃ တိုက်၊ ဟံသာဝတီ ၇တိုက် အစရှိသဖြင့် အရေအတွက်ပြောင်းသောတိုက်တွဲသည့် မြို့ ၁၄ မြို့ စာရင်းပါဝင်၏။ လင်းဇင်းမှတပါး ဤမြို့အားလုံးတို့သည် အောက်မြန်မာပြည်၌ တည်ရှိဟန်တူရကား၊ အထက်မြန်မာပြည်၌ သုံးသော မြို့အစား အောက်မြန်မာပြည်၌ တိုက်ကို ဆက်လက်သုံးလျက်ရှိသည်ကို သတိပြုရာ၏။ ဤအချက်ကို ထောက်ခြင်းအားဖြင့် တိုက်သည် သွယ်ဝိုက်အုပ်ချုပ်အပ်သည့် အဝေးဧရိယာကို ဆိုလိုသည်ဟု ယူဆအပ်၏။ ပုဂံခေတ်တွင် ခရိုင်ကိုကျော်၍ ဆည်မြောင်းရေသောက်သော လယ်မြေ ဧရိယာအသစ်တို့ကိုပင် တိုက်ဟုခေါ်သည်ဟု ဆရာလူစ်က မြန်မာပြည်သုတေသနဂျာနယ် အတွဲ ၃၀၊ အပိုင်း-၁ မျက်နှာ ၄၀ ၌ဆို၏။

မြို့နှင့်ရွာအကြားရှိ အုပ်ချုပ်ရေး ကေမူဖြစ်သည့် တန်းကိုညွှန်းသော အချက်အနည်းငယ်သည် အလောင်းဘုရားမင်းဆက် အမွန်တော် စစ်တမ်းများ၌ ပါရှိ၏။ ဉဆောင်းကျမ်း၌ကား တွေ့ခဲ၏။ သူ့ရဲ့တန်းဉယည်ပု (၅၀)၊ တန်းခေါင်(း) (၅၅-၅၉)တို့ကို တွေ့ရ၏။

ရွာကိုညွှန်းသော အချက်များစွာရှိ၏။ သို့ရာတွင် အုပ်ချုပ်ရေး ကေမူအဖြစ်ဖြင့် ရွာကို မည်မျှ အသိအမှတ် ပြုသည်ကို မသိနိုင်ချေ။ မြို့အတွင်း ရွာသူကြီး အရေအတွက်သည် ရွာအရေအတွက်လောက်မများသည်ကို မကြာခဏ တွေ့ရ၏။ ဤသို့လျှင် မြို့သစ်၌ ရွာပေါင်း ၆၀၊ ရွာသူကြီးပေါင်း ၄၀ ရှိ၏။ ပန်းထိန်မြို့၌ ရွာပေါင်း ၅၅၊ ရွာသူကြီးပေါင်း ၄၀ ရှိ၏ (၁၁)။ တခါတရံ ရွာသူကြီး အရေအတွက်သည် ရွာအရေအတွက်အောက် များစွာနည်း၏။

ရွာလောက် ကြိမ်ပေါင်းများစွာ ဖော်ပြအပ်သော အုပ်ချုပ်ရေး ကေမူငယ် တခုသည် တိုင်နက်ဖြစ်၏၊ (၆၇၊ ၇၃-၄၊ ၈၄)။ မြေတိုင်းကေမူဟူ၍ မှတ်ယူအပ်ဟန် ရှိသော်လည်း၊ စီရင်နက်၊ တိုင်ဆော်နက် တိုင်ဆော်စီရင်နက်၊ မြေတိုင်ဆော်နက် ဟူသော စာလုံးပေါင်းတို့သည် အနက်ရင်း ကွယ်ပျောက်ခြင်းကို ညွှန်ပြကြ၏။ တိုင်နက်သည် ဝတ္ထုကံမြေနှင့် စပ်လျဉ်း၍ ဦးစွာ များစွာသုံးသော စကားဖြစ်နိုင်သည်။

## ၆။ ။အရပ်ရပ်ဆိုင်ရာ အုပ်ချုပ်ရေးအာ ၁ ည်းအရုံး။

အများအားဖြင့် ဉဆောင်းကျမ်း၏ စာတမ်းတို့သည် သက္ကရာဇ် အကွဲကွဲပါသော နေရပ်အမျိုးမျိုးတို့နှင့်

ဆိုင်သော နှံ့ပြားသည့် မှတ်တမ်းများ ဖြစ်ရကား၊ အုပ်ချုပ်ရေးစနစ် သရုပ်ပေါ်စိမ့်သောငှာ အသေးစိတ်၍ ပြသော အကြောင်းအရာများကို စပ်ဟပ်ကာ ကြည့်ရှုရမည်ဖြစ်၏။ မှတ်တမ်းအများ၏ အမှမ်းတင်ထားသော နိဒါန်းသည် ဤအတွက် အသုံးကျသော်လည်း၊ အများအားဖြင့် ယင်းနိဒါန်းမှာ အနက်ပေါ်ခြင်းထက် စကားဖွဲ့ခြင်းကို လိုလားဘိသကဲ့သို့ အမျိုးမျိုးသော ထုံးစံလေ့၊ စစ်တပ်၊ အသင်းများကို ညွှန်းသော စကားလုံးများကို ရောနှောစီစဉ်ထားခြင်းမျှ ဖြစ်သည်။ သို့ရာတွင် စစ်တမ်း အနည်းငယ်ကား ပို၍ အသုံးကျ၏။ ယင်းတို့အနက် သက္ကရာဇ် ၇၂၉ ခုနှင့် ၉၉၉ ခုတွင်ပြုစုသည်ဆိုသော အမိန့်တော်တမ်းကြီး ၃ ခုသည် ကြီးကဲ၏။

၇၂၉ ခုထုတ် အမိန့်တော်တမ်းကြီးသည် အစစ် ဟုတ်-မဟုတ်ကို သေချာစွာ မပြောနိုင်ကြောင်း ဖော်ပြခဲ့ပြီ။ ပတ်းဆရာ့ပေစာမှ ၁၁၂၄ ခုတွင် ကူးယူသော ဤစာတမ်းသည် အစစ်ဟုတ်သည်ဟု ကူးယူသူသာမက ပတ်းဆရာကိုယ်တိုင်ကလည်း ယုံကြည်ရာသည်ဟု လက်ခံနိုင်၏။ ဤသို့လက်ခံလျှင် နန္ဒဘုရင်လက်ထက် မင်းစိုးမဲ့အခြေသို့ ကျရောက်ခြင်း တည်းဟူသော ဘေးဥပဒ်ကြီးတခု ပါဝင်သော နှစ်ပေါင်း ၄၀၀ ခန့်မျှ ကြာသော ဒုက္ခအတောအတွင်း ထိုပေစာမှတ်တမ်းသည် မပျက်စီးဘဲ တည်ရှိနေခဲ့သည်ဟု ဆိုရာရောက်၏။ ဦးတင်ကလည်း ယင်းစာတမ်းကို အစစ်ဟုတ်သည်ဟု လက်ခံကာ မိမိရေးသော ကျမ်းတွင် တကြိမ်မက အကိုးအကားပြု၏။ အလယ်ခေတ် မြန်မာပြည် အုပ်ချုပ်ရေးကို ထိုခေတ်အတွင်း ရေးသားဖော်ပြသည်ဟု ဆိုသော စာတမ်းများအနက် ယင်းစာတမ်းသည် အစောဆုံး ဖြစ်ဟန်တူရကား၊ အစစ်ဟုတ်ခြင်း ပြဿနာကို မဆုံးဖြတ်သေးဘဲ ဖော်ပြအပ်သော အကြောင်းအရာများကို မှတ်သားပေအံ့။

ယင်းစာတမ်းသည် (ပုဒ်မ ၁၁) ယောက်ဖတော် ကွယ်လွန်၍ အင်းဝထီးနန်းကို သိမ်းမြန်းတော်မူသော မင်းကြီး စွာစော်ကဲသည် အရာထမ်း အမျိုးမျိုးတို့၏ ဝတ်တရားနှင့် စပ်လျဉ်း၍ ၇၂၉ ခုတွင်ထုတ်သော အမိန့်တော်တမ်းကြီးဖြစ်သည်။ ဘုရင်အောက် ရွှေလွှတ်တော်သည် အာဏာ၏ ဗဟိုဖြစ်၍ ပြောကြီးမှူး၊ စခမြောင်မှူးဟူသော အရာထမ်းကြီးများရှင်း၊ အမိန့်တော်များကို လွှတ်တော်သို့၊ လွှတ်တော်အစီရင်ခံချက်များကို နန်းတော်သို့ ကြားသိစေရသော နယ်မြေအရာထမ်း အမျိုးမျိုးနှင့် ဌာန အရာထမ်းများကို ဆက်သွယ်ပေးသော သာရကာအမှူး၊ နားထောက်၊ နားခံဟူသော အရာထမ်းငယ်များရှင်း ပါဝင်ကြသောအမြဲတမ်း အဘွင်းဝန်ရုံးကို လွှတ်တော်၌ တွဲဖက်ထားဟန်တူ၏။ အရပ်ရပ်ဆိုင်ရာ အုပ်ချုပ်ရေးစနစ်သည် နှစ်ထပ်သုံးထပ်ချဖြစ်၏။ နယ်မြေဆိုင်ရာ၊ ဌာနဆိုင်ရာဟူသော နှစ်ထပ်အစည်းအရုံးရှိ၏။ နယ်မြေအစည်းအရုံးတွင် တဖက်၌ ဘုရင့်ကိုယ်စား အရာထမ်းများ၊ တဖက်၌ ရိုးရာအရာထမ်းများ ပါဝင်ကြသော နှစ်ထပ်အစိုးရရှိ၏။ နယ်မြေ စည်းရုံးခြင်းတွင် သီးသန့်သော ဒေသသုံးမျိုး အသီးသီး၌ ဆိုင်ရာ အုပ်ချုပ်ပုံရှိ၏။ မြို့တော်၌ နန်းတော်ပတ်လည် ၅ တိုင်း(ဆယ်မိုင်ခန့်)အတွင်း စီရင်ပိုင်ခွင့်ရှိသော မြို့ဝန်နှင့် လက်အောက်ခံများရှိ၏။ ဤဒေသအပြင်ဘက်၌ ဘေးဘိုးစဉ်ဆက် ကြီးစိုးအုပ်ကွပ် တိုင်ဆောင်သည့် မြေနယ်အတွင်း ရိုးရာကျွန်ဘော်မျိုးဖြစ်သော တိုင်းသူရင်းတို့ကိုသာ စီရင်ပိုင်ခွင့်ရှိသော မြို့ကွပ်နှင့် အခြားအရာရှိများရှိ၏။ ဤသည်တို့ကိုကျော်၍ စော်ဘွားအစရှိသော ရိုးရာအကြီးအကဲတို့လက်အောက်ရှိ အဝေးမြို့များနှင့် စစ်အစိုးရလက်အောက်ရှိ ဟန်တူသော စစ်ကဲမြို့များရှိ၏။ ဤရိုးရာ အစည်းအရုံး၏ နံဘေးတလျှောက်၌ ထိုလောက် မဝေးလှသော နယ်မြေများသို့ ခန့်အပ်သည့် အမည်ရ ကျေးစား ရွာစားများနှင့် အဝေးမြို့သို့ခန့်အပ်သည့် အရာထမ်းကြီးများဟူသော ဗဟိုအစိုးရ၏ ကိုယ်စားလှယ်များရှိ၏။ ဤသို့လျှင် နယ်မြေအုပ်ချုပ်ရေးစနစ်သည် ရိုးရာအကြီးအကဲ အုပ်ချုပ်ရေးကို ဗဟိုအစိုးရအရာရှိဖြင့် ကြီးကြပ်ကြည့်ရှုသော သွယ်ဝိုက်အုပ်စိုးခြင်း ဖြစ်ဟန်တူ၏။ စင်စစ်ကား နဲသာလန်အိန္ဒိယပြည်တွင် ဆက်လက်တည်ရှိသော ဒပ်ချ်အုပ်စိုးရေးစနစ်နှင့်တူလှ၏။

# နိဒါန်း

နယ်မြေအစည်းအရုံး၏ နံဘေးတလျှောက်၌ကား အတွင်းဝန် ဝင်းမှူး ဆင်မှူး ဗိုလ်မှူး သင်းမှူး အစရှိသည်တို့ ပါဝင်သော ဌာနဆိုင်ရာ သို့မဟုတ် စစ်တပ်ဆိုင်ရာ အစည်းအရုံးရှိ၏။ ယင်းတို့သည် မိမိတို့ လူများနှင့် မိမိတို့ဌာနဆိုင်ရာ အကြောင်းကိစ္စများကို စီရင်ပိုင်ခွင့်ရှိကြသည်။

အခြား မှတ်သားဖွယ် အချက်များကား အနောက်ဝန် (ဦးတင့်ကျမ်း-စ-၄၀ ရှု)၊နှစ်စဉ် ညီလာခံသဘင်၊ ရှေးဘုရင်များက သနားတော်မူသော မြေများကို အမျိုးမျိုးသော စစ်တပ်သားများက ဆက်ခံ စံစားခြင်းကို အတည်ပြုခြင်းတို့ကို ညွှန်းခြင်းများ ဖြစ်သည်။ ကျေးတော ခန့်အပ်သော အမည်ရ ကျေးစား ရွာစားတို့သည် အခွန်တော်ကို လျှော့၍ ကောက်ခံရမည် ဟူသော အမိန့်သည်လည်း မှတ်သားဖွယ်ဖြစ်၏။ ဤအမိန့်သည် အခွန်အတုတ် ကောက်ခံရာ၌ မြန်မာမင်းတို့၏ သနား ညှာတာ ခြင်းကို ရုတ်တရက် ညွှန်ပြဟန်တူသော်လည်း အခွန်အတုတ်သည် ဘုရင်ထံ မရောက်ဘဲ ကျေးစား ရွာစားထံ ရောက်သည်ကို စဉ်းစားသောအခါ သနားညှာတာခြင်း၏ တန်ဖိုးသည် လျော့သွားတော့၏။ ၁၈၈၆ ခု ပါတော်မူနေ့တိုင်အောင် မှတ်တမ်းစာများတို့၌ ဆီလျော်သော တားဝရန်းကို ထည့်သွင်းကြလေသည်။ ကြီးလေးသော အမှုကိစ္စများ ပေါ်ပေါက်သောအခါ- ကြီးသည့်စကားကို ငယ်စေ၊ ငယ်သည့်စကားကို ပပျောက်စေ ဟူသော ညွှန်ချက်သည် အရာထမ်းများ လိုက်နာရမည့် ထုံးနည်းဖြစ်လာ၏။ ဤညွှန်ချက်သည် ထုံးနည်းမျှ မဟုတ်။ ဂျာဒင်နှင့် အခြား ပညာရှင်တို့ မှတ်သားမိသည်အတိုင်း ဥပဒေထက် စိတ်ဖြေမှုကို လိုလားခြင်းသည် မြန်မာတရားစီရင်မှုစနစ်၏ ထင်ပေါ်သော လက္ခဏာတခု ဖြစ်လေသည်။

အဆိုပါ အမိန့်တော်တမ်းကြီး၏ သက္ကရာဇ်သည် မြန်မာနိုင်ငံသမိုင်းသာမက အများအားဖြင့် အင်ဒိုချိုင်းနားနိုင်ငံ သမိုင်းအဖို့လည်း အတော်အတန် အရေးကြီး၏။ ၁၆ ရာစုနှစ်မှစ၍ ယိုးဒယားပြည် အုပ်ချုပ်ရေးသည် မြန်မာပြည် အုပ်ချုပ်ရေးနှင့် တူသဖြင့် ယိုးဒယားပြည် အုပ်ချုပ်ရေးစနစ်သည် ခမာတို့မှ မည်မျှအစပြုသနည်း၊ ၁၆ ရာစုနှစ်အတွင်း ယိုးဒယားပြည်ကို ဘုရင်နောင် နိုင်နင်းခြင်းမှ မည်မျှ အစပြုသနည်း ဟူသော ပြဿနာများသည် ပေါ်ပေါက်လာခဲ့ကြ၏။ ၁၆၀၀ ခုမှစ၍ စနစ် ၂ ခုတို့သည် မှတ်သားလောက်အောင် တူကြသည်ကို ကျွန်ုပ်တို့ သိကြ၏။ မည်သည်က မည်သည်မှ ငှားယူသနည်း။ အဆိုပါစနစ်သည် အင်းဝတွင် ၁၈၈၆ ခုအထိ ဆက်လက် တည်ရှိသောစနစ်နှင့် အရေးကြီးသော အချက်များ၌တူ၏။ အမိန့်တော်တမ်းကြီးသည် အစစ်ဟုတ်သော စာတမ်းဖြစ်မူ၊ အုပ်ချုပ်ရေးစနစ်သည် ယိုးဒယားပြည်ကို မြန်မာတို့ ချဉ်းနင်း မဝင်မရောက်မီက ရှိနေသည် ဟူသော အချက်ကား သက်သေအဖြစ် ထင်ရှားလာတော့၏။ ထို့ပြင်၊ ဤအမိန့်တော်သည် ၇၂၉ ခုသို့ ပြန်ရောက်သွားရာ ပုဂံမင်းတို့ လက်ထက်၌ ခေတ်ထသော အစီအစဉ်များ ဖြစ်တန်ရာသော လက်ရှိ အစီအစဉ်များကို အတည်ပြုသည်ဆို၏။ တဖန် ဤအစီအစဉ် အများတို့သည် မွန်တို့မှ အစပြုရာ၊ မွန်စနစ်သည်လည်း ဆွေမျိုးတော်သော ခမာတို့၏ စနစ်နှင့် တူဟန် ရှိပြန်၏။ မွန်ခမာ အုပ်ချုပ်ရေး စနစ်သည် မြန်မာပြည်ရှိ စနစ်နှင့် ယိုးဒယားပြည်ရှိ စနစ်တို့ကို မွမ်းမံ ချယ်လှယ်ခဲ့ကြောင်း၊ ယိုးဒယားပြည်ကို ဘုရင်နောင်ချဉ်းနင်းဝင်ရောက်ခြင်းကြောင့် ခမာတို့ထံမှ ယိုးဒယားတို့အမွေရလိုက်သော ရှေးဟောင်း အစဉ်အလာများသည် ခိုင်မာလာသည်သာမက မြန်မာပြည် မွန်အုပ်ချုပ်ရေးစနစ်၏ အစဉ်အလာတို့သည်လည်း ကြာရှည်ခံနိုင်ကြဟန်ဖြစ်ကြောင်းတို့ကို ငြင်းပယ်ရန် အကြောင်းမရှိချေ။

အရပ်ရပ် အုပ်ချုပ်ရေးဆိုင်ရာ အခြားစာတမ်း ၂ ခုသည် ၉၉၉ ခုတွင် သာလွန်မင်းထုတ်သော အမိန့်တော်တမ်းများ ဖြစ်သည် (ပုဒ်မ- ၁၂-က၊ခ)။ အစစ်ဟုတ်သော စာတမ်းများ ဖြစ်သည်ကို ယုံမှားဘွယ် အကြောင်းလုံလောက်စွာ မရှိချေ။

ပုဒ်မ ၁၂ (က) လာ အမိန့်တော်သည် စီရင်ခွင့်ပိုင်သော ရေယာ ဆိုင်ရာနှင့် အခွန်တော် နေရာချခြင်း

ဆိုင်ရာ နည်းဥပဒေများကို ပြဋ္ဌာန်းသည်ဆိုသည်။ ကလန် သံပျင် မြေတိုင် မြေထိန်းတို့ကို ညွှန်သော အချက်သည် အတော်အတန် စိတ်ဝင်စားဖွယ်ကောင်းသော အချက်တို့တွင် ပါဝင်သည်။ မိမိ၏ကျမ်း-ပ-၂၀၉ ၌ ဦးတင်သည် ကလန်ကို အများ ဆိုင်ရာ သူကြီး၊ သံပျင်ကို မြို့သူကြီးဟု ညွှန်းရကား၊ အထက်ပါ ဒေသန္တရ အမှုထမ်းများကို ကြီးစဉ်ငယ်လိုက် ဖော်ပြထားဟန် တူ၏။ ကလန်၊ သံပျင်တို့သည် ပုဂံ ကျောက်စာများတွင် တွေ့ရသော မွန်စကားများ ဖြစ်ကြသည်။ လူတို့သည် အစုဖွဲ့ကာနေကြ၏။ တစုမှ တစုသို့ ပြောင်းရွှေ့ခြင်းကို တားမြစ်သည်ကို ထောက်သော်၊ အစု ဖွဲ့ခြင်းသည် အမွန့်ကြာပြီဖြစ်၍ အစုရင်းမှ ထွက်ခွာသော အလေ့အကျင့်လည်း ပေါ်ပေါက်ခဲ့သည်ကို သိနိုင်၏။ ဘိုးဘပိုင်ဖြစ်စေ၊ မြေရိုင်းဖြစ်စေ လက်ရှိ နေထိုင်အပ်သော မြေများကို အတည်ပြုသည်။ အရာတော်မြေ အခွန်အတုတ်ကို အထူး ရည်ညွှန်းသော အချက်နှင့် တကွ ဆိုင်ရာ ကျီတော်သို့ အခွန်အတုတ်သွင်းရန် ညွှန်ချက်များလည်း ရှိသည်။ သို့ရာတွင် ဤအမိန့်တော်၌ ဦးစွာ စိတ်ဝင်စားဖွယ်ကောင်းသော အချက်ကား တောင်ဘက်တိုက်၊ မြောက်ဘက်တိုက်၊ အရှေ့ဘက်တိုက်၊ အနောက်ဘက်တိုက်၊ ဆင်ကျည်တိုက်၊ တွင်းသင်းတိုက်၊ မဟာဒါန်တိုက် ဟူသော တိုက် -၇- တိုက် သို့မဟုတ် နိုင်ငံတော်ဌာနကြီး-၇-ဌာနတို့ကို အသိအမှတ်ပြုခြင်း ဖြစ်တန်ရာ၏။

ပုဒ်မ ၁၂ (ခ) လာ သာလွန်မင်း၏ အခြား အမိန့်တော်သည် အရေးကြီးသော အချက်များ၌ မင်းကြီးစွာစော်ကဲ၏ ၇၂၉ ခု ထုတ်သော အမိန့်တော်နှင့်တူ၍၊ အကြောင်းအရာများကို သာ၍ အသေးစိတ်ကာ ဖော်ပြပြီးလျှင် ထိုအမိန့်တော်၌ မပါသော အရာထမ်းများကို ရည်ညွှန်းသည်။ နယ်ခံမြေကို အရင်းထားသော၊ ပုဂ္ဂိုလ်ကို အရင်းထားသော အုပ်ချုပ်ရေး ၂ မျိုးကိုလည်း သာ၍ ထင်ရှားစေသည်။ ဒေသန္တရရိုးရာ အရာထမ်းများသည် တိုင်းသူရင်းတို့ကို စီရင်ပိုင်ခွင့် ရှိသည်ဟု ထို ၇၂၉ ခုထုတ် အမိန့်တော်က ဆို၏။ ဤ သာလွန်မင်း အမိန့်တော်၌ကား ဒေသန္တရ အရာထမ်းများသည် ဗဟို အစိုးရ၏ ကိုယ်စားလှယ် ဖြစ်စေကာမူ မိမိတို့ အာဏာပိုင် နယ်မြေအတွင်းရှိ လူတို့ကို ကိုယ်ပိုင် လက်အောက်ခံများမှတပါး အာဏာ မထားနိုင်ဟု ထင်ရှားစွာ ဖော်ပြ၏။ ဤအချက်နှင့် စပ်လျဉ်း၍ တခါတရံ အသည် ဟူ၍၊ တခါတရံ တိုင်ထမ်းဟူ၍ ခေါ်သော အခွန်တော်ထမ်းသည့် အသည်တိုင်ထမ်းသည်၊ မြန်မာအုပ်ချုပ်ရေးစနစ်တွင် အလွန် အရေးကြီးသော ဂုဏ်ဘူစုတခု ဖြစ်ကြောင်းကိုလည်း ဤအမိန့်တော်၌ ဖော်ပြ၏။ အများ အသုံးပြုလျက်ရှိသော အသည် ဟူသော စကားကို ရှင်းလင်းချက် မပေးချေ။ သို့ရာတွင် ဦးတင့်ကျမ်းတွင် ပိုင်းခြား ဖော်ပြသည် အတိုင်း (ဒု-၅၁-၁ဂ၁၊ စ-၂) အသည်တို့သည် အမှုထမ်းရန် တာဝန်ရှိသော ဂုဏ်ဘူစု မဟုတ်ကြောင်း ထင်ရှား၏။ သူတို့မှာ စစ်မှု စစ်ရေး ဆိုင်ရာသော်၎င်း မြို့ပြဆိုင်ရာသော်၎င်း အမှုထမ်းရန် တာဝန်ရှိသော အမှုထမ်းတို့ကဲ့သို့ မဟုတ်ဘဲ၊ အခွန်တော်ဆောင်ခြင်းမှတပါး မည်သည့် တာဝန်မျှ မရှိချေ။ အချို့ ရေိယာတို့ကို အချို့ စစ်တပ်တို့အား ခွဲဝေ ချထားသော်လည်း ယင်းသို့သော ရေိယာ အတွင်း၌ စစ်အမှုထမ်းသည် ကိုယ်ပိုင် လက်အောက်ခံများကိုသာ အာဏာ ထားနိုင်၍ အခြား အစိုးရ စစ်တပ်၊ အသင်း၊ အသည်၊ အစိုးရ မဟုတ်သည့် ဂုဏ်ဘူစု တခုခုနှင့် ဆိုင်သော နေထိုင်သူများအား အာဏာ မထားနိုင်သည်ကို ဤအမိန့်တော်က ဖော်ပြ၏။ အာဏာပိုင် နယ်မြေနှင့် စပ်လျဉ်းသော စိတ်ဝင်စားဘွယ် အချက်တခု ဤအမိန့်တော်၌ ရှိသေး၏။ တိုက်တွင် မပါဝင်သော တိုက်မဘက်မြို့ရွာအတွက် မြို့လပ်ဝန် ဟူ၍ သီးခြားအာဏာပိုင် ရှိရမည်ဟု ပြဋ္ဌာန်း၏။ တိုက်သည် ဌာန မဟုတ်ဘဲ မြို့ သို့မဟုတ် မြို့အပိုင်းဟူသော ရေိယာကို ဦးစွာ ဆိုလိုသည်ဟု ယူဆသော ယခုခေတ် စာဖတ်သူသည် ဤနေရာ၌လည်း တိုက်ကို အာဏာပိုင် နယ်မြေဟု ဦးစွာ မှတ်ယူလိုပေလိမ့်မည်။ မကြာသေးမီအတွင်း အချို့ ရွာစွန်း၊ နယ်သီး နယ်စွန်းတို့သည် ဒေသန္တရ မြို့ဝန် လက်အောက်၌ ရှိ၍ မည်သည့် မြို့ဝန်၏ ရေိယာဖြစ်သော တိုက်တခုခုနှင့်မျှ မဆိုင်သည်ကို မှတ်မိနိုင်

ခြင်းကြောင့် ထိုသို့ မှတ်ယူလိုရာ၌ အထောက်အပံ့ အနည်းငယ်ရ၏။ သို့ရာတွင် ဤနေရာ၌ တိုက်သည် ဌာန ကြီး ၇ ဌာနကို ဆိုလို၍ ယင်းဌာန တခုခုတွင် ခွဲဝေ ချထားခြင်း မရှိသော မြို့ရွာ အားလုံးကို အုပ်ထိန်းရန် မြို့လပ်ဝန်ကို ခန့်အပ်သည်ဟု ဆိုလျှင် သာ၍ မှန်ဖွယ်ရှိ၏။ ထိုနည်းအတူ ရှေးအပိုဒ်၌လည်း ဆိုင်ရာ တိုက်ဝန် မှူးသည် မြင်းရွာအဘွင်း နေထိုင်သော အသည်ဘိုင်ထမ်းတို့ကို စီရင်ပိုင်ခွင့် ရှိသည် ဟူသော ညွှန်ကြားချက် သည် နယ်မြေဆိုင်ရာ တိုက်မဟုတ်ဘဲ ဌာနဆိုင်ရာတိုက်ကို ရည်ညွှန်းသည် ဖြစ်ရာ၏။

## ၇။ ။အမှုထမ်းစားမြေစနစ်တု။

တဘက်၌ ဗဟိုအစိုးရ ဌာနနှင့် အမှုထမ်းများ၊ တဘက်၌ ရိုးရာနယ်မြေ အမှုထမ်း ဟူ၍ ၂-ထပ် ၃-ထပ် အစည်းအရုံး ပါဝင်သော မြန်မာ အုပ်ချုပ်ရေးစနစ်ကို မှတ်သားခဲ့ပြီ။ ဤနယ်မြေစနစ်သည် အမှုထမ်းစား မြေစနစ်နှင့် အတော်အတန် တူသော်လည်း စနစ် ၂-ခုတို့သည် အပေါ်ယံမျှ တူကြ၍ တခုနှင့်တခု အရေး ကြီးသော လက္ခဏာများ၌ တိုက်ရိုက် ဆန့်ကျင်ဘက် ဖြစ်ရကား၊ နယ်မြေစနစ်ကို အမှုထမ်းစား မြေစနစ်တု ဟု ခေါ်လျှင် အောက်၌ ရှင်းလင်းပြသည်အတိုင်း သာ၍ ကောင်းမည်ဖြစ်၏။

လူခပ်သိမ်းသည် မွေးဖွားခြင်းဖြင့်သော်ငြား အိမ်ထောင်မှုဖြင့်သော်ငြား တပ်တခုခု အသင်းတခုခုနှင့် ဆိုင်သည် သို့မဟုတ်ဆိုင်တတ်သည်ဟုဆို၏။ အမှုထမ်းမဟုတ်သော အသည်၊ အစိုးရ ဂုဏ်တူစုဝင် အမှုထမ်း ဟူ၍ အမျိုးကြီး ၂-ခုကွဲပြား၏။ ဦးတင့်ကျမ်း(စ-၄)၌ ကျောက်စာဝန် တော်စိန်ခို၏အလိုအရ- အသည်ကို အခွန်အဖွဲ့ကင်းသည့် လွတ်လပ်သူနှင့်ငြား၊ အမှုထမ်းကို နှောင်ဖွဲ့ထားသူနှင့်ငြား နှိုင်းရှည့်၏။ အမှုထမ်း သည် အသည်အောက် ယုတ်ညံ့သည်ဟု မယူဆအပ်။အသည်တို့သည် လက်ရှိနေထိုင်ရာတွင် မွေးဖွား၍ အမှု တော်ထမ်းရန် တာဝန်မရှိဘဲ နေထိုင်ရာ ဒေသတွင် လယ်ယာလုပ်ကိုင်ခွင့် ရှိသည်ဟူ၍ငြား၊ ဆင်သည် မြင်း သည် ခြေသည်စသော အမှုထမ်းမဟုတ်သည့် အရာ သိသာ ထင်ရှားစေလိုသည်အရ၊ (အ) မြစ်ပြီးလျှင် အသည် ဟူ၍ခေါ်သည်ဟူ၍ငြား- ဦးတင်က ပိုင်းခြားဖော်ပြ၏ (စ-၄)။ အသည် သက်သက်နှင့် ဖက်စပ် သူတို့သည် ကပ္ပါးဖြစ်ကြသည်။ ဤသူတို့သည် အခြားအရပ်ရှိ အသည် ဂုဏ်တူစုမှလာ၍ နေထိုင်ခွင့်ရသူများ ဖြစ်ကြသည်။ အသည်နှင့် ကပ္ပါးမှ မွေးဖွားသူကို အလာဟုခေါ်သည်။ ရွာတွင် မြေလုပ်ခွင့်ရသော ကပ္ပါးကို ကြိဘ်စုတွင် ထည့်သွင်းသည်ဟု အသိအမှတ်ပြုကြသည်။ အစိုးရ သို့မဟုတ် ဝန်ထမ်းအစုတခုခုဘွင် ထည့် သွင်းအပ်သော အပြင်လူတို့ကိုလည်း ဤသို့ပင် ခေါ်ကြသည်။ ထို့ကြောင့် ဤသို့ထည့်သွင်းအပ်သော ကပ္ပါးကို ကြိဘ်စု အသည်ဟုခေါ်သည်။ ကြိဘ်စုဟူသောစကားကို ၅၆-၌ တွေ့ရ၏။ စာရင်းဝင် ကပ္ပါးဟု ဦးတင်က ရှင်းပြသော်လည်း အသည် စာရင်းလော၊ ဝန်ထမ်းစာရင်းလောဟူ၍ သေချာစွာ မမှတ်သား မိ လိုက်ချေ။ လူသည် ခွေးကိုရိုက်သည်ဟု ဆိုရာ၌ "သည်" သည် လုပ်သူ "လူ"နှင့်သာမက "ရိုက်" ကြိယာနှင့် လည်း တွဲသော နောက်ဆက်ဖြစ်သည်။ ရေသည်၊ မုံ့သည် စသည်တို့၌လည်း "သည်" သည် ရေရောင်း မုံ့ ရောင်း အလုပ်လုပ်ခြင်းကို ပြသော နောက်ဆက်ဖြစ်သည်။ ဤကိုထောက်သော် အသည်သည် "သည်"ဟူ သော ကြိယာဟောင်းမှလာသော ကြိယာနာမ်ဖြစ်၍ လုပ်သား၊ လယ်သမားကို ဆိုသည်ဟု ယူဆရာ၏။

အသည်ဘို့သည် လုပ်သားမျှသာဖြစ်၍ အစိုးရအမှုထမ်း စာရင်းဝင်အမှုထမ်းတို့၏ ဂုဏ်အခွင့်အရေးများ ကို မခံစားကြရချေ။ မြန်မာတို့ အောင်မြင်အပ်သော နယ်မြေ၌ အသည်တို့သည် မြန်မာထက်ဦးသော တိုင်း ရင်းသားတို့၏ အဆက်အနွယ် ဖြစ်ဟန်ဘူ၏။ ထိုနောက် အစိုးရ အမှုထမ်းခြင်း၏ အခွင့်အရေးထက် တာ ဝန်က ကြီးမားလာသောအခါ များ၌ အမှုထမ်းများသည် အသည် ဂုဏ်ဘူစုသို့ ပြောင်းဝင်လိုကြ၏။ ပုဒ်မ ၆-ဂ နှင့် အခြားနေရာများ၌ သူကြီး ၂-ယောက်ကို တွေ့ရ၏။ ဤနေရာမျိုး၌ တယောက်သည် အသည် သူ

ကြီးဖြစ်၍ တယောက်မှာ ဝန်ထမ်း သို့မဟုတ် အမှုထမ်းသူကြီး ဖြစ်တန်ရာသည်ဟု ဦးတင်က ရှင်းလင်း၏။ ထိုနည်းအတူ အသည်ကြီးသည် အသည်တို့က ရွေးကောက်သည့် သူကြီးဖြစ်၍ စားကြီးသည် ရှမ်းတို့က ရွေးကောက်သည့် သူကြီးဖြစ်သည်ဟု ရှင်းလင်း၏။ အသည်တို့တွင် အမွေခံခြင်းသည် အများသာမက လုံးဝအားဖြင့် မနုကျယ်ဓမ္မသတ်လာ ချိုးဖို-ချိုးမထုံးကိုလိုက်သည်။ ချိုးအုပ်ကွဲသောအခါ၊ ချိုးမကလေးတို့သည် အမိနှင့်အတူ ပျံသွားကြ၍၊ ချိုးဖိုကလေးတို့သည် အဘနှင့်အတူ ပျံသွားကြသည်ဟူ၏။ မိန်းကလေးတို့က အမိထံမှ၊ ယောကျ်ားကလေးတို့က အဘထံမှ အမွေရသည့် မိလိုက်ဘပါထုံးဟူ၍လည်း ဆိုနိုင်၏။

အထက်၌ ဖော်ပြပြီးသည်အတိုင်း အသည် အရပ်ဒေသများ၌ အစိုးရကိုယ်စားလှယ်ဖြစ်သော မြို့ဝန်နှင့် ရှိသမျှလက်အောက်ခံတို့က တဘက်၊ နယ်မြေအတွင်း နေထိုင်သူ အသည် တို့က ဦးစွာ သစ္စာပေးသော ဒေသန္တရ ရိုးရာသူကြီး- သို့မဟုတ် မြို့သူကြီး သို့မဟုတ်- ရွာသူကြီးတို့ကတဘက် ဟူသော ၂-ထပ်အစိုးရရှိ၏။ ယင်းအသည်တို့သည် မြို့သူကြီး၏ လူများဖြစ်ကြသည်။ ဤအဖြစ်မျိုးလောက်သာ သူတို့သည် အမှုထမ်းစားမြေရှင်၏လက်ကိုင် သူရင်းငှားများနှင့် တူကြ၏။ ဥဆောင်းကျမ်း၌မူကား သူကြီးသည် အကဲအတိုင်တို့လောက် ထင်ပေါ်ဟန်မရှိချေ။ အကဲကို တောကဲဟူ၍ အတိုင်ကို မြေတိုင်ဟူ၍ တွေ့လေ့ရှိ၏။ သို့ရာတွင်-တောတိုင်၊ ယာတိုင်တို့ကို မကြာခဏ၊ အင်းတိုင်၊ ကင်းတိုင်တို့ကို တခါတရံ ရည်ညွှန်းကြ၏။ မြေထိန်း သို့မဟုတ် မြေသိမ်းသည် မြေတိုင်ကိုပင် ဆိုလိုဟန်တူ၏။ အသည်၏ ပဋမကိစ္စသည် အခွန်ဆောင်ခြင်းဖြစ်မူ အဆိုပါ ဝေါဟာရတို့သည် အခွန်တော် စည်းကြပ်မှုနှင့် ကောက်ခံမှုတို့ကို ဦးစွာ ရည်ညွှန်းဟန်တူသည်ဟု ထင်အပ်သည် အတိုင်း ဖြစ်၏။

စစ်သော်ငြား ပုန်ကန်မှုသော်ငြား ဖြစ်သောအခါ အသည်တို့ပင် အမှုထမ်းရန် တာဝန်ရှိ၏။ ကျိပ်ပြု ရာပြု ထောင်ပြုဟူ၍ ဝေစုချခြင်းတို့ကို ရည်စူးသောအချက် အမြောက်အမြားရှိ၏။ မြို့ သို့မဟုတ် အခြားနယ်အသီးသီးမှ အရေးကြီးသည်အလိုက် လူမည်မျှစု၍ ပို့နိုင်သည်ကို အနော်ရထာမင်းက အလိုရှိကြောင်း ဆိုရိုးဆိုထုံးရှိသည်။ ဥဆောင်းကျမ်း၌ ယင်းသို့ ရည်ညွှန်းချက်များကို ထောက်သော် ဤဝေစုချခြင်းတို့ကို ပြန်လည်ကြည့်ရှုမှုသည် လုလ္လရှိသောဘုရင်တိုင်း ဆောင်ရွက်အပ်သော လုပ်ငန်း ဖြစ်ဟန်တူကြောင်း သိရ၏။

အစိုးရဝန်ထမ်းဖြစ်သော အမှုထမ်းတို့ကို အသင်းအစု အစိုးဖွဲ့၍ထား၏။ ဤသည်တို့သည် များသောအားဖြင့် စစ်တပ်ဖြစ်၍ တပါးတို့မှာ မြို့ပြနှင့်ဆိုင်၏။ ဥဆောင်းကျမ်း၌ အမှတ်ပြုမိသော စစ်သား၏ ဝေါဟာရစာရင်းကို လုပ်ငန်းတတ် ဝေါဟာရ အမှန်း၌ ပြထား၏။ အများအားဖြင့် တပ်တို့သည် သူရဲ ၁၂ တပ်၌ ပါဝင်ကြဟန်တူ၏။ စစ်သားအဖွဲ့အမျိုးမျိုးကို ဦးတင့်ကျမ်း စ-၇၈ ၌ အကျဉ်းချုပ်၍ပြ၏။ ဥဆောင်းကျမ်း၌ အဖော်ပြဆုံးသော စစ်မှုထမ်း ဌာနခွဲများသည် မြင်း၊ ဒိုင်းတို့ဖြစ်သည်။ ဆင်၊ သေနတ်၊ ကာ၊ လှံ၊ လှံရှည်တို့ကိုလည်း ဖော်ပြသည်။ သေနတ်ကိုင်တို့ မထင်ပေါ်သည်ကို ဖော်ပြခဲ့ပြီ။ ကိုယ်ရံတော် သေနတ်ဟူ၍ ရှိ၏။ ကိုယ်ရံကို ရည်ညွှန်းသော အခြားအချက်များ ရှိသော်လည်း တန်းဆာ ကိရိယာများကို မဖော်ပြချေ ။ စစ်ဘက်မှာထက် အခမ်းအနားဘက်မှာ သာ၍ အရေးကြီးသည့် အခြားအစုများကား နောက်တော်ပါ သို့မဟုတ် ညောင်ရမ်း နောက်တော်ပါနှင့် အဖော်ပြ သာ၍ နည်းသော ၄၀ တော် ၅၀ တော်တို့ ဖြစ်သည်။ ယင်းတို့သည် အသီးအသီး ဘုရင်မင်းနှင့်မိဖုရားခေါင်ကြီး၏ အခြွေအရံများဖြစ်ကြ၍ ဘုရင့်သွေးပါသူများမှ ရွေးသွင်းသောသူများ ဖြစ်ကြသည်ဟု ဦးတင်က ပြောဘူး၏။ ရွေပန်းပန်သည်လည်း ရွေးထားသောတပ်ဖြစ်သည်။ အညွှန်း၌ ပြသည်အတိုင်း မြင်းတပ် အများ၏ အမည်တို့ကို ဥဆောင်းကျမ်း၌ ပေးထား၏။ အဦး၌ ဒိုင်းသည် အလျား တတောင်ထွာခန့် အနံ တတောင်ခန့် သားရေကို စိန်ကတုံးကဲ့သို့ ခုံးခုံးလုပ်၍ သစ္စေး

# နိဒါန်း

သားရိုးကိုင်ပြီးလျှင်၊ ဟသ်ပြဒါး အနီ ၂-ခု ရွှေတခု ခြယ်လှယ်ထားသော လက်နက်ကိုင်သော စစ်သားကို ဆိုသည်ဟု ဦးတင်က ဆို၏။ ငြိမ်ဝပ်စွာ နေရမည့် ဆင်မြင်းတို့၏ ရဲစွမ်းသတ္တိကို စမ်းသပ်ရန် သားရေဒိုင်း အပေါင်းကို အသံမြည်နိုင်သလောက် မြည်အောင် ရိုက်နှက်သော ပြာသိုလတွင် နှစ်စဉ် ဗိုလ်ရှုသဘင်ကို ပါ တော်မူနေ့အထိ ကျင်းပလေသည်။ အစမ်းအသပ် အောင်သော ဆင်မြင်းတို့သည် ယတြာရသည်၊ ပြာသို ဝတ်ချမှန်းသိသည် ဟူ၏။ အဦး၌ သားရေခွက်ခွင်းပုံ၊ နောက်၌ ဒိုင်းပုံ ဖြစ်လာ၍ ဒိုင်းလုပ်သူကိုပင် ဒိုင်း ခေါ်ကာ အစု သို့မဟုတ် တပ် ၄၀ အသိအမှတ် ပြုအပ်သော စစ်ဘက် အင်ဂျင်နီယာ ဟူ၍ အများခေါ် အမည် ပေါ်လာလေသည်။ ဦးတင့်ကျမ်း စ-၇၉ ၌ ဤမျှလောက် အသေးမစိတ်သည့် ဒိုင်းမှတ်ချက် ရှိ၏။

စစ်ဘက် မဟုတ်သော အသင်းတို့အနက် ရိုးရာ လယ်သမားတော်ဖြစ်သော လမိုင်းသည် အရေး အကြီးဆုံး ဖြစ်ဟန်တူ၍ ဥဆောင်းကျမ်း၌ အဖော်ပြဆုံး ဖြစ်သည်တို့တွင် ပါဝင်၏။ အညွန်းများသော အခြား ဂုဏ်တူစုသည် ဝင်း ၄ မျက်နှာ ဖြစ်၏။ ကွမ်းရေကိုင်၊ စားတော်ကိုင်၊ စည်၊ ထီးဖြူတော် အမှုထမ်း များကိုလည်း ဖော်ပြ၏။ သူတောင်းစားနှင့် စက်ဆုပ်ဖွယ် ဂုဏ်ဘူစုတို့ကိုပင် အစုဖွဲ့၏။ ဤသို့လျှင် ယုဒသန် အဘိဓာန်အရ အရွတ်ဝန် လက်အောက်တွင်ရှိသော အရွတ်စုတို့ အကြောင်းကို ဖတ်ရ၏။ ဦးတင့်ကျမ်း ဒု- ၅၆ ၌ စဏ္ဍာလ ၅ စု၊ ဥဆောင်းကျမ်း၌ နာရီး အစုတို့ကို ဖော်ပြ၏ (စ-၈၂ ရှု)။ သို့ဖြစ်၍ အစုကို သတ် သတ် မဟုတ်မူ အများအားဖြင့် မြို့ပြဆိုင်ရာ အဖွဲ့များနှင့် သုံး၍၊ သာမန်အားဖြင့် ယုတ်ညံ့သူတို့နှင့် သုံးဟန် တူ၏။

တိုင်းသူရင်းဖြစ်သော အသည်တို့သည် နေထိုင်ရာ နယ်မြေအတွင်း မြေလုပ်ကိုင်ရန် အခွင့်ရှိ၏။ဝန်ထမ်း သူ အမှုထမ်းတို့ကိုကား ဥဆောင်းကျမ်း၌ မကြာခဏ ဖော်ပြသည့်စကားအရ၊ လုပ်မြေ နေမြေ စားမြေ ခွဲ ဝေ ချပေး၏။ ဝန် သို့မဟုတ် မှူးသည် အမှုထမ်းအထက် အရာရှိချုပ် ဖြစ်၏။ ဤသို့လျှင် မြင်းဝန်၊ ဒိုင်းမှူး ဟု ဖတ်ရ၏။ ယင်းတို့ အောက်၌ အခြားသူတို့ထက် သာမန်အားဖြင့် သာ၍ ကျယ်သော မြေရသော သွေး သောက်၊ အဝှန်း၊ ခေါင်း၊ အိုးစားကြီးတို့ ပါဝင်သည့် ဒေသန္တရ အမှုထမ်းများ ရှိကြ၏။ ပါတော်မူနေ့အထိ ရှိနေသေးသည့် အစီအစဉ်ဖြစ်သော ငယ်သား ၅၀ ကို အုပ်ထိန်းရသော မြင်းစီးကဲ့သို့ (၃၂) စစ်တပ်အများ ကို ထူးခြားစေသော ဘွဲ့များလည်း ရှိသေးသည်။ ရှမ်းပြည်သို့ အမြန် ဆောင်ရွက်မှု၌ နောက်လိုက် (၄ ယောက်) ၅-ယောက်နှင့် အိုးစားကြီးအဖြစ် ဆောင်ရွက်ဘူးသူ တူရှင်းတိုင် မြို့သူကြီး ကိုယ်တိုင် ရှင်းလင်း ပြဘူးသည်အတိုင်း အများအားဖြင့် မိမိပါ ၅-ယောက်လျှင် တအိုးတည်းမှ စားသောက်သူတို့ကို အုပ်ထိန်း သော အိုးစားကြီးသည် အတန်းအနိမ့်ဆုံးဖြစ်ဟန်တူ၏။

ဝန်ထမ်းသည်ဖြစ်စေ ဝန်မထမ်းအသည်ဖြစ်စေ လူထုကို ဆင်းရဲသား သို့မဟုတ် ကျွန်တော်မျိုးဟု ခေါ် ၏။ ဂုဏ်တူစုကြီး ၂ ခုလုံးနှင့် သုံးတန်ရာသော အခြား ဝေါဟာရများကား ကျေးရွာနေ၊ အမှတ်၊ ငယ်သား ဖြစ်၏။ ကျေးရွာနေသည် ကျေးလက် ဧရိယာတွင် နေထိုင်သူကို ဆိုသည်။ လူတို့သည် မည်သည့်တပ် မည် သည့် အသင်းနှင့် ဆိုင်သည်ကို ပြသသော သီးသန့် ထိုးကွင်းကို အမှတ်ဟု ခေါ်ဟန်တူ၏။ အများသာမက အားလုံးပင် ဖြစ်နိုင်သော အမှုထမ်းတို့သည် ဤသို့ထိုးကွင်း ထိုးကြ၍ ထိုးကွင်းထိုး လူတို့ကို ပါတော်မူနေ့မှ အတန် ကြာလွန်သည်တိုင်အောင် တွေ့ရှိနိုင်သေး၏။ အမှတ်သည် ဝန်ထမ်းတို့ကိုသာ ဆိုလိုသည် ဖြစ်နိုင်၏။ ငယ်သားသည် နောက်လိုက်ကို ဆို၍ ဝန်ထမ်းသမားနှင့်သာ သက်ဆိုင်ရာ၏။ အသည်၊ တိုင်ထမ်းဟု အများ သိကြသော ဝန်မထမ်းသူတို့ကို တိုင်သူရင်း၊ လုပ်သား၊ ကြေးထမ်း၊ အခွန်တော်ဆက် ဟူ၍လည်း ခေါ်၏။ ဝန်ထမ်းတို့ကို အများအားဖြင့်အမှုထမ်း၊ အစုသား၊ အသင်းသား ဟူ၍သော်၎င်း၊ အစု၊ တပ်ကို ရည်ညွှန်း၍

မြင်းသား၊ ဒိုင်းသား၊ အတွင်းသား၊ ဝင်း ၄ မျက်နှာသား၊ လမိုင်းတော်သား ဟူ၍သော်၎င်း ခေါ်ကြ၏။ စစ်သား အတွက် အများသုံး စကားသည် ကွဲလွဲချက်များနှင့်တကွ စစ်လက်နက်ကိုင် ဖြစ်သည်။ စစ်သားကို သူရဲ၊ ရဲမက်၊ သူခက်ဟုလည်း ခေါ်၏။ လူသွင်းသောဒေသကို လိုက်၍လည်း တောင်ငူပါ လူစု၊ ဇင်းမယ်ပါ စသည်ဖြင့် ခေါ်ကြသေး၏။

မျက်နှာ ၅၆ ၌ ကျွန်တော်ဟောင်း၊ ရွှေတောင်ကျွန်သီးဟု လာ၏။ ကျွန်တော်ဟောင်းသည် အလျင်ကျသော ဘုရင့် သက်တော်စောင့်ကို၎င်း၊ ရွှေတောင်ကျွန်သီးသည် ရွှေတောင်မှ လိုက်လာသော ဘုရင့်အဆွေတော်များကို၎င်း ရည်ညွှန်းသည်ဟု ဦးတင်က ရှင်းလင်း၏။ ထိုနည်းအတူ ကိုယ်ရံကို ဘုရင့် အဆွေတော်များအထဲမှ သွင်းသည်ဟုလည်း ဆို၏။ ကျွန်သီးတော်နှင့် စပ်လျဉ်း၍ စိတ်ဝင်စားဘွယ်ကောင်းသော မှတ်ချက်များလည်း ဒု-၅၄-၅၇ စသည်တို့၌ ရေးသေး၏။ ဤဂုဏ်တူစု၌ ဘုရားကျွန်၊ ပိဋကတ်ကျွန်၊ ကျောင်းကျွန် ဟူသော အစု ၃ စု ပါ၍ ဘုရားကျွန်တို့သည် အသည်ကဲ့သို့ မိလိုက်ဘပါ ထုံးကို လိုက်ရကား၊ အဆက်အနွယ်တိုင်း၌ ကျွန်ယောကျ်ား၏ သမီးတို့နှင့် ကျွန်မိန်းမ၏သားတို့သည် ကျွန်ဘဝမှ လွတ်မြောက်ကြသည်ဟု ဆို၏။

ရှမ်းပြည်ကို အငေးမြို့တွင် သွင်း၏။ ပြည်နယ်ထိပ်၌ တဦး သို့မဟုတ် တဦးမကသော အမတ်၏ အကူအညီရသော စော်ဘွား ရှိ၏။ ရှမ်းပြည်ကို အထူး ရည်ညွှန်းကာ အသုံးပြုသော ဝေါဟာရများကား တတ်ပေါင်းစား၊ ဇာပေါင်းစားနှင့် ပေါ်မှိုင်း၊ တမုံတို့ ဖြစ်သည်။ ကရင်တို့တွင် ကရင်မှူး ဟူ၍ အမှုထမ်း ဘွဲ့တခုတည်းသာ မှတ်သားမိ၏။

ဖော်ပြခဲ့သည့်အတိုင်း ဥဆောင်းကျမ်းသည် ရာထူး၏ အမည်မှ တပါး အမှုထမ်း အမျိုးမျိုးတို့၏ အကြောင်းကို အနည်းငယ်မျှသာပြော၏။' ထိုသို့ ဖြစ်စေကာမူ၊ ဗဟိုအစိုးရ ကိုယ်စားလှယ်မှ ခြားနားသော ဒေသန္တရ အမှုထမ်းဘွဲ့သည် ရိုးရာလိုက်ကြောင်း ထင်ရှား၏။ များသော အားဖြင့် ဒေသန္တရ အမှုထမ်း၏ အမည်ကို ဖော်ပြသောအခါတိုင်း၌ အဘ အဘိုးတို့၏ အရိုက်အရာကို ဆက်ခံသည်ဟု ဆို၏။ မြန်မာအုပ်စိုးမှု၌ ရိုးရာအမည်ရ ကျေးစား ရွာစား မရှိဟု မကြာခဏ ဆိုကြရကား၊ ဦးတင့်ကျမ်း ဒု-၁၈၁၊ စ-၁ ၌ ဖော်ပြသည့်အတိုင်း အမွေအားဖြင့် ဆက်ခံခြင်းသည် ၁၈၈၆ ခု အထိ မြန်မာနယ်မြေ အုပ်ချုပ်ရေးစနစ်၏ လက္ခဏာ ဖြစ်သည်ကို လေးနက်စွာ ပြောဆိုလျှင် ၎ကောင်းမည်ဖြစ်ရာ၏။ ထိုနည်းအတူ ဘိုးဘွားတို့နှင့် ဆိုင်ဘူးသော တပ်၊ အစု၊ အသင်းတို့၌ မိဘတို့၏ အရိုက်အရာကို သားသမီးတို့ဆက်ခံကြ၏။ သာလွန်မင်း လက်ထက်၌ပင် လူအများတို့သည် တစုမှ တစုသို့ ထွက်ဝင်သော အလေ့ကို ကျင့်လျက် ရှိကြဟန် တူသဖြင့် 'တစုကသည် တစု အဝင်အထွက် မရှိစေနှင့်' ဟူ၍ ပြဋ္ဌာန်းချက်ချရလေသည် (၆၄)။ ဤသို့လျှင် နယ်မြေ အစည်းအရုံး၌ တိုက်မဘက် မြို့လဖ် ရွာလပ်တို့အတွက် သတ်မှတ်ချက် ချသကဲ့သို့ စစ်တပ် အစည်းအရုံး၌လည်း အစုအငန်း မရှိသူတို့ကို ဖော်ပြသည်ကို တွေ့ရ၏ (၁၀၁)။ ထိုသို့ ဖြစ်စေကာမူ၊ အသည်ဖြစ်စေ အမှုထမ်းဖြစ်စေ ၎င်းတို့ တခုခုအတွင်း မြေလုပ်ကိုင်ခွင့် ရှိသော ရိုးရာ လက်ကိုင်များကို စီရင်ပိုင်ခွင့် ရှိခြင်းသည် ရိုးရာ ဒေသန္တရအကြီးအကဲတို့နှင့် ဆိုင်သော အထွေထွေ နည်းဥပဒေ ဖြစ်သည်။ ဤအစီအစဉ်သည် အုပ်ချုပ်ရေး စနစ်တွင် အမှုထမ်းစားမြေ စနစ် ပါဝင်ကြောင်းကို ပြ၏။ အမှုထမ်းစားမြေစနစ်၌ကား သူရင်း၄ှားသည် ဝန်ထမ်းပါမည် ဟူသော စည်းကမ်းချက်အရ မြေကိုပိုင်ဆိုင်သည်။ ပဋိညာဉ်အပေါ်တွင် တည်သော အုပ်ချုပ်ရေးစနစ်ဖြစ်သည်။ မြန်မာစနစ်၌ မှီခိုနေထိုင်သူများသည် လက်ကိုင်အဖြစ် ထားသူများဖြစ်သောကြောင့် မြေကို ပိုင်ဆိုင်ခွင့် ရှိကြသည်။ အဆင့်အတန်းနှင့် လူချင်းဆက်သွယ်မှု အပေါ်တွင် တည်သော စနစ်ဖြစ်၍ အရေးကြီးသော လက္ခဏာ၌ အမှုထမ်းစားမြေနှင့် တိုက်ရိုက်ဆန့်ကျင်ဘက်ဖြစ်၏။

# နိဒါန်း

**ဂ။ ။အရာထမ်းများ။**

များသော အရာထမ်းတို့အကြောင်းကို ဖော်ပြခဲ့သော်လည်း အနည်းငယ် ထပ်လောင်းသော မှတ်ချက်များသည် အသုံးကျတန်ရာ၏။

အတွင်းဝန်သည် အတွင်းမှု စီရင်ပိုင်ခွင့်နှင့်တကွ အတွင်းသားတို့ကို အာဏာထားနိုင်သည် (၆၅)။ အတွင်းသည် အဝေးမြို့နှင့် ကွဲလွဲသော ပြည်ထဲ ရေိယာကို ဆိုသည် ဖြစ်နိုင်၏။ အတွင်းသားသည် အရပ်ဒေသမဟုတ်ဘဲ ဂုဏ်ဘူစုကို ဆိုလိုရကား၊ အတွင်းမှာ နယ်မြေကိုမဆိုဘဲ ကိစ္စကို ဆိုလိုဟန်တူ၏။ ဦးတင့်ကျမ်း-စ-၁ဂ သည် အတွင်းဝန်တို့ကို ဗြဲတိုက်အရာထမ်းမှူးများဟု ရည်ညွှန်း၏။အနောက်ဝန်ကို ၇၂၉ ခုထုတ်သော အမိန့်တော်၌ အမှတ်မဲ့ ဖော်ပြ၏။ (နန်းတော်ဒနောက်ပိုင်း မိန်းမဆောင်ဖြစ်သော) အနောက်ရုံကို အုပ်ထိန်းသော အရာထမ်းသည် အနောက်ဝန်ဖြစ်သည်ဟု ဦးတင့်ကျမ်း (စ-၁၉)၌ ဆို၏။

ခွာကြီးခွာငယ်တို့သည် ယောကျ်ားဘက် မိန်းမဘက်မှ အဆင့်အတန်းဆက်ခံသော ကျွန်များဖြစ်ကြသည်ဟု ဦးတင်က ဆို၏။ မင်းသားမင်းသမီးမှ အမွေခံသော ဘုရင့်သွေးပါသည့် ဒိုင်တော်ကြီး ဒိုင်တော်ကလေးတို့ကို ပြိုင်၍ ကိုးကား၏။ သီဟသူမှ မိန်းမဘက်က ဆင်းသက်လာသဖြင့် ဒိုင်တော်ကလေး အဆင့်အတန်းကို ရပိုင်သည်ဟု အဒလောင်းဘုရားက အခိုင်အမာဆို၏။ ၄၀ တော် ၅၀ တော်သား အားလုံးတို့သည် ဒိုင်တော်ကြီး ဒိုင်တော်ကလေးများ ဖြစ်ရန်လို၏။

ယခု ကွမ်းရေးတော်ခေါ် ကွမ်းရေးစားတော်သည် နန်းတွင်းအရာရှိတို့ကို ခြုံသော ဝေါဟာရ ဖြစ်သည်ဟု ဦးတင်က ဆို၏။ ငွေခွန်ဝန်၊ ရွှေတိုက်ဝန်၊ ကျီဝန်ဟူ၍ ရုံးသုံးခုတို့ကို ဦးတင့်ကျမ်း- စ-၃၁၂ ၌ ခွဲ၏။

စာချီသည် သာမန်အားဖြင့် စာရေးထက်ကြီးမြင့်၍ ရုံးအုပ်နေရာလောက်မှာ ရှိသည်ဟု ဦးတင်က ဆို၏။ ပုဂံကျောက်စာများတွင်လည်း စာချီပိုဟ်ဟု တွေ့ရ၏။ ဥဆောင်းကျမ်း၌ကား ဝေါဟာရ ၂ ခုတို့ကို ဤသို့ခွဲခြားခြင်း မပြုဘဲ အမှတ်မဲ့ သုံးဟန်တူ၏။ အကဲ၊ စစ်ကဲ၊ တောကဲ၊ ထောင်ကဲ တို့အနက် စစ်ကဲသည် သာမန်အားဖြင့် စစ်-သို့မဟုတ်-ခဲအလုပ်ဝတ္တရားများကို ဆောင်ရွက်၏။ ထောင်ကဲသည် ထောင်မှူးဖြစ်ဟန်တူ၏။ တောကဲသည် သစ်တော ဧရိယာများကို အုပ်ထိန်းရသည်ဟု မှတ်ယူအပ်၏။ ဤသို့လျှင် ဦးစွာအကြီးမှု ဆိုလိုသော်သည်း အကဲကို စစ်-သို့မဟုတ်-စစ်အလားတူ အလုပ်အကိုင် ရွက်ဆောင်သည့် အကြီးအကဲနှင့် အထူးသက်ဆိုင်ဟန်တူ၏။ ဤဝေါဟာရကို အခွန်အုပ်ချုပ်ရေး၌ ခိုင်ကြေး သို့မဟုတ်-အပိုင် သို့မဟုတ်-အထူးတောင်းဆိုသည့် ငွေဟူသော အပိုအကဲဟူ၍ အထူးတွေ့ရ၏။ ပြောကြီးမှူး(ဦးတင့်ကျမ်းအရ-ပြောကြီးမှူး)၏ အလုပ်ဝတ္တရားများသည် ကျမ်း ၂-ခုဘို့မှာ အဘူဘူပင်ဖြစ်၏။ မဟာဒါန်ဝန်၏ အလုပ်ဝတ္တရားများနှင့် စပ်လျဉ်း၍ ဦးတင့်ကျမ်း စ-၇၄ မှာ မှတ်ချက်ရှိ၏။

တန်း၊ လက်မထောက်၊ လက်ဒရွှံဘို့သည် ဦးတင်ပြောသည်အတိုင်း ထောင်မှူးနှင့် လူသတ် အာဏာသားများ ဖြစ်ကြသည်။ ဝင်း ၄-မျက်နှာဟူ၍ ဥဆောင်းကျမ်း၌ ရည်ညွှန်းချက် များစွာ လာသည်။ သို့ရာတွင် ဝင်းတော် ၄-မျက်နှာသားဘို့တွင် ပေါ်ရှိသည်အမှုကို ဝင်းမှူး၊ ဝင်းစာချီတို့က စီရင်စေဟူသော ညွှန်ကြားချက်တခုတည်း(၆၅)။ကို ထောက်၍ ယင်းဘို့၏ အလုပ်ဝတ္တရားများကို မှန်းဆနိုင်သည်။ ယင်းတို့သည် နန်းတော်နံရံ ၄ ခုတိုင်း၌ထားသော နန်းတော် အစောင့်အကြပ်များ ဖြစ်သည်ဟု ဦးတင်က ဆို၏ (စ-၆၂)။ဖွားဘက်ကျော်တို့သည် စည်းကုမ်းသေဝပ်မှုစီမံချက်ငယ်များနှင့်ဆိုင်သော ဗြဲတိုက်လက်အောက်ခံ အရာရှိ ဂုဏ်တူစု ဖြစ်သည်ဟု ဦးတင်က ရှင်းလင်း၏ (စ-၂၁)။ သာ၍တင်းသော စီမံချက်များကို ဒိုင်းတော်ပာသော ဂုဏ်ဘူစုအား သီးသန့်ထား၏။

## နိဒါန်း

ငှက်တော်စောင့်တို့သည် ဆူညံသော ငှက်များကို ခြောက်လှန့်ရန် ဝတ္တရားရှိသည့် နန်းတွင်း အရာထမ်း များဖြစ်သည် (ဦးတင့်ကျမ်း စ-၄၃)။ ယင်းတို့ကို လွှတ်တော်နှင့် စပ်လျဉ်း၍ ဥဆောင်းကျမ်း၌ ဖော်ပြ၏။

သေနာပတိသည် ယခုအခါ ရာထူး အဆင့်အတန်းကြီးသော စစ်အရာရှိကို ဆိုသော်လည်း ဥဆောင်း ကျမ်း၌ကား မြို့ပြဆိုင်သည့် အရာရှိကို ဆိုသည်။

### ၉။ ။အခွန်တော်။

ယေဘုယျ အခွန်ကို ဆိုလိုသော ဝေါဟာရသည် များစွာပြား၏။ များစွာသော ဤဝေါဟာရတို့၌ ခွန်၊ အခွန်ပါသော်လည်း ခွန်၊ သို့မဟုတ်- အခွန်ဟူ၍လည်း တခုတည်း မကြာခဏ သုံးကြ၏။ အမှတ်သား ခံရဆုံးသော စကားသည် အခွန်တော် အဘိုးတော် ဖြစ်၏။ စကားရှေ့နောက် လှည့်သော အဘိုးတော် အခွန်တော်လည်း ရှိ၏။ ရေမြေမှရသော ယေဘုယျ အခွန်အစား အသုံးပြုသော ဝေါဟာရတို့အနက် မြေမှု ရေမှု၊ မြေခွန် ရေခွန်၊ မြေလိုက် ရေလိုက်၊ ရေထက် မြေထက်တို့ကို တွေ့ရ၏။

အခွန်မ အခွန်သေသည်လည်း ယေဘုယျ အခွန်ကိုဆိုသော ဝေါဟာရဖြစ်သည်။ သို့ရာတွင် အခွန်မျိုး ခွဲကိုပြရန် ဤဝေါဟာရကို ခွဲ၍ သုံးလေ့ရှိသည်။ အခွန်မသည် ကြီးသောအခွန်၊ အခွန်သေသည် သတ်မှတ် အပ်သောအခွန်ကို ဆိုလိုသည်ဟု ဦးတင်က ပြောဘူး၏။ ဤသို့ဖြစ်မူ-ကြီးသောအခွန်သည် မကြာခဏ သတ်မှတ်အပ်သော အခွန်အောက် နည်းသည်မှာ ထူးဆန်း၏။ တခါတရံ အခွန်သေသည် ငယ်သော အခွန်၊ အထွေထွေအခွန်ကို ဆိုဟန်တူ၍ ခွန်သေး (၅၇)ဟူ၍ အယုတ်သဖြင့် တနေရာ၌ တွေ့ရ၏။ ဦးတင့်ကျမ်း- စ-၃၀၇-၌ ခွန်သေ ခွန်ရှင်ဟု ခွဲခြား၏။ ခွန်သေသည် နှစ်စဉ်ပေးသော တလုံးတည်း ငွေဖြစ်၍ ခွန်ရှင်သည် ထွက်ကုန် ဝင်ကုန်ခွန်ကဲ့သို့ တနှစ်မှတနှစ် ပြောင်းလဲသည်ဟူ၏။ ခွန်သေ အထောက်အထား အဖြစ်ဖြင့် ဥဆောင်းကျမ်းမှ ပုဒ်မ ၁၅ (ခ) မျက်နှာ ၇၃၊ သုံးဆယ်မြို့။ ပုဒ်မ ၁၆ မျက်နှာ ၇၄ ဘုတ်ကန်ကြီး။ ပုဒ်မ ၇ (ခ) မျက်နှာ ၅၀ မြောင်းမြတို့ကို ကောက်နုတ် ကိုးကားသည်။ ခွန်ရှင် အထောက်အထား အဖြစ်ဖြင့် ပုဒ်မ ၇(ဂ) မျက်နှာ ၅၀ ရွှေတောင်။ ပုဒ်မ ၁၀ (ဂ) မျက်နှာ ၅၇ ပုသိမ်။ ပုဒ်မ ၆ (ခ) မျက်နှာ ၄၄ မောက်ကတော်တို့ကို ကောက်နုတ် ကိုးကားသည်။ ဥဆောင်းကျမ်း၌ ခွန်ရှင်ဟူ၍ မတွေ့မိချေ။ ဦးတင်၏ ပုသိမ်မှ ကောက်နုတ်ချက်၌ ခွန်မကို ခွန်ရှင်ဖြစ်သည်ဟု ယူဆဟန်တူ၏။ မြေခွန် ရေခွန် ယာခွန် ကိုင်းခွန် တောခွန်ဟူသော ရည်ညွှန်းချက်များလည်း ရှိ၏။ အခြား အခွန်တို့တွင် ရွှေခွန် ငွေခွန်တို့ ပါဝင်ကြသည်။ ရွှေနန်းရိုး ရွှေခွန် ငွေခွန်ဟူ၍ အနှံ့အပြား တွေ့ရသော ရည်ညွှန်းချက်များကို အခဝန်မြို့ အမှုထမ်းတို့သို့ ထမ်းဆောင်သင့်သော အခွန်မှ ခွဲခြားသည့် မြို့တော်ရှိ အမှုထမ်းတို့သို့ ထမ်းဆောင်သင့်သော အခွန်ဟု ဦးတင်က မိမိကျမ်း စ-၃၁၂ ၌ ရှင်းလင်း၏။ ဤအချက်နှင့် စပ်လျဉ်း၍ မြို့တော်ရှိ ငွေခွန်ဝန်နှင့် တောင်ငူ မုတ္တမရှိ ဒေသန္တရ အမှုထမ်းများ၏ အငြင်းအခုံနှင့် ဆိုင်သည့် ပုဒ်မ ၂၀ (က)-(ဂ) မျက်နှာ ၇၂-၃ တို့ကို ကိုးကား၏။ အချို့ရွာတို့သည် ရွှေငွေအစား သစ်ခွပန်း သို့မဟုတ်- အခြားပန်းတော်တို့ကို ဆက်ကြရသည်။ ဦးတင်က မိမိကျမ်း စ-၃၁၅ ၌ ဆင်အိုင် ပိန်ညင်း အမှု (ပုဒ်မ ၁၇-ဂ၊ ပုဒ်မ ၂၁-ငါ၊ မျက်နှာ ၇၇၊ ၈၆) ကို ကိုးကား၏။ ရွှေခွန် ငွေခွန်နှင့် စပ်လျဉ်း၍ ပုဒ်မ ၁၂ (ခ) မျက်နှာ ၆၆ လာ "ကျီဝန်က မဆော်မခန့် စေနှင့်"ဟူသော ၉၉၉ ခုထုတ် သာလွန်မင်း အမိန့်တော်၏ ညွှန်ကြားချက်ကို ညွှန်း၏ (စ-၃၁၈)။

သာမန်အားဖြင့် နယ်မြေကို စားသူဖြစ်သော အုပ်ချုပ်သူ အမှုထမ်းသို့ မြေခွန်အဖြစ် ပဏ္ဏာသည်းပေးဟန် တူသော်လည်း အသည်နှင့်သာဆိုင်သည့် တဆဲ့နှစ်မှု မင်းတိုင်းဟူသော အခွန်ခေါင်းစဉ်တခု ရှိ၏။ မြင်းခြံ စီရင်စု ကြေးတိုင်စိုက်သည့် အတောအတွင်း အသည်တို့ကို ဆယ်နှစ်မှုထမ်းဟု ရည်ညွှန်းကြသည်ကို ကြား

ဘုး၏။ ဦးတင့်ကျမ်း စ-၆ ၌ ဤအခွန်အတုတ်များကို တမာစေး၊လျှော်၊ အုံတုံခေါက်၊ ဥသျှစ်၊ တင်လဲ၊ မုရိုး မီးသွေး၊ စာရေးရန် ထန်းဖူး၊ မန်ကျည်းမှည့်၊ ရေနံ၊ အင်တွဲ၊ လဲဝါ၊ ကျွဲကော်ဟု စာရင်း ဖော်ပြသည်။ သို့ဖြစ်၍ ဆယ့်နှစ်မှုသည် တရပ် တဒေသရှိ သာမန် သစ်တောထွက် ပစ္စည်း လက်ဆောင်ကို ဆိုလိုဟန်တူ၏။ ဤအရာအချို့သည် လုပ်ငန်းတတ် အညွန်း၌ ပြသည်အတိုင်း ပစ္စည်းခွန် စာရင်း၌ ပါသည်။

ဥဆောင်းကျမ်း၌ကား ဆယ့်နှစ်မှုဟူသော စကားစပ်သည် တခါတရံ အကောက်နှင့် အမှုထမ်းစေခြင်းတို့ကို ခြုံ၍ သုံးသော ဝေါဟာရဖြစ်ဟန် တူ၏။ မနည်းသော နေရာတို့၌ သစ်တောထွက် ပစ္စည်းမှတပါး မည်သည်ကိုမျှ အခွန်အဖြစ် မပေးကြဟန်တူ၏။ ဤသို့လျှင် မောက်ကတော် မှတ်တမ်းတွင် (ပုဒ်မ ၆ ခ) အချို ကြိမ်နှင့် လျှော် ဆက်၍ အချို့ သစ္စေး ဆက်သည်ကို ဖတ်ရသည်။ ထိုနည်းအတူ မြောင်းမြ၌ (ပုဒ်မ ဂ-ခ) သာလွန်မင်းက နှစ်စဉ် တလုံးတည်း ရွှေခွန်ကို စီရင်သည်တိုင်အောင် ဖယောင်းမှတပါး အခွန် မပေးကြကြောင်း သိရပြန်သည်။ ပန်းမှတပါး အခြား အခွန်အတုတ် မပေးသော ဆင်အိုင်ပိန်ညင်း အကြောင်းကို ဖော်ပြခဲ့ပြီ။ ဤသို့ ခေါ်ဝေါ်ရရုံမျှ ဖြစ်သော အခွန်အတုတ်များသည် သသာမေဓ သွင်းသည်တိုင်အောင် အချို့ရွာ၌ ဆက်လက် ရှိနေသည်ဟု ဦးတင့်ကျမ်း စ-၁၁၄ ၌ ဆို၏။

ခိုင်ကြေးပွဲခကို ဆိုလိုဟန်တူသော အပိုအကဲဟု မကြာခဏ ခြုံ၍ ရည်ညွှန်းအပ်သော အခွန်အတုတ်ငယ် အမျိုးမျိုးကို အကြောင်းသင့် ရည်ညွှန်းသော အချက်များကို တွေ့ရ၏။ ဤခေါင်းစဉ်၌ ဖော်ပြမြဲ အရာများကား ရေးစား၊ တိုင်စား ဖြစ်သည်။ မျက်နှာ ၄၁၊ ၉၆ ၌ တံသုတ် (အတိုင်းအတာ)၊ တင်နီး (ယက်ခြင်း) နှင့် လက်အောက်ခံ အခွန် အမှုထမ်းများအဖို့ လက်ခုတ်၊ တမင်းလုံး၊ သေတည်၊ ကြက်တခု အယက် တပလင်း ဘန်း ၁် (ဆန်) တို့ကို ဖော်ပြ၏။

အပေါ်ဝန်-အကောက်အစားသည် အထွေထွေ အသေးအဖွဲ့ အခွန်အတုတ်တို့၏ ယေဘုယျ ဝေါဟာရ ဖြစ်သည့် အပေါ်ဝန်-အကောက်အစား ဟူ၍လည်း ခွဲ၍ သုံးသည်။ ဤအခွန်အတုတ်တို့သည် အပိုအကဲဟု ခြုံ၍ ခေါ်သည်တို့မှ ခြားနား၍ အထက် အမှုထမ်းများ လက်ဆောင် သဘောဖြင့် ရသင့်သော ဆုလပ် အဖြစ် ပေးအပ်သော အရာ ဖြစ်သည် များ၏။ ဤသည်တို့တွင် တရား ကွမ်းဘိုး၊ ကွမ်းဘိုး၊ တရားစကားဟု ခေါ်သော တရားစီရင်မှု အခငွေသည် ဦးစွာ ဖြစ်၏။ တခုနှင့်တခု ခြားနားဘိသကဲ့သို့ ကွမ်းဘိုးနှင့် တရားစကားကို သီးသန့်၍ ပြသည်ကိုလည်း တွေ့နိုင်၏။ အများအားဖြင့် ကျွဲသေ နွားသေ၏ အနံ တင်ပါးသည်လည်း ဆုလပ်တခု ဖြစ်သေး၏။

ကျွဲနွား အခွန်ကောက်ရာ၌ ခေါင်းစဉ် သုံးခု ရှိ၏။ ဒေသန္တရပွဲသဘင်အတွက် ကျွဲနွားကို သတ်သည်ဟု မှတ်ယူရသော အခါ၌ ဒေသန္တရ အကြီးအကဲတို့သည် အသေကောင်၏ အပိုင်းများကို ရမြဲ ဖြစ်၏။ ဤထုံးစံသည် နတ်ပူဇော်ရန် ကျွဲနွား သတ်ခြင်းမှ ဆက်လက် ရရှိသော ထုံးစံမဟုတ်ဟု မဆိုနိုင်။ ကျွဲနွားဖြစ်စေ ကျွန်ဖြစ်စေ ရောင်းလျှင် အကောက်ပေးရ၏။ လေလွင့်သော ကျွဲနွားထောင်ခလည်း ရှိ၏။ ဤအဆက် အစပ်၌ သုံးသော စကား အချို့သည် စိတ်ဝင်စားဘွယ် ဖြစ်၏။ ဆင်သေမြင်းလဲ-ဟူသော စကားစုကို ထောက်သော် 'လဲ' သည် လဲကျသည်၊ သေသည်ကို ဆိုသည်ဟု ထင်ရ၏။ ဦးတင်ကမူကား လဲလှယ်သည်ဟု ယူရန် သာ၍ နှစ်သက်၏။ ဆင်သေမြင်းမပ်- ဟူ၍လည်း (၄၆) ၌ တွေ့ရကား၊ ဤစကားစု၌ 'မပ်' သည် လဲသည် အနက်ရ၏။ "ကျေးဇူးတိမ်းမပ်၊ ကြောင်းကျိုးစပ်၍၊ ဆိုအပ်ရာရာ" ဟူသော ဆုတောင်းခန်းပျို့ ၁၂၈ ကို ထောက်လေ။ တ-သတ်သော "မတ်" ကား ရောင်းသည် ဟူသော အနက် ထွက်ဟန်တူ၏။ ငွေပြေကြေးပြ မတ်မှ အတည်ဖြစ်မည်-ဟူ၍ ယခုပင် ဆိုကြသေးသည်။ သေတ္တုမရောသော စံငွေကို ဒိုင်းဟု ခေါ်၍ ၆၀ ကဲ၊ ၂၅ ကဲ စသည်ဖြင့် ရာခိုင်သေတ္တုကို ကဲဖြင့်ပြသည်။ သို့ဖြစ်၍ ဆင်သေမြင်းလဲ ဟူသော စကားတခု

လုံးသည် ကျွဲနွား သတ်သောအခါ ရောင်းသောအခါ ဒေသန္တရ အမှုထမ်း သို့မဟုတ် အသိအမှတ်ပြုသည့် ပွဲစားအား ပေးရသော အခငွေ အားလုံးတို့ကို ခြုံ၍ ဆိုလိုဟန် တူ၏။ ဤအချက်နှင့် စပ်လျဉ်း၍ တပင်ရွှေထီး လက်ထက် ဖြစ်ဟန်တူသောအခါ၌ အခရပြီးသော ပွဲစားက ဝယ်သူ အပြင်လူတို့အတွက် တာဝန်ခံသည့် ထုံးစံ ရှိသည် ဆိုသော ရွှေတောင် စစ်တမ်း (ပုဒ်မ ၈-၈ မျက်နှာ ၇၇ ) အပိုဒ်သည် စိတ်ဝင်စားဘွယ်ကောင်း၏။ ဤအသုံးကျသော ကုန်သွယ်ရေး ထုံးစံကို ထိုစေသော အခါလောက်က ဉရောပ ခရီးသည်တို့သည် တကြိမ်မက သတိပြုမိခဲ့ကြ၏။ တခါတရံ ကျွန် ကျွဲနွား ပွဲခကို ကျွန်ဦးရေ ကျွဲနွားမြီးရေအားဖြင့် ရေတွက်သည်။ တနေရာ၌ (၅၁) မြင်းပွဲစားကို ရည်ညွှန်း၍ မြင်းခေါင်း ဟူသော စကားကို သုံးဟန်တူ၏။ ကျွဲနွား ထောင်ခကို အများအားဖြင့် ကျွဲဝင် နွားဝင်ဟု ခြုံ၍ဆို၏။ ဤအခနှင့် စပ်ဆိုင်သော အထူး အမှုထမ်းဟူ၍ မဖတ်မိချေ။ ထိုအခါ၌ ယခုမှာကဲ့သို့ လေလွင့်သော ကျွဲနွားတို့သည် အရပ် သူကြီးနှင့် ဆိုင်ရကား သူကြီးသည် ထောင်ခကို ယူ၍ အပေါ်ဝန် အထက် အမှုထမ်းတို့အား ဝေစုကို ပေးရာ၏။ မျက်နှာ ၁၄၆ ၌ ကျွန်းခေါင် သစ်ရင်-ဟူသော စကားသည် ခက်၏။

ပွဲစားသည် မကြာခဏ အထူးအမှုထမ်း ဖြစ်သော်လည်း ပွဲသည် ပွဲစားကိုငင်း ပွဲခကိုငင်း ဆိုလိုရကား၊ ဤအချက်သည် မရှင်းချေ။ တောင်းပလုံးဖြင့် ခြင်တွယ်သည့် ကုန်စည် ပွဲခ သို့မဟုတ် ဤကိစ္စမျိုး ကြီးကြပ်သူ အမှုထမ်းကို တည်-ဟု ခေါ်သည်ဟု ဦးတင်က ရှင်းလင်းပြောဘူး၏။ အလေးချိန်ရသော ကုန်စည် ပွဲခကို ရာဇူ-ဟု ခေါ်၍ ချိန်ခွင်ကိုင် အမှုထမ်းကို တခါတရံ ရာဇူကိုင်-ဟု ခွဲခြား၏။ ကူးတို့ကို ရည်ညွှန်းသော အချက်များစွာ ရှိရကား၊ ကူးတို့ခသည် အများကုန်ကျစရိတ်ဖြစ်၍ ဆိပ်၌ စရိတ်တင်ဟန်တူ၏။ ကင်း၊ ချော စကားစပ်ကိုထောက်သော်၊ ကင်းချောတို့သည် သဘောအားဖြင့် အလားတူ ကုန်ကျစရိတ်များ ဖြစ်ဟန်တူကြောင်းသိရ၏။ သို့ရာတွင် ကင်းစောင့်ခြင်း၊ ချောစာပို့ခြင်းသည် မရှောင်သာသည့် အလုပ် ဝတ္တရားများ ဖြစ်ရကား၊ ဤစကားတို့ကို ပွဲခ ကူးတို့ခတို့နှင့်အတူ စာရင်းသွင်းသည်ကို ထောက်သော် ယင်းတို့သည် တခါတရံ အခအားဖြင့် စေ့စပ်နိုင်သော အလုပ်ဝတ္တရားများ ဖြစ်တန်ရာသည်ဟု ထင်ရ၏။

အခွန်ထွက်နိုင်ဟန် တူသော သစ်တောချောင်းတို့ကို ရည်ညွှန်းသော အချက်များလည်း ရှိရာ ဤအချက်တို့နှင့် စပ်လျဉ်း၍ နတ်-ဟူသော စိတ်ရှုပ်ဘွယ်စကားလည်း ရှိ၏။ မျက်နှာ ၁၄ ၌ လောင်းရှည်ရှိ နတ်တောင်ကို ရည်ညွှန်း၏။ ပုသိမ်၌ နတ်ကြီး -၄၀-ရှိ၏။ အခြား နေရာ၌ နတ်ကြီး ၁၂ မည် (၇၁)- သို့မဟုတ် နတ်ကြီး ၁၂ ရုပ်ကို တွေ့ရ၏။ ဤဝေါဟာရတို့သည် အခွန်ထွက်နိုင်သော သစ်တော ချောင်း စသည်တို့နှင့် စပ်ဆိုင်ဟန် တူသော စာရင်းများ၌ ပါမြဲ ဖြစ်ရကား၊ တစုံတခုသော ဧရိယာကို တစုံတပါးသော နတ်နှင့် သီးခြား သုံးစွဲသည် ဖြစ်တန်ရာ၏။

လုပ်ကိုင်ရာ လယ်မြေကို အသည်နှင့် အမှုထမ်းတို့အား ပိုင်းခြား ဝေငှသည်။ အသည်အား မြေ ခွဲဝေချထားဘူးဟန် မတူချေ။ အသည်တို့သည် ဧရိယာ တခု၌ အဦး နေထိုင်သူများ ဖြစ်လျှင် သူတို့ကို မြေ ခွဲဝေ ချထားရန် မလိုချေ။ ဒိုင်းမြေ မြင်းမြေ အစရှိသဖြင့် အမှုထမ်းအမျိုးမျိုးအား လုပ်မြေ နေ မြေ စားမြေ ခွဲဝေချထားသည်ဟု မကြာခဏ ရည်ညွှန်းချက် ရှိ၏။ မြို့စား ရွာစားသည် မိမိနယ်မြေမှ လက်ဆောင် ရရှိသကဲ့သို့ တပ်သားများ ကိုယ်တိုင် မလုပ်သော်လည်း ငှားခ သို့မဟုတ် လက်ဆောင်ရသော မြေသည် စားမြေ ဖြစ်တန်ရာ၏။ ပိဋကတ်မြေနှင့်တကွ ဝတ္ထုကံမြေ အမျိုးမျိုးကို ရည်ညွှန်းသော အချက်လည်း များစွာ ရှိ၏။ ရုတ်တရက် စိတ်ရှုပ်ဘွယ်ကောင်းသော စကားတခုသည် မိုးမြေ ဖြစ်၏။ မိုးရေသောက် လယ်မြေကိုသာ ရိုးရိုး ဆိုဟန် တူသော်လည်း အများအားဖြင့် သို့မဟုတ် အစဉ်မပြတ် ဝတ္ထုကံမြေနှင့် သုံးသော စကား ဖြစ်သည်။ တခါတရံ အသုံးပြုသော “ဝတ်မိုးဝတ်မြေ” ကို တွေ့ရမှ ဝတ်မြေသည် ယင်း၏

အတိုကောက် ဖြစ်ကြောင်း ထင်ရှားတော့၏။ သံမြေသည်လည်း မှတ်ချက် ချအပ်သော စကား ဖြစ်သည် (၅၇)။ စပါး များစွာထွက်သောလယ် သို့မဟုတ် အရည်များစွာ ထွက်သော ထန်းပင်ဟု ဆိုလိုသည် ဖြစ်ရာ၏။ သို့ရာတွင် သီးသန့်ထားသော မြေ သို့မဟုတ် အပင်ကိုဆိုသော သန့်မြေနှင့် ရှုပ်တတ်သည်။ ဘဏ္ဍာမြေ၊ အရာတော်မြေဟူ၍ ရည်ညွှန်းချက်များ ရှိသော်လည်း သာလွန်မင်းဆက်၌ ယင်းတို့၏ အနက်ကို မရှင်းခဲ့ကြချေ။

မြေသည် လယ်မြေ၊ ကိုင်းမြေ၊ ယာမြေ ဟူ၍ အမျိုးကြီး ၃ မျိုးပြား၏။ ယေဘုယျ လုပ်မြေကို အစွတ်အခြောက်ဟု မကြာခဏ ရည်ညွှန်း၏။ မြေရိုင်းကို တိုင်းရန်လည်းကောင်း၊ မှတ်ထင်သည့်အတိုင်း ဆိုလျှင် ခွဲဝေချထားရန် လည်းကောင်း အခယူဟန်တူ၏။တောအရပ်ရှိ မြေလုပ်အခွန်ကိုကား ထားမ ပုဆိန် တူးရွင်းအရ မကြာခဏ ကောက်ဟန်တူ၏။ ဤအလေ့အကျင့်သည် အချို့ ကရင်နယ်မြေတို့၌ ကောက်သော ထားခွန်အဖြစ် ဆက်လက် ရှိနေသေး၏။ ထားမဦးကျ- ဟူသောစကားကို တခါသာ သုံးဟန်တူ၏။ မြေလုပ်ခြင်း အကြောင်းကို အနည်းငယ်သာ သိရ၏။ ကောက်ကြီး မုရင်းစသော ကောက်ပဲသီးနှံတို့ကို အကြောင်းသင့် ရည်ညွှန်း၏။ များသော အကောက်တို့ကို တလုံးတည်း ငွေအဖြစ် စည်းကြပ်ဟန်တူ၏။ ဤကား တလုံးတဝတည်း ဟူသော စကားရပ်၏ အနက်တခု ဖြစ်ဟန်တူ၏။ အကောက်တို့ကို တခုစီ စည်းကြပ်ရာ၌ ကျွဲရှည်း သို့မဟုတ်- ပယ်သည် သာမန်အားဖြင့် အစည်းအကြပ် ဧကမှုဖြစ်၏။ ပယ်သည် အနက်မထင်ရှား၊ တခါတရံ အနည်းအများ သတ်မှတ်အပ်သော ဧရိယာဖြစ်သည့် မြေဧကမှုကို ဆိုလိုဟန်တူ၏။ တခါတရံ တခုသော ဦးပိုင်နှင့် သက်ဆိုင်၏။ တခါတရံ အနက်မပြောင်းစေဘဲ နယ်နှင့်သုံးသော ကာရန်မျှ ဖြစ်ဟန်တူ၏။ မျိုးကျ၊ မျိုးဝင်၊ တင်ကျဲ တို့သည်လည်း အစည်းအကြပ် ဧကမှုများ ဖြစ်ကြ၏။

## ၁၀။ ။တရားစီရင်မှုအုပ်ချုပ်ရေး။

အစစ် ဟုတ်သည်ဟု သေချာစွာ မပြောနိုင်သော ၇၂၉ ခုထုတ် အမိန့်တော်နှင့် သာလွန်မင်း အမိန့်တော် (ပုဒ်မ ၁၁၊ ၁၂ ခ)တို့မှတပါး တရားစီရင်မှု အုပ်ချုပ်ရေးနှင့်စပ်လျဉ်း၍ အနည်းငယ်သာ ဥဆောင်းကျမ်းမှ စုဆောင်းနိုင်၏။ သာလွန်မင်း အမိန့်တော်သည် မြို့တော် ၅-တိုင်အတွင်း မြို့ဝန်အား အမှုသေးငယ်တို့ကို စီရင်ရန်ပိုင်ခွင့် အာဏာပေးအပ်၏။ ထောင်ကို ကြီးကြပ်အုပ်ချုပ်သူ ဖြစ်တန်ရာသော ထောင်မှူး၏ အကူအညီကို မြို့ဝန် ရ၏။ ထောင်မှူး၊ လူသတ် အာဏာသားတို့ကို တန်း၊ လက်မထောက်၊ လက်မရှုံ့ ဟုခေါ်၏။ ဤဧရိယာ အပြင်၌ ဌာန သို့မဟုတ် တပ်အမှုထမ်းတို့သည် လက်အောက်ခံသားကို စီရင်ပိုင်ခွင့်ရှိ၏။ စော်ဘွားတို့သည် အဝေးမြို့၌ စီရင်ပိုင်ခွင့်ရှိ၏။ အရေးကြီးသော အမှုခပ်သိမ်းတို့ကိုကား မြို့တော် တရားရုံးကြီး၊ ပဒိုဗိ ကောင်စီဖြစ်သော လွှတ်တော်အား သီးသန့်ထားဟန် တူ၏။

## ၁၁။ ။အရပ်ရပ်ဆိုင်ရာ အုပ်ချုပ်ရေးနှင့် အထွေထွေ အကြောင်းအရာများ။

အရပ်ရပ်ဆိုင်ရာ အုပ်ချုပ်ရေးစနစ်ကို ဖော်ပြခဲ့ပြီ။ အနည်းငယ် ထပ်ဖြည့်သော မှတ်ချက်များသည် စိတ်ဝင်စားဘွယ်ဖြစ်ရာ၏။ ဤကျမ်းကို ပြုစုရာ၌ အုပ်ချုပ်ရေး၏ အဓိပ္ပါယ်ကိုပြရန် ဝေါဟာရ အမျိုးမျိုးကို အသုံးပြု၏။ အချို့တို့သည် အခွန်စည်းကြပ်ရေး သို့မဟုတ် အခွန်ကောက်ခံရေးနှင့် ဆိုင်သည်။ အချို့တို့သည် မြေတိုင်းခြင်းကို ဦးစွာ ရည်ညွှန်းဘိသည်။ အချို့တို့သည် အထွေထွေ ကြီးကြပ်စီမံမှုကို ညွှန်ပြသည်။ မှတ်သားဖွယ် ကောင်းရသော သေးငယ်သည့် အကြောင်းအရာ တခုသည် စာချွန် ဖြစ်သည်။ မြို့တော်က အမိန့်တော်များကို တဖက်ချွန် နှစ်ဖက်ချွန် ပေစာပေါ်တွင် ရေး၍ထုတ်၏။ နှစ်ဖက်ချွန် ပေစာများကို

# နိဒါန်း

စာတခကြောင်း ပါမြဲဖြစ်သော၊ ပုရပိုက်ပေါ်တွင် အသေးစိတ်သည့် အမိန့်ရှည်များ ပါဟန်တူသော၊ သာ၍ အရေးကြီးသော အမိန့်တော်တမ်းကြီးများဘို့သာ သီးသန့်ထားသည်။ ဥဆောင်းကျမ်း၌ ဤနည်းလမ်း လိုက်ပုံများ ရှိဟန်တူ၏။ မြင်းခြံစီရင်စုကို ကြေးတိုင်စိုက်စဉ်အခါ၌ စာတကြောင်းရေး ပေစာ နှစ်ဖက်ချွန်တွင် ခြသေ့တံဆိပ်ခတ်သော အမိန့်တော်တမ်းကြီးကို ဆောင်လာသည့် သူကြီးကို တွေ့ရတတ်၏။ အမိန့်တော် ထုတ်ခြင်းနှင့် စပ်လျဉ်း၍ တွေ့ရတတ်သည့် ဝေါဟာရတခုလည်း စာခွေ ဖြစ်သည်။ ဖြန့်ဝေစာဖြစ်သည်ဟု ဦးတင်က ရှင်းလင်း၍ပြ၏။ ယင်းသို့သော အမိန့်တော်အစား သုံးနေကျ ဝေါဟာရသည် အမှာတမ်း၊ အမှာစာ ဖြစ်သည်။ စစ်တမ်းသည် သက်သေ အစစ်ခံချက်ကို ဦးစွာ ရည်ညွှန်းသော်လည်း စာတမ်း၊ စစ်တမ်းတို့သည် ဥဆောင်းကျမ်းလာ များစွာသော မှတ်တမ်းအစား ကြိုက်သလိုသုံးသော ဝေါဟာရများ ဖြစ်ကြသည်။

ဤကျမ်းကို လေ့ကျင့်ရာ၌ များစွာအကူအညီပေးသော ကွယ်လွန်သူ ပုဂံဝန်ထောက်မင်း ဦးတင်အား ကျေးဇူး အထူးတင်ပါကြောင်း။

**ဂျေ-အက်စ်-ဖာနီဗဲလ်**
**ဖေမောင်တင်**
၁၁-၄-၅၆။

# စာကိုယ်

## အမှားပြင်ချက်

| စာမျက်နှာ | ကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၂၀ | ၂၄ | ခုန်မြို့ | စုန်မြို့ |
| ၃၈ | ၁၅ | နတ်စင်ကြီးစင် | နတ်ကြီးစင် |
| ၃၉ | ၃ | အစုချုပ်ရေ | အစုချုပ်ရေ |
| ၄၂ | ၁၅ | ကုသိန္နာရုံပြည် | ကုသိန္နာရုံပြည် |
| ၄၂ | ၂၁ | မခုမုထော | မစုမုထော |
| ၄၃ | ၃ | ငါ့သွ လှိုင် | ငါ့သွံလှိုင် |
| ၄၃ | ၉ | သင်းနယ်မုထော | ကင်းနယ်မုထော |
| ၄၆ | ၇ | ဆိပ် | ဆိပ်ရ |
| ၄၆ | ၁၂ | ရာဇနန္ဒ | ရာဇနန္ဒ |
| ၄၆ | ၂၀ | မေဘဖီကိုင်းနှင့် | မော်ဖီကိုင်းနှင့် |
| ၄၆ | ၂၂ | ပွဲ ၂၇ | ပွဲရ ၂၇ |
| ၄၉ | ၃ | မိုးတား | မိုးထား |
| ၅၁ | ၁၀ | ဝယ်သူ | ဝယ်သူ |
| ၅၃ | ၄ | ထီးလှိုင်းမြေ | ထီးလိုင်းမြေ |
| ၅၃ | ၅ | တီးလှိုင်းရှင်မြေ | ထီးလိုင်းရှင်မြေ |
| ၅၃ | ၃၂ | ဝတ္ထုကံသန္တက | ဝတ္ထုကံသဃ်ိက |
| ၅၄ | ၂၂ | ညီလောယမင်း။ | ညီအသေလကမင်း။ လောယမင်း။ |
| ၅၇ | ၅ | ဗျညားပသျှုး | ဗျညားပသျှူ |
| ၅၈ | ၉ | ၃၃ သော | ၃၇ သော |
| ၆၁ | ၂၇ | ပြဲတိုက် | ဖြဲတိုက် |
| ၆၃ | ၆ | သီရိသုဓမ္မာ | သီရိသုဓမ္မ |
| ၆၃ | ၇ | စတုလောကပါလ | စတုလောကပါလာ |
| ၆၃ | ၂၆ | ကိညိယင်္ဂမြို့ | ကိဋ္ဌိယင်္ဂမြို့ |
| ၆၄ | ၈ | မြောင်းမြမြို့မော်လမြိုင်မြို့ | မြောင်းမြမြို့ မော်ဖီမြို့ မော်လမြိုင်မြို့ |
| ၆၆ | ၂၇ | စရန္တပ | စာရန္တပ |
| ၆၇ | ၄ | အိုးစာချီ | အိုးစာကျီ |
| ၆၇ | ၁၈ | လူတို့ကွင် | လူတို့တွင် |
| ၆၉ | ၁၈ | စုတေလေသော်လည်း | စုတေသေသော်လည်း |
| ၆၉ | ၁၈ | ပဋ္ဌာန | ပဋ္ဌနာ |
| ၇၀ | ၂ | ကျောက်ပြုတ်ထိ | ကျောက်ပြုတ်အထိ |

| စာမျက်နှာ | ကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၇၀ | ၁၈ | သက္ကရာဇ် ၉၆၉ ခု | သက္ကရာဇ် ၉၉၉ ခု |
| ၇၁ | ၂ | သက္ကရာဇ် ၉၆၃ ခု | သက္ကရာဇ် ၉၆ ခု |
| ၇၁ | ၁၅ | ရွှေအင်းထိမ်ရွာ | ရွှေအင်းတိမ်ရွာ |
| ၇၄ | ၅ | ငါ့ပေါ်ဦးတိုင်နယ် | ငါ့ပေါ်ဦးတိုင်နက် |
| ၇၄ | ၇ | ပယ် ၂၉ ပယ် ၃ | ပယ် ၂၉ ပယ် ၃ိ |
| ၇၅ | ၂၂ | ရေတက်မြေတက် | ရေတက်မြေထက် |
| ၇၆ | ၃ | ကျွဲနွားဘားရွာ | ကျွဲနားဘားရွာ |
| ၇၆ | ၂၇ | ဆင်းသက်ခံ၍ | ဆင်းသက်ဆက်ခံ၍ |
| ၇၇ | ၁၅ | အလယ်ကျော် | အလယ်ကျော |
| ၇၈ | ၈ | ထောင်ရှည်ရွာ | တောင်ရှည်ရွာ |
| ၈၀ | ၁၈ | တောတိုင်ခံအရာတော် | တောတိုင်ခံယာတိုင်ခံ အရာတော် |
| ၈၆ | ၂၈ | အဆက်ပန်းကိုတချည် | အဆက်ပန်းကိုချည် |
| ၈၆ | ၂၉ | သိုင်းဆော်၍ | သိုင်းဆောင်၍ |
| ၈၈ | ၅ | တိုင်တမ်းရ စော်ဘွားရိုး | တိုင်ထမ်းရ စော်ဘွားရိုး |
| ၈၈ | ၁၇ | ၅၂၈ ပယ်နယ်အနက် | ၅၂၈ပယ် အနက် |
| ၈၈ | ၂၇ | ဝိုင်မှိုင်းဆိုင် | ဝိုင်မှိုင်းအိုင် |
| ၈၉ | ၃ | ဆိုင်ဗွဲချင်ရသီမို | ဆိုင်ဗွဲ့ချင်ရသီမျို |
| ၉၁ | ၂၀ | ရွှန်း | ယွန်း |
| ၉၃ | ၅ | တိုက်နယ် | တိုက်နက် |
| ၉၆ | ၁ | ၁၀-၃၀-၅၁ ခု | ၉၉၉ ခု |
| ၉၆ | ၂၈ | ၁၀-၃၀-၄၁ ခု | ၁၄၇ |
| ၁၀၀ | ၈ | ဗလ ကျော်ခေါင်တို့ | ဗလ ကျော်ခေါင်ကို |
| ၁၀၀ | ၃၀ | ငါ့တွန်း | ငါ့ထွန်း |

## အောက်ခြေမှတ်ချက်

အမှားပြင်ချက်

| စာမျက်နှာ | အမှတ် | အမှား | အမှန် |
|---|---|---|---|
| ၁၃ | ၈၅ | ၁၂ ပတောမြေ | ၁၂ တောမြေ |
| ၄၆ | ၈ | ပန်းပဒိထ။မေ | ပန်းမဒိထဲ။မော် |
| ၄၇ | ၃၉ | တုံးမြို့ | ထုံးမြို့ |
| ၅၁ | ၂၆ | ခ | ၄ ခ |
| ၅၁ | ၃၁ | ကြီးစား | ကြီးစား |
| ၅၁ | ၃၃ | လော် | လှော် |
| ၆၆ | ၁၂ | အမှုအရာ | အမှုရ |

# မြန်မာနိုင်ငံ သုတေသန အသင်းထုတ် စာအုပ်များ

မွန်ဘာသာ

၁ – ပြ ကိုဟ်ကဗျပကိဏ္ဏက၊ အုပ်ပဌမ၊ ၂-ကျပ် ပြာ.-၅၀၊ ၁၉၅၇။
ဆရာဦးကျော်လှ၊ အရှင်ဝါယာမ။

၂ – ဂကောံစရာဲ လိခ်ပတ်မန်၊ ၃-ကျပ်၊ ၁၉၅၈။
ဦးလူဖေဝင်း၊ အရှင်ဝါယာမ ။

၃ – အကြိုကမြ်လ္ဂိရာဇာဓိရာဇ်၊ ၃-ကျပ် ပြား-၅၀၊ ၁၉၅၈။
နိုင်ပန်းလှ။

မြန်မာဘာသာ

တောင်ငူဆိုရတုအဖြေ၊ ၂-ကျပ် ပြား-၅၀၊ ၁၉၅၉။
ရှင်ဥက္ကံသမာလာ၊ ဦးဝန်။

အင်္ဂလိပ်ဘာသာ

1–FIFTIETH ANNIVERSARY PUBLICATIONS No. 1.
(*Papers of the Fiftieth Anniversary Conference.*)
Edited by Dr Than Tun

2–FIFTIETH ANNIVERSARY PUBLICATIONS No. 2.
(*Selection of articles on history & literature from JBRS.*)
Edited by Dr Than Tun

3–The Glass Palace Chronicle of the Kings of Burma 1829.
A reprint of the translation by U Pe Maung Tin & Professor G.H. Luce

# မာတိကာ

## ပဌမပိုင်း

### စမ္ဗူဒီပ ဥဆောင်းအချုပ်


| ပုဒ်မ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ဒဂုံ ဆံတော်ရှင်စေတီ သမိုင်း | ၅ |
| ၂။ | နိုင်ငံရေး ပထဝီဝင် | ၈ |


## ဒုတိယပိုင်း

### ၉၉၉ ခုနှင့် သာ၍ ရှေးကျသောစာတမ်းများ


| ပုဒ်မ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃။ | ရှမ်းပြည် (က) ရှေးသမိုင်း | ၂၂ |
| | (ခ) ရေကြီးရွာ အစရှိ ၉၆၃ ခု | ၃၀ |
| | (ဂ) သိန်းနီ ၉၆၃ ခု | ၃၁ |
| | (ဃ) မှိုင်းတွယ် ၉၆၃ ခု | ၃၁ |
| | (င) မန်လည် ၅ ရွာ ၉၆၅ ခု | ၃၂ |
| | (စ) ရှမ်းမြင်း ၈၈၆ ခု | ၃၂ |
| ၄။ | ရှမ်းပြည် (က) ရှေးသမိုင်း | ၃၃ |
| | (ခ) မှိုင်းတွယ်အစရှိ | ၃၅ |
| | (ဂ) မှိုင်းတွယ် အစရှိ ၉၆၃ ခု | ၃၆ |
| | (ဃ) မှိုင်းတွယ် အစရှိ ၉၇၁ ခု | ၃၇ |
| | (င) မှိုင်းတွယ် အစရှိ ၉၉၉ ခု | ၃၈ |
| ၅။ | အောက်မြစ်စဉ် သူကြီးပေး အမိန့်တော် ၉၄၂ ခု | ၄၁ |
| ၆။ | (က) မှိုင်းတွယ် အစရှိ ရှေးသမိုင်း | ၄၂ |
| | (ခ) မောက်ကတော် ၉၆၇ ခု | ၄၄ |
| | (ဂ) မှိုင်းတွယ် ကမ်းနီ | ၄၄ |

# မာတိကာ


| ပုဒ်မ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၇။ | အောက်မြစ်စဉ် ၉၆၃ ခု | ၄၆ |
| ၈။ | (က) အောက်မြစ်စဉ် ၉၉၉ ခု | ၄၈ |
| | (ခ) မြောင်းမြ ၉၉၉ ခု | ၅၀ |
| | (ဂ) ရွှေတောင် ၉၉၉ ခု | ၅၀ |
| ၉။ | (က) သရေခေတ္တရာ ၉၉၉ ခု | ၅၂ |
| | (ခ) တလ | ၅၄ |
| | (ဂ) မြောင်းမြ | ၅၅ |
| ၁၀။ | (က) ကျောက်ဆည် အစရှိ ၉၆၄ ခု | ၅၆ |
| | (ခ) မော်ဖီ ၉၆၉ ခု | ၅၆ |
| | (ဂ) ပုသိမ် | ၅၈ |
| | (ဃ) မြောင်းမြ | ၅၈ |
| | (င) မြောင်းမြ ၉၉၉ ခု | ၅၉ |
| ၁၁။ | မင်းကြီးစွာစော်ကဲ အမိန့်တော်တမ်းကြီး ၇၂၉ ခု | ၆၀ |
| ၁၂။ | သာလွန်မင်းအမိန့်တော်တမ်း ၉၉၉ ခု (က) အရပ်ရပ် အုပ်ချုပ်ရေး | ၆၃ |
| | (ခ) ရာထူးအလျောက် စီရင်ပိုင်ခွင့် အာဏာများ | ၆၅ |
| | (ဂ-၁) လုံ့ရှည်ကိုင်အား ခွဲဝေပေးချက် | ၆၆ |
| | (ဂ-၂) လုံ့ရှည်ကိုင်အား ခွဲဝေပေးချက | ၆၇ |


## တတိယပိုင်း

### နောက်ကျသည့် စာတမ်းများ


| ပုဒ်မ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၃။ | ပေါက္ကံမြစည်းခံဘုရားသမိုင်း | ၆၉ |
| ၁၄။ | မှိုင်းတွယ် ၉၆၃ ခု | ၇၁ |
| ၁၅။ | အထွေထွေ (က) မိအိမ်နွယ်တိုင်နက် ၉၆၃ | ၇၃ |
| | (ခ) သုံးဆယ် ၉၆၃ ခု | ၇၃ |
| ၁၆။ | ပုပ်ကန်ကြီး ၉၇၃ ခု | ၇၄ |
| ၁၇။ | (က) အုံးကွမ်းအရာတော် ၉၉၉ ခု | ၇၅ |
| | (ခ) အုံးကွမ်း ငှက်ကြီးသိုက် ၁၀၄၁ ခု | ၇၅ |
| | (ဂ) ဆင်အိုင်ပိန်ညင်း | ၇၇ |

| ပုဒ်မ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၈။ | တောင်ရှည် ၁၀၄၁ ခု | ၇၈ |
| ၁၉။ | (က) မြကန် အစရှိဆိုင်ရာ အမိန့်တော် ၁၀၆၁ ခု | ၇၉ |
| | (ခ) အုံးကွမ်း အစရှိ ဆိုင်ရာ အမိန့်တော် ၁၀၇၆ ခု | ၇၉ |
| | (ဂ) အုံးကွမ်း အစရှိ (၁) ရွှေပြေး ၁၀၉၅ ခု | ၈၀ |
| | (ဂ) အုံးကွမ်း အစရှိ (၂) အပြီးသတ် ၁၀၉၅ ခု | ၈၁ |
| ၂၀။ | (က) မုတ္တမတောင်ငူဆိုင်ရာ အမိန့်တော် ၁၀၄၁ | ၈၂ |
| | (ခ) ၎င်း ၁၀၆၁ ခု | ၈၂ |
| | (ဂ) ၎င်း ၁၀၇၇ ခု | ၈၂ |
| | (ဃ) မုတ္တမတောင်ငူ ၁၀၈၆ ခု (ကရင်မှူး) | ၈၃ |
| | (င) မုတ္တမတောင်ငူဆိုင်ရာ အမိန့်တော် ၁၀၉၀ ခု | ၈၃ |
| ၂၁။ | (က) ဆင်အိုင်ပိန်ညင်း ၁၀၆၁ ခု | ၈၄ |
| | (ခ) အုံးကွမ်းအရာတော် ၉၉၉ ခု | ၈၄ |
| | (ဂ) မြကန်အစရှိ ၉၉၉ ခု | ၈၅ |
| | (ဃ) ငှက်ကြီးသိုက် | ၈၆ |
| | (င) ဆင်အိုင်ပိန်ညင်း ၁၀၇၆ ခု | ၈၆ |
| ၂၂။ | (က) မှိုင်းလုံး ၉၆၄ ခု | ၈၈ |
| | (ခ) ၎င်း ၉၉၉ ခု | ၈၈ |
| | (ဂ) ၎င်း ၁၀၂၇ ခု | ၈၉ |
| ၂၃။ | (က) စိမ်းကျည်ကျွဲဆွဲကုန်းရွာ ၁၀၉၅ ခု | ၉၀ |
| | (ခ) ကုန်းရွာ ၁၁၀၃ ခု | ၉၀ |
| | (ဂ) ကုန်းရွာ စိမ်းကျည် ၁၀၅၀ ခု | ၉၀ |
| ၂၄။ | မြင်းစီးဖွဲ့ခြင်း ၉၆၁ ခု | ၉၁ |
| ၂၅။ | အုတ်ကန်ကြီး ၉၇၆ ခု | ၉၃ |
| ၂၆။ | မြင်းခုံတိုင် ၉၉၉ ခု | ၉၄ |
| ၂၇။ | (က) ရန်အောင်မြို့သစ် ၁၀-၃၀-၅၁ ခု | ၉၆ |
| | (ခ) မြင်းခုံတိုင် ၁၀-၃၀-၄၁ ခု | ၉၆ |
| ၂၈။ | (က) မုတ္တမတောင်ငူ ၁၀၈၆ ခု (ကရင်မှူး) | ၉၈ |
| | (ခ) မုတ္တမ တောင်ငူ ဆိုင်ရာ အမိန့်တော် ၁၀၇၆ ခု | ၉၈ |

| ပုဒ်မ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၉။ | ဖုတ်ကန်ကြီး ၉၆၇ ခု | ၉၉ |
| ၃၀။ | (က) မြစ်ငယ် ၁၂ ရွာ ၁၀၃၀ ခု | ၁၀၀ |
| | (ခ) ဒိုင်းစု ၄ စု ၉၉၉ ခု | ၁၀၁ |
| | (ဂ) လမိုင်း ၉၉၉ ခု | ၁၀၁ |
| | (ဃ) နောက်တော်ပါရွှေပန်းပန် ၉၆၃ ခု | ၁၀၂ |
| | (င) ဇင်းမယ်ပါ အစု ၉၉၉ ခု | ၁၀၃ |


အညွှန်းများ


၁။ နေရာအမည်များ ....၁၀၅

၂။ လုပ်ငန်းဆိုင်ရာဝေါဟာရများ ....၁၁၂

## ပုဒ်မ ၅-အောက်မြစ်စဉ်တလျှောက် သူကြီးသို့ အမိန့်တော် ၉၄၂ ခု

ဘုန်းတော် အလွန်ကြီးမြတ်တော် မူလှသော အရှင်ဘဝရှင် မင်းတရားကြီး ဘုရား အမိန့်တော်ရှိ (လိုက်) သည် ရွှေ(တိုက်) အင်း စာရင်း ပယ်နယ် အခွန်တော်ဆက် ရွှေတိုက်အသည် အလာ ကပ္ပါတိုင် အင်းစာရင်း ကျားကြီး ကျားငယ် စုခြားနယ် သီးသန့် [၁] မြို့ကျေးရွာ သူကြီးတို့မှာ နှစ်စဉ် ဆက်မြဲ ဆင်စွယ် ဖယောင်း အခွန် [၂] သွင်းရိုး အစည် အိမ်ခြေပယ်နယ်အတွင်း အစွတ်အခြောက် လုပ်သမျှ လူတို့မှာ အောက်မြစ်စဉ် တလျှောက် မြို့ကျေးရွာ အခွန် [၃] ၅၂ မြို့အဝင် မုတ္တမ ၃၂ မြို့ ၁၂ ရာ [၄] ဟံသာဝတီ ၃၂ မြို့ ၁၂ ဇာ ပုသိမ် ၃၂ မြို့ ကျေးလက်မြို့ရွာ အိမ်ခြေ ၆၂၃ (ဝ) ထမ်းရ–ဂ၉၃ ဒလမြို့ ၆၄၀ အိမ်ခြေထမ်း ရ–၅၂၃ [၅] ကနောင်မြို့ အိမ်ခြေပေါင်း ဂ၅(၅) အိမ်ခြေထမ်း ရ-၅၅ (၆) သမြင်တုံမြို့ အိမ်ခြေ ၄၅၆ ထမ်း ရ–၃၉၃ မော်ဖီမြို့ အိမ်ခြေ ၅၂၀ ထမ်းရ–၄ဂ၃ မော်လမြိုင်မြို့ အိမ်ခြေ ၆၆၃ ထမ်းရ ၄ဂ၃ [၆] ဒဂုံမြို့ အိမ်ခြေ ၇၇၁ အနက် ၆၅၅ မြောင်းမြမြို့ အိမ်ခြေ ၅ဂ၃ ထမ်း ရ–(၄) ၇၃ သံလျင်မြို့ အိမ်ခြေ ၅ဂ၃ ထမ်းရ-၃၆၂ ဟံသာဝတီမြို့ (အိမ်) ခြေ ၉ဂဂ၃ ထမ်းရ ၇ဂ၅၅ သူရဲစီမြို့ အိမ်ခြေ၄ဂ၂ ထမ်းရ-၃၄၆ ကူထွတ် [၇] မြို့ အသည် အလာ ကပ္ပါ စု (ခြားနှင့်) အိမ်ခြေပေါင်း ၄၉၃ ထမ်းရ–၃၆၂ ခဲပေါင်းမြို့ အသည် ကပ္ပါ စုခြား ငန်းခြားပါ အိမ်ခြေ ၅ဂ၇ ထမ်းရ–၄၄၆ ခနုဖြူမြို့ ရွှေတိုက် ၅၂၉ ထမ်းရ–၄၃၆ ဟသ်ာတမြို့ ဂဂ၉ ထမ်းရ–၇၇၃ ပတောင်းမြို့ ၆၆၇ ထမ်းရ–(၇) ၅၂၉ အခွန်ဆက်မြို့ပေါင်း ၅၂ မြို့ အဝင်အပါ ကျေးလက်နယ် ၄ ရပ် ဂရပ်ဒွာတွင်း မြို့ပါ ကျေးလက် ရွာသူကြီး အသည် ကပ္ပါး ခွာကြီးခွာငယ် သွေးသောက်ကြီး အိုးစားကြီး တို့နှင့် အောက် [၈] မြစ်စဉ်တလျှောက် မြို့ကျေးရွာ ထုံ အိုင် အင်း မြောင်း ချောင်း [၉] ပွဲ ဆိတ် (ကင်း) ကူးတို့ တည် အစွတ် အခြောက် အခွန်ဆက်သွင်း အစဉ်အခွန်ဝင်တိုင် [၁၀] ထမ်း အသည် အလာ ကပ္ပါး စုခြား ငန်းခြား အခွန်ဆက်သွင်းမြဲ ထုံးစံ အစဉ်ရှိသည်။ ၁၂ ရာသီပန်း အခွန်ဝင် သစ်သီးချိုချဉ် ဆင်စွယ် ဖယောင်း ရွှေခွန် သစ္စေးတော်ခွန် အပေါ်ဝန် အကောက်အစား တရားကွမ်းဘိုး ဆင်သေ မြင်းလဲ နယ်အတွင်း အစွတ်အခြောက် လုပ်သမျှ ပုဆိန် တူးရွင်း ထားမ တောခွန် ယာခွန် (ကိုင်းခွန်) သောင် ထုံ အင်း အိုင် မြောင်း ချောင်း [၁၁] ပွဲ ဆိပ် [၁၂] ရာဇူ အပိုအကဲ ရေးမှတ်စစ်သွင်း ဆက်ရသည်။ ရွှေတိုက် အသည် အလာ အခွန်သွင်းမြဲ အစည်ကို ညီမျှ(လောက်) အောင် အစဉ်ထုံးစံရှိသည်အတိုင်း အသည် ဝိ–ဝံ ကပ္ပါး ၆ု စုခြား ၃ု ၁ဲ အပိုအကဲ ရေးစား တင်နှိုး လက်ခုတ် တံသုတ် [၁၃] ခွဲခန့်ရိုး ထမင်းလုံးသေတည်*။ ကင်းခွန်ကို ရှေးမင်းကေရာဇ် မင်းအဆက်ဆက် ၉ဂ၃ ခု ထမ်းရွက်ရသည်အတိုင်း ခွဲပုံခွဲထား အင်းစာရင်း ဦးရေ ပယ်နယ် ကျွဲရှဉ်း ခွန်ရေ စစ်သိမ်း ခံသမျှကို ညှိညွတ် ရွှေတိုက်အင်းစာရင်း ညီမျှအောင် သွင်းဆက်ထမ်းရွက်စေ။ အောက်မြစ်စဉ် တလျှောက် ၅၂ မြို့ အသည် သူကြီး ခွာကြီး ခွာငယ်တစု မြို့စု တိုက်စုများကို ပြန်ဆို အပ်သည်။ ၉၄၂ ခု တပို့တွဲ လပြည့်ကျော် ၁၂ ရက် သောကြာနေ့ နားခံပြော့ကြီးမှူး တမန်သီရိ ထုတ်ပြန်သည် အမိန့်တော်။ ရွှေလွှတ်တော်တွင် စာရေးကြီး ဝေလုရာဇာ ဝေလုသမန်း ဝေလု သုန္ဒရတို့ ကူးယူ၍ ဝန့်ရှင်လေးပါး အမိန့်နှင့် အရပ်ရပ်မြို့ကျေးရွာ အောက်မြစ်စဉ် တလျှောက် သူကြီးသို့ ပေးအပ်သည့် အမိန့်တော်။

---

၁။ သုန်း ၂။ ဆင်းရွယ်အရောင်ရွှေခွန် ၃။ ခွန်ဆက် ၄။ မုတ္တမ ၃၅ မြို့ဝ့်။ ၅။ ၅၃၂
၆။ ၄၃၇ ၇။ ကူထွက် ဂ။ မြောက် ၁၅ မြို့ဝ့်။ ၁၅ ဇာ၊ ၉။ အင်းချောင်းမြောင်း
၁၀။ တိုဝ့် ၁၁။ ချောင်းကတိုဝ့် ၁၂။ ဆိတ် ၁၃။ တတုတ် * တောင်တွင်းကြီးမှူ 'ဂိ' ဆုံးသည်။

## ပုဒ်မ ၆ (က) မှိုင်းတွယ် အစရှိ ရှေးသမိုင်း

သက္ကရာဇ် ၄၅၀ ပြည့် မင်းဆက် ၁၄ ဆက်မြောက် မဟာနာမမင်းကြီး လက်ထက်တွင် သသ်ကရိုက် အက္ခရာဖြင့် သီဟိုဠ်ကျွန်းနိုက်ရှိသော ပိဋကတ်ကို မာဂဓဘာသာဖြင့် အရှင်ဗုဒ္ဓဃောသ ကူးယူသည်။ သီဟိုဠ်ကျွန်း၌ သာသနာတည်စက ဘုရား ပရိနိဗ္ဗာန်လွန်တော်မူ၍ သက္ကရာဇ် ၂၀၀ ကျော်ကပင် အရှင်မဟိန္ဒထေရ် ရောက်၍ သာသနာတည်စ ပြု၏။ ဒေဝါနံ ပီယတိဿမင်းကြီး ရှင်မဟိန္ဒထေရ် ရောက်၍ တနှစ်လျှင် ဘိသိက်ခံသည်။ ၎င်းနောက် ၃၆ နှစ်ရှိမှ သာသနာကို ပြုစုတော်မူ၏။ ဒေဝါနံ ပီယတိဿမင်း ၃၂ ဆူ တည်သည်။ ဘုရားသခင် ပဋိသန္ဓေနေတော်မူသည်မှစ၍ သက်တော် ဂဝ ကို ရည်လျက် ရွှေမုဋ္ဌော ဂဆူ တည်သည်။ ဗောဓိ ၁၂ ဆူတည်၏။ ရှင်မဟိန္ဒ ၁၂ ဝါနေ၏။ ဒေဝါနံ ပီယတိဿမင်း သီဟိုဠ်ကျွန်း၌ မင်းပြုသည်။

သီရိဓမ္မာ သောကမင်းသည်ကား ဇမ္ဗူဒီပါကျွန်း တိုင်းကြီး ၁၆ တိုင်းတွင် အင်္ဂတိုင်း မဂ္ဂတိုင်း ကာသိကရာဇ်တိုင်း ကောသလတိုင်း ဝဇ္ဇီတိုင်း စေတီယတိုင်း ဝင်္ဂတိုင်း ဂုရုရာဇ်တိုင်း ပဉ္စာလရာဇ်တိုင်း မစ္ဆတိုင်း သူရသေနတိုင်း မလ္လတိုင်း ကမ္ဘောဇတိုင်း ဟူ၍ ၁၆ တိုင်း။

ပြည်ကြီး တဆဲ့ခြောက်ပြည်ကား သာဝတ္ထိပြည် ဝေသာလီပြည် ပါတလိပုတ်ပြည် စေတုတ္တရာပြည် သင်္ကဿနဂိုရ်ပြည် စမ္ပါနဂိုရ်ပြည် ကလိန်ကရာဇ်ပြည် ကောလိယပြည် သာကေတပြည် ဣန္ဒပတ္ထနဂိုရ်ပြည် ကပ္ပိလဝတ္ထုပြည် ရာဇဂြိုဟ်ပြည် ကုသိနာ္နရုံပြည် ဒေဝဒေဟပြည် ကောသမ္ဗီပြည် ဗာရာဏသီပြည် ဟူ၍ ၁၆ပြည်တည်း။

သာသနာတော် ၂၃၆ ခု ပြည့် မင်း ၄ ဆက်မြောက် သီရိဓမ္မာသောက မင်းကြီး မင်းပြုသည်။ စေတီ ၈၄၀၀၀ မုဋ္ဌော ဂဝ ၉ ဆူတည်ဘွင် အောက်သုံး သိန်းပြု မုဋ္ဌော ၁၉ ဆူတည်သည်တွင် မြစ်အညာမုဋ္ဌော ၉ ဆူ ဂူ ၉ လုံး ကင်းမုဋ္ဌော အစရှိသော ၉ ဆူအနက်တွင် ကင်းမုဋ္ဌောကို သီရိဓမ္မာသောကမင်း မုဋ္ဌောသက်ရှည် သမုတ်သည်။ သံ ၅ ထီး ၅ ဆင့်ကိုင် မုဋ္ဌော မတေမုဋ္ဌော တိုင်မုဋ္ဌော တွင်းမုဋ္ဌော ကင်းမုဋ္ဌော ယင်းမုဋ္ဌော ဝရာ မုဋ္ဌော သစ်ရောင်းမုဋ္ဌော ဝံပိုမုဋ္ဌော မခုမုဋ္ဌော ပြိုင်မုဋ္ဌော ဟူ၍ မုဋ္ဌော ၉ ဆူ ဂူ၉လုံး မွေတော် ဓာတ်တော်နှင့် တချိန် တနာရီတည်းတွင် တည်သည့် ဘုရားကို ထပ်၍ သီရိပဝရတိတျာဓိပဝရပဏ္ဍိတဓမ္မရာဇာ မဟာဓိပတိ နရပတိ စည်သူ အမည်တော်ရှိသော အလောင်းမင်းတရားသည် သက္ကရာဇ် ၄ဂဝ တွင် ထပ်၍ မင်းယည်နရသိင်္ဃ နှစ်ပါး မုဋ္ဌော၉ ဂူ ၉ လုံးတည်သည်တွင် ကင်းမုဋ္ဌော ယင်းမုဋ္ဌော ၂ ဆူကို မြေအခြ ၁းနှင့် ထပ်လှူသမုတ်သည်ကာလ လှူတော်မူသည် ကျွန်သီးတော် ခပေါင်းရွာ ခပိုင်ပါ ရှမ်းလတ်ရု လေပိုင် နံ ၅ တေး အသက် ၄၅ လေခန် နံအင်္ဂါ အသက် ၆ဝ လေအင်း နံစနေ အသက် ၃၇ နှင့် လူပေါင်း ၅ဝ ရှမ်းမ ၄ဝ ဆွမ်းချက်မိနှင်းအိ နံတနင်္ဂနွေ အဿက် ၆ဝ သူနှင့် မိန်းမ ၄ဝ ကို ကင်းမုဋ္ဌောမှာ တစုနေ၍ ဘုရားရှင် ကင်းမုဋ္ဌောမှာ မကောင်း ဟောင်းနွမ်း ပြိုပျက်သမျှကို ပြင်၍ လုပ်ရသည်။ အနောက်ဘက်မှာ တစုနေသည်။ ဆွမ်းချက်၍ ရှမ်းမိန်းမတို့ကို တင်လှူစေသည်။ ဆွမ်းဝဘ်မြေ ၁၂၂ ကေတိုင်း နက်ယင်ကင်းနယ်တွင်းမှာ လှူသည်။ ၎င်းဘုရားရှင်တော် ဝတ်မြေ နယ် ၄ ရပ်မှာ အရှေ့ဒေါင်းတတွန် စွန်တဲ ကုလလေး

ပဌမပိုင်း

## စမ္ဗူ ့ဒီပဥဆောင်းအချုပ်

### ပုဒ်မ ၁-ဒဂုံဆံတော်ရှင် စေတီသမိုင်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

သက္ကရာဇ် ၁၀၃ ခုတွင် စကြဝဠာ ကုဋ္ဌေတသိန်းတို့၏ အချက် (အချာ) ဘဒ္ဒကပ် မြတ်လှစွာသော ကမ္ဘာ လကျ်ာတောင်ကျွန်း အလယ်ချက်မ မဟာမဏ္ဍလဗောဓိဝန်းကျင် သတ္တဌာနတွင် ရာဇာယတန လင်းလွန်း (ပင်) မှအထွက် ကုန်သည် ညီနောင်တို့ကို သုံးဆူဘုရား ဌာပနာရာ သိင်္ဂုတ္တရကုန်းမြတ်မှာ ထပ်၍ ဌာပနာစိမ့်သောငှာ ဝါဆိုလ အပ်တော် မူရာက ကြည်းကြောင်း ရေကြောင်း လှည်းလှေသဘော်နှင့် ဆောင်ယူခဲ့သည်။ ရာသီကိုးလမှ သိင်္ဂုတ္တရကုန်းဆိပ်သို့ ရောက်လျှင် သိကြားမင်း(နှင့်) ဥက္ကလာဘ (မင်း) တဘုဿဘလ္လိက သူမြတ်လေးယောက်(တို့)တည်အံ့သောငှာ(ဘုရား) သုံးဆူ ဌာပနာရာ တိုက်တော်ရာကို ရှာဘွေ(၍) တွေ့လျှင် ဓမကချိုင်တော် တောင်ဝှေးတော် ရေသနုပ်တော်ထားရာ တိုက်တော်မြတ်ကို ဆေးကြောပြီးလျှင် ရွှေသဘော်တွင် ရတနာအတိ ပြီးသော ပန်းတောင်းနှင့် ဆံတော်မြတ်ကို သဘော်မှာ တင်ပြီးမှ ဌာပနာ တိုက်တော် အလျား အနံ အစောက် လေးဆယ် လေးတောင်စီ မြေအုတ် ကျောက်အုတ် မိုးကြိုးအုတ် ရွှေအုတ်တို့ဖြင့် တင့်တယ်အောင် ချယ်လယ်စီပြီးလျှင် ရတနာအတိ ပြီးသော ရွှေသဘော်နှင့်တကွ သက္ကရာဇ် ၁၀၃[1]ခု တပေါင်းလပြည့် တနင်္လာနေ့ ဌာပနာလျက်[2] စေတီအရပ်တော် လေးဆယ်လေးတောင် တည်တော်မူသည်။ ဆီမီးထွန်း သင်ပုတ်ဝတ် တံမြက်လှည်း (ဝတ်) အစောင့် အနေ လေးယောက် လှူတော်မူသည်။ မြေကြီး လျှင် ပွဲ့ထင်ထပ်မျှ မြည်သည်။

ထိုနောင် ဘုရား သခင် သာသနာတော် ၂၁၈ (နှစ်ရာတဆယ်ရှစ်) ခုနှစ်တွင် သီရိဓမ္မာသောကမင်းကြီး ဆံတော်ရှင်စေတီကို မူလပြု၍ ရေတွင်း ရှစ်သောင်းလေးထောင် (ရေကန် ရှစ်သောင်းလေးထောင်) စေတီ ရှစ်သောင်း လေးထောင် တချိန် (တနာရီ) တည်း လ်နှင့် အသူရိန် အတူထပ်မိသည့် ကာလ ဌာပနာသည်တွင် ရောင်ခြည်တော် ခြောက်သွယ် လွှတ်တော် မူသည်။ ရှေးလှူတော်မူရင်း (အ) တိုင်း လှူတော်မူသည်။

(ထိုနောင်) သက္ကရာဇ် ၆၄၃ ခု (တွင်) ဆံတော် (ရှင်) စေတီအပေါ်ထပ် ယိုယွင်းသည်ကို ဗျညား[3] ရာဇာ လုပ်၍ ရွှေထီးနဝရတ်ချယ်တင်တော်မူသည်။ ရှေးလှူ (တော်မူ) ရင်း (အ) တိုင်း လှူတော်မူသည်။ ရောင်ခြည်တော် ခြောက်သွယ် လွှတ်တော်မူသည်။

(ထိုနောင်) သက္ကရာဇ် ၇၁၀ ကျော်တွင် ဆံတော်ရှင် စေတီကို ဗျညားရကျွိုက် အောက်[4]ကလပ်ခြေ တရာငါးဆယ်လေးတောင် ဖွင့်၍ တည်လုပ်တော်မူသည်။ ပစ္စယာ နှစ်ဆင့်သာ ပြီးသည်။

(ထိုနောင်) သက္ကရာဇ် ၇၁၇ ခုတွင် ဆံတော်ရှင် စေတီကို ဗျညားဖြူ ဆက်၍ တည်တော်မူသည်။ ဘုံနှစ် (ဆင့်) သာ ပြီးသည်။

---

မှတ်ချက်။ ။ဦးတင့်မူမူ ကူးသော ဗားနတ်မူအတိုင်း ဤစာအုပ်ကို ပုံနှိပ်သည်။ ( ) ဤကဲ့သို့ ကွင်းဝိုင်းသော စကားတို့ကို တောင်တွင်းကြီးမူ၌ ချန်ထား၏။အောက်ခြေ၌ မည်သည့်မူဟူ၍ အညွှန်းမပါသော မူကွဲတို့သည်လည်း တောင်တွင်းကြီး မူကွဲများဖြစ်သည်။

၁။ ၁၂၃ ၂။ ပြီးလျှင် ၃။ ပညာ။ အခြားနေရာတို့၌လည်း ထိုနည်းအတိုင်းပင်။ ၄။ ဘောင်

(ထိုနောင်) သက္ကရာဇ် ၇၁၇ ခု (တွင်) သားတော် ဒါသရာဇာဘုရားကျန်းတောလက်ထက်မှ သပိတ်မှောက် ဘီလူးဆွဲဘောင်း ကြာပံ့ ချယားသီးတိုင်ပြီး၍ ရွှေထီး နဝရတ်ချယ် ရွှေဆည်းလည်းငွေဆည်းလည်း ငွေကြိုး ရှစ်သွယ် ဆိုင်း၍ တင်သည်။ ရွှေပုဇွန်ခွံ ပွတ်[၅]သည်။ ရှေး (က) လှူရှင်း (အ)တိုင်း လှူတော်မူသည်။ ဆီမီးထွန်း သင်ပုတ်ဝတ် တံမြက်သိမ်း အစောင့် အနေ လူ ဂဂ (ယောက်)လည်း လှူတော်မူသည်။ စေတီတော် မြေအပေါ်မြင့် ၂၀ ၁ံ ၁ံ ငုတ် ၄[၆]။ ရွှေကရားနှင့် ရေစက်သွန်း လှူသည်ကာလ ရောင်ခြည်တော် ခြောက်သွယ်လွှတ်တော် မူသည်။

(ထိုနောင်) သက္ကရာဇ် ၇၇၀ တွင် သီဟရာဇာမင်း မိဖုရား သုခဿာယာ မင်းသမီးတွင် သားဦး တယောက် မွေးမြင်လျှင် ထိုမင်းခန္ဓာကုန်လျက်ဝိရင်းမိဖုရား ဗျည်ားစောအမည်ကို ခံ၍ ၇[၈]....မင်းပြုပြီးမှ သားတော်ကို မြို့နန်းမှဖနှင်း၍ ဆံတော်စေတီရှင် အနောက်တောင် (ထောင့်) တွင် (အ) သစ်မြို့နန်းတည်၍ ပစ္စယာမကို ၂ဂဂ်[၁၀]စတုရန်းလေးမျက်နှာ ဖွင့်လျက်[၁၁]တည်တော်မူသည်။ စေတီတော်ကို မြေက ရောင်လျှံ တော်တိုင် ရွှေပုဇွန်ခွံ မွမ်းမံ တော်မူသည်။ ခြေတော်ရင်း ပတ်လည် (ဥလည်း) ကျောက်ဖျာ ခင်းတော်မူသည်။ ကျောက်ဆီမီးတိုင် စိုက်သည်။ရွှေဥမင် ကျောင်းရံ ၂၀[၁၂]သံဃာတော်စုံ ပစ္စည်းလေးပါး ပြုစု၍ စေတီနှင့် ကျောင်းရံများကို အပြုအစု ဒဂုံမြို့လုံး လူ ၅၀၀၀၀ ခေါင်းလောင်းကြေးချိန် ၁၂၀၀ ထီးကြီး လူ ဂ ယောက် ထမ်း ရွှေသပိတ် လေးလုံး ရွှေပန်းခိုံ ဂ ချပ် (ရွှေ) ထမ်းစင် ၄ သင်ပုတ်တင် လူ ၄ (ဆီမီးထွန်းလူ ၄) တိုက်စောင့် (လူ) ၂၀ သင်ပုတ်သိမ်း (လူ) ၂၀ ကမ္ပည်းထိုး၍ လှူတော်မူသည်။ ရှေးလှူရှင်းထက်တိုး၍ အခွန် ရွှေ ၇၅ ကို လှူတော်မူသည်။

(ထိုနောင်) သက္ကရာဇ် ဂ၁၀ ပြည့်တွင် သား (တော်) ဓမ္မစေတီမင်း ကိုယ်လေး မိဖုရားနှစ်ပါး ကိုယ်လေး ရွှေချိန် ၉၅ ကို ရွှေပုဇွန်ခွံခတ်၍ ဆံတော်ရှင် စေတီကို ဘိနပ်တော်ကသည် ရောင်လျှံ တော်တိုင် မွမ်းမံတော်မူသည်။ခေါင်းလောင်းကြီး အဝ ဂ် အစောက် ကြေးကွင်းတိုင် ၁၃် ကြေးချိန် ၁ဂဝဝဝ ခေါင်းလောင်းငယ် ကြေးချိန် ၁ဂဝဝဝ ရွှေချိန် ၇၇၂၀ အဘိုး၅၀၀၀ အခွန်တော် (ကို) လည်း လှူတော် မူသည်။ထိုမင်း အသက်တော် ၄ဂ နှစ် စေတီ တော်ကြီးမှာ စေတီရံ ၄ဂဆူ ဘောင်(း) ကလပ်ခြေကို ၁၃် ၁ံ လေးမျက်နှာ ဖွင့်၍ လုပ်ပြီးလျှင် ရွှေထီးတွင် ရွှေဆည်းလည်း ၄ဂ ငွေဆည်းလည်း ၄ဂ ရောင်လျှံ (တော်) ဆပ်သွားဖူး (မှာ) ကျောက်မျိုး နဝရတ်ချယ် ရွှေဝေါတော်တွင် ရွှေသပိတ်ဖုံင်၍ရွှေဝေါထမ်း ရွှေဝေါပါလူ ၉၀[၁၃]။သင်ပုတ်ချက်ရွာကို တောပုံ တွင်သည်။

(ထိုနောင်) သက္ကရာဇ် ဂဂ၅ ခုတွင် မုနိရာဇာ ဒါယကာ ရွှတ်ဖိမင်းလက်ထက် ရွှေလုပ် ပတ္တမြားမီ ဆင်ပေါက် နှစ်စီး ရွှေသပိတ် ၁ ကံကျွေးလူ ၂၀ လှူတော် မူသည်။

(ထိုနောင်) သက္ကရာဇ် ၉၉၇ ခုနှစ်တွင် တလဘုရား လက်ထက် လေမုန်တိုင်း ကြီးစွာ လာ၍ သပိတ်မှောက်တိုင် ပြိုပျက်သည့် အရာများကို ထိုမင်း ဗျည်ားတေဇောအမည် ခံ၍ ပြင်လုပ်ပြီးလျှင် ထီးတင်တော်မူသည်။

(ထိုနောင်)အဝရွှေနန်း[၁၄]မင်းတရားကြီး သံလျှင်ကို အလိုတော် ပြည့်သည်နောက် ဆံတော်ရှင်ဘုရားကို အစောင့် အသိမ်း လူ ၄၅ အိမ်ထောင် လှူတော်မူသည်။

(ထိုနောင်) သမိန်ထောဇုတ်ကလိ လက်ထက် အထိ ပရိဘ်ချည်[၁၅]လှူတော် မူသည်။

(ထိုနောက်) ဟံသာဝတီ ဆင်ဖြူရှင် သက္ကရာဇ် ၉၀၁ ကျော်ဘွင် ယိုးဒယားကို သိမ်း၍ ရောက်သည်

---

၅။ မှံ ၆။ မြေပေါ်အပြင် ၂၁ ခံရပ် ၇။ ၏ ၈။ ၇ ရက် ၉။ ကို ၁၀။ ၂၀၇
၁၁။ ၍ ၁၂။ ၁၂၀ ၁၃။ ၆၀ ၁၄။ အဝရွှေနန်းရှင်လက်ထက် ၁၅။ အစီပရိခြည်

ကာလ မြေကြီး လျှောင်လှုပ်ရာတွင် ဒဂုံဆံတော် မော်ဓောစေတီ မဟာစေတီ အ (ား) လုံးစုံ ပြိုပျက်သည်ကို ပြင်လုပ်တော်မူ၍ တပို့တွဲလ ထီးတင်တော်မူသည်။မကိုဋ် တော်ကိုလည်း လှူတော်မူသည်။သီတင်းကျွတ်လ ဒဂုံဆံတော်မှာ ထီးတင် သဘင် ကြီးစွာခံတော်မူ၍ ရက်လည်အောင် ဆွမ်းကျွေးတော် မူသည်။ ပရိက္ခရာ ၈ ပါးအစုံ ၇၀၁၀ လှူတော်မူသည်။ အမတ်ဗျည္ဇားဒလက စေတီတော် သပိတ်မှောက်အောက်ပစ္စယာကို ရွှေပုဇွန်ခွံ ပွတ်[16]၍ လှူတော်မူသည်။

(ထိုနောင်)၎င်းသက္ကရာဇ်တွင် မိဖုရားကြီးသားတော်ကို (ညီတော်ကို)ညီတော်ပြည် ဘုရင်သမီး (ပြည်) ဆင်ဖြူရှင်မြေးတော်နှင့် စုံဘက်တော်မူသည်။ ယင်းသည်နေ့ ရာဇဒ္ဓာတုကလျာဏီ ရှင်မိဖုရား သမီးတော် ရာဇဒ္ဓာတုကလျာဏီကို နားထွင်းတော် မူသည်။ ၎င်းကပြီးလျှင် မင်းညီ မင်းသား မင်းမိဖုရား မင်းကတော် မှူးတော် မတ်တော် အပေါင်း ခြံရံလျက် ရတနာအတိ ပြီးသော ဟသ်ာရုပ်ရွှေဘောင်တော်ကို လှော်ကားရဲလှေ ကတ္တူလွန်းကျင် အချပ်မျိုး ရွှေလှေ ရွှေဘောင်ဖြင့် ဆွဲ၍ မြစ်လုံးပြည့် ပွဲတင်ထပ်မျှ ရေကြောင်းဆံတော်ရှင်ဘုရားကို ကြွတော်မူသည်။ကြည်းကြောင်းမှာ လကျာ အထပ် ၂၀၀ လက်ဝဲ[17]အထပ် ၂၀၀ စီရင်၍ ချီရသည်။ရောက်လျှင် သဘင်ကြီးစွာ ခံတော်မူ၍ လပြည့်နေ့ ထီးတင်တော်မူသည်။ရွှေဆည်းလည်း မိုးကြိုးဆည်းလည်း ငွေဆည်းလည်း ဆွဲလှူတော်မူသည်။ မကိုဋ်တော်နှင့် တကွ ရွှေချိန် ၁၅ ကိုလည်း မျက်ပါးခတ်၍ ရောင်လျှံ[18]ထီး ချရားသီးကသည် မြေတိုင်အောင် ရွှေချတော်မူသည်။ ဆီမီးမြင့်မိုရ် ၂၀၀၀ လုပ်၍ ပူဇော်တော်မူသည်။ ဘုရားခြေရင်းတော်တွင် ငါးရက် နေ၍ ရေအား ကြည်းအားနှင့် ပြန်တော်မူလျက်[19]ရွှေနန်းတော်သို့ရောက်လျှင် ရွှေချပ်သု မိုးကြိုးရုပ်ထု ပဥ္စလောဟာရုပ်ထု[20]ပြတားရုပ်ထုတို့ကို အနေကဇာ တင်တော်မူသည်။

၎ှအခါ က[21]ပင့်သော သံဃာတော်ကား မြန်မာပြည် တလိုင်းပြည် ယွန်းပြည် ရှမ်းပြည် ကျောင်းနေပုဂ္ဂိုလ် မကြွင်း[22]သံဃာတော်[23]၃၅၅၅ ပါးနှင့်ဟံသာဝတီနေပြည်တော်တွင်ရှိသောကျောင်းနေပုဂ္ဂိုလ်သံဃာ (တော်) မကြွင်းရ။ မဏ္ဍပ်ကနားကြီး အဆောင်ဆောင် ဆောက်၍ ပရိက္ခရာချစ်ပါး ထည်ပေါင်းအုပ်ပေါင်း ဘုရားဆေး[24]လေးညှင်း ဇာဒိပ္ပိုလ်အစုံလှူတော်မူ၍ ရက်လည်အောင် သဘင်ကြီးစွာ ခံတော်မူသည်။ ဆေးကွမ်း ပရုတ်လည်း လှူတော်မူသည်။ ဟံသာဝတီ နေပြည်တော်တွင် ဆင်းရဲရှားပါး သူတို့ကိုလည်း ပုဆိုးအင်္ကျီ ထဘီ တဘက် ကြေးဥဆန်[25] ဒိ စီ မြို့တော်တွင်းသို့သွင်း၍ တံခါးအထွက် အမတ်ကြီးတို့[26]စောင့်၍လှူပေး[27]သည်။ပိဋကတ်ကျမ်းကြီး[28]များကို(လည်း)ပုဂ္ဂိုလ်သံဃာစေ့တကျမ်းစီအပ်တော်မူသည်၊ဗျတ္တိ သတ္တိနှင့် ပြည့်စုံသော(ပုဂ္ဂိုလ်)သာမဏေတို့ကိုလည်း ပဥ္စင်းခံတော်မူသည်။ သာသနာကို ထိန်း[29]နိုင်ရည်ရှိသော သူငယ်တို့ကိုလည်း သာမဏေပြုတော်မူသည်ကား ကလျာဏီသိမ်၌ ပဥ္စင်းသာမဏေ ခံတော်မူသည်။ အဆုံးမှ စားနပ်[30]ရိက္ခာ လုံလောက်ဥဿ[31]လှူတော်မူ၍ နေရင်း ရပ်ရွာသို့ ရောက်အောင်ခေါင်မပို့(သ)စေရသည်။

(ထို) နောင်[32]ဗျည္ဇား ဒလက ဆံတော်[33]ရှင် စေတီမှာ သဘင်ကြီးစွာ ခံ၍ ခေါင်းလောင်း လှူသည့်နောက်သက္ကရာဇ် ၉၀၀ ကျော် အဝ[34]မင်းလက်ထက် လျှင်မုန်တိုင်း ကြီးစွာလာ၍ဆံတော်ရှင်စေတီ ပြိုပျက်သည်ကို ပြင် (ဆင်) လုပ်(ကိုင်) ၍ ထီးတင်သည်။

---

၁၆။ မွမ်

၁၇။ ကြည်းကြောင်းမှာ အထပ် ၂၀၀ လက်ဝဲ လကျာ

၁၈။ ရောင်လျှံတော်

၁၉။ ၍

၂၀။ ပတ္တမြားရုပ်ထု—ဟု နောက်၌ထည့်။

၂၁။ ယင်းသောအခါ

၂၂။ ပင့်တော်မူသော—ဟု နောက်၌ထည့်။

၂၃။ သံဃာတော်ကား

၂၄။ အုပ်ဖုရဆေ

၂၅။ ဆန်စ

၂၆။ အထွက်က အမတ်ကြီးတို့ အထွက်ကို

၂၇။ ပေးရ

၂၈။ ကြီးစွာ

၂၉။ သာသနာတော်ကိုထမ်း

၃၀။ သနပ်

၃၁။ လောက်အောင်

၃၂။ နောက်

၃၃။ ဆံတော်ဘုရား

၃၄။ ဒသင်ဂ

(ထိုနောင်) သက္ကရာဇ် ၇၁၇ ခု (တွင်) သားတော် ဒါသရာဇာဘုရားကျန်းတောလက်ထက်မှ သပိတ်မှောက် ဘီလူးဆွဲဘောင်း ကြာပျံ့ ချယားသီးတိုင်ပြီး၍ ရွှေထီး နဝရတ်ချယ် ရွှေဆည်းလည်းငွေဆည်းလည်း ငွေကြိုး ရှစ်သွယ် ဆိုင်း၍ တင်သည်။ ရွှေပုဇွန်ခွံ ပွတ်[၅]သည်။ ရှေး (က) လှူရင်း (အ)တိုင်း လှူတော်မူသည်။ ဆီမီးထွန်း သင်ပုတ်ဝတ် တံမြက်သိမ်း အစောင့် အနေ လူ[၇]ဂ (ယောက်)လည်း လှူတော်မူသည်။ စေတီတော် မြေအပေါ်မြင့် ၂ဝ၁ံ ၁ံ ငုတ် ၄ံ[၆]။ ရွှေကရားနှင့် ရေစက်သွန်း လှူသည်ကာလ ရောင်ခြည်တော် ခြောက်သွယ်လွှတ်တော် မူသည်။

(ထိုနောင်) သက္ကရာဇ် ၇၇ဝ တွင် သီဟရာဇာမင်း မိဖုရား သုခဆာယာ မင်းသမီးတွင် သားဦး တယောက် မွေးမြင်လျှင် ထိုမင်းခန္ဓာကုန်လျက်[၉]ရင်းမိဖုရား ဗျည္ဇားစောအမည်ကို ခံ၍ ၇[၈]....မင်းပြုပြီးမှ သားတော်ကို မြို့နန်းမှနှင်း၍ ဆံတော်စေတီရှင် အနောက်တောင် (ထောင့်) တွင် (အ) သစ်မြို့နန်းတည်၍ ပစ္စယာမကို ၂ဂဂ်[၁၀]စတုရန်းလေးမျက်နှာ ဖွင့်လျက်[၁၁]တည်တော်မူသည်။ စေတီတော်ကို မြေက ရောင်လျှံ တော်တိုင် ရွှေပုဇွန်ခွံ မွမ်းမံ တော်မူသည်။ ခြေတော်ရင်း ပတ်လည် (ဥလည်း) ကျောက်ဖျာ ခင်းတော်မူသည်။ ကျောက်ဆီမီးတိုင် စိုက်သည်။ရွှေဥမင် ကျောင်းရံ ၂ဝ[၁၂]သံဃာတော်စုံ ပစ္စည်းလေးပါး ပြုစု၍ စေတီနှင့် ကျောင်းရံများကို အပြုအစု ဒကုံမြို့လုံး လူ ၅ဝဝ၆ဝ ခေါင်းလောင်းကြေးချိန် ၁၂ဝဝ ထီးကြီး လူ ဂ ယောက် ထမ်း ရွှေသပိတ် လေးလုံး ရွှေပန်းခိုံ ဂ ချပ် (ရွှေ) ထမ်းစင် ၄ သင်ပုဘ်တင် လူ ၄ (ဆီမီးသွန်းလူ ၄) တိုက်စောင့် (လူ) ၂ဝ သင်ပုတ်သိမ်း (လူ) ၂ဝ ကမ္ပည်းထိုး၍ လှူတော်မူသည်။ ရှေးလှူရင်းထက်တိုး၍ အခွန် ရွှေ ၇၅ ကို လှူတော်မူသည်။

(ထိုနောင်) သက္ကရာဇ် ဂ၁ဝ ပြည့်တွင် သား (တော်) ဓမ္မစေတီမင်း ကိုယ်လေး မိဖုရားနှစ်ပါး ကိုယ်လေး ရွှေချိန် ၉၅ ကို ရွှေပုဇွန်ခွံခတ်၍ ဆံတော်ရှင် စေတီကို ဘိနပ်တော်ကသည် ရောင်လျှံ တော်တိုင် မွမ်းမံတော်မူသည်။ခေါင်းလောင်းကြီး အဝ ဂံ အစောက် ကြေးကွင်းတိုင် ၁၃ံ ကြေးချိန် ၁ဂဝဝဝ ခေါင်းလောင်းငယ် ကြေးချိန် ၁ဂဝဝဝ ရွှေချိန် ၇၇၂ဝ အဘိုး၅ဝဝဝ အခွန်တော် (ကို) လည်း လှူတော် မူသည်။ထိုမင်း အသက်တော် ၄ဂ နှစ် စေတီ တော်ကြီးမှာ စေတီရံ ၄ဂဆူ ဘောင်(း) ကလပ်ခြေကို ၁၃ံ ၁ံ လေးမျက်နှာ ဖွင့်၍ လုပ်ပြီးလျှင် ရွှေထီးတွင် ရွှေဆည်းလည်း ၄ဂ ငွေဆည်းလည်း ၄ဂ ရောင်လျှံ (တော်) ဆပ်သွားဖူး (မှာ) ကျောက်မျိုး နဝရတ်ချယ် ရွှေဝေါတော်တွင် ရွှေသပိတ်ဖာင်၍ရွှေဝေါထမ်း ရွှေဝေါပါလူ ၆ဝ[၁၃]။သင်ပုတ်ချက်ရှာကို တောပုံ တွင်သည်။

(ထိုနောင်) သက္ကရာဇ် ဂဂ၅ ခုတွင် မုနိရာဇာ ဒါယကာ ရွတ်ဖိမင်းလက်ထက် ရွှေလုပ် ပတ္တမြားဗီ ဆင်ပေါက် နှစ်စီး ရွှေသပိတ် ၁ ကံကျွေးလူ ၂ဝ လှူတော် မူသည်။

(ထိုနောင်) သက္ကရာဇ် ၉၉၇ ခုနှစ်တွင် တလဗျည္ဇား လက်ထက် လေမုန်တိုင်း ကြီးစွာ လာ၍ သပိတ်မှောက်တိုင် ပြိုပျက်သည့် အရာများကို ထိုမင်း ဗျည္ဇားတေဇောအမည် ခံ၍ ပြင်လုပ်ပြီးလျှင် ထီးတင်တော်မူသည်။

(ထိုနောင်)အဝရွှေနန်း[၁၄]မင်းတရားကြီး သံလျှင်ကို အလိုတော် ပြည့်သည်နောက် ဆံတော်ရှင်ဘုရားကို အစောင့် အသိမ်း လူ ၄၅ အိမ်ထောင် လှူတော်မူသည်။

(ထိုနောင်) သမိန်ထောဇုတ်ကလိ လက်ထက် အထိ ပရိဘ်ချည်[၁၅]လှူတော် မူသည်။

(ထိုနောက်) ဟံသာဝတီ ဆင်ဖြူရှင် သက္ကရာဇ် ၉ဝ၁ ကျော်ဘွင် ယိုးဒယားကို သိမ်း၍ ရောက်သည်

---

၅။ မွံ ၆။ မြေပေါ်အပြင် ၂၁ံ ၁ံရဝ် ၇။ ၏ ဂ။ ၇ ရက် ၉။ ကို ၁ဝ။ ၂ဂ၇ံ
၁၁။ ၍ ၁၂။ ၁၂ဝ ၁၃။ ၆ဝ ၁၄။ အဝရွှေနန်းရှင်လက်ထက် ၁၅။ အစီပရိခြည်

ကာလ မြေကြီး လျှောင်လှုပ်ရာတွင် ဒဂုံဆံတော် မော်ဓောစေတီ မဟာစေတီ အ (ား) လုံးစုံ ပြိုပျက်သည်ကို ပြင်လုပ်တော်မူ၍ တပို့တွဲလ ထီးတင်တော်မူသည်။မကိုဋ် တော်ကိုလည်း လှူတော်မူသည်။သီတင်းကျွတ်လ ဒဂုံဆံတော်မှာ ထီးတင် သဘင် ကြီးစွာခံတော်မူ၍ ရက်လည်အောင် ဆွမ်းကျွေးတော် မူသည်။ ပရိက္ခရာ ၈ ပါးအစုံ ၇၀၁၀ လှူတော်မူသည်။ အမတ်ဗျည္ဗားဒလက စေတီတော် သပိတ်မှောက်အောက် ပစ္စယာကို ရွှေပဒ္ဓန်ခွံ ပွတ်[၁၆]၍ လှူတော်မူသည်။

(ထိုနောင်)၎င်းသက္ကရာဇ်တွင် မိဖုရားကြီးသားတော်ကို (ညီတော်ကို)ညီတော်ပြည် ဘုရင်သမီး (ပြည်)ဆင်ဖြူရှင်မြေးတော်နှင့် စုံဘက်တော်မူသည်။ ယင်းသည်နေ့ ရာဇဌာတုကလျာဏီ ရှင်မိဖုရား သမီးတော်ရာဇဌာတုကလျာဏီကို နားထွင်းတော် မူသည်။ ၎င်းကပြီးလျှင် မင်းညီ မင်းသား မင်းမိဖုရား မင်းကတော်မှူးတော် မတ်တော် အပေါင်း ခြံရံလျက် ရတနာအတိ ပြီးသော ဟင်္သာရုပ်ရွှေဘောင်တော်ကို လှော်ကားရဲလှေ့ ကတ္တူလှန်းကျင် အရုပ်မျိုး ရွှေလှေ့ ရွှေဘောင်ဖြင့် ဆွဲ၍ မြစ်လုံးပြည့် ပွဲတင်ထပ်မျှ ရေကြောင်းဆံတော်ရှင်ဘုရားကို ကြွတော်မူသည်။ကြည်းကြောင်းမှာ လကျာ အထပ် ၂၀၀ လက်ဝဲ[၁၇]အထပ် ၂၀၀ စီရင်၍ ချီရသည်။ရောက်လျှင် သဘင်ကြီးစွာ ခံတော်မူ၍ လပြည့်နေ့ ထီးတင်တော်မူသည်။ရွှေဆည်းလည်း မိုးကြိုးဆည်းလည်း ငွေဆည်းလည်း ဆွဲလှူတော်မူသည်။ မကိုဋ်တော်နှင့် တကွ ရွှေချိန် ၁၅ ကိုလည်း မျက်ပါးခတ်၍ ရောင်လျှံ[၁၈]ထီး ချရားသီးကသည် မြေတိုင်အောင် ရွှေချတော်မူသည်။ ဆီမီးမြင့်မိုရ် ၂၀၀၀ လုပ်၍ ပူဇော်တော်မူသည်။ ဘုရားခြေရင်းတော်တွင် ငါးရက် နေ၍ ရေအား ကြည်းအားနှင့် ပြန်တော်မူလျက်[၁၉]ရွှေနန်းတော်သို့ရောက်လျှင် ရွှေရုပ်ဆု မိုးကြိုးရုပ်ထု ပဥ္စလောဟာရုပ်ထု[၂၀]ပြတားရုပ်ထုတို့ကို အနေကဇာ တင်တော်မူသည်။

ဤအခါ က[၂၁]ပင့်သော သံဃာတော်ကား မြန်မာပြည် တလိုင်းပြည် ယွန်းပြည် ရှမ်းပြည် ကျောင်းနေပုဂ္ဂိုလ် မကြွင်း[၂၂]သံဃာတော်[၂၃]၃၅၅၅ ပါးနှင့်ဟံသာဝတီနေပြည်တော်တွင်ရှိသောကျောင်းနေပုဂ္ဂိုလ်သံဃာ(တော်) မကြွင်းရ။ မဏ္ဍပ်ကနားကြီး အဆောင်ဆောင် ဆောက်၍ ပရိက္ခရာရှစ်ပါး ထည်ပေါင်းအုပ်ပေါင်း ဘုရားဆေး[၂၄]လေးညှင်း ဇာဒိပ္ဖိုလ်အစုံလှူဘော်မူ၍ ရက်လည်အောင် သဘင်ကြီးစွာ ခံတော်မူသည်။ ဆေးကွမ်း ပရုတ်လည်း လှူတော်မူသည်။ ဟံသာဝတီ နေပြည်တော်တွင် ဆင်းရဲရှားပါး သူတို့ကိုလည်း ပုဆိုးအင်္ကျီ ထဘီ တဘက် ကြေးဥဆန်[၂၅]ဒိ စီ မြို့တော်တွင်းသို့သွင်း၍ တံခါးအထွက် အမတ်ကြီးတို့[၂၆]စောင့်၍လှူပေး[၂၇]သည်။ပိဋကတ်ကျမ်းကြီး[၂၈]များကို(လည်း)ပုဂ္ဂိုလ်သံဃာစေ့တကျမ်းစီအပ်တော်မူသည်၊ဗျတ္တိ သတ္တိနှင့် ပြည့်စုံသော(ပုဂ္ဂိုလ်)သာမဏေတို့ကိုလည်း ပဥ္စင်းခံတော်မူသည်။ သာသနာကို ထိန်း[၂၉]နိုင်ရည်ရှိသောသူငယ်တို့ကိုလည်း သာမဏေပြုတော်မူသည်ကား ကလျာဏီသိမ်၌ ပဥ္စင်းသာမဏေ ခံတော်မူသည်။ အဆုံးမှ စားနပ်[၃၀]ရိက္ခာ လုံလောက်စွာ[၃၁]လှူတော်မူ၍ နေရင်း ရပ်ရွာသို့ ရောက်အောင်စောင်မပို့(သ)စေရသည်။

(ထို) နောင်[၃၂]ဗျည္ဗား ဒလက ဆံတော်[၃၃]ရှင် စေတီမှာ သဘင်ကြီးစွာ ခံ၍ ခေါင်းလောင်း လှူသည့်နောက်သက္ကရာဇ် ၉၀၀ ကျော် အ၀[၃၄]မင်းလက်ထက် လျှောင်မှုန်တိုင်း ကြီးစွာလာ၍ဆံတော်ရှင်စေတီ ပြိုပျက်သည်ကို ပြင် (ဆင်) လုပ်(ကိုင်) ၍ ထီးတင်သည်။

---

၁၆။ မွမ်

၁၇။ ကြည်းကြောင်းမှာ အထပ် ၂၀၀ လက်ဝဲ လကျာ

၁၈။ ရောင်လျှံတော်

၁၉။ ၍

၂၀။ ပတ္တမြားရုပ်ထု—ဟု နောက်၌ထည့်။

၂၁။ ယင်းသောအခါ

၂၂။ ပင့်တော်မူသော— ဟု နောက်၌ထည့်။

၂၃။ သံဃာတော်ကား

၂၄။ အုပ်ဖုရှဆေ

၂၅။ ဆန်စ

၂၆။ အထွက်က အမတ်ကြီးတို့ အထွက်ကို

၂၇။ ပေးရ

၂၈။ ကြီးစွာ

၂၉။ သာသနာတော်ကိုထမ်း

၃၀။ သနပ်

၃၁။ လောက်အောင်

၃၂။ နောက်

၃၃။ ဆံတော်ဘုရား

၃၄။ ဒဂုံဝ

## ပုဒ်မ ၂-နိုင်ငံရေး ပထဝီဝင်

အစိန္တေယျ အပ္ပမေယျ ဒသဗလ နဝဂုဏ်တော်အံ့သော်[၁]မဆုံး ဘုန်းတော် ခြောက်ပါးနှင့် ပြည့်စုံတော်မူသော ဘုရားရှင် သာသနာတော် ၅၀၀၀ တည်ရာ ဌာန နဂရ ဂါမ် ဒေသများကို ခြားနားသိသာအောင် ဗုဒ္ဓဝင်ကျမ်းကို အရှင်သာရိပုတ္တရာ နိဂြောဓာရုံကျောင်းမှာ တောင်းပန်တော်မူသော အခါ ဟောတော်မူသော အရနှင့် စမ္ဗုဒ္ဒီပဥဆောင်းကို[၂]ကုသလ ကုမာရ မင်းသားနှစ်ပါး တရာသောမင်းတို့နှင့် တိုင်ပင်(၍) ဖွဲ့ဘက်ပြဋ္ဌာန်း ကြသော အရာကား ဤသို့တည်း။

ဇမ္ဗူဒီပါကျွန်း အလယ်ချက်မ မဏ္ဍလရောက်ရာ မဟာဗောဓိ ဝန်းကျင် သောဠသတိုင်းကြီး တဆယ်ခြောက်တိုင်း တိုင်းတဆယ်ကိုးတိုင်း တိုင်းကြီး ရှစ်တိုင်း ကျိုင်းကိုးကျိုင်း မိုင်းကိုးမိုင်း ထားကိုးထား အလံဦးကင်းဖျား အစောင့်အနေ ဒေသ နဂရ ဂါမများကို ခန့်ထား ဖွဲ့ဘက်သည့် တိုင်းကြီး ရှစ်တိုင်းကား ဤသို့တည်း။

ရောဝတီမြစ် အနောက်ဘက် မြောက်ဘက်သည်။ သုနာပရန္တတိုင်း ဧရာဝတီမြစ် အရှေ့ဘက်တောင်ဘက်သည် တမ္ဗဒီပတိုင်း။ သရေခေတ္တရာသည် သီရိခေတ္တရာမတိုင်း။ ကေတုမဒီ[၃]တောင်ငူသည် ဇေယျဝဍ္ဍနတိုင်း။ပုသိန်[၄]ဥပါယ်ခို မုတ္တမသည် ရာမညတိုင်း။ သုဝဏ္ဏဘုမ္မိ ရွှေမြေရှိရာ အရပ် ရှမ်း ၅၇ မြို့သည် သုဝဏ္ဏဘုမ္မိတိုင်း။မိုးနဲ ညောင်ရွှေသည်[၅]ကမ္ဗောဇတိုင်း။ မိုးမိတ် ဘန်းမော်သည် စိမ့်[၆]တိုင်း။ ဤသို့[၇]လျှင် တိုင်းကြီး ရှစ်တိုင်းတည်း

၎င်းအတွင်း ကျိုင်းကိုးကျိုင်း မိုင်းကိုးမိုင်း ထားကိုးထား ပတ္တမြား ကျောက်စိမ်း မြ ရတနာကိုးပါး။ ရွှေခွန် ငွေခွန် ပုလဲ သန္တာတို့ ပေါများရာ (သာ) သာသနာတော် ၅၀၀၀ တည်ရာ နယ်ကား ဤသို့တည်း။

သာသနာတော် တည်ရာကား အရှေ့သို့[၈]လားသော် နားတဘက်ဖောက် ခါးတဖက်တို့ မျှည့်[၉]တလုံး မျက်နှာနဖူးမည်းကျော်ကသည်းပြည် [၁၀]အစပ်။ အရှေ့တောင်သို့ လားသော် ဂျွမ်းပြည်အကုန်(ဒ)ဂုံပြည်မြေ(အ)ဆုံး သမုဒ္ဒရာထိ[၁၁]။တောင်သို့လားသော် သမုဒ္ဒရာ အနား[၁၂]နှိုက်ရှိသော ပိဿုပြည်။ အနောက်တောင်သို့လားသော် သမုဒ္ဒရာ အလယ်နှိုက် တည်သော နဝိပဟိလာကျွန်း။ အနောက်သို့လားသော် သရနဂေါင် [၁၃] စိတ္တရဂေါင်[၁၃]ပထွာအပြား ပဋိက္ကရာ ကုလားမြေစပ်။အနောက်မြောက်သို့လားသော် ခန္တု နောကြီး ရေပေါ်မီးထက်[၁၄]စိမ့်[၁၅]ထက်[၁၄]ခေါင် အက္ကပတ် ကုလားမြေစပ်။မြောက်သို့လားသော် က[၁၆]မွေ့ာစသင်းတွဲ မြေစပ်။ အရှေ့မြောက်သို့လားသော် သံတောင် သံတင်သံတံခါး[၁၇]သံဘုရား ငါ့တိ ငါ့ယည်ငှက်ညီနောင် နေသော အင်းပြင်[၁၈]အကြား။ ၎င်း[၁၉]နယ် ရှစ်ပါးချစ်ရပ် သတ်မှတ်သည်အတွင်း သာသနာ ပွင့်လင်းစွာ တည်လိမ့်မည်။ ဤ[၂၀]နယ်ရှစ်ရပ်ကို ပိုင်းခြားသော မင်းသာ သာသနာ့ ဒါယကာတွင် မည်။

သာသနာတော် တည်ရာ အစောင့် အနေ ကင်းဦးအလံဖျား ခန့်ထားသည်ကား နားတဘက်ဖောက် ခါးတဖက်တို့[၂၁]မျက်နှာ နဖူးမည်းကျော် ကသည်း(ဒ)ဂုံလင်းစင် တနသ်ာရီ ထားဝယ် ထားရာ[၂၂]မုတ္တမ သံလျှင် တလ မြောင်းမြ ပုသိန် သံတွဲ ရက္ခိုက် ရက်ဘာ[၂၃]အက္ကပတ် တက်စိန် တက်ခေါင် ရှမ်းရွာ မိုင်းဝေ မြေတူး မိုး

---

၁။ အံ့ထော်
၂။ အရာနှင့် ဇမ္ဗူဒီပါအုပ်ဆောင်းနှင့်
၃။ ကေတုမတီ
၄။ ပုခန်ပုသိမ်
၅။ ညောင်ရွှေက
၆။ ဘန်းမော်စဝန်
၇။ ဤသည်
၈။ ကို
၉။ မှည့်
၁၀။ ကျော်ကသည်းမြေ
၁၁။ တည်
၁၂။ အရှေ့နား
၁၃။ ဒါန်
၁၄။ တက်
၁၅။ စိန်
၁၆။ စ
၁၇။ သံတထား
၁၈။ အင်းပြည်
၁၉။ သည်
၂၀။ ဤသို့
၂၁။ ထိုး
၂၂။ ထားဝယ်တရ
၂၃။ ရက်သာ

ကောင်း မိုးညှင်း ပယင်းတွန် ပွန်ကင်[၂၄]ဆင်ပို မိုးဝန်း၊ မိုးထား[၂၅]စန္တား ဟို(သာ) လာဟိုသာ(စ)သည်များကို အာလံဦးကင်းဖျား အစောင့် ထားသည်။

သည်အတွင်း ရာမညအဝင် မုတ္တမနယ်ကား[၂၆] အရှေ့ကို လားသော် ရိုးမတပေါက်ကလိုပိတ်တောင်ဥမင်၂၀။ တောင်ကိုလားသော် ပင်လယ်ရှင်ဥပဂုတ်ကျွန်း။ အနောက်ကိုလားသော် ဓရယ်မြို့ကင်(း) အဝပင်လယ်။မြောက်ကိုလားသော် ကုဿိန္နာရုံ။ သည်အတွင်း ၃၂ မြို့ ၁၂ စား (မင်း) ဗျညားတော တည်သည်။

ဥပါယ်ခိုနယ်ကား အရှေ့ကိုလားသော် စစ်တောင်းရွာ တောင်ကြီးရိုးမထိ။ တောင်ကိုလားသော် ပင်လယ်ဝ ပေ[၂၇]ကြီးရွာ။ အနောက်ကိုလားသော် သံလျက်ဦး သိကုံတ္တရကုန်းပါ။ မြောက်ကိုလားသော် တောင်စကြီး။ သည်အတွင်း ၃၂ မြို့ ဗျညားဓမ္မ တည် (သည်။)

တလမြို့ အပိုင်း အခြားကား အရှေ့ကိုလားသော် သိကုံတ္တရကုန်း အနောက် မြစ်မခနှင့် ကျောခိုင်း[၂၈]။ တောင်ကို လားသော် ပင်လယ်ဝ။ အနောက်ကိုလားသော် ရောဝတီ။ မြောက်ကိုလားသော် နတ်ထိပ်ကျွန်းဦး။

သမြင်တုံနယ်ကား အရှေ့ကို လားသော် ရောဝတီ။ တောင်ကိုလားသော် ပင်လယ်သို့ဓဇာ။ အနောက်ကိုလားသော် ဇလဲတော်[၂၉]ချောင်း။ မြောက်ကို လားသော် ခဲ့ဘောင်တောင် ချောင်းမ။

မြောင်းမြမြို့နယ်ကား အရှေ့ကိုသားသော် ဇလဲတော်ချောင်း။ တောင်ကိုလားသော် ရွှေမောင်း ပ[၃၀]လင်လယ်။ အနောက်ကို လားသော် ပန်းမမဒီ။ မြောက်ကို လားသော် ထန်းတပင်ချောင်း။

ကူခန်ပုသိန်[၃၁]နယ်ကား အရှေ့ကို လားသော် ကြုံစိန်က ပန်းမမဒီ။ တောင်ကို လားသော် ပင်လယ်အုန်းကျွန်း ပသျှူးရွာ။ အနောက်ကို လားသော် အနောက်ပင်လယ်။ မြောက်ကို လားသော် ခဲ့ဘောင်တောင်ချောင်း (မ)။

ပန်းတောင်း[၃၂]နယ်ကား အရှေ့ကို လားသော် ရောဝတီ။ တောင်ကို လားသော် ကညင်ချောင်း။ အနောက်ကို လားသော် နဂါးရစ်ရိုးမ။ မြောက်ကို လားသော် ဘုရားကိုင်းလိုင် ရွှေလင်းပင် ကညင်[၃၃]ချောင်း။

ကူထွတ်နယ်ကား အရှေ့ကို လားသော် ရောဝတီ။ တောင်ကို လားသော် ကညင်[၃၄]ချောင်း။ အနောက်ကို လားသော် နဂါးရစ် ရိုးမ။ မြောက်ကို လားသော် ဘာတ[၃၅]ရှည်ချောင်း။

ပုသိမ်မင်း လက်ထက် ပုသိမ်နယ်ကား အရှေ့ကို လားသော် နတ်ထိပ်ကျွန်းဦးထိ မလက်တိုကြီးနှင့် ကျောခိုင်း။ တောင်ကို လားသော် အုန်းကျွန်း ပသျှူးရွာ။ အနောက်ကို (လားသော်) ပင်လယ်။ မြောက်ကို (လားသော်) ဘားတရှည်ကျ စီရင်ဘူးသည်။

၎င်းအတွင်း ခဲဘောင်နယ်ကား အရှေ့ကို လားသော် ရောဝတီ။ တောင်ကိုလားသော် ချောင်းမကြီး။ အနောက်ကို လားသော် ကြုံစိန် ကဘက်သည့် ထားကချောင်း။ မြောက်ကို လားသော် ကန်ပိုင်ကန်မ။

၎င်းအတွင်း လောင်သာ နယ်ကား အရှေ့ကိုလားသော် ရောဝတီ။ တောင်ကို လားသော် ရောဝတီ လက်တက် မြောက်ဘက်။ အနောက်ကို လားသော် မင်းတစုချောင်းပါ[၃၆]။ မြောက်ကို လားသော် ချောင်းမ လက်တက်။

---

၂၄။ ပရင်တွင်းမှန်ကင်

၂၅။ မိုးဝန်မိုလား

၂၆။ ဤသို့တည်း မုတ္တမ နယ်ကား—ဟု နောက်၌ထည့်။

၂၇။ ဝဝေး

၂၈။ ကျောကိုင်

၂၉။ ဇလဲတော

၃၀။ ရွှေမောင်းမ

၃၁။ ပုခန်ပသိန်

၃၂။ ပန်တော်

၃၃။ ရွှေလင်ပန်ကင်ညင်

၃၄။ ကင်ညင်

၃၅။ ဘာတု

၃၆။ မင်းတရချောင်ပါး

ကြံခင်း မြို့နယ် အပိုင်းအခြားကား အရှေ့ကို လားသော် ရောဝတီ။ တောင်ကို လားသော် ဘာတရှည်[၃၇]ချောင်း။ အနောက်ကို လားသော် ရိုးမ။ မြောက်ကို (လားသော်) ဥယျာန်သေ တောင်ကျောက်ငနွား[၃၈]။

ဥယျည်ပုနယ်ကား အရှေ့ကို လားသော် ရောဝတီ။ တောင်ကို လားသော် (တောင်) ကျောက်ငနွား။ အနောက်ကို လားသော် ရိုးမတောင်။ မြောက်ကို လားသော် (ဘုရား) ရွှေတန်ဆာ။

ချောင်းပြင်ကြီး[၃၉]နယ်ကား အရှေ့ကို လားသော် ရောဝတီ ညောင်စရည်းမြေနှင့်ကျောခိုင်း၂၈။တောင်ကိုလားသော် တောင်ဦး တောင်ကျောက်ငနွား။ အနောက်ကို လားသော် ရိုးမ။ မြောက်ကိုလားသော် ရွှေတန်ဆာချောင်း။

သူရဲဆီနယ်ကား အရှေ့ကို လားသော် ဧရာဝတီ ရွှေတောင် ကျောက်မော်နှင့် ကျောခိုင်း၂၈။ တောင်ကိုလားသော် ဘုရားရွှေတန်ဆာချောင်း။ အနောက်ကို လားသော် ရိုးမထိ။ မြောက်ကို လားသော် ဘိုးဦးတောင် ဆီအိုင်မြေနှင့် အစပ်။

အနောက်ဘက် မြဝတီ[၄၀]နယ်ကား အရှေ့ကိုလားသော် ရောဝတီ။ တောင်ကို လားသော် ရောဝတီလက်တက် ဘိုးဦးတောင်အထက် ဆီအိုင်ရွာပါ။ အနောက်ကို လားသော် ရိုးမအရှေ့ တောင်မြောက်စီးသည်ချောင်း။ မြောက်ကို လားသော် ကျောက်လိပ် ကျောက်ဘား။

ဂျွန်းတောင်နယ်ကား အရှေ့ကို လားသော် ရောဝတီ။ တောင်ကိုလားသော် ကျောက်ဘား မြ(ရာ)ဝဘီပါ။ အနောက်[၄၁]ရိုးမ မျောက်မသေချောင်း။

ကာမနယ်ကား အရှေ့ကို လားသော် ရောဝတီ တောင်သူဌေးချောင်း။ အနောက်တောင် ၃ ထပ်မျောက်မတုန်[၄၂]ချောင်း နတ်မီးက စီရင်ဘူးသည်။

ရွှေတောင်ကြီးနယ် အပိုင်းအခြားကား အရှေ့ကို လားသော် ဧရာဝတီ။ တောင်ကိုလားသော် ဘားတရှည်ချောင်း။ အနောက်ကိုလားသော် ရိုးမ။ မြောက်ကို လားသော် အဇာတသတ္တုနယ် ဥမင် ၂၀။ မလ္လာဂီရိ အနောက် ရက္ခိုင်သို့ သွားသည် ဘုရားလက်ညှိုးညွှန် သဘော်ကျောက်ရတိုင် ၎င်းအတွင်း ၇၇ မြို့။

ရတနာ သိဿနယ်ကား အရှေ့ကို လားသော် စည်လှူအင်ပင်မြစ်ညာ။ တောင်ကို လားသော် မလ္လာဂီရိ။ အနောက်ကို လားသော် ဇေတဝန်ကျောင်းကြီး။ မြောက်ကို လားသော် အဂ္ဂပတ်ဌာနေ။

ကေတုမဒီ [၄၃]တောင်ငူနယ်ကား အရှေ့ကို လားသော် ပေါင်းလောင်အရှေ့ မိုးပြဲ မြေစပ်။ တောင်ကိုလားသော် ဘိ ၃ လုံ (း) မြို့။အနောက်ကို လားသော် ကုန်းခေါင်ရိုးမ။ မြောက်ကို လားသော် တောင်တွင်း ယမည်းသင်းမြေနှင့် ကျောခိုင်း၂၈။

တမ္ဗဒီပနယ်ကား အရှေ့ကို လားသော် မြို့သစ်။ တောင်ကို လားသော် ပန်းယ။ရမ္မသီရိတိုင်းထိ စီရင်ဘူးသည်။ အနောက်ကို လားသော် တောင်ရစ်။ မြောက်ကို လားသော် ဧရာဝတီ မြစ်ကြော ထက်ဝက်စီရင်[၄၄]သည်။

ရွှေတောင်ကြီး အတွင်း ပင်ပြို[၄၅]မြို့နယ်ကား အရှေ့ကို လားသော် သရက်မြေ[၄၆]နှင့် အစပ်။ တောင်ကိုလားသော် ရွှေတောင်ကြီး ကျောက်မျှာထိ။ အနောက်ကို လားသော် ရေဝေ[၄၇]ဖျား ၄ပင်။ မြောက်ကို

၃၇။ ဘာဝရရှည် ၃၈။ ငကျောက်ငနွား ၃၉။ ရွှေတန်ဆာချောင်းမြင်ကြီး ၄၀။ အမြဝတီ
၄၁။ အနောက်ကိုလားသော် ၄၂။ မြောက်မထိုး ၄၃။ ကေတုမတီ ၄၄။ စီရင်ဘူး
၄၅။ မင်ပြို ၄၆။ သရက်ကာမနယ် ၄၇။ လားသော် ရခိုင်မြေရေဝေ

လားသော် တံခါးမြို့မြေနှင့် ကျောခိုင်း[၂၈]။ ထိုနယ် အ(ပေါင်း) တွင် ရွာပေါင်း ၆၀[၄၈] ဘုရားပေါင်း ၁၀၀ ချောင်းကြီး ၂ ချောင်း ရှိသည်။

တံခါးမြို့နယ်ကား အရှေ့ကို လားသော် မလွန် သရက် မင်းတပ် မြစ်ကိုင်း[၄၉] မြေနှင့် အစပ်။ တောင်ကို လားသော် ပင်ပြုံမြေနှင့် အစပ်။ အနောက်ကို လားသော် ရခိုင် ရေဝေရိုးမ။ မြောက်ကို လားသော် ကတူးရွာ မြေနှင့် အစပ်။

ကတူးနယ်ကား အရှေ့ကို လားသော် ပဋ္ဌနဂိုရ်စွန်ကိုင်းငယ်ပါ[၅၀] (မလွန်မြေနှင့်အစပ်) ။တောင်ကိုလားသော် တံခါး မြို့မြေနှင့် အစပ်[၅၁]။ အနောက်ကို လားသော် မြင်က (တေ) တောင်ကြီး အနောက်(ကို) ရိုးမ။ မြောက်ကို လားသော် ပန်းခုံကြော မြို့သစ်မြေနှင့် ကျောခိုင်း[၂၈]။

မြို့သစ်မြေကား အရှေ့ကို လားသော် မလွန်မြေနှင့် အစပ်။ တောင်ကို လားသော် ပန်းခုံကြော ကတူး မြေနှင့် အစပ်။ မြောက်ကို လားသော် (ပ) တိန်မြို့မြေနှင့် ကျောခိုင်း တားသည် နယ်အတွင်း ရွာပေါင်း ၆၀ သူကြီးပေါင်း ၄၀ တောင်ကြီး ဆင်တောင် ပါ ၅ ဘုရားပေါင်း ၂၀ ချောင်းကြီး ၁ ချောင်း ရှိသည်။

ပ(န်း) တိန်မြို့နယ်ကား အရှေ့ကို လားသော် မလွန်မြေ[၅၂]နှင့် ကျောခိုင်း။ တောင်ကိုလားသော် မြစ် ဘုရား ရှောက်တောင်ပါ မြို့သစ်မြေနှင့် ကျောခိုင်း။ အနောက်ကို လားသော် ရခိုင်မင်း သင်္ချိုင်းတော်[၅၃] မြောက်ကို လားသော် ငဖဲမြေနှင့် ကျောခိုင်း။ ထိုနယ် အတွင်း ဘုရား ၂ ဆူ[၅၄] ရွာပေါင်း ၅၅ ရွာ(။) သူကြီးပေါင်း ၄၀ ချင်း[၅၅] ခြောက်ရွာပါ။

ငဖဲမြို့နယ်ကား အရှေ့ကို လားသော် ဘုရားရွှေစက်တော် အဝင် လေးတင် (စ) တောင်။ တောင်ကို လားသော် ပန်တိန်မြေ (နှင့်) ကျောခိုင်း။ အနောက်ကိုလားသော် ရခိုင်းကင်း။ စေတုတ္တရာသို့သည့်[၅၆] လမ်းအနောက် ရေဝေရိုးမ။ မြောက်ကိုလားသော် ရှောင်ရင်တောင်[၅၇] ကျောက်ဖြူ ကန့်ကူ တောင်ဖျား။ ၎င်းနယ်အတွင်း ရွာပေါင်း ၆၀ အနက်[၅၈] ချင်းရွာ ၂၀ ချောင်းကြီး ၁ ဘုရား ခြေတော်ရာ ပါ ၃ ဆူ ရှိသည်။

စေတုတ္တရာ မြို့နယ်ကား အရှေ့ကို လားသော် ရောဝတီ။ တောင်ကို လားသော် မုန်းချောင်း။ အနောက်ကို လားသော် ရှမ်းရွာကြီး။ ရခိုင် မြေနှင့် ကျောခိုင်း။ မြောက်ကို လားသော် နတ်ရေကန်။ ၎င်းနယ် ( အ) တွင် (း) ၆၇ ရွာ မြန်မာ ၂၄[၅၉] သူကြီးပေါင်း ၈၀ ချောင်းကြီး ၂ ချောင်းရှိသည်။

နရပတိစည်သူ[၆၀] လက်ထက် စလင်း[၆၁]မြို့ သမုတ်ရာတွင် သတ်သည့် နယ်ကား အရှေ့ကို လားသော် ရောဝတီ။ တောင်ကို လားသော် မုန်းချောင်း ရခိုင် မြေစပ်။ မြောက်ကို လားသော် ကျပင်း အနောက် နတ်ရေကန်။ ၎င်းအတွင်း ချင်း (ရွာ) ၆၀ မြန်မာ ၆၀ မြို့ရံ ၃ မြို့ သူကြီး[၆၂] ပြည်စိုး ပိုင်စား ဝင်မနား ၃[၆၃] ရှိသည်။

၎င်းမြို့ နယ်အတွင်း ဘောင်လင်း မြို့နယ်ကား အရှေ့ကို လားသော် ရောဝတီ။ တောင်ကို လားသော် ခလောက်အင်း[၆၄]။ အနောက်ကို လားသော် မြေနဲကြော။ မြောက်ကို လားသော် အင်းဖျား။ ကျေး လက်ရွာမရှိ။

လယ်ကိုင်းမြို့ နယ်ကား အရှေ့ကို လားသော် ရောဝတီ။ တောင်ကို လားသော် ယုန်စည်တောရွာ။ အနောက်ကိုလားသော် သနတောင် အလွန် တောင် ၃ ဆင့်။ မြောက်ကိုလားသော် မုန်းချောင်း ဘုရား

---

၄၈။ သူကြီးပေါင်း ခြောက်ဆယ်—ဟု နောက်၌ထည့်။
၄၉။ မင်တတ်မြစ်စ်ကိုင်
၅၀။ စွန်ကိုင်ငယ်အပါး
၅၁။ တံခါးမြို့နှင့် နယ်စပ်
၅၂။ မလွန်နယ်
၅၃။ ဘောင်
၅၄။ ၁၂ ဆူ
၅၅။ ခြင်
၅၆။ သို့သွားသည့်
၅၇။ ,တော်
၅၈။ ၃၀ အနက်
၅၉။ ၂၄ ရွာ
၆၀။ သူ
၆၁။ ဇလင်
၆၂။ မြို့သူကြီး
၆၃။ ၃ စီ
၆၄။ လားသော်ထောက်အင်း

သခင် တန့်[၆၅] စက္ကူ(း) ကျောင်းတော်ရာပါ။ ၎င်းအတွင်း ရွှာပေါင်း ၂၀[၆၆] ဘုရား ၂ ဆူ ကန်ကြီး ၁ ကန် ရှိသည်။

စကုမ္မိုနယ်ကား အရှေ့ကို လားသော် ရောဝတီ။ တောင်ကို လားသော် မလွန်မြေနှင့် ကျောခိုင်း ရေပြင်[၆၇] ချောင်း။ အနောက်ကိုလားသော် ရွှေစက်တော်ရာ အဝင့် လှေတင်တောင်။ မြောက်ကို လားသော် ယုန်စည် (း) ရွှာ။ ၎င်းအတွင်း ရွှာပေါင်း ၄၀ ဂူပေါင်း ၂၄ ဂူ[၆၈] ချောင်းကြီး ၁ ချောင်း ရှိသည်။

မလွန် မြို့နယ်ကား အရှေ့ကို လားသော် ဧရာဝတီ။ တောင်ကို လားသော် ဇောင်ချမ်းတောင်။ အနောက်ကို လားသော် တောင်ဦး။ မြောက်ကို လားသော် စကုမြေနှင့် ကျောခိုင်း။

မြေတဲမြို့နယ်ကား အရှေ့ကို လားသော် ကုန်းခေါင် ရိုးမ။ တောင်ကို လားသော် ဘင်တုတ်[၆၉] ကုန်းကြီး။ အနောက်ကို လားသော် ရောဝတီ။ မြောက်ကို လားသော် (လားသော်) မြေတဲမြေနှင့် ကျောခိုင်း။

ညောင် (ပင်) ဆိပ်နယ်ကား အရှေ့ကို လားသော် ပြကြီး အကုန်။ တောင်ကိုလားသော် ရွှေကျောင်း ထိ။ အနောက် လားသော် ရွှေတောင်ဦး ကျောက်ဖျား[၇၀]။ မြောက်ကို လားသော် ပန်ခုန် ကြောကြီး မျှော်[၇၁] ချောင်းထိ။

သရက်မြို့နယ်ကား အရှေ့ကို လားသော် ရောဝတီ။ တောင်ကို လားသော် မြို့[၇၂] မြေနှင့် ကျောခိုင်း။ အနောက်ကို လားသော် မင်းတပ်မြို့ (သစ်) မြေနှင့် ကျောခိုင်း။ မြောက်ကို လားသော် ဇောင်းချမ်း တောင် မလွန်မြေနှင့် ကျောခိုင်း။

ကာမနယ်ကား အရှေ့ကို လားသော် ရောဝတီ။ တောင်ကို လားသော် သူဌေးချောင်း။ အနောက် ကို လားသော် ခုန်ရွှာမင်းပြုံး[၇၃] မြေနှင့် ကျောခိုင်း။ မြောက်ကို လားသော် မင်းပြုံးချောင်း တောင်ဘက်။

ဂျွန်း တောင်နယ်ကား အရှေ့ကို လားသော် ရောဝတီ။ တောင်ကို လားသော် ဘိုးဦးတောင်။ အနောက်ကို လားသော် တောင် ကြားချောင်း ကန့်လန့် မခတ[၇၄] ကို ပေါက်သည့်ချောင်း။

သရေခေတ္တရာ နယ်ကား အရှေ့ကို လားသော် ကုန်းခေါင်အုတ် ရှစ်တောင် ဆင်ပုထိုးအိုင်။ တောင်ကို လားသော် တုးမြောင်း (အနောက်)။ အနောက်ကို လားသော် ရောဝတီ။ မြောက်ကို လားသော် ပန်း ခုန် (ရပ်) နတ်တောင်။ အရှေ့မြောက် မြဝတီ မြေနှင့် ကျောခိုင်း။

ညောင်ပင်ဆိပ် အဝင် မြဝတီ နယ်ကား အရှေ့ကို လားသော် ဆင်တုတ်(ပ်) မြေနှင့် ကျောခိုင်း။ တောင်ကို လားသော် ကုန်းရွှာလင်ထိလည် (း) စီရင်သည့် ရွှေကျောင်းထိ။ အနောက်ကို လားသော် ရောဝဘီ ရွှေ (တောင်) ကျောက်ဖျာ (း)။ မြောက်ကို လားသော် ပန်းတန်ကျော[၇၅]။

ရွှေတောင် မြို့နယ်ကား အရှေ့ကို လားသော် အင်း (မ) ကြီးချောင်း။ တောင်ကို လားသော် ကပျင် ပင် တေမိမိဖုရား[၇၆] တို့ နေဘူးသည့် တေမိသခ်မ်း။ အနောက်ကို လားသေခ် ရောဝတီ[၇၇]။ မြောက်ကို လား သော် မြောက်ဆိပ်ပင်တဲ ကျောက်မော်။

ညောင် စရည်းနယ်ကား အရှေ့ကို လားသော် တပ်မတော် ချောင်းမ။ တောင်ကိုလားသော် တရုပ် (မော်) မြေနှင့် ကျောခိုင်း။ အနောက်ကိုလားသော် ရောဝဘီမြစ်ကြောဆက်ဝက်။ မြောက်ကို လား သော် ကုန်းပြင် မင်းကြီးကန် ရွှေတောင်မြေနှင့် ကျောခိုင်း။

---

၆၅။ ဒန်
၆၆။ လယ်ပေါင်း ၂၀—ဟု နောက်၌ထည့်
၆၇။ ရေမြင်
၆၈။ ဆူ
၆၉။ ဆင်တုပ်
၇၀။ ဖျားထိ
၇၁။ မြော်
၇၂။ လားသော် သရက်မြို့
၇၃။ မင်းပြုန်
၇၄။ ချောင်ကန်လန်ပထေ
၇၅။ ကျောမြော်ချောင်
၇၆။ မိဖုရားလောင်း
၇၇။ မြစ်ကျောတဝက်—ဟု နောက်၌ထည့်။

တရုပ် မော်နယ်ကား အရှေ့ကိုလားသော် အင်းမကြီး ပေါင်တည်မြေနှင့် အစပ်။ တောင်ကို လားသော် သာယာ[၇၈] ဝတီမြေနှင့် ကျောခိုင်း။ အနောက်ကို လားသော် ရောဝတီ။ မြောက်ကို လားသော် ညောင်စရည်းမြေနှင့် ကျောခိုင်း။

သာယာ[၇၈] ဝတီ နယ်ကား အရှေ့ကို လားသော် ကုန်းခေါင် ရိုးမ။ တောင်ကို လားသော် လိုင်မြို့မြေနှင့် ကျောခိုင်း။ အနောက်ကို လားသော် ဧရာဝတီ။ မြောက်ကို လားသော် တရုပ်မော်မြေနှင့် ကျောခိုင်း။

လိုင်မြို့နယ်ကား အရှေ့ကို လားသော် ကုန်းခေါင်း ရိုးမ။ ဘောင်ကို လားသော် မော်ဘီမြို့မြေ [၇၉] နှင့် ကျောခိုင်း။ အနောက်ကို လားသော် ဧရာဝတီ ဒနုဖြူ မြေနှင့် ကျောခိုင်း။ မြောက်ကို လားသော် သာယာ[၇၈] ဝတီ မြေနှင့် ကျောခိုင်း။

မော်ဘီမြို့နယ်ကား အရှေ့ကို လားသော် ခေါင်[၈၀] တောင်ဖျား။ တောင်ကို လားသော် ဒဂုံမြေနှင့် ကျောခိုင်း။ အနောက်ကို လားသော် နတ်ထိပ်ကျွန်း အရှေ့ဘက်။ မြောက်ကို လားသော် လိုင်မြို့မြေနှင့် ကျောခိုင်း။

ဒဂုံမြို့နယ်ကား အရှေ့ကို လားသော် ငမိုးရိပ်ချောင်း။ ဘောင်လင်း အရှေ့ လယ်ဝန်းမြေနီထိ စီရင်ဘူးသည်။ တောင်ကိုလားသော် ထောပုံ။ အနောက်ကို လားသော် တလမြို့မြေနှင့် ကျောခိုင်း။ မြောက်ကို လားသော် မော်ဘီ တောင်ချောင်း။

သံလျှင် မြို့နယ်ကား အရှေ့ကို လားသော် ဘောချောင်း။ ဘောင်ကို လားသော် ပင်လယ်။ အနောက်ကို လားသော် တလမြေနှင့် ကျောခိုင်း။ မြောက်ကို လားသော် ထောပုံထိ။

ဝရာမော်နယ်ကား အရှေ့ကို လားသော် ကျိုက်မဟော်ပိတ်ရွာ။ တောင်ကို လားသော် ထားဝယ် ငှက်ရိုး တော။ အနောက်ကို လားသော် ကျိုက်ခမီကျွန်း။ မြောက်ကို လားသော် ရေနံတောင် ရှင်ဥပကုတ်ကျွန်း။

ထားဝယ် မြို့နယ်ကား အရှေ့ကို လားသော် ထားရိုက်က ကျသည့် မြစ်။ တောင်ကို လားသော် တနင်္သာရီ မြို့မြေနှင့် ကျောခိုင်း။ အနောက်ကို လားသော် ရှင်သငယ်မော် မောင်းမကန် အနောက် ပင်လယ်ထိ[၈၁]။ မြောက်ကို လားသော် ငှက်ရိုးတော။

တနင်္သာရီ နယ်ကား အရှေ့ကို လားသော် ထားရိုက်မြစ်ဆုံက တောင်မြောက် စီးသည့် မြစ်ကြီးထိ။ တောင်ကို လားသော် ကလလန် မြေစပ်။ အနောက်ကို လားသော် ပင်လယ်။ အနောက်[၈၂] ကို လားသော် ထားဝယ်မြေ နှင့် ကျောခိုင်း။

လင်းဇင်းမြို့ (ကြီး) နယ်ကား အရှေ့ကို လားသော် ဂုံပြည်မြေနှင့် ကျောခိုင်း။ တောင်ကို လားသော် ပင်လယ်။ အနောက်ကို လားသော် တနင်္သာရီ အနောက် ပင်လယ်။ မြောက်[၈၃] ကို လားသော် ဇင်းမယ် ၅၇ မြို့မြေနှင့် ကျောခိုင်း။

ဂုံမြို့နယ်ကား အရှေ့ကို လားသော် ကျော်ကသည်း မြေနှင့် အစပ်။ တောင်ကို လားသော် ပင်လယ်။ အနောက်ကို လားသော် ဆင်တသန့်[၈၄] ရှင် တည်သော လင်းဇင်း မြေနှင့် ကျောခိုင်း။ မြောက်ကို လားသော် လူ ၁၂ ဖနား[၈၅] နှင့် ကျောခိုင်း။ ၎င်းအတွင်း မြို့ပေါင်း ၆၀ ရွာကြီး ၆၀ ရွာငယ် ၆၀၁။

ကျော်ကသည်း နယ်ကား အရှေ့ကို လားသော် ဇမ္ဗူဒီပါကျွန်းကို ပတ်၍ စီးသော ပင်လယ်။ တောင်ကို

---

၇၈။ သာရာ　　၇၉။ မောပီမြို့နယ်　　၈၀။ ကုန်ခေါင်　　၈၁။ အနောက်ကပင်လယ်တည်

၈၂။ မြောက်　　၈၃။ အနောက်မြောက်　　၈၄။ တန်　　၈၅။ ၁၂ ပတောမြေ

လားသော် လင်္ကာဒီပသို့ ကူးသော ပင်လယ်ဆိပ်။ အနောက်ကို လားသော် ကုံမြေ စပ်အနောက် [၈၆]။ မြောက်ကို လားသော် (လူး) ၁၂ မြေ [၈၇] စပ်။ မှိုင်းရုံးကြီး မြေ[၈၇]ထိ။

သုဝဏ္ဏဘုမ္မိ ဇင်းမယ် ၅၇ မြို့နယ်ကား အရှေ့ကို လားသော် မှိုင်းရုံးမြေနှင့် ကျောခိုင်း။ တောင်ကို လားသော် ယိုးဒယား မြေနှင့် ကျောခိုင်း။ အနောက်ကို လားသော် မိုးပြဲမြေနှင့် ကျောခိုင်း။ မြောက်ကို လားသော် မိုးနဲ စော်ဘွားကို [၈၈] ထားမြေနှင့် ကျောခိုင်း။ ၎င်းအတွင်း ၅၇ မြို့။

ရှမ်းကိုး စော်ဘွား နယ်ကား အရှေ့ကိုလားသော် (လူး) ၁၂ မြေ [၈၇] နှင့် ကျောခိုင်း။ တောင်ကို လားသော် ရှမ်း ၅၇ မြို့ ဇင်းမယ် မြေနှင့် ကျောခိုင်း။ အနောက်ကို လားသော် သီပေါ တောင်ပိုင်း မိုးကောင်းပါ။ မြောက်ကို လားသော် မိုးဝန်း မြေ သံတံတား။ ၎င်းအတွင်း ကိုးကျိုင်း ကိုးထား ကိုးမှိုင်း ကိုးစော်ဘွား ရှိသည်။

ယောမြို့နယ်ကား အရှေ့ကို လားသော် ကင်ပွန်းတောင် ရွာအရှေ့ ယောချောင်း။ တောင်ကို လားသော် ရှဲလတော(င်) ချိုးကင်း။ အနောက်ကို လားသော် ရိုးမ။ မြောက်ကို လားသော် ထီးလင်းမြို့မြေ [၈၉] နှင့် ကျောခိုင်း။

လောင်းရှည်မြို့နယ်ကား အရှေ့ကို လားသော် နွားတပ်မြေနှင့် ကျောခိုင်း။ တောင်ကို လားသော် စလင်းချောင်းရွာမြေနှင့် ကျောခိုင်း။ အနောက်ကို လားသော် ရိုးမ။ မြောက်ကို လားသော် ဆောမြို့တောင် ကန့်လန့် စီးသည့် ချောင်း။ ၎င်းအတွင်း ချင်း (ရွာ) ၅၇ ရွာ။ မြန်မာ ၃ ရွာ [၉၀] ပြည်စိုးမြို့ကွပ်သူကြီး ပိုးစာ [၉၁] လက်မရှိ ပေါင်း ၁၀၀ တောင်ကြီး ၂၀ ဘုရားခြေတော်ရာ ဂူနတ်တောင်ရှိသည်။

ဆောမြို့နယ်ကား အရှေ့ကို လားသော် ဝက်ဖြုတ်ချောင်းဖျား နွားတပ်မြေနှင့် ကျောခိုင်း။ တောင်ကိုလားသော် လောင်းရှည်မြို့မြောက် ကန့်လန့်စီးသည့်ချောင်း။ အနောက်ကို လားသော် ရိုးမ။ မြောက်ကိုလားသော် ယောမြို့မြေနှင့် ကျောခိုင်း။

ထီးလင်း မြို့နယ်ကား အရှေ့ကိုလားသော် အင်ပင်စည်ယုန်တောင် ဆင်မယင် [၉၂] လယ်တပယ်။ တောင်ကိုလားသော် ရွှေကွန်(း) အုပ်ဘုရား။ အနောက်ကို လားသော် တောင်မချင်း ၃ ရွာ။ မြောက်ကို လားသော် ထီးလင်းမြို့က ၇ တိုင်ကွာ။

အညာကိုးရွာ [၉၀] အကြေကိုးရွာ[၉၀] ကြောင်းကြီး ငါးရွာ [၉၃]နယ်ကား အရှေ့ကို လားသော် ဒေါ်သာလယ်ကျင်း။ တောင်ကို လားသော် ကန်စွယ် ရေပုပ်။ အနောက်ကို လားသော် ယောမြို့မြေ [၈၉] နှင့် ကျောခိုင်း။ မြောက်ကို လားသော် အရှေ့ဘက်ကန်ဖြူ။

တောင်ပုံ နယ်ကား အရှေ့ကို လားသော် ရေဝတီ။ တောင်ကို လားသော် တန့်ကျည်းမြေနှင့်ကျောခိုင်း။ အနောက်ကို လားသော် စွယ်တော်တောင်ဖျား။ အနောက်မြောက် ကိုးရွာယောမြို့ [၉၄] နှင့် အစပ်။ မြောက်ကို လားသော် ကူးခန်းကြီး မြေနှင့် အစပ်။

ငကျော် နယ်ကား အရှေ့ကို လားသော် ရွှေတန့်တစ်ဘုရား။ တောင်ကို လားသော် ရေဝတီ။ အနောက်ကို လားသော် တောင် (ဖျာ) က စီးသည့် ချောင်းအရှေ့ဘက်။ (မြောက်ကိုလားသော်)....

ကူးခန်းကြီး နယ်ကား အရှေ့ကို လားသော် ရေဝတီ။ တောင်ကို လားသော် ငကျော်မြေနှင့် ကျော

---

| | | |
|---|---|---|
| ၈၆။ ဂုမ်မြေစပ်။ အနောက် | ၈၇။ နယ် | ၈၈။ ၉ |
| ၈၉။ နယ် | ၉၀။ ရာ | ၉၁။ ပိုစား |
| ၉၂။ ယုံတောင်မဆောင်မယည် | ၉၃။ ကြောင်ကြေရွာ | ၉၄။ ကိုးရွာမြေ |

ခိုင်း။ အနောက်ကိုလားသော် ဝေပူလတောင်ရိုး။ မြောက်ကို လားသော် နေရည္တရာ။ ၎င်းအနောက်ဘက်တိုက်တွင် သင်ရိုက် [၉၅] ရဲလှေတိုက် မဟာဒါန်တိုက်ဟူ၍ အသီးအသီး ဖွဲ့ဘက် (ပြဋ္ဌာန်း) စီရင်သည်။

ဇေယျခုံ ဘုရား နယ်ကား အရှေ့ကို လားသော် အုန္နဲချောင်း။ တောင်ကို လားသော် ငှက်ပြစ်တောင်ရွှေကျောင်းတံတိုင်း။ အနောက်ကို လားသော် တက်နွယ်ကျောင်း [၉၆]။ မြောက်ကို လားသော် နဂါးကျစ်မော်။

တရှင်း တိုင်နယ်ကား အရှေ့ကို လားသော် ပုပ္ပါးမြေနှင့် ကျော့ခိုင်း။ တောင်ကို လားသော် ကျောက်ပဒေါင်း (မြို့) မြေနှင့် ကျော့ခိုင်း။ အနောက်ကို လားသော် စည့်ကူး ကျအိုး ရွာသာမြေနှင့် ကျော့ခိုင်း။ မြောက်ကို လားသော် မြင်းကပ်ချောင်း ထိ။

ပင်းမြို့နယ်ကား အရှေ့ကို လားသော် ဝါသုံရိုး မဘူလှတောင်ရိုး။ တောင်ကို လားသော် နတ်မောက်မြေနှင့် ကျော့ခိုင်း။အနောက်ကို လားသော် ရေဆုံ [၉၇]။ မြောက်ကိုလားသော် ကျောက်ပဒေါင်းမြေနှင့် ကျော့ခိုင်း။ အရှေ့မြောက်ကို လားသော် ပင်းတလဲမြေနှင့် ကျော့ခိုင်း။ ၎င်းအတွင်း ပုကံရွှေကျောင်းမြေ ၇ ရွာပါ။

တောင်တွင်းကြီး နယ်ကား အရှေ့ကို လားသော် ကုန်းခေါင်ရေဝေရိုးမ။ အရှေ့တောင် မယ်စောကြော ပန်းတင် ကြောင်နွေယ်ကုန်း။တောင်ကို လားသော် ကျွန်းတောရွာ [၉၈] ရဲလောင်းဖျား ရွှေလောင်းချ။ အနောက်ကို လားသော် လဲပွင်ဖြူ မြေတဲမြို့မြေနှင့် ကျော့ခိုင်း။ အနောက်ကို လားသော် ပဋ္ဌနဂိုရမခွေးမြေနှင့် ကျော့ခိုင်း။ မြောက်ကို လားသော် ပင်း [၉၉] ချောင်း ကရင်တော ကျောက်ဖျာထိ။

နတ်မောက် မြို့နယ်ကား အရှေ့ကို လားသော် ရှောက်တောင်။ တောင်ကို လားသော် ယင်းချောင်း။ အနောက်ကို လားသော် သဖန်းခါးတော မဂွေးမြေနှင့် ကျော့ခိုင်း။ မြောက်ကို လားသော် ဆင်ဖြူရချောင်း ပင်းတလဲမြေနှင့် ကျော့ခိုင်း။

ကသည်း လေးရပ်နယ်ကား တောင်ကိုလားသော် သောင်ထွတ် [၁၀၀] မြေနှင့် ကျော့ခိုင်း။ အနောက်ကို လားသော် တောင်ကြီး အနောက် ပင်လယ်တိန် [၁၀၁] ။မြောက်ကိုလားသော် ဝရှူဆွဲရွာ [၁၀၂] သူခိုးရွာကြီး။ အရှေ့မြောက်ကို လားသော် မှိုင်းဝေမြေနှင့် ကျော့ခိုင်း။ အရှေ့ကို လားသော် ချင်းတွင်း အနောက်ဘက်။

မြေတူး နယ်ကား အရှေ့ကိုလားသော် တောင်ပုလု။ တောင်ကို လားသော် ညောင်လေးပင်။ အနောက်ကိုလားသော် ရှေစရေး [၁၀၃] မြေနှင့် ကျော့ခိုင်း။မြောက်ကိုလားသော် ချင်းတွင်း မြစ်မြောက်ဘက်။ ၎င်းအတွင်း မြေကား မင် [၁၀၄] ၂၀ ပါ လယ်ပယ်ပေါင်း ၄၀၀မြို့ (အ) ဝန်း ၃၇၇ တာ။ သဝန်ကြီး တည်သည်။

တပယင်း မြို့နယ်ကား အရှေ့ကို လားသော် မူးချောင်း ကောက်ကောက် စင်းစင်း။ တောင်ကို လားသော် ရှမ်းလေးရွာထိ။ အနောက်ကို လားသော် ဝန်သိုဒိုင်စုသား [၁၀၅] မြေနှင့် အစပ်။ မြောက်ကို လားသော် မြေတူးမြို့နယ်နှင့် ကျော့ခိုင်း [၁၀၆]။ ၎င်းအတွင်း လယ်ပယ်ပေါင်း ၇၀၀၀။ ထိုနယ်အတွင်း ကိုသန်းကြား [၁၀၇] လယ်ကြီး ရှိသည်။ နယ်မြင်း ၆၄ စီး။ မြင်းစုသား တို့နေသည်။ သီဟသူ လက်ထက် တောင်ကို ရှောဝဘီကျစီရင်သည် [၁၀၈] ။

အမြင့် မြို့နယ်ကား အရှေ့ကိုလားသော် စည်းလှကြီး [၁၀၉] ဘုရားတံတိုင်း။ တောင်ကို လားသော် အနိမ့်

---

၉၅။ သင်တိုက်
၉၆။ ချောင်း
၉၇။ ရေဆူမိ
၉၈။ ကျွန်တော်ရွာ
၉၉။ ယင်
၁၀၀။ သွပ်
၁၀၁။ တိမ်
၁၀၂။ ပရှူဆွဲရွာ
၁၀၃။ ရွှေစရေ
၁၀၄။ ၎င်းအတွင်းမြောက်ကာပင်
၁၀၅။ စိုသားနေသည်
၁၀၆။ မြို့မြေနှင့်အစပ်
၁၀၇။ ကျ
၁၀၈။ စီရင်ဘူးသည် (တောင်းတွင်းကြီးနှင့် ၃၄၀၉ မှ)
၁၀၉။ စည်းလှရွာကြီး

မြေနှင့် ကျောခိုင်း။ အနောက်ကို လားသော် ချင်းတွင်းမြစ်။ မြောက်ကို လားသော် ကျော်လှကြီး။ ၎င်း[၁၁၀] အတွင်း လယ်ပယ်ပေါင်း ၇၀၀ အင်းပေါင်း ၇ အင်း[၁၁၁]။

မြင်းမူ နယ်ကား အရှေ့ကို လားသော် မူရပ်တောင်။ တောင်ကို လားသော် ဧရာဝတီ။ အနောက်ကိုလားသော် ဆင်ဖြူတက်။ မြောက်ကို လားသော် ကျော်လှကြီး။ ၎င်း[၁၁၀]အတွင်း လယ်ပယ်ပေါင်း ၂၀၀[၁၁၂] အင်းပေါင်း ၇ အင်း[၁၁၁]။

ရွာသစ်ကြီး နယ်ကား အရှေ့ကို လားသော် ထောင်[၁၁၃]မအင်း။ တောင်ကို လားသော် ဧရာဝတီ။ အနောက်ကိုလားသော် မူးကောက် ကောက် စင်းစင်း။ မြောက်ကိုလားသော်[၁၁၄][ပဲခွဲမြေနှင့် အစပ်။](။ ။ ၎င်းအတွင်း) လယ်ပယ်ပေါင်း ၁၂၀ အင်း ခြောက်အင်း ရှိသည်။

ပဲခွဲ နယ်ကား အရှေ့ကို လားသော် သောက်တောအင်း။ ဘောင်ကို လားသော် ဧရာဝတီ။ အနောက်ကို လားသော် ရွာသစ်ကြီးမြေနှင့် အစပ်။ (မြောက်ကို လားသော်)[၁၁၅] [ငါတရော်မြေနှင့် အစပ်။]

စစ်ကိုင်း နယ်ကား အရှေ့ကို လားသော် ဧရာဝတီ။ တောင်ကို လားသော် (၎င်း) ဧရာဝတီ။ အနောက်ကို လားသော် ဆောက်တောအင်း ထွက်ချောင်း။ မြောက်ကို လားသော် မန်းကျည်းစည်။

ဟလင်းနယ်ကား အရှေ့ကို လားသော် တီးတုတ်ပင်ကြီး။ တောင်ကို လားသော် ကျောက်ဖြူကန်ကြီး။ အနောက်ကို လားသော် ညောင်သပျား[၁၁၆]။ မြောက်ကို လားသော် မူဆိုးခြုံဖိုမ။

စည်သာမြို့နယ်ကား အရှေ့ကို လားသော် ကျောက်ဂူတော။ တောင်ကို လားသော် ပတော်ပြင်။ အနောက်ကိုလားသော် သစ်ယာပင်ကြီး ကျောက်တိုင်။ မြောက်ကို လားသော် ကျွန်းတော[၁၁၇] ချောင်းမူးကို ကျသည် ရေရိုး[၁၁၈]ရွာပေါင်း ၁၁ မြင်းစီး [အစုသားတို့] နေသည်။

ကျောက်မြောင်း မြို့နယ်ကား အရှေ့ကို လားသော် ဧရာဝတီ။ တောင်ကို လားသော် စေည့်ကိုင်မြောက် ကျောက် ၇ တိုင်။ အနောက်ကို လားသော် တအုံမြေနှင့် ကျောခိုင်း။ မြောက်ကို လားသော် ရှန်းစည်တော။

ချွန်တောင်မြ တောင်နယ်ကား အရှေ့ကို လားသော် သစ်တော ၄ ရပ်က စီးသည့်ချောင်း။ တောင်ကို လားသော် မြစ်မငယ်။ အနောက်ကို လားသော် စေင့်ကိုင်ခံတွင်း။ မြောက်ကို လားသော် ကျောတောအခြား။

မတ္တရာ နယ်ကား အရှေ့ကို လားသော် ကြိုင်နင်းစခန်း။ တောင်ကို လားသော် အရိပ်မထွက်။ အနောက်ကို လားသော် ဧရာဝတီ။ မြောက်ကို လားသော် သီဟတောမြေနှင့် ကျောခိုင်း။

ထီးပေါင်းကား နယ်ကား အရှေ့ကို လားသော် ကျောက်ဆီမီးလက် နွားလား တောင်ရိုးမ။ တောင်ကို လားသော် ဘုရား ရွှေကြက်ယက်။ အနောက်ကို လားသော် ဧရာဝတီ။ ၎င်းအတွင်း ၂၄ ရွာ ပုကံ [အနေ်ရထာ] လက်ထက် ရွှေဖြင်းညီနောင်ကို ပေးသည်။ (မြောက်ကို လားသော်[၁၁၉])

အဝ[၁၂၀] မြို့နယ်ကား အရှေ့ကို လားသော် မြို့သစ်။ တောင်ကို လားသော် မြင်စိုင်း။ အနောက်ကို လားသော် ငစွန်။ မြောက်ကို လားသော် ဧရာဝတီ။

---

၁၁၀။ ၎င်းသည် ၁၁၁။ ၁၇ အင်း ၁၁၂။ ၂၀ ၁၁၃။ ထောက် ၁၁၄။ မြောက်ကိုလားသော် လယ်ပယ်ပေါင်း ၁၂၀အင် ၆အင်ရှိသည်—ဟု ၃၄၀၉ မူ၌လာ၏။
၁၁၅။ ၃၄၀၉ မူ၌လည်း ချန်ထား၏။ ၁၁၆။ များ ၁၁၇။ တော် ၁၁၈။ ကျသည်ချောင်
၁၁၉။ ၃၄၀၉ မူ၌လည်းချန်ထား၏။ ၁၂၀။ အင်ဝ (တောင်းတွင်းကြီးနှင့် ၃၄၀၉ မူ)

ပြင်စည် နယ်ကား အရှေ့ကို လားသော် ရွှေမင်းဝံတောင်။ တောင်ကို လားသော် ပင်းတလဲမြေနှင့် အစပ်။ အနောက်ကို လားသော် စကြာတောင်။ မြောက်ကို လားသော် သင်ပန်းမြေထိ။

ပင်းတလဲနယ်[၁၂၁]ကား အရှေ့ကို လားသော် ရွှေမင်းဝံ တောင်ရိုး။ တောင်ကို လားသော် သဘာ်အင်း မိတ္ထိလာမြေနှင့် ကျော့ခိုင်း။ အနောက်ကို လားသော် ကျောက်ဆောက်ကြီးမြေနှင့် ကျော့ခိုင်း။ မြောက်ကို လားသော် စလင်းသူ[၁၂၂] ရွာမြေနှင့် ကျော့ခိုင်း။

ကျောက်ဆောက်ကြီး နယ်ကား အရှေ့ကို လားသော် ပင်းတလဲမြေနှင့် ကျော့ခိုင်း။ တောင်ကို လားသော် မြင်းစီး ၅ ရွာ။ အနောက်ကို လားသော် သရောက်မြေနှင့် ကျော့ခိုင်း။ မြောက်ကို လားသော် ယုန်တိုးတောင်။

ပင်းမြို့နယ်ကား အရှေ့ကို လားသော် တဆံယူလဘူတောင် ယင်းတော်မြေနှင့် အစပ်။ တောင်ကို လားသော် ဆားငန်ပေါက်ချောင်း နတ်မောက်မြေနှင့် ကျော့ခိုင်း။ အနောက်ကို လားသော် ရေဆုံ။ မြောက်ကို လားသော် ကျောက်ပဒေါင်းမြေနှင့် ကျော့ခိုင်း။

လယ်တွင်း ၄ ခရိုင် နယ်ကား အရှေ့ကိုလားသော် ကတိကွဲ နဘားတောင်ရိုး။ တောင်ကို လားသော် ကိုင်ပခန်း။ အနောက်ကို လားသော် မြင်ဇိုင် တရွင်းခြေတောင်ဆိပ်။ မြောက်ကို လားသော် မြစ်ငယ်။

ပေါက်မြို့[၁၂၃] နယ်ကား အရှေ့ကိုလားသော် မြင်စိုင်ကျောင်း။တောင်ကိုလားသော် တောင်တွင်းငယ်။ အနောက်ကို လားသော် ရွှေမင်းဝံတောင်ရိုး(ထိ)။ မြောက်ကို လားသော် လက်မကန်။

တောင်တွင်းငယ်နယ်ကား အရှေ့ကို လားသော် ကင်(တဲ)ကန်ရွာ။တောင်ကို လားသော် သကြည်ရွာ။ အနောက်ကို လားသော် ကျောက်ဆောက်ကြီး မြေထိ။ မြောက်ကို လားသော် ပေါက်မြိုင်တော(င်)ရိုးထိ။

ယင်းတော်[၁၂၄] မြို့နယ်ကား အရှေ့ကိုလားသော် သစ္စေးတောအဆုံး[၁၂၅]။ တောင်ကိုလားသော် ယမည်းသင်းမြေနှင့် ကျော့ခိုင်း။အနောက်ကိုလားသော် အောင်သာ မိတ္ထိလာကန်ကြီးထိ။မြောက်ကို လားသော်* တောင်တွင်းငယ် တော တောင်ဘီလူး တောင်ကျောင်း ထိ။ ထိုနယ်အတွင်း ကုန်အောင် မြင်း ၅ စီးပါ။

မိတ္ထိလာ မြေနယ် အပိုင်း အခြားကား အရှေ့ကို လားသော် ကန်ကြီးရိုး။ တောင်ကို လားသော် ဆီးကုန်း အရာတော်။ အနောက်ကို လားသော် ပင်းတလဲမြေနှင့် ကျော့ခိုင်း။ မြောက်ကို လားသော် သဘာမ်းအင်း အခြား။

ယမည်းသင်း မြို့နယ်ကား အရှေ့ကို လားသော် ပေါင်ထောင်မြစ်။ တောင်ကို လားသော် ရနောင်မြို့သစ်။ အနောက်ကိုလားသော် ရှောက်တောမြောက်ဖျား တောင်တွင်းကြီး မြေနှင့် ကျော့ခိုင်း။ မြောက်ကို လားသော် အရာတော်။

ရနောင် မြို့သစ်နယ်ကား ‚ အရှေ့ကိုလားသော် လျော်ဖြူ‌ချေး။ တောင်ကိုလားသော် လယ်မှုချောင်း။ အနောက်ကိုလားသော် တောင်တွင်းမြေနှင့်ကျော့ခိုင်း။ မြောက်ကိုလားသော် ရနောင်မြို့သစ်မြေနှင့် ကျော့ခိုင်း။

တောင်ငူ မြို့နယ်ကား အရှေ့ကို လားသော် မိုးပြဲမြေနှင့် ကျော့ခိုင်း။ တောင်ကို လားသော် ကင်းတုံ။ အနောက်ကို လားသော် ကုန်းခေါင် ကျွန်းတသင်း မြေစရပ်[၁၂၆]။ အနောက်ကို လားသော် ငွေယ်ကုန်း။ မြောက်ကို လားသော် ကုန်းခေါင်ရိုး။

---

၁၂၁။ မြေ　　၁၂၂။ စလင်သူက　　၁၂၃။ ပေါက်မြိုင်　　၁၂၄။ ရင်တော

၁၂၅။ အကုန်

* တောင်တွင်းကြီးမှုသည် ဤနေရာ၌ ‘ကော ဖြင့် ဆုံး၍ ‘ဂ’ သို့ ခုန်သွား၏။ (စာမျက်နှာ ၃၆ ၌)

၁၂၆။ အနောက်ကိုလာသော် ကုံပေါင်ကျွန်တလင်နယ်စပ် (၃၄၀၉ မူ)

ပဋ္ဌနဂိုရ်နယ်ကား အရှေ့ကို လားသော် တောင်တွင်းကြီးမြေနှင့် ကျောခိုင်း။ တောင်ကို လားသော် အင်းဖျားတောင် တောင်မူဆာ။ အနောက်ကို လားသော် ရောဝတီ။ မြောက်ကို လားသော် မြင်ကွန်းမြေနှင့် ကျောခိုင်း။

မြင်ကွန်း မြေနယ် အခြားကား အရှေ့ကို လားသော် တောင်တွင်းမြေနှင့် ကျောခိုင်း။ တောင်ကိုလားသော် တိုင်မြောက်ချောင်း။ အနောက်ကိုလားသော် ရွာပလဲမြေနှင့် ကျောခိုင်း။ မြောက်ကို လားသော် ရင်ချောင်း။

မကွေးမြို့နယ်ကား အရှေ့ကို လားသော် ပုဏ္ဏားလှကုန်း တောင်တွင်းကြီး မြေနှင့် ကျောခိုင်း။ တောင်ကို လားသော် ရင်ချောင်း။ အနောက်ကို လားသော် ရောဝတီ။ မြောက်ကို လားသော် ကုရင်ကျွန်း။

ဝက်မစွတ် နယ်ကား အရှေ့ကို လားသော် မြေနီကြော။ တောင်ကို လားသော် ကုရင်ကျွန်း။ အနောက်ကို လားသော် ရောဝတီ။ မြောက်ကို လားသော် ယန်းတော။

ရေနံချောင်း နယ်ကား အရှေ့ကို လားသော် မြေနီကြော ပင်းမြို့ မြေနှင့် အစပ်။ တောင်ကို လားသော် ရှန်းတော ဝက်မစွတ် မြေနှင့် အစပ်။ အနောက်ကို လားသော် ရောဝတီ။ မြောက်ကို လားသော် ပင်းချောင်း။

ကျောက်ရဲ မြို့နယ်ကား အရှေ့ကို လားသော် မြေနီ ဝါစည်တော။ တောင်ကို လားသော် ပင်းချောင်း။ အနောက်ကို လားသော် ရောဝတီ။ မြောက်ကိုလားသော် ငမွဲလှချောင်း။

တောင်ဖလူး နယ်ကား အရှေ့ကို လားသော် ကူးခန်းငယ်မြေနှင့် ကျောခိုင်း။ တောင်ကို လားသော် ငမွဲလှချောင်း။ အနောက်ကို လားသော် ရောဝတီ။ မြောက်ကို လားသော် တောကျောင်း ကျောက်မော်။

ကူခန်းမြို့ငယ် နယ်ကား အရှေ့ကို လားသော် နတ်ရေကန် ရေဆုန်း မြေနှင့် ကျောခိုင်း။ တောင်ကို လားသော် တောကျောင်း ကျောက်မော်။ အနောက်ကို လားသော်....မြောက်ကို လားသော် [၁၂၇] ကျောက်မော် အထက်ချောင်း။

စာကြို ဘုရား နယ်ကား အရှေ့ကို လားသော် ကျောက်ပတောင်း မြေနှင့် အစပ်။ တောင်ကို လားသော် ကူးခန်းငယ်မြောက် ချောင်း။ အနောက်ကို လားသော် ရောဝတီ။ မြောက်ကို လားသော် ကျောက်ပုံမော်။

စလေမြို့ နယ်ကား အရှေ့ကို လားသော် ကျောက်မဆင်း။ တောင်ကို လားသော် ကျောက်မော်။ အနောက်ကို လားသော် ရောဝတီ။ မြောက်ကို လားသော် မြေနီတောင် မိုက်တောင် မုံးတောင်။

စည့်ကူးနယ် မြေကား အရှေ့ကို လားသော် တရှင်းတိုင်မြေနှင့် ကျောခိုင်း။ တောင်ကို လားသော် မိုက်တောင် မုံးတောင်။ အနောက်ဖို လားသော် ရောဝတီ။ မြောက်ကို လားသော် ကျအိုးမြေနှင့် ကျောခိုင်း။

ကျအိုးနယ်ကား အရှေ့ကို လားသော် တရှင်းတိုင် မြေနှင့် ကျောခိုင်း။ တောင်ကို လားသော် စကုံမြေနှင့် အစပ်။ အနောက်ကို လားသော် ရောဝတီ။ မြောက်ကို လားသော် ရွာသာမြေနှင့် ကျောခိုင်း။

ရွာသာနယ်ကား အရှေ့ကို လားသော် တရှင်းတိုင် မြေနှင့် ကျောခိုင်း။ တောင်ကို လားသော် ကျအိုးမြေနှင့် ကျောခိုင်း။ အနောက် ကိုလားသော် ရောဝတီ။ မြောက်ကို လားသော် မြင်းကပါချောင်း။

ပုဂံမြို့နယ်ကား အရှေ့ကို လားသော် တက်နွယ်။ တောင်ကို လားသော် မြင်းကပါ။ အနောက်ကို လားသော် ရောဝတီ။ မြောက်ကို လားသော် လေးကိုင်း ကျောက်မော်။

---

၁၂၇။ မြောက်ကိုလားသော ကျောက်မော် အထက်ကျောင်း (၃၄၀၉ မူ)

တရုပ်မြို့နယ်ကား အရှေ့ကို လားသော် ယုန်တိုးတောင်။ တောင်ကို လားသော် ကြိန်ကျိမြင်းသည်ရွာ။ အနောက်ကို လားသော် ညည့်ရွာ ပလင်း။ မြောက်ကို လားသော် မြောကြီး မြေနှင့် ကျောခိုင်း။

မြောကြီး နယ်ကား အရှေ့ကို လားသော် သကျင် မြေနှင့် ကျောခိုင်း။ တောင်ကို လားသော် ပင်လယ် တရုပ်မြေနှင့် ကျောခိုင်း။ အနောက်ကို လားသော် ပဝက်စားဝ။ မြောက်ကို လားသော် ............

သကျင်နယ်ကား အရှေ့ကို လားသော် ကုလားရွာ။ တောင်ကို လားသော် လက်ပန်းကျင်း။ အနောက်ကို လားသော် မြောကြီးမြေနှင့် ကျောခိုင်း။ မြောက်ကို လားသော် ရောဝတီ။

ကုလားရွာနယ်ကား အရှေ့ကို လားသော် ဇွန်။ တောင်ကို လားသော် မင်းတောင်တိုက် ကျွန်းလုညီအစ်ကို တောင်ဘီလာ။ အနောက်ကို လားသော် မြောကြီး မြေနှင့် ကျောခိုင်း။ မြောက်ကို လားသော် ရောဝတီ။

တကောင်း နယ်ကား အရှေ့ကို လားသော် တရုပ်လမ်းမ။ တောင်ကို လားသော် ဖလူတောင်။ အနောက်ကို လားသော် ပယင်းတွင်း။ မြောက်ကို လားသော် ကင်းမြစ်နား။

ကလေး နယ်ကား အရှေ့ကို လားသော် ကမ်းနီ မင်းကင်းသို့ ပေါင်းသည့် ချောင်း။ တောင်ကိုလားသော် လပိုတောင်တွင်း ချောင်း မြေနှင့် အစပ်။ အနောက်ကို လားသော် ဇေတဝန် ကျောင်းကြီး။ မြောက်ကို လားသော် သောင်သွပ်မြေနှင့် အစပ်။

ဟသ်ာတ နယ်ကား အရှေ့ကို လားသော် မိနင်းအင်း သာယာဝတီမြေနှင့် အစပ်။ တောင်ကို လားသော် ဇလွန်မြေနှင့် အစပ်။ အနောက်ကို လားသော် ရောဝတီ။ မြောက်ကို လားသော် ဆေးမော်ကကျသည်ချောင်း။

တောင်ခွင် မြို့နယ်ကား အရှေ့ကို လားသော် ကုလားမကျ ချောင်းဖျား။ တောင်ကို လားသော် လွန်ကြီး။ အနောက်ကို လားသော် ရောဝတီ။ မြောက်ကို လားသော် ပဋ္ဌနဂိုရ်အင်း။

ဖအိုင်နယ်ကား အရှေ့ကို လားသော် တောင်မြောက် ပေါက်သည့်ချောင်း။ တောင်ကို လားသော် နတ်ထိပ်ကျွန်းထိ။ အနောက်ကို လားသော် ရောဝတီ။ မြောက်ကို လားသော် စလွန်မြေနှင့် အစပ်။

တောင်ပိုင် နယ်ကား အရှေ့ကို လားသော် သိန်းနီမြေနှင့် အစပ်။ တောင်ကို လားသော် သီဒပါမြေနှင့် ကျောခိုင်း။ အနောက်ကို လားသော် နွားလမ်းတောင် ရိုးမ အရှေ့ မိုင်းတုံမြေနှင့် ကျောခိုင်း။ မြောက်ကိုလားသော် မိုးမိတ် မြေနှင့် ကျောခိုင်း။

မိုးဝန်း နယ်ကား အရှေ့ကို လားသော် ကျောက်နဂါးရစ်တောင်။ တောင်ကို လားသော် မိုးမိတ်မြေနှင့် အစပ်။ အနောက်ကို လားသော် ကချင်တောင်။ မြောက်ကိုလားသော် ကျောက်ခြသေ့တောင်။

မညဝတီ နယ်ကား အရှေ့ကို လားသော် ရိုးမ။ တောင်ကို လားသော် ပင်လယ်။ အနောက်ကို လားသော် မာန်အောင်ကျွန်းပါ ပင်လယ်။ မြောက်ကို လားသော် ကုလားအက္ကပတ်မြေနှင့် ကျောခိုင်း ။

ကသည်း မြောက် ၁၀ ရွာ နယ်ကား အရှေ့ကို လားသော် ချင်းတွင်း မြစ်။ တောင်ကို လားသော် ကသည်း မြေနှင့် အစပ်။ အနောက် ကိုလားသော် တပ်တိမ် ပင်လယ်တိမ် မြောက်ရွာမြေနှင့် အစပ်။ မြောက်ကို လားသော် ............

သူခိုး ၅ ရွာကြီး နယ်ကား အရှေ့ကို လားသော် ဆယ်ရွာမြေနှင့် အစပ်။ တောင်ကို လားသော် ပင်လယ်တိမ်။ အနောက်ကိုလားသော် ကုလားကြီး မြေနှင့် အစပ်။ မြောက်ကို လားသော် အင်ကြင်းရွာကြီး မြေနှင့် အစပ်။

သာရဝေါ နယ်ကား အရှေ့ကို လားသော် မြစ်မခ။ တောင်ကို လားသော် နတ်ထိပ်ကျွန်း။ အနောက်ကို လားသော် ဧရာဝတီ။ မြောက်ကို လားသော် တရုပ်။

တိုက်ကုလား နယ်မြေနယ်ကား အရှေ့ကို လားသော် တောင်ကြီးရိုးမ။ တောင်ကို လားသော် ဇင်းကျိုက်ဘုရားထိ။ အနောက်ကို လားသော် ပေါင်လောင် မြစ်မ။ မြောက်ကို လားသော် ရွှေကျောင်ကင်း။

မိုးပြဲမြို့နယ်ကား အရှေ့ကို လားသော် ဇင်းမယ်မြေနှင့် ကျောခိုင်း။ တောင်ကို လားသော် လဝကိုးရွာမြေနှင့် အစပ်။ အနောက်ကို လားသော် စစ်တောင်း အရှေ့ တောင်စကြီး။ မြောက်ကို လားသော် သိပေါစွေခုန်နှင့် အစပ်။

တောင်ဖလူး နယ်ကား အရှေ့ကို လားသော် ကမ်းဖြူတော။ တောင်ကို လားသော် ကုန်း ၄ ပင်ချောင်း။ အနောက်ကို လားသော် ဧရာဝတီ။ မြောက်ကို လားသော် ပတတ်အိုင်ချောင်း။

ခုန်မြို့နယ်ကား အရှေ့ကို လားသော် မိုင်းလုံးမြေနှင့် အစပ်။ တောင်ကို လားသော် ရေနံသာမြေနှင့် အစပ်။ အနောက်ကို လားသော် စေည့်ကူး မြေနှင့် အစပ်။ မြောက်ကိုလားသော် သီဟတောမြေနှင့် အစပ်။

မှိုင်းလုံ နယ်ကား အရှေ့ကို လားသော် မဲခေါင်မြစ်။ တောင်ကို လားသော် မှိုင်းရှုံးငယ် မြေနှင့် အစပ်။ အနောက်ကို လားသော် လဘုံမြေနှင့် အစပ်။ မြောက်ကို လားသော် လှိုင်မှိုင်းကြီးမြေနှင့် အစပ်။

မှိုင်းတုံနယ်ကား အရှေ့ကို လားသော် တောင်မမြေနှင့် အစပ်။ တောင်ကို လားသော် သီပေါမြေနှင့် အစပ်။ အနောက်ကို လားသော် ကိုင်းကြီး လက်ပန်ပါ ခုန်မြေနှင့် အစပ်။ မြောက်ကိုလားသော် မိုးမိတ်မြေနှင့် အစပ်။

မိုးလား စန္ဒနယ်ကား အရှေ့ကို လားသော် မှိုင်းရှုံးကြီး မြေနှင့် အစပ်။ တောင်ကို လားသော် လူး ၁၂ ပန္နားမြေနှင့် အစပ်။ အနောက်ကို လားသော် မဲခေါင်မြစ်။ မြောက်ကို လားသော် မိုးမျည်း မိုးဝန်းမြေ နှင့် အစပ်။

မိုးမျည်း နယ်ကား အရှေ့ကို လားသော် မဲပိန်မြို့မြေနှင့် အစပ်။ တောင်ကို လားသော် မိုးလားမြေနှင့် အစပ်။ အနောက်ကို လားသော် မဲခေါင်မြစ်ကြီးထိ။ မြောက်ကို လားသော် ကချင် ၁၂ မြို့မြေထိ။

ခုန်မြို့ ၁၂ ရွာနယ်ကား အရှေ့ကိုလားသော် တူးမြောင်း အထွက် ပင်လယ်။ တောင်ကို လားသော် ပင်လယ်နား။ အနောက်ကို လားသော် ကန့်လန့် တောင်ဖျား။ မြောက်ကို လားသော် ဖြတ်ဘိမြေနှင့် အစပ်။

ဖြတ်ဘိနယ်ကား အရှေ့ကို လားသော် ကီမြေနှင့် အစပ်။ တောင်ကို လားသော် ခုံမြုံမြေနှင့် အစပ်။ အနောက်ကို လားသော် ကန့်လန့်မြေနှင့် အစပ်။ မြောက်ကို လားသော် ပိတ် [စလုတ်] ရွာမြေနှင့် အစပ်။

ပိတ်စလုတ်နယ်ကား အရှေ့ကို လားသော် သဘန်တုံကောကြီးလိပ်မြေနှင့် အစပ်။ တောင်ကို လားသော် ရွာကြီး မြေနှင့် အစပ်။ အနောက်ကို လားသော် ထားရိုက်မြေ အဆုံး။ မြောက်ကို လားသော် ရဟိုင်းကဆင်းသည်မြစ်။

စန္ဒပူရီ နယ်ကား အရှေ့ကို လားသော် နားတဘက် မျက်နှာ နဘူးမည်းမြေနှင့် အစပ်။ တောင်ကို လားသော် စန္တာပါသက်မြေနှင့် အစပ်။ အနောက်ကို လားသော် မဲခေါင်မြစ်ကြီး။ မြောက်ကို လားသော် ၁၂ ပနားထိ။

စန္တာပါသက်နယ်ကား အရှေ့ကို လားသော် ဂုံမြေနှင့် အစပ်။ တောင်ကို လားသော် ကျော်ကသည်း။ အနောက်ကို လားသော် ဒွါရာဝတီ မြေနှင့် အစပ်။ မြောက်ကို လားသော် [၁၂၈] ..............................

ထားဝယ် အရှေ့ ထားရိုက်မြေနယ်ကား အရှေ့ကို လားသော် နက္ကဋ္ဌာမြေနှင့် ကျောခိုင်း။ တောင်ကို လားသော် ရွာကြီးမြေနှင့် ကျောခိုင်း။ အနောက်ကိုလားသော် ထားဝယ်မြေနှင့် အစပ်။ မြောက်ကိုလား သော် တောင်ရိုး။

နက္ကဋ္ဌာမြေနယ်ကား အရှေ့ကို လားသော် ပိဘ်စလုတ်မြေနှင့် အစပ်။ တောင်ကို လားသော် ရွာကြီး မြေနှင့် အစပ်။ အနောက်ကို လားသော် ထားရိုက်မြေနှင့် အစပ်။ မြောက်ကိုလားသော် [၁၂၉] ...................

ရဟိုင်း မြေနယ်ကား အရှေ့ကို လားသော် စရစ်မြေနှင့် အစပ်။ တောင်ကို လားသော် နက္ကဋ္ဌာမြေ နှင့် အစပ်။ အနောက်ကို လားသော် တောင်ကြိုင်း မောကသို။ မြောက်ကိုလားသော် လာကိုးခေါင်းစပ်။

ကောကြီးလိဘ် မြေနယ်ကား အရှေ့ကို လားသော် မှိုင်းလုံး မြေနှင့် အစပ်။ တောင်ကို လားသော် ကိတ္တာမြေနှင့် အစပ်။ အနောက်ကို လားသော် မြစ်ထိ။ မြောက်ကို လားသော် မြစ်တောင်မြစ် ရှိသည်။

---

၁၂၈။ မြောက်ကိုလားသော်— ကို ၃၄၀၉ မူ၌ ချန်ထား၏။　　၁၂၉။ မြောက်ကိုလားသော် ရဟိုင်မြေနှင့် အစပ် (၃၄၀၉မူ)

ဒုတိယပိုင်း

## ၉၉၉ ခုနှင့် သာ၍ ရှေးကျသော စာတမ်းများ

### ပုဒ်မ ၃-ရှမ်းပြည်

### (က) ရှေးသမိုင်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ရတနာ သုံးပါးကို အရှိအသေ အကိုင်းအညွတ် အလေး အမြတ် မပြုမူ၍ ဘုရား သာသနာတော်သည် ကွယ်ခြင်း မှိန်ခြင်း မေ့လျော့ခြင်းနှင့် တကွ ရိုင်းပြ၍ သောင်းကျန်း ခက်တရော် ရှိလေသည်မြို့ကား မိုးမိတ် ၅ မြို့ပြင် မိုးညှင်းမြို့ မိုးကောင်းမြို့ မိုးဝန်းမြို့ မှိုင်းတွယ်မြို့ စကားမြို့ နောင်မွန်မြို့ မြို့ပေါင်း ၁၁ စော်ဘွား အဆက်ဆက် တို့သည် သာသနာတော် ကွယ်လေကုန်၏။ ထိုမြို့များသည် ဘုရား ရှင်ပင် ပရိနိဗ္ဗာန် လွန်တော်မူသည်နောက် သာသနာတော် အနှစ် ၃၅၃ ခုနှစ်တိုင်လျှင်ပင် ကွယ်ခြင်း သုံးပါးသို့ ရောက်လေသည်။ ကွယ်ခြင်း သုံးပါးကား ဘုရား တရား သင်္ဃာ ကွယ်လေသည်။ မင်းမသဦးသောကြောင့် တည်ထောင် နေနိုင် လေသည်။

နေရာတွင်ကား မိုးကောင်းမြို့ မိုးညှင်းမြို့ မိုးမိတ်မြို့ မှိုင်းတွယ်မြို့ မိုးလှိုင်းမြို့ မိုးဝန်းမြို့ စကားမြို့ နောင်မွန်မြို့ မြို့ပေါင်း ၁၁ စော်ဘွား စားအဆက်ဆက်တို့သည် မိုးကောင်းတွင် သိုဟိုခင် မိုးညှင်းတွင် သိုဟုန်တုံ့ မှိုင်းတွယ်တွင် သိုဟုံအွမ်ကြီး မိုးလှိုင်းတွင် သိုဟုံကပ် မိုးဝန်းတွင် သိုချည် ထိုမင်း ခြောက်ပါးနှင့် မိုးမိတ် ၅ မြို့ သခင်သား ၅ပါး ထိုမင်း ၁၁ ပါးတို့သည် ကျိုင်းတုံရွှေနန်းရှင်သားချည်းတည်း။ ထိုမင်းများကို ချစ်ကြည်သည် ဖြစ်၍ သို့ဟိုင်းအား မိုးကောင်းကို ပေးလေသည် မိုးညှင်းကို သိုအပ်ကို ပေးလေသည် မိုးမိတ်ကို သိုဟုန်ကို ပေးလေသည် မိုးဟိုင်ကို သိုဟုံကပ်ကို ပေးလေသည် မိုးဝန်းကို သိုချည်ကိုပေးလေသည်။ မှိုင်းတွယ်ကို သိုဟန်အွပ်ကို ပေးလေသည် စကားကို သိုသုံကို ပေးလေသည် မိုးခေးကို သိုချည်းဇာကို ပေးလေသည်တွင် မိုးမိတ် နှင့် အဝင် မိုးခေး ကျိုင်းတောင် မိုးဝန်း မှိုင်းတွယ် မိုးယည် မိုးကောင်း မိုညှင်း ၇ မြို့ပြင် ကျန် ၁၀ မြို့သားတို့ကို စော်ဘွား သားမြေး အဆက်ဆက် စော်ဘွားရိုး အမတ် သားမြေး များသည် ကျိုင်းဟုံရွှေနန်းရှင် သားချည်း ဖြစ်၍ ရှိသည် အတိုင်း တမြို့စီ အသီးအသီး ပေးတော်မူသည်တွင် ထိုမင်းသားများထက် ချစ်လေးမြတ်တော် မူသော မိုးမိတ်သခင် သိုဟုန်အုံ့ သိုဟုံကပ်တို့ကို ခေါ်၍ ခမည်းတော် ကျိုင်းဟုန်ရွှေနန်းရှင်သည် ငါသေလျှင် ငါ့အရာတော်ကို အပ်နှင်းမည် အကြံတော် ရှိသည့်။ မိုးမိတ်ကို သိုဟုံ သွား၍ ထီးနန်းမြို့နယ် မင်းမြို့ ရံ ၁၁ မြို့မ ၅ ရွာပေါင်း ၉၉ ရွာ တည်ရ လေသည်။

ရွှေနန်းရှင် ကျိုင်းဟုံရှင် စော်ဘွားကြီး အသက် ၁၅၀ ရှည်သော သခင် ကွယ်လျှင် သိုဟုံကပ်ကို ပေးအပ်နှင်းမည် ကြံသည်တွင် မြို့နယ်တည်လေ အမိန့်တော်ရှိ၍ မြို့တည်သည်ကို မိုးကောင်း မိုးညှင်း မိုးခေးမြို့ မှိုင်းတွယ်မြို့ စကားမြို့ နောင်မွန်မြို့ ကျိုင်းတုံမြို့ပါ မိုးမိတ်မြို့မ ၅ မြို့သို့ မြို့သီး ၁၁ မြို့သားတို့သည် ဆင်ပေါင်းမြင်းရံနှင့် ရဲမက်လုံ့ကိုင် ၉၀၀၀၀ နှင့် မြို့ကို[၁] ဂ၅၀ စီ တပ်ပေါင်းစားတို့ ချီလာ၍ အဘမရှိ သေလွန်လျှင် ငါတို့ သားကြီးသာ နန်းတက်ရမည်။ ငါတို့ သားကြီး မြေးကြီး ဖြစ်လျက်ကိုကား နန်းမတက်ရသော် လာ၍ တိုက်မည့် ကြံကြသည် အတိုင်း မိုးကောင်း မြို့သားလည်း မိုးစစ်

---

၁။ နှင့်တမြိုဝ်ကိုဝ် (၃၄၀၉မူ)

ကျောက်ထုံးလဘင် ဆင်ချည်းတိုင် ပဲခင်း ကျအောင် ဆင်းရောက် လာသည်။ မိုးညှင်းမြို့သားလည်း မြတော့ာင် ချွန်းတောင် ကျဆင်းလာ၍ ချွန်းတောင်မြို့ မြတောင်မြို့ ထီးချိုင့်မြို့ကို တည်လေသည်။ မှိုင်းတွယ်မြို့သား စော်ဘွားသိုဟုံဘွားကြီးနှင့် လူပေါင်း တပ်ပေါင်း ၅၀၀ သားလည်း မှိုင်းတွယ်မြို့ကို တည်လေသည်။ မိုးဝန်းသား စော်ဘွားအမတ် ၂၅၀ လူငယ် ၁၀၀၀ တို့လည်း မိုးဝန်းမြို့ကို တည်လေသည်။ ထိုမင်းများ အပေါင်းတို့သည် မှိုင်းခေ ကျအောင် ဆင်းလာသည်။

ထိုမင်းများ ဆင်းလာ ရောက်၍ အသီးအသီး မြို့တည်ကြသည် အကြံကို သိသော် အသက်တော် ၁၅၀ ရှည်သော ကျိုင်းဟုံရွှေနန်းရှင်သည် နှလုံး မတုန်မလှုပ် မကြောက်မရွံ့ နေတော် မူ၏။ မိုးမိတ် သားတော် သိုဟံဘွားက အသနားတော် ခံလေ၏။ ခမည်းတော်မင်းကြီး ယခု မိုးကောင်း သားတော် မိုးညှင်း သားတော် မှိုင်းတွယ် သားတော် မိုးဝန်း သားတော်တို့မှစ၍ ၁၁ မြို့ပြင် ကျန်မိုးမိတ်နယ်ပါ ၅ မြို့ကို ၁၁ မြို့သား စစ်သည် ရဲမက်နှင့် တကွ တိုက်မည်လာသည်။ ခမည်းတော် အဘယ်ကဲ့သို့ ကြံတော် မူသနည်း လျှောက်လျှင် သားယောကျ်ား ရှိလျက်ကို ငါကြံရတော့မည်လော။ သားတော်သာ ကြံဆောင် ပြုစုပါလေ့ဟု အသက်တော် ၁၅၀ ရှည်သော ရွှေနန်းရှင်က အမိန့်တော် ရှိသည်နှင့် သားတော်လည်း ခမည်းတော်ထံက ပြန်လျှင် ခမည်းတော်မင်းကြီးလည်း ခေါ်တော်မူ၍ အမိန့်တော်ရှိသည်။ သားတော် သိုဟုံ ခမည်းတော် ရွှေနန်းရှင် ရွှေမြို့မှ စ၍ မိုးမိတ်မြို့ အဝင်နယ်ပါ ၅ မြို့ မြို့မ ကျေးလက် ၉၉ ရွာနှင့် မိုးခါး မိုးညှင်း မိုးကောင်း မှိုင်းတွယ် မိုးဝန်း မြို့ပေါင်း ၁၁ ပါ ကျေးလက် အသီးသီး မြို့ပေါင်း ၁၅၇ မြို့အဝင် မှိုင်းတွယ်မြို့နယ်တွင်းဝင် ၉၉ ရွာ ကျိုင်းတောင် မြို့နယ်စပ် သိန်းနီမြို့နယ်စပ် လဲခြား မြို့နယ်စပ် မိုးနဲမြို့နယ်စပ် နယ်လေးရပ် သတ်၍ ချောင်း ၅ တော ၅ နတ်ကြီး ၁၂ မည် သူကြီး ၁၃ စော်ဘွား ၅၃ အမတ် ၁၀၀ တို့နှင့် မှိုင်းတွယ်မြို့ကို သက္ကရာဇ် ၃၅၃ ခု တပေါင်း လဆန်း ၁၂ ရက် ၃ ဂ်ါ နေ့တွင် ညဉ့် ၂ ချက်တီး ဘုသျှနက္ခတ်မှန်းတည့်လျှင် မိုးကောင်း မိုးညှင်း ကျိုင်းတောင် ကျိုင်းသည် လဲခြား ရောက်စောက် မိုးဝန် မှိုင်းတွယ်မြို့ နန်းထိ နယ်ခြား ပယ်ခြား ကျောက်တိုင် ၂၀၀ * တောမြို့တိုင် တာပေါင်း ၉၀၀၀၀ စီနှင့် ဘုရား တန်ခိုးကြီး ဓမ္မာသောကကောင်းမှု သိမ်မြေ လူသန္တက တပ်ပေါင်းစား စော်ဘွားစား ဘက်၍ မိုးမိတ်မြို့ မိုးညှင်းမြို့ တပ်ပေါင်း ၁၅၀၀ ဖွဲ့၍ ၅၅တပ် ထမ်းရွက်တည်ထောင် ပြုစုသည် အတိုင်း ငါသက်တော် ၁၅၀ ရှည်သော ကျိုင်းတုံရွှေနန်းရှင်ခမည်းတော်က သားတော်မိုးမိတ် သခင် သိုဟုံကို ငါ့သားအား အပ်နှင်း ခဲ့မည် အမိန့်တော်ရှိ၍ သားတော်က ပုံနှင့် ဆောင်၍ လျှောက်သည်ကား

တောသွား ယောကျ်ားသည် တောလည် လေလျှင် သစ်ပင်များနှင့် ချိုင့်ဝှမ်း ရာအရပ်သို့ ရောက်၍ ဆိုင်းဆိုင်း ဝေဝေ စိမ်းစိမ်း လန်းလန်း မြင်လျှင် လယ်ယာမိုးသွမ်းမြေ လုပ်အိုင်စားကျင်း ကောင်း၏။ ငါတို့ လုပ်လို၏ ဆိုဘိသကဲ့သို့ ထင်ပါသည်။ အသက် ၁၅၀ ရှည်သော ခမည်းတော် ကို လျှောက်၍ သားတော်က ဤသို့ ကြံပေသည်။ အကြံမှာကား မိုးကောင်း မှိုင်းတွယ် ကျိုင်းတောင် မိုးညှင်း မိုးဝန်း မိုးစားမြို့မှ စ၍ မိုးမိတ်နယ်ပါ မြို့မ အဝင် ၅ မြို့ကို ၁၁ မြို့သား တပ်ချီလာခဲ့သည်ကို ရောဝတီ မြစ်ကို မကူးစေရ။ ဆင်ခြေမြင်းခြေ ကျရာ မြို့တလုံး တည်၍ ပြည့်လေ ဆင်ခြေ မြင်းခြေ ကျရာလည်း ပိုင်စားယူလေ ပေးမှ သင့်ပါမည် လျှောက်လေလျှင် သားတော်သိုဟုံ လျှောက်သည်အတိုင်း အမိန့်တော် ရှိ၍ မြို့တလုံး တည်သည်။ မြို့ကို ဆင်ဖိုလ်မှန်ကင်းမြို့ တွင်သည်။

ရင်းကသည် မိုးစစ်မြို့ကို စစ်သည်နား၍ နေလျှင် စစ်သည် ကိုမြင်ရာ မိုးစစ်တွင် လေသည်။

---

* ဤမှမျက်နှာ ၂၄ ကြယ်ပွင့်ပြသည်အထိ ၃၄၀၉ မူ၌ချန်ထား၏။

မိုင်းတွယ်မြို့သို့ ရောက်လျှင် အသွယ်သွယ် အ၁၀၀ တပ်ပေါင်း စားတို့ နေသည် လမ်းကြောင်း လမ်းသွယ် မိုင်းမိုင်း ရှိ၍ သဇ္ဈေးတော ပန်းတောရှိသောကြောင့် မိုင်းတွယ် တွင်စေ သမုတ်၍ တွင်သည်။
မိုးမိတ်မှာ မိတ်ဆွေသဟာ ပေါင်းဘက်၍ များစွာ တည်ကြသောကြောင့် မိုးမိတ် တွင်သည်။
ထိုင်းကကို ပင်းခန်းမြို့ ရွာသို့ တက်၍ ပြန်ကြလေသည်။ မိုးကောင်း မြေ ကပ်မြို့ဝိုင်း မော်ဆိုသည်ကား မိုးကောင်းသို့ ရောက်လျှင် မိုးဃးသည်းစွာ ရွာ၍ မြို့ပြုရသောကြောင့် မိုးကောင်း တွင်သည်။ ကပ်မြို့ဝိုင်းမော်ဆိုသည်ကား တပ်ပေါင်း စားတို့ လဝန်းတပ် မှန်ကင်းတပ် ပျားလဘို့တပ် တပ်ပေါင်း ၁၂ တပ်ချရာ ကပ်မြို့ဝိုင်း မော် တွင်သည်။
မိုးစစ် ဆင်ချည်တိုင် ပဲခင်း ကသာ မြတောင် ရွှေအင်းများကို မိုး*ကောင်းသားတော်ကို ပေးသည်။တကောင်းမြို့ နယ်စပ်ချောင်းထိ။
မိုးညှင်း သားတော်ကို ဆင်ခြေကျရာ ပေးတော်မူသည် တွင် ထီးဆောင်းမင်း တို့ စုရုံး၍ နေလျှင် ထီးချိုင့်မြို့ တွင်လေသည်။
မိုးမိတ်သား တော်တို့ကိုလည်း ၅ မြို့နှင့် မိုင်းတွယ်မြို့ ကျိုင်းတောင်မြို့ ကိုလည်း တမြို့စီ ခွဲ၍ ခြားနားသမုတ် ပေသည်။ ဧရာဝတီ မြစ်ကို မကူးရ ရေမြေနှိုက် အပိုင်း အခြားအပ်၍ သနားတော်မူသည် အတိုင်း မြို့တည်လေသည်။ အဘယ်သို့ သနားတော် မူသနည်း ဟူမူကား ထီးချိုင့်မင်းစား မင်းဝံတောင်ရိုး အနောက် ချွန်းတောင် မောကတုံ မြေတူးကို လျှောက်၍ ချင်းတွင်းထိ သနားတော်မူသည်။ အရှေ့ကို ချွန်းတောင်မြစ်လယ်တောင် သောင်ငူကြီး။ သည်ကို လျှောက်၍ ဧရာဝတီ မြစ်မကို လက်သုံး ပြု၍ ပေးသနားတော် မူသည်။
မိုးဝန်း သားတော်ကိုလည်း မိုးဝန်းကို အပိုင်စား လေတော့ဟု ခရိုင်နှင့် တကွ ပေးတော် မူလေသည်။
သို့ပေး သနားတော် မူပါလျှင် သားတော်တို့ မိုင်းမော၍ချည်း ရှိ၍ မြို့တလုံးတည်၍ ချည်း ပြန်လေသည် ဆိုသောကြောင့် မိုင်းမောမြို့ တွင် သည်။
ထိုင်းနောက် တနှစ်လည်လျှင် ကန်တော့လက်ဆောင် အဆက်အကပ် မလာသောကြောင့် အသက်တော် ၁၅၀ ရှည်သော ကျိုင်းဟုံရွှေနန်းရှင်သည် မြို့စားစော်ဘွားများကို ခေါ်၍ ချ၍ အကျဉ်းအမြောင်းထား၍ မိုးမိတ်ကို ပြုစုတော်မူပြီးလျှင် သစ္စာတော် ပေး၍ အမိန့်တော် ရှိလိုက်သည် ငါ့သားများတို့။ ချစ်မြတ်နိုးကြ။ တယောက်ကို တယောက် ရန်မမူကြနှင့်။ ချစ်ကြည်ညို၍ နေကြကုန်။ မိန့်တော်မူ၍ သစ္စာတိုက်ထားခဲ့သည်။ တယောက်နှင့် တယောက်ကို ခိုက်ရန် ပြုသော် ငါ့သစ္စာအတိုင်း ထိခိုက်၍ ကြေမွပျက်စီး လိမ့်မည်ဟူ၍ သက်တော် ၁၅၀ ရှည်တော် မူသော ရွှေနန်းရှင် မင်းတရားကြီး အမိန့်တော် ရှိသည်။ မိုးမိတ်တွင် ဇနှစ်စံတော်မူသည်။ စံတော်မူ၍ အသက်တော် ၁၅၀ နှစ်တိုင်လျှင် ခန္ဓာစဲလေသည်။
ခမည်းတော် ကွယ်လွန်လျှင်ပင် ကျိုင်းဟုံတွင် မနေပြီ။ သားတော် သိုဟုံသည် မိုးမိတ်ကို ပြုစုတော်မူသည်။ မိုးခါး မိုင်းတွယ် မိုးကောင်း မိုးညှင်း မိုးဝန်း စော်ဘွားများသည် မိုးမိတ်မြို့မကောင်း၍ မြို့ကို ပြုစုပြင်ဆင် ရမည် အဘသစ္စာသည် ငါတို့တွင် ရှိသည် ဖြစ်သောကြောင့် ငါတို့သွား၍ လုပ်အံ့ဟု မိုးကောင်း နောင်တော်သည် ဗိုလ်ခြေ ၁၀၀၀ နှင့် ပြုစုရမည်လာသည်။ မိုးညှင်းက နောင်တော်ကလည်း ဗိုလ်ခြေ ၁၀၀၀ နှင့် ပြုစုရမည် လာသည်။
မိုးဝန်း သိုချည်းလည်း မိုးမိတ်နောင်တော်မြို့သည် မကောင်း၍ နောင်တော် နှစ်ပါး လာ၍ ပြုစု

* မျက်နှာ ၂၃ ကြယ်ပွင့်ပြသည်မှ ဤနေရာအထိ ၃၄၀၉ မူ၌ ချန်ထား၏။

တော်မူလာချေသည်။ မှိုင်းတွယ်မြို့က ဗိုလ်ခြေ ၅၀၀၀ နှင့် ပြုစုလာသည်။ ကျိုင်တော်ကသည် ဗိုလ်ခြေ ၁၀၃၀ နှင့် ပြုစုလာသည်။ ငါလည်း မနေသာ။ မခိုင်း မနိုင်း မနေသင့်ချေ။ သွား၍ လုပ်မှ သင့်မည် ဆို၍ ဗိုလ်ခြေ ၆၀၀၀ နှင့် လာသည်။ မြို့ပြီးနှင့် သောကြောင့် ကျုံးကိုသာ တူးရလေသည်။ မိုးညှင်းတာကကို ဆင်ကျပ် အခြား ရွှေကြာအင်း အထိ မိုးဝန်းက တူးသည်။

မိုးလှိုင်းသိုဟုံကပ်သည် မခိုင်းမနိုင်း နေ၍ ရန်မူသည်။ မိုးကောင်း မိုးညှင်း မိုးဝန်း နောင်တော်များက ဆုမ္မမြစ်တားကြသည်ကို မခံ။ အတင်း နေ၍ ရန်မူသည် ဖြစ်၍ ၃မြို့သားတို့က တိုက်၍ မခံမရပ်နိုင် ဥတည်ပြည်သို့ ပြေးလေသည်။ ၃ မြို့သားတို့က တို့လူ ပေးကောင်းသည် တောင်းလျှင် ဥတည်ဘွားကလည်း သူ့ကျွန်ကို ပေး ဆို၍ အကျဉ်း အမြောင်းနှင့် မိုးမိတ်မြို့သို့ ပို့လာသ်။ မိုးမိတ်မြို့သို့ ရောက်လျှင် ဆုမ္မကမြစ်၍ တနှစ်ကျော် နှစ်နှစ်ခန့် ထားပြီးမှ ၃၀ မြို့သို့ ပို့လေသည်။ သုံးနှစ်လည်လျှင် နောင်တော် မိုးမိတ်ဘွားက ခေါ်ပြန်၍ ခံဝန်စေသည်။ ခံဝန်ပြီးမှ သစ္စာတိုက်၍ ချစ်ကြည်ညိုသည့် ညီဖြစ်၍ ၃၀မြို့ ကျေးလက်ရွာပြည်နှင့် တကွ သနားတော် မူသည်။ အရှေ့ကို လားသော် သီပေါ။ တောင်ကို လားသော် ပန်းလောင်း။ အနောက်ကို လားသော် ရောဝတီ။ မြောက်ကို လားသော် ဆင်တောင် နွားတောင် သနားတော် မူလေသည်။ မြစ်နှင့် တကွ ပေးအပ်သနားတော် မူလေသည်။

မိုးမိတ်မြေ နိုင်ငံသည် အောက်ကို ကျောက်တလုံးထိ။ အရှေ့ ကိုလားသော် သိန်နီ။ တောင်ကိုလားသော် ကျောက်ကြီး ပန်းယ အဝ။အနောက်ကို လားသော် ပတောင်း။ မြောက်ကိုလားသော် ကပ်ကြိုစိမ်းမော်။ အနောက်ကို လားသော် တောင်ပုံ တပင်မြေနီတောင်ကျ ချွန်းတောင်မြစ်လယ်တောင် သောင်ငူကြီး လက်ပံတုံ မြတောင် မိုးမိတ်မြေ။

သိုဟုံမြို့စားသည် ၅၅ သိုဟုံသား သိုခင် သိုအွံ့ သား ၂ ယောက်။သိုခင်ကို မိုးမိတ်မြို့ကို အပ်သည်။ သိုအွံ့ကို သီပေါမြို့ကို ပေးသည်။ နှစ်စဉ်မပြတ် ပန်းဆက်သည်။ ပန်းကား သော်က ဂေါ်သဇင်။ သိုဟုံသား သိုခင်ဘွား လက်ထက်တွင်မှ မြန်မာပြည်က လာ၍ သစ္စာစကားနှင့် လောင်းတမ်း စကားဆိုလာသည်။ အဘယ်ကဲ့သို့ ဆိုလာသနည်း ဟူမူကား မြန်မာပြည်က လင်းတတကောင်ကို ကြက်အမှတ်ယူခဲ့၍ စစ်အင်္ဂါ ဗိုလ်ပါ အများနှင့် ပန္နား ၉၉ ယောက်သာ လွှတ်လိုက်သည်။ မိုးမိတ်ကလည်း သိန်းကို ကြက်အမှတ် ပြု၍ ပြသည်။ အသင်တို့ဘွင် ကြက်မဟုဘ် သိန်းတကားဟု ဆိုသည်။ မြန်မာမင်းတို့မှာလည်း လင်းတတကား ကြက်မဟုတ် သစ္စာမမှန်တကား။ မှန်သော သစ္စာနှင့် ဆို၍ အန်လောင်းပြန်သည်။ မြန်မာ အန်ရှုံး၍ ပြန်လေသည်။

၎င်းနောက် အနှစ် ၁၀၀ တိုင်မှ ပုဂံကနေ၍ နော်ရထာ မင်းကြီးသည် ဘုန်းကြီးမားသည် ဖြစ်၍ တရုပ်ပြည်သို့ စွယ်တော်တောင်းရာတွင် ဘုန်းကြီးမှန်းကို သိ၍ အန်မထောင် အချစ်အခင် တွယ်၍ ရန်မမူ နေလေသည်။ နော်ရထာမင်းကြီး တောင်ဘက် ၉ ခရိုင်ကို ပြုစုတော်မူမှ မြင်စိုင်းမြို့ကို တည်တော်မူသည်။ မြင်စိုင်း မြို့ကို တည်တော်မူသည်ကာလ မိုးမိတ်စော်ဘွားတွင် မြို့ရာကို ပေးပါ မေတ္တာနှင့် တောင်းသည်။ တောင်းလျှင် ယူတော်မူလော့ ပေးလေသည်။

၎င်းနောက် ၇၀၀ လျှင် ပန်းယကို တည်လေသည်။ ပန်းရ ၅ စီးရှင်တွင်မှ စစ်ကိုင်း ပန်းရ တည်လေသည်။ ၎င်းနောက် သက္ကရာဇ် ၇၂၆ ခုတွင်မှ သတိုးမင်းဖျား လက်ထက် အဝကို တည်လေသည်။

သတိုးမင်းဖျား ၃နှစ် ရွှေနန်းစံ၍ နတ်ရွာလားလျှင် ယောက်ဖတော် မင်းကြီး စွာစောကဲ ရွှေနန်းစံသည်တွင် အမတ်ဝန်ဇင်းမင်းရာဇာဟူ၍ ဖြစ်လေသည်။ မိုးမိတ်က တနှစ် တကြိမ် မြင်စိုင်း စစ်ကိုင်း ပန်းရ အဝကို အခွန်ခံသည် တွင်မှ ဝန်ဇင်းမင်းရာဇာ နှင့် တိုင်ပင် ပညာဖြင့် ကြံ၍ မိုးမိတ်ကို ပယူလေ

သည်။ ယူဟာန်ကား ဝန်ဇင်း ရာဇာ လျှောက်သည်။ အမြိတ် အစွန်တော်ကို သမီးကညာ အမှတ် ပြု၍ ပေးမှ ရပါမည်။ မိုးမိတ်ကို ရမှ ၉ စော်ဘွားကို ရပါမည် ထင်ပါသည်။ သမီးကညာ ငှပေး ပြီးမှ နှစ်လည်လျှင် ကန်တော့လက်ဆောင် တောင်းတော်မူရမည် လျှောက်သည် အတိုင်း အမြိတ် အစွန်တော် တယောက်ကို သမီးကညာ အမှတ် ပေးတော်မူ၍ နှစ်လည်လျှင် ငါတို့တွင် ရွေးဘေး လောင်းတော် ဘိုးလောင်းတော် တို့သည်ကား လက်ဖက် ကွမ်း တင်၍ လက်ထပ်မင်္ဂလာ ပြုရပါသည်။ ငါ့သမက်တော် စော်ဘွားဟူ၍ ငါမှတ် ထင်သည် အတိုင်း ငါ့သမက်တော် လာခဲ့ပါ ပညာနှင့် ခေါ်လျှင် မိုးမိတ် စော်ဘွားသည် သဘောရိုးရိုး မှတ်၍ စစ်အင်္ဂါ ဗိုလ်ပါ မပါဘဲ အမတ်ပေါမိုင်းနှင့်သာ ကိုယ် ထီး လာသည်။ အဝသို့ ရောက်လျှင် မြို့ကို မဝင်ဘဲ ကျွန်းဦးတွင် နေလေသည်။ နေရာတွင်မှ လက် ထပ်ဒင်္ဂလာပြုလေဟန်နှင့် နေထွက် ဘုရင် နန်းသို့ ခေါ်၍ သစ္စာတိုက်သည်။ အသင် အဘယ်သူ့ ကျွန်နည်း ဟု ထားမိုး၍ မေးတော်မူသော် နေထွက် ဘုရင်ကျွန် မှန်ပါသည် ဆိုက ငါ့ကျွန်မှန်က ဦးချ ဆို၍ ဦးချသစ္စာခံရလေသည်။ မိုးမိတ်ကို ပညာဖြင့် ယူ၍ ရသည့်နောက် ဇင်းမယ်ကို လုပ်ကြံတော်မူလေလျှင် နေထွက်ဘုရင် မိုးမိတ်ကို စေသည်။ ငါ့သမက်တော် ငါသည် ဇင်းမယ်ကို လုပ်ကြံတော်မူမည် ဖြစ် သောကြောင့် ငါ့မြေးတော်ကို ပေးဟု တောင်းလျှင် သမက်တော်နှင့် တကွ မြေးတော်သို့ဟန်ဘွား နှင့် ဗိုလ်လုံးတပ်လုံး ချီလာသည်ကို ကြားလျှင် ထိတ်ထိတ်လန့်လန့် ရှိ၍ ငါ၏ သမက်တော်ကို မချီ လာစေနှင့်တော့။ မြေးတော်ကိုသာ လွှတ်လိုက် ဆို၍ မြေးတော်ကို ဗိုလ်ချုပ်တင်၍ လူပေါင်း ၁၂၀၃၆၇ နှင့် လွှတ်လိုက်လေသည်။ တလနှင့် ခုနှစ်ရက် ဇင်းမယ်သို့ ရောက်သည်။ ၁၂ ရက်ကို အလို တော်ပြည့်သည်။ တလတည်း ရတော်မူသည်။ နှစ်လနှင့် ပြန်တော်မူလေသည်။ ရွှေနန်းသို့ ရောက်လျှင် အားရတော်မူ၍ မြေးတော်ကို ဘက်ရမ်းလျှက် နမ်းတော်မူသည်။ ဘွဲ့အမည်လည်း ကိုးသိန်းသခင် မင်းတရားကြီး ဟူ၍ သနားတော်မူလေသည်။ သက္ကရာဇ် ၇၃၈ ခု တိုင်မှ မိုးမိတ် သာသနာ တည်စ ပြုသည်။

တည်စ ပြုသည်ကား ဇင်းမယ်က ရဟန်း တပါးသည် ယွန်းဖြစ်၍ ရဟန်းတရား၌လည်း လိမ္မာ သည်။ ဗေဒင်ကျမ်းဂန်လည်း တတ်သည်။ မြန်မာတို့ အသုံးအဆောင်ကိုလည်း တတ်စွမ်းသည်။ ရှမ်း ယွန်း အလိုကိုလည်း တတ်စွမ်းသည် ဖြစ်၍ စကား အမျိုးမျိုး ကိုလည်း လိမ္မာသည်။ သို့ဖြစ်၍ မြေး တော်စော်ဘွား ဘိုးတော်ဘုရားတွင် သာသနာ တည်ထောင်လေသည်။ ကျွန်တော်တို့ မိုးမိတ်မြို့သည် ကား သာသနာသုန်း၍ ရဟန်းမရှိ ဖြစ်ပါသည်။ ဇင်းမယ်က ပါသည့် ရဟန်းကို သနားတော်မူပါ တောင်းလေသည်။ တောင်းလျှင် ကိုးကွယ်လေတော့ဟု ရေမြေရှင်က အမိန့်တော် ရှိသည်။ အမိန့်တော် ရှိလျှင် မိုးမိတ်သို့ သွား၍ သာသနာတော် တည်လေသည်။ ယွန်းသခင့် ဆုတောင်းပြည့်ကိုလည်း ပြင် သည်။ အဝမြို့ကလည်း လာ၍ မြို့ကို နံနိုပ်ဘုရား တည်လေသည်။ အုတ်မရသောကြောင့် မြို့ရိုးကို ဖျက်၍ တည်လေသည်။ သိမ်လည်း သမုတ်သည်။

မိုးမိတ် မြို့ကို အဝက ကြပ်ရလေသည်ကား ၇၃၉ ခုတိုင်မှ ရလေသည်။ ၇၆၉ ခု တိုင်လျှင် မိုးကောင်း နှင့် ကလေး ရန်ဖြစ်၍ တိုက်ခိုက် ကြလေသည်။ တယောက်နှင့် တယောက် အတိုက်အခိုက် နေလေသည်။ နေရာတွင် မိုးကောင်းက အဝနေထွက် ဘုရင် ပဋ္ဌမမင်းခေါင်တွင် စစ်ကူတောင်းလေသည်။ ကလေးက လည်း နေထွက် ဘုရင်တွင် စစ်ကူတောင်းလေသည်။ ရေမြေ အသျှင်ဘဝရှင်မင်းခေါင်ကြီးသည် မကြံနိုင် ၍ ဝန်ဇင်း မင်းရာဇာကို အမေးတော် ရှိ၍သည်။ မင်းရာဇာ အသို့ကြံသင့်မည်နည်းဟု မေးတော်မူသည်။ ဝန်ဇင်း မင်းရာဇာလည်း တတ်သိလိမ္မာ ပညာနှင့် ပြည့်စုံသည် ဖြစ်၍ ဘုန်းတော် အလွန်ကြီးမြတ်တော်

မူလှသော ဘုရား၊ ဤအမှုသည်ကား အရှင်မင်းကြီး ကျွန်တော် ပုံဆိုပါအံ့။ ရှေးသောအခါ တောင်သူကြီး ယာတွင် ယာထွန်စဉ် တောကြက်နှစ်ဘ မြေလှ၍ ခွပ်ကြသည်ကို ပန်းစေဦး။ ပန်းမှ ဘမ်းမည်။ မပန်းခင် ဘမ်းသော်ကား တဘသာ ရမည်။ ပန်းမှ ဘမ်းသော်ကား နှစ်ဘလုံး ရမည်ဟု အပန်းခံ၍ ခွပ်စေပြီးမှ ဘမ်းလေသော် နှစ်ဘလုံးကို ရ၍ အတူချည်ထားလေသော် ယဉ်လျှင် သင့်ပြန်လေသည်။ ထိုပုံကို ယူ၍ နေတော်မူ လျှောက်လျှင် ဝန်ဇင်းမင်းရာဇာ လျှောက်တိုင်း နေတော်မူပြီးမှ နှစ်မြို့သားတို့ တိုက်ခိုက် ကြရာတွင် မိုးမိတ်ကိုးသိန်းသခင်သားတော် သို့ဟုံဘွားကို ခေါ်၍ စကားပြောစေသည်။ မိုးကောင်း စော်ဘွားကိုလည်း အဝမြို့ကို ခေါ်တော်မူလေသည်။ ကလေး စော်ဘွားကိုလည်း အဝသို့ ခေါ်တော်မူလေသည်။ သို့မှ စကား ပြောစေသည်။ သင်တို့ နှစ်ဦး မတိုက်ကြနှင့်။ သစ္စာကို ခံ၍ ပြန်ကြလေဟု ဖြေဖြန်တော် မူလေသည်။ ဖြေတော်မူလျှင် နှစ်ဦးသားတို့တွင် ပါသည့် လက်နက်ကို သိမ်း၍ မိုးကောင်း ကျွန်ကိုကား တောင်ဘက်ကိုးခရိုင်မှာ ထားလေသည်။ မိုးကောင်းကျွန် တောင်ဘက်ကိုးခရိုင်တွင် နေလေသည်။ ကလေးကျွန် ကား တောတောင်ကို တချို့ ခိုလေသည်။ တချို့ မြန်မာပြည်သို့ ဆင်း၍ နေလေသည်။ အချို့ကား ရိုင်းပြ၍ ချင်းဖြစ်လေသည်။

မိုးညှင်းကို လုပ်ကြံလေသည် သက္ကရာဇ်ကား ၇ ဖ၉ခုတွင် လုပ်ကြံတော် မူသည်။ အဘယ်သို့ လုပ်ကြံသနည်းဟူမူကား မိုးမိတ်စော်ဘွားနှင့် လင်းဇင်းက ပါသည့် သိမ်းစောခမ်းကို မိုးညှင်းသို့ စေ၍ ရောက်လျှင်ပင် ငါတို့ သခင် မိုးမိတ်စော်ဘွား လာသည်တကားဟူ၍ အလွန် ဝမ်းမြောက်ကြ၍ ခရီးဦးကြိုဆိုနှင့်သည်။ တနန်းပေါ် ရောက်၍ စကားပြောဆို ကြသည်။ အဘယ်သို့ ပြောဆိုကြလေသနည်းဟူမူကား ငါတို့ရှမ်းဟူသမျှသည် ရိုင်းပြသောင်းကျန်းသည်။ အဝနေထွက် ဘုရင် ပြည်သည်ကား သာယာငြိမ်သက် ချမ်းမြေ့ သိမ်မွေ့ပေသည်။ ဘုရားရှင်သာသနာတော်လည်း ထွန်းတောက်ပ၍ ရတနာ သုံးပါးနှင့် တကွ တည်ထွန်းစွာ ရှိသောကြောင့် ငါတို့ မိုးမိတ်မြို့လည်း သာသနာတော် တည်ထွန်း တောက်ပပေသည် ဖြစ်၍ အဝသည် အလွန် ငြိမ်းချမ်းသာယာလှသည် ဆိုလျှင် အဝမြို့သို့ လိုက်၍ သစ္စာခံကြလေသည်။ သို့သစ္စာခံမည်လာသော အခါ အဝမြို့မြောက် မြစ်မအဆုံကျွန်းတွင် စော်ဘွားလေးပါး လေးမြို့ သားတို့ နေသောကြောင့် မင်းသား ကျွန်း တွင်လေသည်။

မိုးညှင်း မိုးမိတ် မိုးကောင်း မိုင်းတွယ် မိုးဝန်း ကျိုင်းတောင် စော်ဘွားများသည် အလွန် ဝမ်းမြောက် ဝမ်းသာရှိ၍ ရှေးဘေးလောင်းတော် ဘိုးလောင်းတော်တို့ ချစ်ကြည်ညိုသည် အတိုင်း ချစ်ကြည်၍ သစ္စာ ပြုလျက် ချစ်မြဲချစ်ကြပြန်သည်။ သစ္စာလည်း သောက်ကြသည်။ အဘယ်သို့ သောက်ကြသနည်း ဟူမူကား ငါတို့ ၃ မြို့သားသည် တယောက်ကို တယောက် တမြို့ကို တမြို့ ကြံပချေသော် သားစဉ်မြေးဆက် ပျက်စီး ကြေမွသည် ဖြစ်စေသောဟု ဘုရားလည်း တည်လေသည်။ ထိုတည်သော ဘုရားကိုလည်း သစ္စာရ ဘုရား တွင်လေသည်။ မင်း ၃ ပါးကောင်းမှု ဟူ၍လည်း တွင်လေသည်။

သို့တွင်မှ မိုးညှင်းမင်းက မိုးမိတ်ကို မြေပေး လေသည်။ အဘယ်သို့ ပေးသနည်း ဟူမူကား တိန်စင်မင်း စားနံ့အားကို လျှောက်၍ နံ့သာရမြို့ အနန်းဘောင်ကို ပေးသည်။ မိုးမိတ်မြို့ကလည်း တောင်ပုံတွင် ခန်သီတာ ပေါက်ကတူး မြေတူးအောက်ကို လျှောက်၍ ချင်းတွင်းထိ အရှေ့ကို ရွှန်းတောင်းမြစ်လယ် သောင်ငူကြီး လက်ပံထိုကို လျှောက်၍ ပေးလေသည်။ မိုးကောင်း ကသည် လုင်အင်းကို မိုးမိတ်ကို ပေးလေသည်။ ရေဝတီမြစ်မနား အရှေ့ဘက်ကို လျှောက်၍ အထက်ကို ကပ်မြို့ အောက်ကို အဝကျောက်တလုံးတိုင် ပေးလေသည်။

ဗန်းမော်မြို့သည် မိုးမိတ်ကို အိုးဆက် ရသည်။ ဆင်လည်း ထိန်း၍ နေရသည်။ မင်းမရှိ၍ မင်းပြုမည်

သူကို မိုးမိတ်တွင် တောင်းလေသည်။ တောင်းလျှင် မိုးမိတ်က အမတ်ကြီးကို ပေးလိုက်သည်။ အဘယ်ကဲ့သို့ ပေးလိုက် သနည်းဟူမူကား မြေနှင့် တကွ ပေးလိုက်သည်။ အရှေ့ကို လားသော် မိုးဇန်း။ အနောက်ကို လားသော် ကျောက်ကြီး။ တောင်ကို လားသော် ဟန်တက် မိုင်းခေါင် ကောင်းတုံ။ အနောက်ကို လားသော် ရောဝတီ။ မြောက်ကို လားသော် ကပ်မြို့။ အရှေ့ကိုလားသော် ကချင်ရိုင်း မွန်ရိုင်း ဖြစ်သောကြောင့် အခွန်အတုတ် မရ၍ တောင်ကို တိုး၍ ပေးပါ အသနားခံ၍ တောင်းပြန်သည်တွင် ဟန်တက်တောင်ချောင်း မြစ်လယ်ပြင် ယင်ခဲသပြေပင် စကြာချောင်းထိ တောင်းပြန်လျှင် စီရင်လေတော့ ပေးအပ်လိုက်သည်။ ပေးသည့် သက္ကရာဇ်ကား ၇၆၉ ခုတွင် အသနားတောင်း၍ ပေးလေသည်။ နှစ်စဉ် မပြတ် အခွန်သွင်း ရလေသည်။ ဗန်းမော်ကား အိုး ၃၀၀ ရွှေ ၃ ဆက်ရသည်။ မိုးမိတ်ကလည်း ကျွန်အမှတ် လက်ဆောင် တို့လိုက်သည်။ မှိုင်းတွယ်မြို့က ရွှေခွန် သစ္စေးခွန် ဆက်ရသည်။ ကျိုင်းတောင်မြို့က ရွှေခွန် ဆက်ရသည်။ နောက်သက္ကရာဇ် ၇၇၀ ပြည့်လျှင်ပင် နေထွက်ဘုရင်ကျွန်ခံတော့မည်။ မိုးမိတ်ကျွန် မခံပြီ အကြံနှင့် တဘက်လှည့် သွား၍ သံတော်ဦး တင်လျှင် မခံသာချေ။ မိုးမိတ်ကျွန် မှန်ပေသည်။ တခြားသို့ ကပ်မှီ၍ မခံသာ။ အမိန့်တော်ရှိ၍ မင်းရဲကျော်စွာကို အမှီပြု၍ လျှောက်ပြန်သည်။ သခင် ဘုရား မိုးမိတ်နှင့် မထမ်းလို၍ အခြား ထမ်းလိုပါသည် ဆိုလျှင် ထမ်းစေတော့ဟူ၍ ရှိခိုးသံတော် တင်ပြန်လျှင် တညီတည်း ဝန်ရှင်တော် မင်းများက သဘောစိတ်တူလျှင် ထမ်းစေတော့ အမိန့်တော် ရှိသည်။ ရေမြေရှင် မင်းတရားကြီးက မပေး။ မင်းရဲကျော်စွာသာ ပေးသည်။ မိုးမိတ်ကလည်း နှစ်လည်လျှင် အခွန်တောင်း ပြန်သည်။ တောင်းသော် အတင်းနေလေသည်။ နေရမည် လော့ဟူ၍ ဗိုလ်လုံးတပ်လုံး ချီ၍ တိုက်ခိုက်မည် သွားလေသည်။

ဗန်းမော်က အားမတန်၍ အသို့ ဆင်းပြေး လေသည်။ မင်းရဲကျော်စွာသည်း အမတ်ကြီးနှင့် လုင်သုံးကျိပ် လွှတ်လိုက်၍ မိုးမိတ် စော်ဘွား ဆုမ္မဖြေဖြန်အမိန့်တော် ဘတ်လာသည်။ ဗန်းမော်လည်း ငါ့ကျွန် မိုးမိတ်လည်း ငါ့ကျွန် မှန်သည်။ မတိုက် မခိုက်ကြနှင့်တော့။ ငါကပင် သိမ်းယူ စီရင်ရမည်။ ကျွန်ချည်း ဖြစ်၍ ငါကပင် သိမ်းယူ စီရင်သည်။ အမိန့်တော် ပြန်သောကြောင့် မိုးမိတ်စော်ဘွား အလာလက်လျှော့၍ မိုးမိဘ်သို့ ပြန်လေသည်။

နေထွက် ဘုရင် အမိန့် မဟုတ်ကြောင်းကို နှစ်သုစ်ကန်တော့ဆက်ရာတွင်မှ သိ၍ အလျင်တဆော ပြန်ခဲ့သည်နှင့် မိုးမိတ်သို့ ရောက်လျှင် ဗိုလ်လုံးတပ်လုံး ချီ၍ ဗန်းမော်စားကို ညှဉ်းဆဲကွပ်ညှပ်မည် ကြံစည်ခိုက်တွင် ဇင်းမယ် ပုန်ကန်ပြန်သည် ဖြစ်သောကြောင့် ဇင်းမယ်ကို ယခု ချီလေ။ မိုးမိဘ် စော်ဘွားကို ခန့်၍ မိုးမိတ်စော်ဘွား ဗိုလ်ပြု၍ ချီစေ။ ရေမြေရှင်က အမိန့်တော်ကျ၍ ချီရလေသည်။ ၉ သိန်းသခင်မြေကို ၉သိန်းသခင်တွင်စေ အမိန့်တော်ထုတ်၍ ဘွဲ့အမည် ပေးပြန်လေသည်။ လူပေါင်း ၅၇၈၉၀ ရဲမက်နှင့် တိုက်ခိုက် လေသည်။ ၃ နှစ်လည်၍ မချနိုင်။ မိုးမိတ် စော်ဘွားသည် ငါ့ဘိုးတော် မှာခဲ့သည်။ အဘယ်ကဲ့သို့ မှာခဲ့ သနည်းဟူမူကား မြသပိတ်တောင်က ရေကို မြောင်းတူး၍ ဇင်းမယ်မြို့ထည်းသို့ သွင်း။ မြို့ထည်းတွင် လယ်လုပ်သည် ရေလည်း မတော်နိုင်။ အစာလည်း မတော်နိုင် ဖြစ်သည် ဟူ၍ ငါ့ဘိုးတော် ၉သိန်း သခင် ပြောခဲ့ဘူးသည်။ ငါလည်း ရေကို ဖျက်မှ ရမည် ထင်သည်။ နက်ဖြန် ငါသွား၍ ယောကျ်ားကောင်း ၁၀၀၀ နှင့် တိုက်မည် ကြံပြီး၍ မိုးသောက်လျှင် သူရဲကောင်း ၁၀၀၀ သွား၍ တိုက်ခိုက် လေသည်။ ရေတော် မခံ့၍ အသနားဦးချ သစ္စာခံသာသည်။ အလိုတော် ပြည့်လေသည်။ သုံးနှစ်ကျော်၍ တပေါင်း လဆန်း ၁၀ ရက်မှ နောက်ပုန်ကန်သည်ကို သက္ကရာဇ် ၇၇၄ ခုဘွင် ရပြန်သည်။ ၉ သိန်း သခင် မိုးမိတ် စော်ဘွားသည် ဇင်းမယ်ကို ၃ နှစ်လည်အောင် စားရသည်။

၃ နှစ်လည်လျှင် ဘဝရှင် မင်းတရားကြီးက ခေါ်တော်မူ၍ မိုးမိတ်ကို အပိုင် ပေးသနားတော်မူသည်။ ၉ သိန်း သခင်တွင် ဇင်းမယ်က ယောကျ်ားကောင်း လေးယောက် ပါလာသည်။ ငါ့သန့် ငါ့ငို ငါ့အို လအန်း ၄ယောက် သားမယားနှင့် တကွ ပါလာသည်နှင့် ကသည်းကပြန်၍ မိုးမိတ်စော်ဘွားကို ငါ့တူတော် ကသည်း သို့ ချီရမည်။ ရေမြေရှင်မင်း တရားကြီး ဘုရား ခန့်တော်မူသည်။ ၉ သိန်း သခင်က ညီတော် စော်ဘွား အင်္ဂါကို ဗိုလ်ပြု၍ လွှတ်လိုက်သည်။ မြတောင်မြို့တွင် တပ်တာချ၍ နေလေသည်။ ချီလေ အမိန့်တော်ရှိ၍ ချီပြန်ရသည်။ ဆင်ဘို ဆိုင်မ ကွန်တောင် အင်းတော် နန်းပါးတိုင် ချီ၍ နန်းပါးတွင် တပ်ချ၍ နေလေသည်။ တပ်လုံးခြိမ့်အောင် တည်လေသည်။ ငါ့ကျွဲကြီး ငါ့ကျွဲငယ် နှစ်ယောက်ကို မော်လုံး သောင်သွပ် ကြအောင် လူ ၁၀၀ နှင့် တဲမော် ငယ်ခင်တို ဆောက်နှင့်ရမည် ဟူ၍ လွှတ်လိုက်သည်။ မော်လူး သောင်သွပ် တိုက ရှိခိုး လျှောက်သည်။ ကျွန်တော်တိုက သွား၍ ကင်းထိုးသည်မှာ ကသည်းကို အောင်ကြောင်း ကြားပါလေပြီးသည်။ ချီတော် မမူပါနှင့်တော့ လျှောက်လိုက်သည်။ အောင်ကြောင်းကို ကြားသိရလျှင် တလခွဲ တပ်တည်၍ အင်းတွဲတွင် နေလေသည်။ ရေမြေရှင်မင်းတရားကြီး ဘုရားက ခေါ်တော်မူသောကြောင့် သနားတော်ခံသည်။ ကသည်းကို ချီ၍ တိုက်ရမှ နှလုံး ကြေပါမည်ဟူ၍ ရွှေနန်းရှင်မင်းတရားကြီးအား ရှိခိုးသံတော်ဦး တင်လေသည်။ ရေမြေရှင် မင်းတရားကြီးလည်း အလွန်ဝမ်းမြောက်တော်မူ၍ မိုးမိတ်စော်ဘွား ဆင်ခြေရာ မြင်းခြေရာကျရာ စီရင်စားလေတော့။ ငါ့မြေးတော်သား ငါ၏ မြစ်တော်သည် အလွန်တရာ အစွမ်းသတ္တိနှင့် ရဲရင့်သန်မြန်ပေသည်။ မိုးမိတ်စော်ဘွား ဆင်ခြေရာ မြင်းခြေရာကျရာ သိမ်းရုံး စီရင်စားလေတော့။ မန်လည် ၅ ရွာကိုလည်း ပေးအပ်သနား တော်မူ လေသည်။ စစ်ပြန်၍ မြတောင်မြို့ကို စည်ပင်အောင် ပြုစု ၍နေလေသည်။ ငါ့ကျွဲကြီး ငါ့ကျွဲငယ် နှစ်ယောက် နင်တို့ ၂ ယောက်သည် ငါ့ဥစ္စာကို စောင့်လှ ပေသည်။ ငါ့ကျေးဇူးကို ခံတော့ဟု မန်လည် ၅ ရွာကို ပေးအပ်စီရင် စေသည်။ မန်လည် ၅ ရွာကား နန်းပါး အင်းတော ခင်လိန် ပင်သည် ကွန်တောင်။ ထို ၅ ရွာကို ပေးလေသည်။ စော်ဘွား အင်္ဂါလည်း မိုးမိတ်သို့ ပြန်လေသည်။ ။ဇင်းမယ်သား ငါ့ကျွဲကြီးကား လငိုသား ငါ့ကျွဲငယ်ကား လရွှေးသား တည်း။

စော်ဘွားအင်္ဂါသည် နောင်တော် ဇင်းမယ်ကျမိုင်းတိုင် အသနားတောင်းလေသည်။ ငါသည် တပေါင်းလကို ဘုရားတည်လာမည်။ လပြည့်နေ့ကို ဆင်ပေါင်းမြင်းရုံနှင့် လာခဲ့။ ငါလည်း ရဲမက်ဗိုလ်ပါနှင့် လာမည် ဆို၍ လပြည့်နေ့တိုင်လျှင် ဆုံရာ မြေခြား ဖြစ်စေတော့ အမိန့်တော် ရှိသည်။ နောင်တော် မိုးမိတ်စော်ဘွားက အကောက်ကြံ၍ လပြည့်နေ့ မြတောင်မြို့ကို ရောက်လေသည်။ ပါကလား မြောက်ခြေနက် တောမ ပင်လယ်ချက်တွင် ချ၍ အိပ်လေသည်။ မိုးသောက်လျှင် ချီလေသည်။ မြင်းထီးက ပေါက် ကျခဲ့လေသည်။ ထိုကြောင့် ရွှေထီးပေါက် တွင် လေသည်။ မြတောင် သိကြား ကျဘုရားတွင် ဆုံကြလေသည်။ ဘုရားလည်း တည်လေသည်။ ငါ့ညီတော် ဆုံကြရာတွင် မြေခြား ယူလော့ ပေးလေသည်။ လောင်း ကတော့ ပေါင်မိုး မြနတ်ပင်ထိ ပေးလေသည်။ မြတောင်မြေ မြတောင်စော်ဘွား မတား၍ မင်းဆက်ပြတ် လေသည်။ ရေမြေရှင် မင်းတရားကြီးသည် မိုးမိတ်မြေမှန်းကို သိ၍ မိုးမိတ်စော်ဘွားမှာ တောင်း၍ မဟာဒေဝီရှင် မိဖုရားကို အသနားပေး လေသည်။ မိုးမိတ်စော်ဘွားလည်း မြို့ကို အလုံးမပေး။ အလိုရှိသည်ကိုသာ တောင်းပါတော့ လျှောက်လျှင် ဆီဘိုး နွှင်းဘိုး ငါ့တသက်ကိုသာ ပေးပါတော့ တောင်းသည်။ ၃ နှစ်လည်အောင် စားတော်မူပါတော့ ပေးလေသည်။ ၃ နှစ် လည်လျှင် ကျွန်တော် မပေးမလျှောက်သည်။ ၃ နှစ်မလည်ခင် မိုးမိတ်စော်ဘွား ကွယ်လွန်လေသည်။ ၎င်းနောက် မဆီးမတား မဆိုမပိတ် နေသောကြောင့် အဲဝက ကြေးတိုက်ရွာစား ထား၍ အပိုင် ဆီးဘိုး နွှင်း

ငင်းအတွင်းရှာ မပါ ၁၁ ရှာသူကြီး ပေါင်း ၁ (ဝ) ရှာမ ပါ ၁၁ နှင့် တကွ ဆိပ် တည်ပွဲ အရပ်ရပ်ရှိသည်များကိုလည်း လှေ်ကား သုံးတောင်ကောက်ရိုးကား ဆင်ရတွင်သာ ကောက်ခိုး ဖြစ်စေသည်။ ထိုပေးသမျှ(ယူ) ရိုးပေး[၂၄] ကောက်ရိုးကား မင်း (ဧ) ကရာဇ် အကောက် အမတ်ကြီး အကောက် ငှက်ပျော တလှေလျှင် တဘီး။ ဘရဲသီး တလှေလျှင် တလုံး။ ဘူးသီး တလှေလျှင် တလုံး။ သခွါးသီး တလှေလျှင် တလုံး။ ငါး တလှေလျှင် တပြည်[၂၅]။ ငါးသိုင်း ဖြစ်လျှင် ၄[၂၆] ၅ ခု ကောက်ရိုး။ ပျားရည် အရက် ဆီကို လှေတစင်းလျှင် ထန်းစေ့မှုတ်နှင့် တမှုတ် ကောက်ရိုး။ လှေ်ကား သုံးတောင်မှာ ရေကြီးစဉ်ကောက် ရသည်။ သီတင်းကျွတ်လျှင် မကောက်ရ။ ဝန်တင်ဦး[၂၇] ၅ိ တင်လဲ ထန်းလျက် တင်[၂၈]လျှင် ၅ဝိ ဆီမှာ ပခုံးထမ်းခေါင်းရွက်တို့ကို[၂၉] နည်းလျှင် နည်းလျှောက် များလျှင် များလျှောက် ကောက်ရိုး။ ကွမ်းတစင်းလျှင် ကွမ်းဦး ၂ မိဖုရား စား ၁ အမတ်ကြီးစား ၅ဝိ ဆီပွတ်ဆုံမှာ ဆီမီးထွန်းရန် ၂ဝ ကောက်ရိုး။ အိုးတဖို ၅ လုံး။ ကျွန်[၃၀]ခေါင် မိဖုရားစား ၅ အမတ်ကြီး[၃၁] ၅ဝိ ခေါင်အကြီး ဝယ်ယူ စားရိုး။ ရောင်းသူပေးရိုး မရှိ။ မြင်းခေါင်း ၁၅ဝိ ဝယ်သူ ပေးရိုး။ ရောင်းသူ မပေးရ။ မြင်းခေါင်း ၇ိ အတွင်း မြင်းမှု[၃၂] ပိုင်သတည်း။ ပုဆိုးပြတ်ပွဲမှာ သတိုးမင်းဖျား လက်ထက်သော်[၃၃] ကား သုံးထောင်မှူး အိမ်မြောက်တွင်တဆောင်း ဆောက်၍ ပြတ်ရ[၃၄]၏။ ဟံသာဝတီ စကု စလင်း ဘောင်လင်း စလေ အမြင့် ပုခန်း ငင်း[၃၅] ကလာသည့် ပုဆိုး များကို ရောင်းသူ အပြတ်ခံ၍ ပွဲသို့ တင်လျှင် အထည် ၁ဝဝကို ပွဲ ၁ဝ[၃၆] ထည် တောင်းလျှင် အညှံခံ၍ ဂ ထည် ၉ ထည်ပေး ရသည်။ တောင်ဘက် ရမည်းသင်း ယင်းတော် ပင်းတလဲ ပြင်စည် ငင်းအရပ်[၃၇] များက ဝန်ထမ်း ပခုံးထမ်းနှင့်[၃၈] လာသည့် ပုဆိုး များကို ပြတ်လျှင်ငင်းနည်းခံမြဲ။ ဆန် တလှည်းလျှင် ဦးဆိုက် ၁် (လှေဦး ဆိုက်၁်) တောင်းပန်လျှင် လျှော့၍ (ကောက်ရိုး)။ ကွမ်းသီး တလှည်းလျှင် ၃[၃၉]။ မည်း နီးပါး ချည်ဖြူ ပုဆိုး ပခုံး ထမ်းခေါင်းရွက် တထည် ရောင်းလျှင် ပွဲ ၁၂[၄၀] ချိန်ခွင်တည် ကြေးပွဲ ၁ဝဝ လျှင် ကြေး ၅ဝိ[၄၁] လဘက်ရောင်းဝယ်လျှင် အခြောက်[၄၂] ရောင်းလျှင် ကြေး ၅ိ အစည်း ရောင်းလျှင် ၂ဝိ တတွဲလျှင် (ဝိတတင်းလျှင်) ၂၅ိ တစည်းလျှင် ၂ိ ဆား[၄၃] တည်ကား ၂ဝိ ကို ၁ ဆွဲ[၄၄] ။ အခွန်တော် ၅ိ ။

---

၂၄။ ဆိတ်
၂၅။ ဖျည်း
၂၆။ ခု
၂၇။ ဝန်ဦတင်ဦ
၂၈။ ရွက်မှာ
၂၉။ တတင်
၃၀။ ကျွန်း
၃၁။ ကြီခေား
၃၂။ အတွင်း။ မြင်းမှူး
၃၃။ လေ်
၃၄။ ကျ
၃၅။ သည်များ
၃၆။ ၁၁
၃၇။ စည်။ သည်
၃၈။ ဝန်တင် ပခုန်းနှင့် ထမ်း
၃၉။ လှည်းကိုဝ် ၃၁
၄၀။ ၁၅
၄၁။ ၂၅
၄၂။ အချောင်း
၄၃။ လျှင် ၅ိသား
၄၄။ ၂ဝ ကိုဝ်။ တကိုဝ်တဆွဲ

## ပုဒ်မ ၉ (က) သရေခေတ္တရာ ၉၉၉ ခု

သီရိ[၁] ဓမ္မာရာဇာ မဟာဓိပတိ အမည်တော် ရှိသော ရာဇမုနိ[၂] စူဠာဘုရားရှင် ဒါယကာတော်မင်းတရားကြီးသည် အရပ်ရပ် မြို့ရွာများသည် ထွေးရှက် ကြသည် ဖြစ်၍ ကောလီခါတ်တော်နှင့် တကွ မြို့တော် တံခါး တန်ဆောင်း ပြအိုးမှ စ၍ ကြငှန်းတော် အမည်အရည်* ရွှေနန်း မိဖုရား မင်းညီ မင်းသား ဆွေတော် မျိုးတော်များနှင့် မှူးတော် မတ်တော် တို့ကို ဘွဲ့အမည်အရည်လည်း ပေးတော် မူ၍ အရပ်ရပ် မြို့ကျေးရွာများမှာလည်း အင်းစာရင်း အသစ် ရှင်းလင်းတော် မူ၍ ပယ်နယ် မကျန်ရ တိုင်တာမှတ်သား ခြားနား ရသည်။ တံခါးမှူးများကိုလည်း ပြုစုရသည်။ စေတီ ပုထိုး မကောင်း ဟောင်းနွမ်းသည် များကိုလည်း သုတ်သင် ပြင်ဆင်၍ အနုမောဒနာခေါ် တော် မူသည်။ ရှေးဘေးလောင်းတော် ဘိုးလောင်းတော်တို့ လှူသည့် ဘုရားမြေ ကျောင်းမြေများမှာလည်း သံဃိက ဘုရား ကိစ္စဖြစ်၍ အတိုင်း တည်စေ ရသည်။

၎င်းပြင် မှတပါး ပယ်နယ်ကို ရှင်းလင်း တော်မူသည် ကား သက္ကရာဇ် ၉၉၉ ခု တပေါင်း လဆန်း ၁ ရက်နေ့ ရှင်းလင်း တော်မူသည်။

သက္ကရာဇ် ၄၂ ခု တန်ဆောင်မုန်း လဆန်း ၁ ရက် တနင်္ဂနွေ နေ့တွင် သရေခေတ္တရာပြည်ကို မဟာသမ္မတမင်း၏ အမတ်ဖြစ်သော သီရိစန္ဒအမတ် တည်သည်ကား ၎င်းသက္ကရာဇ် တန်ဆောင်မုန်း လဆန်း ၁ ရက် တနင်္ဂနွေနေ့ နံနက် တချက်တီး ကျော် ၅ မောင်းနှိုက် မြို့မြစ် စသည်။ ၎င်းလဆန်း ၂ ရက် တနင်္လာ နေ့ တချက်တီး ကျော် ၅ မောင်း ၂၂ ပတ်၌ ၅ ပုလျက် ကုန်းတွင် ၇ဝိနေ့ ကန်မှာ ရာဟုနေ မိန်တွင် ၂၄ ရက်နေလျက် သီရိစန္ဒမင်းတည်၏ ထုံ မြို့ရပ် ၁၅ တံခါး ၅ အရှေ့ ၁ တောင် ၁ မြောက် အနောက် ၂ မြို့တံခါး အရှေ့အနောက် ၂၅၀ တောင် မြောက် ၂၅၀ တာဝန် ၂၀၀၀နှင့် ပြည်မြို့ကို တည်သည်။

၎င်းမြို့တည်သည် ကာလ မြေ အခြားကား အရှေ့ကို လားသော် ဝါးရုံချောင်း တဘက် မြေထဲ မိုးဖုံး မြေနှင့် အစပ်။ တောင်ကို လားသော် တပ်ရွာတောင် ညောင်ပင် တဘက် တိုင်တား မြေနှင့် အစပ်။ မြောက်ကိုလားသော် လူနီကြီး ရှမ်းသတ်တဘက် ပတိမ်းမြေနှင့် အစပ်။ မြောက်ကို လားသော် မြင်ချင် စေတီလှ တံတိုင်းရောက် တဘက် ပတိမ်းမြေထိ။ ထိုနယ်အတွင်း ရွာပေါင်း ၁၆ ရွာ သူကြီးပေါင်း ၁၀ ဘုရား ၂ ဆူ ချောင်း ၂ ရပ် မြေပယ်ပေါင်း ၇၄၅ ပယ် ဘုရား မြေ ၅ ပယ် ကျန် ၇၄၀။

သဘောက်ရွာတွင် ရွှေဂူ မြတ်စွာဘုရားကို သက္ကရာဇ် ၅၆၃ ခုတွင် နရပတိစည်သူ လှူတော်မူခဲ့ သည်ကား သဘောက်ရွာ အရှေ့ဘက်တွင် ၅ပယ်လှူသည်။ ၎င်းမြေ အပိုင်းအခြားကား တောင်ကို လားသော် သီလရှင်မြေ ကျောခိုင်း။ အရှေ့ကို မြသိန်းတုန် သမန္တဇာမြေနှင့် အစပ်။ မြောက်ကိုလားသော် မြင်းမြေအစပ်။ အနောက်ကို လားသော် မြောင်းဦး မြေနှင့် အစပ်။ ၅ ပယ် အခြောက်လှူသည်။ ၎င်းသက္ကရာဇ် မင်းတည်သည်။

၎င်းမင်း ကျန်စစ်သား ကောင်းမှု အရိပ်မထွက် ဘုရားရှင် မြေကား သဘောက်ရွာအရှေ့မြောက် ပယ် ၁၀ လှူသည်။ ဘုရားမြေ အလားကား မြောက်ကို လားသော် မြင်းမြေအစပ် အမှတ် ထနောင်းပင်။

---

၁။ သီရိသု ၂။ ရာဇမဏိ * တောင်တွင်းကြီးမူ 'ဂ' ဆုံး၏။

အရှေ့ကို လားသော် လှမြေစပ် အသင်းကြီး တောင် ၎င်းရွာမြေစပ်။ အနောက်ကို လားသော် မြင်းမြေစပ် အမှတ် ကျောက်တိုင် အချောက်။ ပရိမ္မသဃ်ရာဇာမှာ အခွန် ချင်ရသည်။

၎င်းတောင် မြတ်စွာ ဘုရားရှင်ကို သက္ကရာဇ် ၉၆၆ ခု ညောင်ရမ်း မင်းတရားကြီး အမဘ် သီရိဇေယျ ယော်ခေ ကိုယ်စားတော် တည်သည်။ မြေကား သဘောက်ရွာ အရှေ့မြောက် ထီးလှိုင်းမြေနှင့် ကျောခိုင်း။ ပယ် ၁၀ လှူသည်။ အရှေ့ကို လားသော် ထီးလှိုင်းရှင် မြေထိ ဇောင်ချမ်းပင်။ အနောက်ကို လားသော် ငါ့ချစ်ဘွယ် မြေထိ ချောင်းဖြူတောင် ၎င်းထီးလှိုင်ရှင်မြေထိ။ မြောက်ကို လားသော် ၎င်းဘုရားရှင် မြေထိ။အမှတ် ကျောက် ၂ တိုင် ပျားစွဲဘုရားနှင့် တာ၄ သက္ကရာဇ် ၅၆၈ ခုတွင် ပေါက်ကံကလှူတော်မူသည်။

အစွတ် ပယ် ၁၅ ပယ် မြေကား ၎င်းရွာသာအနောက် သမန္တဇာဘုရား မြေနှင့် ကျောခိုင်း။ အမှတ်ကား အရှေ့ကို လားသော် လမ်းမကြီးတောင် သမန္တဇာဘုရား မြေထိ အမှတ်ကျောက်တိုင်။ အနောက်ကို လားသော် သီဟမြေနှင့် အစပ် ကျောက်တိုင်။ မြောက်ကိုလားသော် ခင်မွန်းမြေနှင့် အစပ် ကျောက်တိုင်ကို လှူသည်။ ပေါက်ကံသဃ် ရာဇာထံ အခွန်သွင်း ရသည်။

၎င်းဝက်ရဲ ဘုရားကို သက္ကရာဇ် ၃၆၄ ခု နှောရထာ စောတည်၍ မြေလှူသည်ကား ၎င်းရွာ အနောက်မြောက် ဇမ္ဗူချောင်း အရှေ့ဘက်၌ အကုလားတိုင်နက်က နုတ်၍ လှူသည်။ မြေအလားကား အရှေ့ကို လားသော် ငါ့ဖြူမြေနှင့် အစပ် ကျောက်တိုင် အင်းလေးမြေနှင့် အစပ် ကျောက်တိုင်။ အနောက်ကို လားသော် ဇမ္ဗူချောင်းထိ သမန္တဇာ ဘုရားတိုင်ခို ၇ ပယ် ၃ိ လှူတော်မူ သည်။ အခွန်တော်ကို ပေါက်ကံမင်း ကျောင်း သဃ်ရာဇာမှာ ချင့်ရသည်။

၎င်းမင်း ကျောင်း သဃ်ရာဇာ မြေကား ၎င်းရွာတောင် သဲဖြူချောင်း တဘက် အခြောက် ဂပယ် ၂ိ ရှိသည်။ မြေအလားကား အရှေ့ကို လားသော် အင်းမြေနှင့် အစပ် ချောင်းထိ။ ဘောင်ကို လားသော် ငါ့ရှမ်းမြေနှင့် အစပ် အမှတ် ထနောင်းပင်။ မြောက်ကို လားသော် ချောင်း လက်ကသုံ။ အနောက် လားသော် အင်းနားထိ လှူသည်ကား သက္ကရာဇ် ၄၆၇ ခု ကျန်စစ်သားလှူသည်။ မြသိန်းတန်ကိုကား မင်းကျန်စစ်သား လက်ထက် တည်သည်။

သာသနာ တော် ၆၃၈ ခု ဂေါဇာ ၁၆ ခုဘွင် သုပညာနဂရဆိန္နမင်း လက်ဆက် အစတည်၍ ရွာပြည် နိဂုမ်း ဇနပုဒ်မြို့ကို စ၍ တည်သမုတ်သည်ကာလ ရဿေ့ပြည်ဘွင် သခေ့ခေတ္တရာပြည်ကို စကောကို လေတိုက်၍ ပျက်လျှင် ပြူနှင့် ကမ်းရံ ၃ စုကွဲသည်ဘွင် သရေခေတ္တရာ ပြည်ကို မင်းပြုသော မင်းတို့၏ အနွယ်ဖြစ်သော သမုဒ္ဒရာဇ်မင်းသည် ပန်းတောင်း သက်သာအရပ်တွင် မြို့တည် နေသည်။ ပြူ ကမ်းရံ အစု မြန်မာ ၃ စု ၃ ရပ်တို့သည် အချင်းချင်း တိုက်ဖျက်၍ ဖြေ့စ်နှင့် ပန်းတောင်းမြို့ ပျက်သျင် ၎င်းကသည် သာသနာတော် ၆၄၄ ဂေါဇာ သက္ကရာဇ် ၂၂ ခု မင်းပြုန်းအရပ်မှာ မြို့တည်နေသည်။ ၎င်းနောက် ညေဝတီမြို့က တိုက်၍ ပျက်လျှင် ယုန်လွတ်ကျွန်းက နေ၍ ၁၆၉ ရွာသူကြီး မြို့ပေါင်း ၇၈မြို့ ကျေးလက် ၁၀၀၀ ရွာသူကြီး တို့ကို သိမ်း၍ သက္ကရာဇ် ၂၉ ခု လောကနန္ဒာဘွင် မြို့တည်၍ သီရိပစ္စာမြို့ကို ပင် ပေါက္ကာရာမ သမုတ်တော်မူသည်။ နောက်သက္ကရာဇ် ၃၆၄ ခု နှောရထာမင်းစော လက်ဆက်ဘွင်မှ အမှုထမ်း သူရဲသူခက် ရဲမက်လက်နက်ကိုင် မြို့ပယ်နယ် ကျေးသီးကျေးလက် ရွာ သူကြီး သုံ့ဖျင်း ရှေးသူတော်ကောင်းတို့ ကောင်းမှု ပထိုးစေတီ ဝတ္ထုကံ သန္တက မိုးဖြေ နယ်ဝင် ကျေးသီး ကျေးရွာ နောက်ပါသော သူ သူကြီး ဆက်မြို့ပြုနယ်ပယ် ၄ ရပ် ၈ ရပ်မှိုသီး ကျေးသီး ကွဲပြား၍ ပြုစု တည်ထောင်သည် ၃၀၀ ပြုမြို့ ကျိပ်ပြု ရာပြု ထောင်ပြု မြို့ သက္ကရာဇ် တိခ်ုတ်ဗေပျာက်ပျက် ယိုသွင်းသည် အရာများကို ထပ်၍ သမုတ်သည်။

သရေခေတ္တရာမြို့ ဒဂုံမြို့ သထုံမြို့ ထားဝယ်မြို့ တလမြို့ သံလျှင်မြို့ ကူထွတ်မြို့ ပုသိမ်မြို့ မော်လမြိုင်မြို့ မော်ဖီ မြောင်းမြမြို့ကို ပြုစုသည်ကာလ မြောင်းမြမြို့နယ်ပယ်ကား အရှေ့ကိုလားသော် ဇလဲတော် ပန်းတော ချောင်းခွထိ။ တောင်ကိုလားသော် ကုဆိပ်အခြား။ အနောက်ကိုလားသော် ဝတီကုန်းတန်း ပန်းတောခိုက်။ မြောက်ကိုလားသော် အုန်းထန်း ၃ ပင်ခွ မြစ်အချင် ပယ်ပေါင်း ၅၇၉ သတ်၍ တည်သည်။

ဟံသာဝတီ ကူးသိန် သမုတ်သည်ကား သဘော်ကူးရောက်သည် အရာကို စွဲ၍ ပုသိမ်ကို ကူသိန်ကူးဆိပ်မြို့ တွင်သည်။ မင်းပြုန်း ၂၀၀ ပြုမြို့ သမုတ်တော်မူသည်။ မြို့တာဝန်း ၄၀၃ တာ တည်၍ သာသနာတော် ၆၇၃ ခု တပေါင်း လဆန်း ၁၅ ရက် စနေနေ့ ညဥ့်သံလွှဲတွင် တည်ထား သမုတ်သည်။ မြို့များကို သက္ကရာဇ် ၂၂ ခုတွင်မှ ပေါက္ကာရာမသို့ ရောက်၍ သုဓမ္မဝတီမြို့ ၆၀၀ ပြုမြို့ မင်းဆက် ဥပဒေဝရာဇာ သဃာရာဇာ ဇောတကုမ္မာမင်း ဆက်၍ တည်သည်။

၎င်းနောက် ပေါက္ကံပြည်ကို ပြုစုသည် မင်း ၅၅ ဆက် မပြည့်မီ သာသနာတော် သက္ကရာဇ် ၆၂၄နှစ်တွင် သုပညာနဂရဆိန္နမင်း ၆၂၂ သက္ကရာဇ်ကို ဖြို၍ ၂ ခု သက္ကရာဇ် ထားသည်နှင့် အနောက်ဘက် စောရဟန် လက်ထက် တိုင်လျှင် သက္ကရာဇ် ၅၆၂ ရှိပြန်သည်ကို ၅၆၀ ဖြိုပြန်၍ သက္ကရာဇ် နှစ်ခု စထားသည်။ သက္ကရာဇ် ၁၆၀ တွင်မှ ဟံသာဝတီမြို့ တလိုင်း ၃ စု ၃ ရပ်ကွဲ၍ သမလရဟန်း ဝိမလ ရဟန်း ၂ ပါးဆက်၍ ဟံသာဝတီမြို့ကို မင်းပြုသည်။ ၎င်းနောက် တည်သည် ဟံသာဝတီ ဒဂုံ သံလျှင် မြို့များကို သာဂရကုမ္မာမင်း အစတည်သည်။ အဆုံး ဒီသာဝမင်းနှင့် မင်းပေါင်း ၁၇ နှစ် ဆက်၍ ပြုစုတည်သည်ကား စေတီမုဋော အဟောင်း ဓမ္မာသောကမင်း ကောင်းမှုများကို တာပေါင်း ၆၆၆တာ စေတီဟောင်း မော်ဓောဘုရား သိမ်ကျိုက်ဘုရား ထီးရိုး ကျိုက်ဘုရား ပေါင်း ၅၂ ဆူ စေတီပေါင်း ၁၈ တည်သည်။

သီဟိုဠ်ကျွန်း သာသနာတည်စကား ဤသို့တည်း။ ဘုရားသခင် ပရိနိဗ္ဗာန် ဝင်တော်မူသည့်နေ့ ဇမ္ဗူဒိပ်ကျွန်းမှသည် သီဟိုဠ်ကျွန်းသို့ ဝိဇယကုမ္မာမင်း ကူး၍ တည်စ ၎င်းနောက် တော်ပံသု ဒေဝသားအဘ။ ၎င်းသား ပဏ္ဍုကာဘယ။ ၎င်းသား မုဒသိဝ။ ၎င်းသား ဒေဝါနံပိယတိဿ။ ညီ ဥဒ္ဓိယ။ ညီသူရတိဿ ကျည်းကုလားမင်း ညီအစ်ကို သူရတိဿ။ညီ လောယမင်း။ ဒေဝါနံပိယတိဿမင်း။ ညီ အိမ်ရှေ့နန်းစံသည် ၁၀ နှစ်နှင့် မဟာနာဂစောရတိုင်မှ ဂါမမြို့တည်၍ သီဟိုဠ်ပြည် မင်းဆက် ၁၁၂ ဆက်တွင် ပြတ်သည်။ သီဟိုဠ်ပြည် မင်းဆက်ရာဇဝင် အတိုင်း ထပ်၍ သာသနာတော် ဂ၄၄ ခု တပို့တွဲ လပြည့်ကျော် ၅ ရက်နေ့တွင် မဟာပုဏ္ဏရီရာဇာသမိန္ဒောကို အမတ် ၄၀၀ ပြု သမုတ်၍ တည်သည်အတိုင်းနှောရထာမင်းစောသည် ပေါက္ကံနေ၍ သက္ကရာဇ် ၃၆၄ ခု အမတ် သုဇိန္ဒာမင်း ရွှတ်ဖိတ့်ကို စေ၍ပြုစု ထပ်သမုတ်သည်။

## ပုဒ်မ ၉ (ခ) တလ

တလ မြို့သူကြီးတို့ သက္ကရာဇ် ၃၆၄ ခု တန်ဆောင်မုန်း လဆန်း ၁၂ ရက်နေ့တွင် တလမြို့ အနောက်ပိုင်း မြေတိုင်ကြီး မြေဆက် ငါ့တော်ကြီး အသက် ဂ၆ နှစ် သူနှင့် စာရေး ၄ ငါ့တော်ကြီး နယ်ကန် သမုတ်သည်။ ဗျည္ဇားကျန်း တည်ဇုပ် သည်ကာလ သထုံပြည်က ဆံတော် ဂ ချောင်း ရဟန္တာ ၇ ပါး ယူဆောင် ခဲ့၍ ဘုရင် ဗျညားကျန်း ဆိုသည်ဆုကို ကိုးကွယ်စိမ့်မည် ပေးအပ်သည်တွင် ဘုရင်ဗျညားကျန်း အမတ် ၄ ယောက်ကို အပ်၍ တလမြို့ စီရင်သည် နက် နယ်မှန် သမျှအတွင်း မြေ အပိုင်းအခြားကို သမုတ်သည်ကား ပတ္တူနေရင်း ဇော်ဂီ ၄ ဦးပြသ၍ မြေအပိုင်းအခြားကား ဆံတော် ၁ ချောင်းကို ဌာပနာ၍

စေတီတည်ထားသည်မှာ အရှေ့ကို လားသော် မနုတ်ကင်းရွာ အနောက် စေတီစောက် ၁၉ ရပ်တော် သံ ၉ စေတီတဆူ တည်လုပ်သည် သမုတ်သော သူအမှတ်တည်း။ တောင်ကို လားသော် လုံရပ်မြစ် သံလျှက် စွန်း ကျွန်းဦးတွင် ဆံတော် ၁ ချောင်းကို ဌာပနာ၍ တည်သည် စေတီ လုံပတ် ၁၉ စောက်ရပ် သံတောင် ၉ တည်သည် အမတ်သမိန်ဓော အလာ မော်တင်မြစ် အနောက်ဘက် သံလျှက်စွန်း ရောဝတီတွင် ဆံ တော် ၁ ချောင်းကို ဌာပနာ၍ တည်သည် စေတီလုံးပတ် ၁၉ စောက်ရပ် သံတောင် ၉ တည်လုပ်သူ ဗျညားရန် အမတ်။ မြောက်ကို လားသော် ပန်းကုန်းတောင်ဘက်ရွာ အနောက် ဘီတစိန်ချောင်းဦးတွင် ဆံတော် ၁ ဆူကို ဌာပနာ၍ တည်သည်။ စေတီ လုပ်သောသူ အမတ် ဗျညားဦး။ အရှေ့မြောက်ကို လား သော် မြစ်ဖျား အနောက် ရောဝတီ အင်းမအနောက် ကန်သိုက်။ အရှေ့တောင်ကို လားသော် ယိုင်း အရှေ့ သူရဲသရွ ံ အနောက် အနား သံလျှက်ကျွန်းဦးထိပ်။ အနောက်တောင်ကို လားသော် မြောင်းမြမြစ် သံလျှက်စွန်း သမုဒ္ဒရာ ပင်လယ်မြစ်ကြီးထိ။ အနောက် မြောက်ကို လားသော် သံလျှက်ကင်းရွာ အနောက် ဘက် မိုးစစ်ချောင်းထိ။ ၎င်း ၄ ရပ်ဂရပ်အတွင်းတွင် ရွာပေါင်း နယ်ဝင် ၃၇ ရွာ အင်းပေါင်း ၆၀ ဆိပ် ပေါင်း ၂၇ ပွဲ၇၀ စုက ကင်းခွန် အင်းခွန် ဘုရားမြေပယ် ၆၀၀ နှုတ်သည်ပြင် ပယ်ပေါင်း ၁၀၀၀ နှင့် စီ ရင် ပြုစုသည်။ သမုတ်သည့် မြို့တာလည်း ၆၀၀၀ တည်သည်အတိုင်း သက္ကရာဇ် ၃၆၄ ခုနောက် နှောရထာ စောလက်ထက် တည်သည် ကာလ။

## ပုဒ်မ ၉ (ဂ) မြောင်းမြ

မြောင်းမြမြို့ကို အမတ် ကျန်စစ်သား ဘိုးတော်မင်း တရား လက်ထက် သမုတ်သည်။ မြောင်းမြမြို့ကို အမတ် အာဒိရာဇာ ကျိုက်စောလှ ငါ့တော်ကျည်တို့ ပြုစုသည်။ မြောင်းမြမြို့နယ် အရှေ့ကို လားသော် ဇလဲတော်ချောင်း ပန်းတောချောင်း ခွထိ။ တောင်ကို လားသော် ပင်လယ်မြစ်ကူးဆိပ် အခြား။ အ နောက်ကို လားသော် ဝတီကုန်း ထန်းပင်တောခိုက်။ မြောက်ကို လားသော် အုန်းတန်းပင် ၃ ခွမြစ် အ ခြား။ ပယ်ပေါင်း ၅၇၉ ခွန်မ ၁၂ ခွန်သေ ၁၃ မင်းသမီး ရာဇနန္ဒဒေဝီ ဆက်ခံစားသည် အဆက် တလိုင်း ၁၃ ကုလား ၁ ဆက် ဆက်ခံ၍ စားသည်ကာလ တရားစကား အပေါ် ရေးမှု မြေမှု သားနံတင်ပါး ပိုက်ကွန် ထုံး အင်း အိုင် ချောင်း မြောင်း တောတိုင် အင်းတိုင် ပုဆိန် တူရွင်း သံ ဖယောင်း ဆင်စွယ် ပျားရည် ပန်း ၁၂ ရာသီအခွန် ကွမ်းဘိုးများကို အရာကိုင် ၄ စာချီ ၃ စာရေး ၂ ပယ်နယ် အတွင်း ခွါကြီး ခွါငယ် ၅ တန်းခေါင် ၆ ဆော် ၃ ထား၍ ပယ်နယ် ၄ ရပ်အတွင်း ကူးတို့ ၂ ကုန်း ၅ ရှေးဘုရား ဟောင်းမင်းကောင်းမှု ၃ ဆူ ရှိသည်။

## ပုဒ်မ ၁၀ (က) ကျောက်ဆည်အစရှိ ၉၆၄ ခု

သက္ကရာဇ် ၉၆၄ ခု တပေါင်း လပြည့်ကျော် ၁၂ ရက် အင်္ဂါနေ့တွင် သီရိတရိ ဘဝနာတိတျာ ပဝရ ပဏ္ဍိတမဟာ ဓမ္မရာဇာ အမည်ရှိတော်မူသော ညောင်ရမ်း မင်းတရားကြီးသည် ဒိုင်း ၄၂ စို့ လမိုင်း ၅၆စို့ သူရဲရွှေပန်းပန် ၁၂ တပ် မြင်းနောက်တော်ပါ ကျွန်တော် ဟောင်း ရွှေတောင်ကျွန်းသီး ၄၂ စို့ ကာချပ် ရေပေါင်း ၅၂၀ ရွှေမြင်းစု ဒိုင်းစု ကြိတ်စု ရွှေငွေ အသည်ဆက်ရိုး။ တိုးဝင်း အစို့ ၄၆ စို့ အရွှတ်စို့ ၁၂ စို့ ကျောက်သံ အစု အစို့ ၅ဝ ဝင်းတော် ၄ မျက်နှာ အစို့ ၄၀ ကောင်ဟန်အသည် ၁၂ စို့ ယွန်းစုကောင်ဟန် အသည် စို့ ၅၀ နာရီ အစို့ ၉ စို့ အဝင် လက်မထောက် လက်ရထောင် တန်း ၁၂ ရုံးဆော် လွှတ်စေ လုင် ၉ သွေးသောက် တံခါးနီ ၁၂ စို့ အဆောင်နီ ၉ သွေးသောက် ၄၅ သွေးသောက် အဆောင်နီစို့ စည်တော် အစို့ ၂ဝ ထီးဖြူတော် ၈ စို့ နာရီ အစို့ ၄၀ တော် ၅၀ တော် အစုစု အသည်တိုင်တမ်း အစု အင်နး ရွှေချယ် စီစစ်၍ တိုက်ဝင် ၇ တိုက် အသည် ရွှေတိုက်ပယ်နယ် ကန့်ကွက် ချထား ဖြည့်သွင်း ပေးချသည် ကာလ တောင်ဘက် ၄ ခရိုင်တိုက် ကျောက်ဆည်တော်တိုက် ရောင်းပယ်နယ် ကျွဲရှည်း လုပ်သား ရေခွန် တော်ကျ မြောင်းခွန်တော် ရေသောက် ကျွဲရှည်း လယ်ပယ် အခွန်ရ အိမ်ခြေ အသည်တိုင်ထမ်း မြောင်းသောက် သမုတ် မြောင်းရေသောက် မြောင်းဖျား ဆည်ရေသောက် ကျီမည် ဆည်ရေသောက် ကန့်လန့်ကျော် ဆည်ရေသောက် ဆည်ဆည်ရေသောက် ထောက်ရှည်ကန် ကန်တော် ကန်လှ အောင်ပင်လယ်မှ စ၍ မြို့ပြုသမိုင်း အနေ့ာရထာစော လက်ထက် ဖြစ်သည် ၉ တိုင်း ၉ ခရိုင် နယ်အတွင်း မြို့ကျေးရွာ အောက်မြစ်စဉ် တလျှောက် ပြည်တိုက်မှစ၍ ကျိုပ်ပြု ရာပြု ထောင်ပြု မြို့ကျေးရွာတွင် တောင်ဘက် ၉ ခရိုင် အတွင်း အပြင် အနေ့ာရထာမင်း ပြုစုသမုတ်သည် မြို့ကား သာဂရမြို့ ပင်လယ်မြို့ မြစ်သာမြို့ ရင်နီမြို့ မြင်းခုန်တိုင်မြို့ ပန်းမြို့ တမုတ်မဆိုး ဆင်တောင်ရွာ တမြက်သာမြို့ မက္ခရာမြို့ ၁၁ ရွာကို ပြုစုတော်မူသည်။

## ပုဒ်မ ၁၀ (ခ) မော်ဖီ ၉၆၉ ခု

သက္ကရာဇ် ၄၂၀ ကဆုန် လပြည့်နေ့ တချိန် တနာရီတည်းတွင် တည်တော်မူသည်။ ကျိုပ်ပြု ရာပြု ထောင်ပြု အမတ်တို့ ပြုစုသမုတ်သည့်အတိုင်း ထပ်၍ သက္ကရာဇ် ၉၆၉ ခု တပို့တွဲလပြည့်ကျော် ၁၀ ရက် အင်္ဂါနေ့တွင် ညောင်ရမ်း မင်းတရားကြီး အစုအင်နး လုပ်မြေ နေမြေ စားမြေ ပယ်ခြား နယ်ခြား ၄ ရပ် သစ်စည်းဝါးစည်း နယ်နိမိတ် များကို သီးသန့်၍ တလိုင်းဟံသာဝတီပါ ဇင်းမယ်ပါ လူစု ရှမ်းကျိုင်းရုံး ကျိုင်းခိုင်ပါ လူစု ထားဝယ်ပါ လူစု တောင်ငူပါ လူစု ညောင်ရမ်း နောက်တော်ပါ လူစု ဒိုင်း လမိုင်း ဝင်းတော် ၄ မျက်နှာ ကောင်ဟန် အသည် သူရဲတပ် ဆင်မှူး ဝင်းမှူး လေးမှူးကောက် ပေါင်းများကို ချထား ပေးဖွဲ့တော်မူသည်ကာလ အောက်မြစ်စဉ် တလျှောက် မြို့ခြား သီးသန့်၍ ပယ်နယ်နိမိတ် မြို့ပါ နယ်ဝင်း မြို့ပြု တိုင်တပ် အသည် ရွှေတိုက် စစ်ကြောသည် နယ်နိမိတ် အစအစဉ် ထမ်းရိုး ရွက်ရိုး အိမ်ခြေ-ဦးရေ မြို့ပါ-နယ်ဝင် ရွာကျေးလက် မြို့ရုံမြို့ သက္ကရာဇ် ပြည်မြို့ သံလျှင်မြို့ တလမြို့ ကနောင်မြို့ ဒဂုံမြို့ ဟံသာဝတီမြို့ သီဟိုဠ်ပြည်မှ စ၍ မင်းပြုအစဉ်ကား သက္ကရာဇ် ၆၃၃ ခု

တန်ကူးလပြည့်ကျော် ၁၀ ရက် အင်္ဂါနေ့ ပြိဿစန်း ခနေ့တြင်း နဝင်းတွင် အမတ်ကွန် တည်ရော် ဒဂုံ ပြည် မော်ခေါမင်းကြီး ၎င်းမြေး ရာဇာဒိပ္ပမနုဘာမင်းကသည် ဟံသာဝတီမြို့ ၁၆၀ သက္ကရာဇ်တွင်၌ သာဂရ ကုမ္မာ တိဿမင်း ဇောတကုမ္မာမင်း မင်း ၁၇ ဆက် စ၍ တည်သည်။ ကနောင် တလ သံလျင် ဒဂုံ မော်လမြိုင် မော်ဖိ သိကုံတ္တရကုန်း မြောင်းမြမြို့ ပုသိမ် ၃၂ မြို့ ကူဆိပ်မြို့ ကျေးလက် ရွာပေါင်း ၆၀ မြို့ရုံ အမှတ် ၁၇၅ နှင့် ဝိသုဒ္ဓိ ရာဇာ ဗျည္ဇားလော ဗျည္ဇားပြတ် ဗျည္ဇားပသျှူးဓမ္မာရာဇာ အမည်ရှိ သောမင်း တိုင်ပင်၍ သီဟိုဠ်ပြည် သထုံပြည်က အဆက်အနွယ် အတိုင်း ဆက်၍ မွန်တလိုင်း ၂၉ ရှမ်း ၂၉ ဆက်၍ သက္ကရာဇ် ၇၅၇ တန်ဆောင်မုန်း လပြည့်ကျော် ၁၀ ရက် ဗုဒ္ဓဟူးနေ့ ပြိစ္ဆာလက် ညဥ့် သန်းလွဲ ဘဝါး မြို့ပေါင်း ၇၅၇ ရွာပေါင်း ဂဂ၉ ရွာ တည်သမုတ်သည်။ ၄၄ ကသည် အထက်မြစ်စဉ်တ လျှောက် အသည် တိုင်တမ်း ထောင်ပြု ရာပြု ကျိပ်ပြု သာသနာတော် တည်ရာ ဗျာဒိတ် ပေးမြို့အဝင် သရေခေတ္တရာပြည် ကသည် အရိမဒ္ဒနာ အမည်ရှိသော ပေါက္ကံပြည်ကြီး ရွှေထီးစိုက်ဆောက်ရာ မင်း ၅၅ အစ သမုဒ္ဒရာဇ် အဆုံး စောမွန် နှစ်မင်း မတိုင်မီ သီဟိုဠ်ပြည် သထုံပြည် ပင်းယပြည် ရခိုင်ပြည်ကို အစိုးရသော ဝိဇယျ ပူရ ဇေယျပူရမြို့ သီဟရာဇာမြို့ ဥမ္မာတန္တိမြို့ကို အစိုးရသော ရက္ခတိမြို့နှင့် တကွ များလှစွာသော တိုင်းများ သခင် ဖြစ်တော် မူ၍ ဘုရားဆုကို ရှေးရှေးသော မဟာသမတ ဘုရား အလောင်းကဲ့သို့ ဆုယူပန်တော် မူလျက် ရှေးရှေးသောမင်းတို့ လက်ထက် မပျက်စိမ့်သော၄ာ အစဉ် ထားသော တိုင်းနိုင်ငံ မြို့ပြ ကျေးရွာ စေတီမူထော ဂူ ပြိုပျက်နွမ်းဟောင်း၍ ဝတ္ထုကံမိုးမြေ ဘုရား မြေ ကျောင်းမြေ မြင်းမြေမှ စ၍ သက္ကရာဇ် ၂၂ဂခု တပေါင်းလပြည့်ကျော် ၉ရက် ဗုဒ္ဓဟူးနေ့ သန်းလွဲ ၇ဘဝါးတွင် သီရိဓမ္မာသောကမင်းသည် တည်ထားပြုစုကဲ့သည် အတိုင်း ထပ်၍ ညောင်ရမ်းမင်းတရား ကြီးသည် မြို့ပြ ကျေးရွာ နယ်ပယ် အစိုအငန်း စစ်တန်း လူစု ဖွဲ့ဖြည့်သွင်းပေးသည်။ သီးသန့် ခြားနား သည် ကာလတွင် အမတ်သရေပံ့ချီ နန္ဒရော်ခါတို့ကို စေ၍ အထက်မြစ်စဉ်တလျှောက် မြို့ပေါင်း ကောင်း တုံမြို့ ကောင်းစင်မြို့ ရင်းခဲမြို့ ငါရုံမြို့ တကောင်းမြို့ စမ္ဗာယ်နဂိုမြို့ မြတောင်မြို့ ကြံညှပ်မြို့ ထီးချိုင့် မြို့ ငါးပတ်ရွာ ငါ့စည်းကူးမြို့ ကျောက်ငါ့နွား ကျောက်မြောင်းမြို့ ချွန်းတော်မြို့ မန်လည် ၅ ရွာ ရေ ပေါ်မီး ၅ ရွာ မဲဇာ ရွှေလည် မိုးထားမြို့ ငါ့ရင်မြို့ ရွှေကူးမြို့ ရေနံသာမြို့ ဝါးရင်းတိုက်မြို့ ခုံမြို့ တောင် ဘက်တိုက်ဝင် ရမည်းသင်း ၅ မြို့ ဘတ္တမြို့ ဝတီမြို့ ညောင်ရမ်းမြို့ ပူတက်မြို့ မက္ခရာမြို့ ရွာသစ်ကြီး ရွာ မြင်းစိုင်း ပန်းယမြို့ တံတားဦးမြို့ မန္တလေးရွှေတောင်ထိပ် နှောရထာမင်းစော ပြုစုသည် သစ် ထောင့် ပလ္လင်မြေ ရွာထိ တပ်ဖောင်းကားမြို့ တရုပ်မြို့ တရုပ်မော်မြို့ အမြင့်မြို့ ဘတုံမြို့ အောက်ဆယ် ရွာ အထက် ၁ ရွာ လယ်ကိုင်းမြို့ ရွှေတောင်မြို့ သာယာဝတီမြို့ ရေနံချောင်းမြို့ ဝက်မစွတ်မြို့ မောင်း လင်းမြို့ မင်းတုန်းမြို့ တိုင်တာ့း ကတူး ဖောက်မြို့ ၎င်းမြို့များမှ စ၍ အောက်မြစ်စဉ် တလျှောက် နယ်ခြား ပယ်ခြား သီးသန့် သမုတ်သည် ပုသိမ် ၃၂ မြို့ သဘော်ဆိပ်ရပ် မြို့ပါ ရွာ ဂဝ ကျောက်သီး မော် လမြိုင်မြို့ မော်ဖိမြို့ တလမြို့ သလဲစီမြို့ ပတောင်းမြို့ သံလျင်မြို့ မြောင်းမြမြို့ ဒဂုံမြို့ မကွေးမြို့ စလေမြို့ ဇရွှံမြို့မှ စ၍ မြို့ပေါင်း ၅၂ဂ ရွာပေါင်း ၁၂၄၅ တည်သမုတ်သည်။ စစ်ကြော သီးသန့်သည် ကာလ မော်ဖိမြို့ ၄ရပ် အတွင်းကား ထုံး အိုင် အစွတ် အခြောက် ထားမ ပုဆိန် တူးရှင်း သံမြေ အစွတ် အခြောက် လုပ်သမျှကို စစ်သော် ကျွန်တော်တို့ မော်ဖိမြို့ ၃၀၀ မြို့အဝင် အသည် ကြေးထမ်း မြို့ပါ ကျေးလက် ရှမ်းပိုင် ၂ ဆက် ရခိုင် ၁ စု တလိုင်း ၁ စု ၃ရပ်ကွဲ၍ အမတ်သေနနန္ဒီ ဥပရာဇာ ဇဝဏ္ဏော ငါ့ယောတာတို့ တိုင်တာ သမုတ်သည် တာပေါင်း ၃ဂ၉ တာ မြို့တံခါး ၆ ပြအိုး ၇ နှင့် သက္ကရာဇ် ၆၃ဂ ခု တပို့တွဲ လပြည့်ကျော် ၅ ရက် အဿလိဿနက္ခတ်တွင် တည်ထားပါသည်။ ထမ်း

၇၅၅၈ မြေပယ် ၅၀ ခွန်မ ခွန်သေး ထုံး အိုင် အင်း ဆိပ် ပွဲ ကူးတို့ ၁၈ ခွန်ပေါင်း တနှစ်ကို ၁၂၈ အခွန်သွင်း ကျေးသီးမြို့ ဖြစ်ပါသည်။ မော်ဖီမြို့သူကြီး ငါ့သောကြာ နံအင်္ဂါ အသက် ၇၅ ငါ့စောပု နံတနင်္လာ အသက် ၅၅ ၎င်းတို့ သွင်းပေးအစစ်ခံသည် အတိုင်း အိမ်ခြေ ၄၈၃ သွင်းပေးသည် နယ်ပုံစစ်တမ်း။

## ပုဒ်မ ၁၀ (ဂ) ပုသိမ်

အောက်မြစ်စဉ် တလျှောက် စစ်သွင်း ပေးထမ်း ရသည် အိမ်ခြေဦးရေ အစုအဝိုင်း ဒိုင်း လမိုင်း ကောင်ဟန် သူရဲ ၁၂ တပ်မြို့ပါ နယ်ကန့်ကွက်ချထားသည် ကာလ မော်လမြိုင်မြို့ မော်ဖီမြို့ သံလျှင်မြို့ တလမြို့ ဒဂုံမြို့ မြောင်းမြမြို့ ဇလွန်မြို့ ပုသိမ်မြို့ သူကြီးငါ့တော်သည် နံစနေ အသက် ၇၅ သူ ၄၆ မြို့ သူကြီး ငါ့ကျော်သူ ရာဇနန္ဒဗျူညား အသက် ၆၇ နံသောကြာသားတို့ကို ရှေးအစုအစဉ် ထမ်းရ အိမ်ခြေ ဦးရေ ကပ္ပါး အသည် အလာ ချောင်း ထုံး အိုင် ကူသိမ်တွင်သည် ၃၃ သော သိမ်ကျောင်း နတ်ကြီး ၉၀ တော ၁၂ ရပ် သစ်သီးခွန် ဖယောင်းခွန် ဆင်စွယ် လျှော် ကြိမ် သင်ဖြူး ပျားရည် အခွန်တော်များနှင့် တောစိမ်းမြက်မည်း ခုတ်လုပ်တီထွင်၍ ဓားမ ပုဆိန် တူးရွင်း မြို့သူကြီး အဆက်ဆက်ကို မြေစွတ် အခြောက်လုပ်သမျှ မြေတိုင်ရိုး ဒိ ဝံ တောတွင် လုပ် ၂ိ ၂ံ အတိုင်စား ဂို ၂ံ အကဲစား ဒိ ဝံ တရားစကား အနံ တင်ပါး အပေါ်ဝန်း ဆင်သေ မြင်းလဲ အပေါ်ဝန်မှုကို စီရင်သည် နယ်တွင်း ပယ်တွင်း ခွန်မ စာရေး အကဲစီရင် စား ၁၅ိ ကွမ်းဘိုး မြေလိုက် ရေလိုက် ထုံးအိုင် အင်းများမှာ အဘိုးအကဲ အခွန်ဝန် ၁၂ ခွန်မကွမ်းဘိုးပါ ၃၂၀ တနှစ်ကို ကုန် ၂၅၀ ဆက်ခံ၍ စီရင်သည်။ မွန် ၂၁ ဆက် မြန်မာ ကုလား ၂၄ ဆက် နယ်သည် အရှေ့ချောင်းမထိ ခဲပေါင်း မြေစပ် ကျောခိုင်း တောင်ကို ပန်းမမဒီ မော်တင်ချောင်း အခြား။ အနောက်ကို နဂါးရစ် ပသျှူးရွာ။ မြောက်ကို ပိုင်ကမ္မမြေ အခြား။ နယ် ၄ ရပ်စီရင်သည် မြေတိုင် ၂၁ သူကြီးမြို့ အစီရင် ၃၇ စာချီ ၄ အတိုင်ပေါင်း ၅၆ အခွန် သွင်း၍ ဆက်ပေး ရသည် ပယ်ပေါင်း ဘုရားမြေ ကျောင်းမြေ ဝတ္တုကံ သင်္ဃကမြေ နုတ်သည် ပယ်ပေါင်း ၅၀၀ ဦးရေ ၅၆၇ အိမ်နှင့် ထမ်းရွက် ရသည် မြေတိုင် တောကဲတို့ကို စစ်သော် ဓားမ ပုဆိန် တူးရွင်း ခဲမ ဖယောင်း ဆင်စွယ် ပျားရည် ထုံး အိုင် အင်း သဇင် လျှော် ကျွဲရှည်းဦးရေ ထမ်းရပယ် ၅၈၉ အိမ်ခြေ ၄၈၆ ရှမ်း တလိုင်း ကရင်လူမျိုးတို့ နေသည် ပယ်ပေါင်း ၅၈၉ အနက် ဘုရားမြေ ကျောင်းမြေ ပယ် ၃၀၀ နုတ်သည် တောကဲ ဓားမ ၂ံ ပုဆိန်၃ူး စာချီအကဲအဘို့ ရေးစားပါ ခွန်မခွန်သွင်း အတိုင်း စားပါ ဂို ၂ံ အပေါ်ဝန် တရားစကား အနံ တင်ပါး ကျွဲနွားမြီး များကို စစ်သိမ်း၍ နယ်ပယ် သတ်သည်ကာလ။

## ပုဒ်မ ၁၀ (ဃ) မြောင်းမြ

မြောင်းမြမြို့ ၃၀ ပြုမြို့အဝင် အရှေ့ကို ဇလဲတော် တမုန်ချောင်း။ တောင်ကို ရွှေမောင်း မကလွှတ်တော။ အနောက်ကို ပန်းမမဒီ။ မြောက်ကို တာမွေသွန်း နယ်သတ်၍ တည်သည်။ ခွန်မ ၂ ခွန်သေ ၁၃ မင်းသမီး ရာဇနန္ဒဒေဝီ ဆက်ခံစားသည်။ အဆက်ဆက် တလိုင်း ၁၃ ရှမ်း ၂၃ ကုလား ၁ဆက် ဆက်ခံ၍ တရား စကား မြို့ကိုင် စာချီ ၅ အင်းတိုင်ပေါင်း ၃၃ တန်းခေါင်း ၆ ထမ်း ရ-၂၉၆ အိမ်နှင့် တနှစ်ကို ၁၆ အဘို့ အကဲ အခွန်အတုတ် ရေးစားတော်တိုင် တိုင်စီရင်၍ ဆက်ခံ စားသည်။

## ပုဒ်မ ၁၀ (င) မြောင်းမြ ၉၉၉ ခု

သက္ကရာဇ် ၉၉၉ ခု တန်ဆောင်မုန်း လဆန်း ၇ ရက် အင်္ဂါနေ့တွင် သီရိသုဓမ္မရာဇာ မဟာဓိပတိ အမည်တော် ရှိသော ရာဇမဏိ စူဠာဘုရားရှင် ဒါယကာ ပြုတည်သမုတ်သည်ကား တက်တူ ရန်အောင် တက်ခေါင် ဒိုင်းမှူး ရန္တပ္ပ ငါးစင်ရိုင်းစားတို့ကို စစ်ကြောစေသည်ကာလ မြောင်းမြမြို့ သူကြီး ငါ့တော်ရ နံဗုဒ္ဓဟူး အသက် ၄၇ သူတို့ကို သစ္စာတော်ကျမ်းနှင့် စစ်ကြောသည် ကာလ ထွက်ဆိုသည် နယ်ကား အရှေ့ကို လားသော် ဇလဲတော်တမုန်ချောင်း။ တောင်ကို လားသော် ရွှေမောင်းမကလွတ်တော။ အနောက်ကို လားသော် ပန်းမမဒီ။ မြောက်ကို လားသော် တာမွေသွန် နယ်သတ်၍ တည် ခွန်မ ၂ ခွန်သေ ၃ မင်းသမီး ရာဇနန္ဒဒေဝီ ဆက်ခံစားသည် အဆက် တလိုင်း ၁၃ ဆက်၍ ရှမ်း ၂၃ ကုလား ၁ ဆက် ဆက်ခံ၍ စားသည်ကာလ တရားစကား အပေါ်ဝန် မြေမှု ရေမှု မြောင်းမြမြို့ နယ် ၄ ရပ် အတွင်း ရွာ ၅၆ ရွာ မြို့ရံ ၄ လုပ်မြေ ၄၅၀၀ အင်း ၁၂ ချောင်း ၇ တော ၅ ရပ် မဟာဓမ္မသိင်္ဃဝဏ္ဏသင်္ရာဇာ အမည်ရှိသော မင်းကြီး တည်သည် ဘုရား ၂ ဆူ ရှေးကောင်းမှု ရှိသည်။ အပေါ်ဝန် ရေမှု မြေမှု အနံ တင်ပါး ပိုက်ကွန် ထုံးအိုင်အင်း ချောင်းမြောင်း ရာတိုင် တောတိုင် ကင်းတိုင် ခားမ ပုဆိန် တူးရွင်း သံ ဖယောင်း ဆင်စွယ် ပျားရည် ပန်း ၁၂ ရာသီ သစ်သီး အခွန် ကွမ်းဘိုးမင်းရာများကို အရာကိုင် ၄ စာချီ ၃ စာရေး ၂ ပယ်နယ်အတွင်း ခွါကြီး ခွါငယ် ၅ တန်ခေါင်း ၆ အဆော် ၃ ထား၍ ပယ်နယ် ၄ ရပ်အတွင်း အင်း ၇ ပယ် ၃ ကူးတို့ ၂ ရှေးဘုရား မင်းကောင်းမှု ၃ ဆူ ရှိသည် အတိုင်း ဆက်၍ မြို့သူကြီး တန်းခေါင်း ထမ်းရသည် ၂၂၆၄ အသည်အိမ်ခြေ စုခြား ငန်းခြား ကပ္ပါး ပါ ၅၂၀ အဘိုးအကဲ အခွန်အတုတ် တောတိုင် ၂ ယာတိုင် အစွတ် အခြောက် မြေလုပ်သမျှ ရေစား ၂ အခွန် အတုတ် အပိုအကဲများကို သူကြီးနှင့် မြို့စား ၃ ပုံ တပုံ ဆက်စားသည် စာတမ်း။

## ပုဒ်မ ၁၁-မင်းကြီးစွာစော်ကဲ အမိန့်တော် တမ်းကြီး ၇၂၉ ခု

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ [၁]

အမိန့်တော် ရှိသည် အရပ်ရပ် ရှမ်းပြည် ယွန်းပြည် တရုပ်ပြည် မြို့စား စော်ဘွား ဝန်ကြီး ဝန်ထောက် အခွန်ဝန် စာရေးကြီး ဝင်းမှူး ဆင်မှူး အမှုထမ်း ဗိုလ်မှူး တပ်မှူး စစ်ကဲ နားခံ တပ်စာရေး အကြီး အကြပ် အကွပ် အကဲတို့။

အပြည်ပြည် အတိုင်းတိုင်း ဦးညွတ်ရာ ရတနာပူရ ရွှေပြည်ကြီးနိုက် ရွှေထီး စိုက်တော်မူ၍ ထီးဆောင်းမင်း ပေါင်းတို့အရှင်သခင် ဖြစ်တော်မူသော ရွှေတွင်း ငွေတွင်း ပတ္တမြားတွင်းနှင့်တကွ သတ္တေါ်ဆိပ်များ အပေါင်းနှင့် ထီးဆောင်းမင်း တကာတို့ အရှင် ဘဝရှင် မင်းတရားကြီး အမိန့်တော် ရှိသည်။ ဝန်ကြီး မဟာနန္ဒဇေယျကျော်ထင် မဟာတလဖျား မဟာသီရိဇေယျ နေမျိုး နော်ရထာ အတွင်းဝန် နန္ဒသင်းကျံ ဝန်ထောက် နေမျိုး ဇေယျသီရိ ဇေယျ ကျော်ထင်တို့နှင့် အစုစု ခန့်ထားတော် သည် အမှုထမ်း အပေါင်းတို့။

ငါ့ယောက်ဖတော် ဘုရားသည် ရွှေနန်းတော်မှ ခွါတော် မူ၍ နတ်ဘုံဗိမာန်၌ စမွယ်တော် မူသည်။ ငါ့ယောက်ဖတော် ဘုရား အရိုက်အရာကို သိမ်းမြန်းတော်မူ၍ အသီးအသီး ခန့်အပ်တော်မူသည်မှာ ဝန်ကြီး ဝန်ထောက် စာရေးကြီး ပြည်ရေးရွာမှုမှ စ၍ ဆင်ရဲသား ကျွန်တော်မျိုးတို့တွင် တရားစကား အလုအရက် မငြိမ်မဝပ် ခိုက်ပွားရန်စည် ရှိသည်များကိုလည်း ကြပ်ကြပ်တည်းတည်း ခန့်ထားစီရင်ရမည်။

ဝင်းတော် ၄ မျက်နှာမှ စ၍ ပြည်ကြီးဝန်ကို ခန့်အပ်တော် မူသည်လည်း ရာဇ ဓမ္မ လောက ပစ္စုပ္ပန် သံသရာ စီးပွား ငါ၏ သားတော် အစဉ် မြေးတော် အဆက် မြစ်တော်အညွန့် အဓွန့်စည်ပင် ပြန့်ပွားမည်ကို သိကျွမ်း နားလည်သူ ဖြစ်၍ တကြောင်း ဂတိ ၄ ပါးမလိုက် သိကျွမ်းနားလည်သည်နှင့် အမှုကို ကြပ်ကြပ် တည်းတည်း စီရင် ရမည် အပ်သား၍ ဝန်ကြီး ဝန်ထောက် စာရေးကြီးတို့ အရာနှင့် ငါ့ယောက်ဖတော် မင်းတရားကြီး လက်ထက် ပြုစုတော် မူသည်။ ကြပ်ကြပ် တည်းတည်း အခွင့် ရောက်သည်ကို စီရင်။ မသင့်သည် အမှုကို ငါဗျာဒိတ်တော် ထွက်ရှိ မိသော်လည်း ဝန်တို့က စီစစ်၍ ရှိခိုးသံတော်ဦးတင်။

အတွင်းဝန် သံဆင့် သံခံ နားခံတို့မှာလည်း အတွင်းအမှုကို သိကျွမ်း နားလည်သူ ဖြစ်၍ အတွင်းဝန် အရာနှင့် အသီးအသီး ခန့်အပ်တော် မူသည်မှာလည်း အတွင်းအမှု အတွင်းမြဲတို့မှာ အိပ်လှည့် အိပ်ဘန် အစောင့် အနေမှ စ၍ အတွင်း အမှုအကြီးတို့ကို ကြပ်ကြပ် တည်းတည်း ကျေးဇူးသစ္စာတော် နှင့် အညီ မဘောက်မပြန်စေရ။ စေ့စေ့ ငုငု ကွပ်ညှပ် စီရင်ရမည် ခန့်အပ်တော်မူသည်။ ခန့်အပ်တော်မူ ကြောင်းလည်း သားတော် အစဉ် ဓမြေးတော်အဆက် မြစ်တော် အညွန့်တိုင် ဟုတ်မှန်တော်မူသည်ကို အဘွင်းက ရွှေနားမျက်စိကဲ့သို့ ရာဇ ဓမ္မ လောက ပစ္စုပ္ပန် သံသရာ အကျိုး နှစ်ပါးကို သိကျွမ်းနား လည်သူ ဖြစ်၍လည်း တကြောင်း ဂဘိလေးပါးကို မလိုက် ဖြောင့်မတ်စွာ အတွင်းနှင့် ဆိုင်သည် အမှုကို

---

၁။ ဤမျဉ်းကြောင်းကို ၃၄၁၀ မူ၌ ချန်ထား၏။

ကြပ်ကြပ်တည်းတည်း စီစစ်စီရင်ရမည် ဖြစ်၍ ငါ့ယောက်ဖတော်ဘုရား ပြုစုတော်မူသည် အတိုင်း ပြုစုတော်မူသည်။

ဝင်းမှူး ဝင်းစာချီ ဆင်မှူးတို့မှာလည်း ဝင်း ၄ မျက်နှာသားတို့ကို ရုံးထား၍ အလည့် အလည် အိပ်လှည့် အိပ်ဘန်ကို မပြတ်မလတ်အောင် လုလ္လနှင့် ကျေးဇူးသစ္စာတော်မြတ်ကို စောင့်သိသည်နှင့် အညီ ဝင်းစု အမှုထမ်း မှန်သမျှတွင် တရားစကားမှ စ၍ အမှုပေါ် ရှိသည်များကို ကြပ်ကြပ် တည်းတည်း မလစ်မဟင်း မယွင်း မယိုရ စီရင်။ ဝင်းမှူး ဝင်းစာချီ အရာနှင့် ငါ့ခန့်အပ်တော် မူကြောင်းလည်း ဂတိ ၄ ပါးနှင့် မြဲမြံတည်ကြည်သောသူ ဖြစ်သည်လည်း တကြောင်း သူလျှိုသူကန် အစရှိသည်ကို ရိပ်ချည်သိသူ ဖြစ်၍ ဝင်းမှူး ဝင်းစာချီအရာနှင့် ငါခန့်ထားအပ်တော် မူသည်တကြောင်း ငါ့ယောက်ဖတော်ဘုရားတွင် မလစ်မဟင်း မယွင်း မယိုရ ကျေးဇူးသစ္စာတော်နှင့် အညီ ထမ်းရွက်သည် မှူးမတ်ကြီး ဖြစ်၍ ငါထပ်မံ ခန့်တော်မူသည်။ ဝင်းသား မှန်သမျှကို ကြပ်ကြပ် တည်းတည်း စီရင်။

ဗိုလ်မှူး တပ်မှူး စစ်ကဲ နာခံ အကြီးအကြပ်တို့မှာလည်း ငါ့ယောက်ဖ တော်ဘုရားလက်ထက်တော် လုပ်ကြံတော်မူရာ ကျေးဇူးသစ္စာနှင့် အညီ ပြန်ရောက်သူ ဖြစ်၍လည်း အမှုတော် ထွက်သမျှကို ရဲရင့် တည်ကြည်စွာ ထမ်းရွက်ကြသည်ဖြစ်၍ စစ်ရေး စစ်ခွင့် ရောက်လျှင် ကြပ်ကြပ် တည်းတည်း မလစ်မဟင်းရ နိုင်နင်းအောင် သတ်ဖြတ် စီရင်လိမ့်မည် ဖြစ်၍ ငါ့လက်ထက်တော်လည်း ထပ်မံ၍ ခန့်အပ်တော်မူသည်။ ကျေးဇူးသစ္စာတော်နှင့် အညီ ကြပ်ကြပ် တည်းတည်း အမှုပေါ် ရှိသမျှကို အမှုနှင့် အင်တန်အောင် ကွပ်ညှပ် စီရင်။

မြို့ဝန် စာရေး ထောင်မှူး ထောင်စာချီ တို့မှာလည်း ရွှေနန်းတော်ပတ်လည် အတွင်းပြင် ခိုးသေး မီးပွား ရာဇဝတ်နှင့် စပ်ဆိုင်သည်များကို အရှေ့ ၅ တိုင် တောင် ၅ တိုင် အနောက် ၅ တိုင် မြောက်ငါး တိုင် အတွင်းတွင် ခိုးသေးမီးပွါး မပေါ် မရှိအောင် ကြပ်ကြပ် တည်းတည်း ဟုတ်မှန်သည် အတိုင်း စစ်ကြောစီရင်။ မြို့ဝန်အရာနှင့် ခန့်ကြောင်းလည်း ရာဇ ဓမ္မ လောက ပစ္စုပ္ပန် သံသရာ အကျိုး စီးပွားကိုလည်း သိသူ သူ့အသက်ကိုလည်း ချစ်ကြည်သူ ဖြစ်၍ ခန့်အပ်တော် မူသည်။ အရှေ့ အနောက် တောင်မြောက် သတ်ဆိုသည် နယ် ၄ နယ် အတွင်းကို ကြပ်ကြပ် တည်းတည်း စီရင်။

အမည်ရ ကျေးစား ရွာစား တို့မှာလည်း အသီးအသီး အင်တန်အောင် ငါသူကောင်း ပြုတော် မူ၍ မြို့ပြကျေးရွာ ပေးအပ်တော်မူသည်မှာလည်း ဆင်းရဲသား ကျွန်တော်မျိုးတို့ကို မပင်မပန်းမနွမ်း မနယ် ရအောင် ကြီးသည်စကားကို ငယ်စေ။ ငယ်သည့် စကားကို ပပျောက်စေ။ မြေဆီ မြေခွန် အကောက် အစား တရားကွမ်းဘိုးမှာလည်း နည်းအောင် စီရင်ရမည်။

သင်းမှူးတို့မှာ ယုံမှတ် တော်မူသည် ဖြစ်၍ အတွင်ပြဲတိုက် အရှေ့မာရဘင် အစောင့်အနေ အကြီး အကြပ်အမှူး ခန့်တော်မူသည်လည်း သင်းစုအမှုထမ်းနှင့် စပ်လျဉ်းသည် အရာများကို သင်းမှူးတို့က တလုံးတဝတည်း ခိုင်ခန့် စီရင်။

ပြောကြီးမှူး စမြောင်မှူးတို့မှာလည်း မင်းမှူးမင်းခင်းကို ယဉ်ကျေးဖွယ်ရာ လျှောက်ပတ်သူ ဖြစ်၍ အရာနှင့် ခန့်အပ်တော်မူသည်မှာ လွှတ်တော် ရုံတော်တွင် အနေအထိုင် အဝတ်အစားများကို ကြည့်ရှုစီရင်ရမည်။ဝန်ကြီးတို့က ခိုင်ခန့်သည့်အတိုင်း မထောက်မကြောက် ပြန်ဆိုရမည်။ ပြောကြီးမှူးမှာလည်း ညဉ့် နံနက် မပြတ်မလပ် ဝင်ထွက်၍ စာဆက်သွင်းစေ။ စမြောင် သာရကာ အမှူး နားထောက် နားခံ ငယ်သား ဖြစ်သည် စော်ဘွား မြို့စား ဝန် စစ်ကဲတို့ကို သစ္စာတော်တိုက်ကိုသာ ကြပ်မ၍ တိုက်စေရမည်။

အဝေး ရောက်စာရေး အရာနှင့် ခန့်အပ်တော် မူကြောင်းလည်း အဝေး မြို့စား စော်ဘွား ထီး

ဆောင်း နန်းနေ အပေါင်းတို့ကို ရာဇသံရွှေပေ အမှာအစီရင် အခန့်အထားကို ဝန်တို့ထံ လျှောက်ထား၍ ပေးမှာရမည်။ အဝေးရောက် အရာနှင့် ခန့်တော်မူကြောင်းလည်း အဝေးမြို့ရွာ စော်ဘွား မြို့စားတို့ကို စိတ်နှလုံး သာယာအောင် ကြည့်ရှု၍ သင့်သည်ကို မင်းမှာ လျှောက်ထားရမည်ဖြစ်၍ ခန့်အပ်တော်မူသည်။

မြို့ကွပ် မြို့ကိုင် မြေတိုင် စမြင်းတို့မှာလည်း ဘေးဘိုးစဉ်ဆက် ကြီးစိုးအုပ်ကွပ် တိုင်ဆော်သည် မြေနယ်နိမိတ် အပိုင်းအခြား ကျောက်မှတ် ကျောက်တိုင် မှစ၍ တိုင်သူရင် မင်းမှုတို့ကို အင်နည်း အင်များ မယုတ်ရအောင် ဆင်းရဲသားတို့ကို စီရင်နက်ကျေးရွာတွင် ဖြောင့်မတ်တော်တည့်အောင် စီရင်ဟုတ်မှန်ရာ စီစစ်၍ ရွှေလွှတ်တော်မှာ လျှောက်။

အဝေးမြို့ရွာ စစ်ကဲမြို့ရွာခန့် အပ်တော်မူသည် အမှုထမ်းကြီးတို့မှာလည်း ဆင်းရဲသား ကျွန်တော်မျိုးတို့ကို မပင်မပန်းရ ငြိမ်ဝပ်စွာ ရှိမည်အကြောင်း ခန့်ထားသည် မြို့ရွာများလည်း ရာဇဝတ်တော်နှင့် ဆန့်ကျင်သည် အမှု ကျေးဇူးသစ္စာတော်ကို ဆောင်၍ ဘောက်ပြန်လိုသော သူတို့ကို ရွှေဘဝါးတော်မြတ်အောက် ပို့ဆက်။ ဆင်းရဲသား ကျေးရွာနေတို့ မပင်မပန်းစေနှင့် ကြပ်ကြပ်တည်းတည်း စီရင်။ အဝေးမြို့ရွာသို့ ခန့်အပ်တော်မူကြောင်းလည်း သတိဂတိနှင့် ရဲရင့်မြဲမြံ တည်ခန်လိမ္မာသူ ဖြစ်၍လည်း တကြောင်းသားတော် အစဉ် မြေးတော်အဆက် မြစ်တော်အညွန့်တိုင် စီးပွားများမည် အကြောင်း နှလုံးမသာ မယာသူတို့ကို ယည်ပိုက်၍ နေထိုင်သူတို့ကို သာယာပျော်ပါးအောင် စီရင်ရမည်။

တောင်ဘက် မြောက်ဘက် အရပ်ရပ် အမှုထမ်းအပေါင်းတို့ မှာလည်း ဘေးလောင်းတော် ဘိုးလောင်းတော် ပန်းယ စစ်ကိုင်း မြင်စိုင်းမှ စ၍ ပြုစုတော်မူသည်။ ကျွန်တော်မျိုးအမှုထမ်းများမှာလည်း အသီးအသီး ကျေးဇူးသစ္စာတော်နှင့် စားမိုးစားမြေ လုပ်အိုင်စားကျင်း ပေးမှတ်၍ ရှိလေပြီးသည် ကျေးဇူးသစ္စာတော်ကို စောင့်သိသည်နှင့် အညီလည်း ဘေးလောင်းတော် ဘိုးလောင်းတော်တို့ လက်ထက်က ပေးမှတ်သည်အတိုင်း သတ်မှတ်၍ သနားတော်မူသည် ကျေးဇူးသစ္စာတော်နှင့် အညီ နတ်တော်လဆန်း ၁ ရက်ကို နှစ်စဉ်မပြတ် ရွှေဘဝါးတော် အောက်သို့ အရောက် အတွင်းတပါး ပြင်တပါး အစောင့် အနေ ခန့်ထားသူ အဝှန်းအမှူးကြီးတို့မှာလည်း မပြတ် မလပ် နေ့ညဥ့် အလှည့်အလည် မှန်ကန်အောင် ငယ်သားတို့နှင့် စောင့်နေထမ်း ရမည်။

အမှုကြီး အမှုအရာနှင့် ခန့်ထားအပ်တော် မူရာမှာ လည်း လုလ္လဝီရိယ စာဂရိပ်ခြည် ထင်မြင် နိုင်သောသူဖြစ်၍ ခန့်အပ်တော်မူသည်။ ကြပ်ကြပ် တည်းတည်း စောင့်နေထမ်းရှက်။

အနောက် ဝန်ဗလစာရေးကြီးတို့မှာလည်း အနောက် အတွင်းက ဆိုင်သည့် အဝတ်အစား ပန်းမန်နှမ်းရှိသည်ကို သန့်စင်ရေတော် စား တော် အထုတ်အသွင်းမှ စ၍ မသင့်သည် အရာကို ကြည့်ရှုစီရင်ရမည် ခန့်အပ်တော် မူသည်။

ဝန်ကြီး ဝန်ထောက် စာရေးကြီး တို့မှာလည်း ပြည်ကြီး ဝန်ကို ချုပ်အုပ်စီရင်နိုင်သူ ဖြစ်သောကြောင့် ဝန်ကြီး ဝန်ထောက် အရာနှင့် ခန့်အပ်တော်မူသည် အတိုင်း ကြပ်ကြပ် တည်းတည်း မလစ်မဟင်း မယွင်းမယိုရအောင် စီရင်ရမည် အမိန့်တော်ရှိသည်။

သက္ကရာဇ် ၇၂၉ ခု ပထမ ဝါဆိုလဆန်း ၅ ရက်နေ့တွင် ဝန်တို့ဆီသို့ ပြန်သည်။ ၎င်း ၆ ရက်နေ့ဖြင့် သေနာပတိဆီသို့ သိင်္ဂတုရင် ပြောကြီးမှူး ပြန်သည် အမိန့်တော်။

သက္ကရာဇ် ၁၁၂၄ ခု ဘုရားနောင်တော် ဘုရားကြီး လက်ထက် ပတီဆရာကြီး ပေစာက ရှင်ညာဏကူးယူစေသည်။ သက္ကရာဇ် ၁၁၂၄ ခု ဝါခေါင် လပြည့်ကျော် ၂ ရက်နေ့ စရစ်တိုက်သင်္ဘော ရှင်အာစာရ ကျောင်းတွင် ပေစာလက်ခံက ကူးယူသည်။ အမိန့်တော်တမ်းကြီး ။

## ပုဒ်မ ၁၂-သာလွန်မင်းအမိန့်တော်တမ်း ၉၉၉ ခု

## (က) အရပ်ရပ် အုပ်ချုပ်ရေး

သာလွန်မင်း အမိန့်တော်တမ်း [၁]။ ရှမ်းပြည် ယွန်းပြည် တလိုင်းပြည်မှ စ၍ အရှေ့ကို လားသော် သံတံတား။ အနောက်ကို လားသော် ပင်လယ်နား။ တောင်ကို လားသော် ယိုးဒယား။ မြောက်ကို လားသော် ရေပေါ်မီး ငါ့နားကြီး အက္ကပတ် ကသည်းတို့နေရာ လူပေါင်းတို့ကို ရတနာပူရ ရွှေမြို့ကြီး ရွှေထီးစိုက်ရာ အစိုးရတော်မူသော သီရိသုဓမ္မာရာဇာမဟာဓိပတိ အမည်တော်ရှိသော ဘဝရှင်မင်းတရားကြီး လက်ထက် မဟာမုနိစေတီတော်ရင်ပြင်အရပ်သို့ သုဇံပတိနှင့် စတုလောကပါလ နတ်တို့သည် ဗိမာန်နှင့် သက်၍ ကျောက်ကာ စာပေါင်း ငါ့ဆုအောင်တွင်ပူး၍ ဆရာတော်နှင့် စကားပြောသော အခါ မဇ္ဈိမာဒေသအတွင်း သောဠသ ၁၆ ပြည် တိုင်းကြီး ၁၆ တိုင်း တိုင်းငယ်များတွင် တတိုင်းနှင့် တတိုင်း တပြည်နှင့် တပြည်နယ် ကျောခိုင်း နံစပ် အတွင်းတွင် ဥက္ကာကရဇ်မင်းမှ စ၍ ပါတလိပုဒ်ပြည်ကို အစိုးရသော သီရိဓမ္မာသောကမင်းကြီးတိုင် မင်းဧကရာဇ် အဆက်ဆက်တို့ လက်ထက်က မြို့ရွာ ၇၄၀၀၀ ပွားစီးသည်အရာများသည် ဇမ္ဗူဒီပါကျွန်း ယူဇနာ တသောင်းတွင် တောနေ ၃၀၀၀ ရေနေ ၄၀၀၀ လူနေ ၃၀၀၀ ကျမ်းလာသည်။ ရှေးတည်ရင်း မြို့ရွာနယ် အတွင်းချည်း ဖြစ်သည်။ ရှိရင်းမြို့ရွာက ပွားသော မြို့ရွာသို့ ဆင့်ပွားခွဲခြမ်း၍ နယ် ၄ ရပ်ပြန်၍ အလုပ်အဆောင် အစီးအပွား ပြုကြသည် ထုံးစံ ရှိသည်။

ယခု လောကတွင်လည်း ဝိဇယပူရပြည်ကို အစိုးရသော တစီးရှင်မင်းတရားမှ စ၍ သားတော်ဥစ္စနာ ၅ စီးရှင် ကျော်စွာရတနာပူရတွင် ပဥ္စမမင်းခေါင် မိုးညှင်း မင်းတရား နရပတိကြီး ဒုတိယမင်းခေါင် လက်ထက်တော်များတွင် မြို့ရွာတည်သည် အရာများမှာ ကျယ်သော နယ်ကို ချုံ့စေ၍ ရာဇဝတ်ပိုင်း ခန့်ထားသည်။ မြို့ရွာများမှာ တမြို့လျှင် အရှေ့ကို လားသော် တိုင် ၁၀ တောင်ကိုလားသော် တိုင် ၁၀ အနောက်ကို လားသော် တိုင် ၁၀ မြောက်ကို လားသော် တိုင် ၁၀ အတွင်း တွင်သာ စီရင်စေ။

စာချီ စာမြင် ကလန့် သံပျင် မြေတိုင် မြေထိန်း စောင့်နေသော ကကျွေးတော်ခံမြို့ရွာများမှာ တိုက်မဝင်မြို့ တိုက်ဝင်မြို့ ကျေးသီးမြို့ရွာများမှာ အရှေ့ကို လားသော် ၅တိုင် တောင်ကို လားသော် ၅ တိုင် အနောက်ကို လားသော် ၅ တိုင် မြောက်ကို လားသော် ၅ တိုင်သာ စီရင်စေ။

ရာပြုမြို့ ထောင်ပြုမြို့ရွာများမှာ အရှေ့ကို လားသော် ၃ တိုင် တောင်ကို လားသော် ၃ တိုင် အနောက်ကိုလားသော် ၃ တိုင် မြောက်ကို လားသော် ၃တိုင်သာ စီရင်စေ။

မဇ္ဈိမဒေသ သောဠသ ၁၆ တိုင်း ပြည်ကြီး ၁၆ ပြည် သရေခေတ္တရာ ပုဂံရာမ ဝိဇယပူရ ရတနာပူရ အရှေ့ပြည်တွင် သီဟ ရာဇာမြို့ ပဒုမ္မာတန္တိမြို့ မင်းပြုံးမြို့ တရိယင်္ဂဒီပမြို့ ကိုညီယင်္ဂမြို့ ကေတုမဒီမြို့ သုဝဏ္ဏဘူမိမြို့ ထီး ၉ စင်းစော်ဘွားတို့ နေသည်မြို့ ကျိုင်း ၉ ကျိုင်း မိုး ၉ မိုး ထား ၉ ထား မှစ၍ မော ၉ ပြည်တောင် ကလေး သောင်သွပ် တိမ်ညင် ထီးလင်း စသော နိုင်ငံတော် အတွင်း နေသည် မြို့ရွာ အပိုင်းအခြား သည် အဝင်အထွက် ဖြောင့်ခြင်း ကောက်ခြင်း မညီမညွတ်ရှိသည်ဖြစ်၍

---

၁။ သာလွန်မင်း အမိန့်တော်တမ်း—ကို ၃၄၁၀ မှ၌ ချန်ထား၏။

မြို့နယ်မြေ မသေမချာရှိသည် ဆင်းရဲသား ကျွန်တော်မျိုးတို့ အသုအယက် အခင်အထွက် အကျုံးအလွန် မြေမှတ်ကျောက်တိုင် သစ်စည်ကံသင်းရိုး နတ်ခစောင့် နတ်ထားများ ရှိသည်။ တံဘိုင်း တခရိုင် ခရိုးအဈား ရှိသည်။ ရွာရှိသည်။ မြို့ရှိသည်။ နယ်ဘား ရှိသည်။ မြို့ကြီးများမှာ အရှေ့ကို လားသော် သောင်းတိုင် အနောက်ကို လားသော် သောင်းတိုင် မြောက်ကို လားသော် သောင်းတိုင် အဘွင်းကိုသာ စီရင်စေ။

စာချီ စာမြင် ကလံ သံပျင် မြေသိမ်းနှင့် စီရင်သည်အတိုင်း ခရိုင်များမှာ အရှေ့ကို လားသော် ၅ တိုင် တောင်ကို လားသော် ၅တိုင် အနောက်ကို လားသော် ၅ တိုင် မြောက်ကို လားသော် ၅ တိုင် အတွင်းသာ စီရင်စေ။

၁၀ ပြို မြို့ရွာ ၁၀၀ ပြိုမြို့ရွာ တိုက်ဝင်ရွာ မြို့ကျေးသီး မြို့ရွာများနှင့် ပြည် ၇ တိုင် မြောင်းမြမြို့ မော်လမြိုင်မြို့ သန်လျင်မြို့ ဒဂုန်ဆံတော်ဘည်ရာကုန်း သူရဲကြံခင်း ကူထွက် သမြင်ထုံ ခနုဖြူ ခဲပေါင်မှ စ၍ ၁၅၇ မြို့ အဝင် ၁၄ တိုက် ကာမ ၄ တိုက် မင်းပြုံး ၃ တိုက် သန်လျင် ၃ တိုက် ဟံသာဝတီ ၇ တိုက် မုတ္တမ ၇ တိုက် ပုသိမ် ၇ တိုက် တလ ၃ တိုက် ကိဋ္ဌိပူရ ၃ တိုက် သုဓမ္မာဝတီ ၃ တိုက် ရိကုမ္ဘာ ၅ တိုက် ကေတုမဒီ ၄ တိုက် လင်းဇင်း ၅၇ တိုက် ရေ ၂ တိုက် လစင် ၂ တိုက် မြောက်ဘက်မြင်းမြေ တောင်ဘက် မြင်းမြေ တောင်ငူ မြင်းမြေ နတ်ရှင် မင်းတရား ရဲဘော် နန်းတွင်းနန်းဦး ရွှေပြည်ကြီး မြင်းမြေမြို့ပါမှ စ၍ ဝင်းတော် ၄ ရပ် ဒိုင်းစု လမိုင်းစု ကောင်းဟန်စု ကိုယ်ရံတော်သေနတ် လှေသင်းလှော်ကား သေနတ်အမြောက် သက္ကတန်ရဲသေ့ ကတ္တူမှ စ၍ လှေသင်းတော်သား သာရဗိမာန်သား သာရကာ သူရဲတုလွှတ် ဠကင်း ကမကော် ဆင်မြေ မြင်းမြေ ဒေါင်းရွှေမြေ တံခါးမြေမှ စ၍ ပယ်နယ်မှန် သမျှ အစုသားတို့မှာ တရွာလျှင် အရှေ့ အနောက် တောင် မြောက် ၂တိုင်စီ ၅တွင်းစီ ရွာကို အလယ်ထား၍ နယ် ၄ ရပ်ဖြစ်စေ တစုကသည် တစု အဝင် အထွက် မရှိစေနှင့် ။

ရတနာပူရ အာမြို့ကြီးကို သက္ကရာဇ် ၉၅၉ ခု တော်သလင်း လပြည့်ကျော် ၂ ရက်နေ့ ခမည်းတော်ဘုရား ရွှေထီးစိုက်၍ မင်းထီး ပြုတော် မူသည်မှ သာသနာတော် ၅၀၀၀ တိုင် အရှင် ဘဝရှင်မင်းတရားကြီး အာဏာ ထားတော် မူသည့် လုပ်မြေစားမြေ သနားတော်မူသည် အတိုင်း ` တည်စေ။ ရှေးနယ်ဟောင်း ရှိသည် မဆိုစေနှင့် ။နေဆိုင်တိဘွင် လုပ်ဆောင်စားသောက်၍ အမှုတော်ကို ထမ်းရွက်စေ။ အရာတော် မြေများမှာသည်း အာဏာသားတော် မူသည်အတိုင်း လုပ်ဆောင်၍ အရာတော်များစွာကို ကျီဝန်တို့က ဆိုင်ရာဆိုင်ရာ ကျီတော်များသို့ အဝေးမြို့ရွာက လုပ်ဆောင်ရသည့် အခွန်ကို ကျီတော်သို့ သွင်းစေ။ တိုက်တော်သွင်းရန် ရွှေ ငွေ နဒချတ်မှ စ၍ ကျီတော်များမှာ ဆိုင်ရာ သွင်းစေ။ အဝေးမြို့ရွာ ကျီတော်များသို့ ဆိုင်ရာဝန်တို့က တိုက်တော်သို့ သွင်းစေ။ နိုင်ငံတော် အဘွင်း ကျောင်းဝတ် ဘုရားဝတ် သိမ်ဝတ် စာသင်တော် ဝတ်မြေများ၏ ဖြစ်ပွားသမျှ ကြေး သံ ပွဲလျှက် ခရေနံ သစွေး ပျည်ခသော အသုံးအဆောင် ပဲ ပြောင်း လူး ဆပ်များမှာ မဟာဒါန်သို့ သွင်းစေ။ တောင်ဘက်တိုက် မြောက်ဘက်တိုက် အရှေ့ဘက်ဘိုက် အနောက်ဘက်ဘိုက် ဆင်ကျည်ဘိုက် တွင်သင်းတိုက် မဟာဒါန်ဘိုက်ဆိုင်သင့်ရာ ဆိုင်သင့်ရာ တိုက်သို့ချည်း သွင်းစေ။ နိုင်ငံတော် အဘွင်း အာဏာသားတော်မူသည် အတိုင်း သေနာပတိ မဟာသီဟသူ မဟာဇေယျသူဘို့က မလစ်မဟင်း မယွင်းမယို ရအောင် အမိန့်တော် စာချွန် အမှာတော် စာချွန် စာခွေ ပေးအပ်ရမည် အမိန့်တော် ရှိသည်။

သက္ကရာဇ် ၉၉၉ *ကဆုန် လပြည့်နေ့ အဘွင်းဝန်တို့ ဆီသို့ ပြန်သည်။ ၎င်းလပြည့်ကျော် ၁ ရက် ၂ နေ့ ပြင်သေနာပတိဆီသို့ ပြောကြီးမှူး ပြန်သည် အမိန့်တော် ။

---

* တောင်တွင်းကြီးမူ 'ဃု' သည်။

၂။ ၆ ရက်

## ပုဒ်မ ၁၂ (ခ)ရာထူးအလျောက် စီရင်ပိုင်ခွင့်အာဏာများ

အရပ်ရပ် ရှမ်းပြည် ယွန်းပြည် တလိုင်းပြည် မြန်မာပြည် စော်ဘွား မြို့စား ဝန်ကြီး ဝန်ထောက် စာရေးကြီး နာခံ အတွင်းဝန် ဝန်စု(ပ်) ဗိုလ်မှူး တပ်မှူး စစ်ကဲ နားခံ အမည်ရ သွေးသောက်ကြီး အဝေးမြို့ရွာ ခန့်ထားတော်မူသည် မြို့ဝန်စစ်ကဲ နားခံ မြို့ကွပ် မြေတိုင် သံပျင်တို့ အပြည်ပြည်သော မင်းတကာဘို့ ဦးညွတ်ရာ ရတနာပူရရွှေပြည်ကြီး၌ ရွှေထီး စိုက်ထူ၍ ဥကင်းဖွင့်လှစ်၍ စံပယ်တော်မူသော သီရိသုဓမ္မာရာမဟာဓိပတိ အမည် ရှိတော်မူ[၃] သော ဘာရှင် မင်းတရားကြီး ဘုရား အမိန့်တော် ရှိသည်။

ပထမ မင်းပြုစေ[၄] တော် မူ၍ အသီးအသီး အမိန့် (တော်အ) မှာ (တော်) မင်းမှု မင်းခင်း ပြည်ရေး ရွာမှု အဝေးမြို့ရွာ ပေးမှာသည် အမှုများနှင့် တရားစကား (များ) ကို ရွှေလွှတ်တော်က တလုံးတဝ တည်း စီရင်စေ။

အတွင်းဝန် တို့မှာလည်း အမှုအတွင်းသားနှင့် စပ် (လျဉ်း) သည်ကို အတွင်းဝန်က စီရင်စေ။

စစ်ရေးမင်းမှု ဖြစ်လျှင် လွှတ်တော်က စီရင်စေ။

အတွင်းဝန် တို့မှာ အတွင်းက အမှု မသင့်သည်များကို အတွင်းက စီရင်စေ။

မြို့ဝန် မြို့စာရေး ထောင်မှူး ထောင်စာချီတို့မှာလည်း ရာဇဝတ် ခိုးသေးမီးပွား[၅] ရွှေနန်းတော် ပတ်လည် မြို့တော်အတွင်းပြင် ပေါ်ရှိသည်များကို မြို့ဝန်က စီရင်စေ။

ဝင်းမှူး ဝင်းစာချီတို့မှာလည်း ဝင်းတော် ၄ မျက်နှာ သားတို့တွင် ပေါ်ရှိသည် အမှုကို ဝင်းမှူး ဝင်းစာချီတို့က စီရင်စေ။

စစ်ရေး မင်း[၆] မှု ဖြစ်လျှင် လွှတ်က စီရင်စေ။

တောင်ဘက် (မြင်း) မြောက်ဘက်မြင်း ဝန်မြင်း စာရေးကြီး[၇] ရှမ်းမြင်း စာရေး(ကြီး) မြန်မာ မြင်း စာရေး (ကြီး) တို့မှာလည်း မြင်းမြေမြင်း ရွာတွင် ပေါ်ရှိသည်အမှု မြေခွန် ရေခွန် များမှာ မြင်း သားနှင့် စပ်(လျဉ်း) သမျှကို မြင်း (စီး) က စီရင်စေ။

မြင်းမြေမြင်း ရွာတွင် နေသည့် အသည် တိုင်[၈] ထမ်းများမှာ ဆိုင်ရာ တိုက် (ဝန်) မှူးတို့က စီရင်စေ အပေါ်ဝန် အကောက် အစား တရားကွမ်းဘိုး ဆင်လဲ မြင်းမတ်[၉] ကျွဲဝင် နွားဝင်များမှာ ဆင်မြေ မြင်း မြေ[၁၀] တွင် ဖြစ်လျှင် ဆင်ဝန်မြင်းဝန်တို့က (သာ) စီရင်စေ။

တိုက်ဝန် တိုက်စာရေး တို့မှာလည်း တိုင်ဘက်[၁၁] မြို့ရွာများမှာ ဖြစ်လျှင် တိုင်ထမ်း အသည်တို့ကို တလုံးတဝတည်း စီရင်စေ။

စစ်ရေး မင်းမှု ပေါ်ရှိလျှင် ရွှေလွှတ်တော်က စာချွန်နှင့် ခန့်ထားရာ ထမ်းရွက် စေ။

လှေသင်း (တော်) ထောင်ကဲ တို့မှာလည်း လှေသင်းအစု အမှုထမ်း တို့ကို ဆိုင်ရာ ဝန်တို့ဆီမှသာ တလုံး တဝတည်း ထောင်ကဲ ထောင်မှူးတို့နှင့် ခွဲခန့် စီရင် ထမ်းရွက်စေ။

ကျီဝန် အနောက် ဝန်တို့မှာလည်း ကျီဝန်က ဆိုင်သည်အမှုကို ကျီဝန်က စီရင်စေ။ အနောက်ဝန်က ဆိုင်သည် အမှုကို အနောက်ဝန်က စီရင်စေ။

လမိုင်း (တော်) သားတို့မှာလည်း လမိုင်းဝန်က ဆိုင်သည့် အမှုကို လမိုင်းဝန်က (တလုံး) တဝတည်း မှတ်သား ခွဲခန့် ဆိုင် (ရာ) သင့်ရာ သွင်းစေ။

---

၃။ အမည်တော်ရှိ ၄။ စု ၅။ ခိုးသေးမီးသေး ၆။ စင် ၇။ ကြီးတို့
၈။ တိုက် ၉။ ဆင်သေမြင်းလဲ ၁၀။ မြေများ ၁၁။ ထက်

ဝတ္ထုကံမြေနှင့် စပ်(လျဉ်း) သည့်အရာ[၁၂]များမှာ မဟာဒါန်ဝန်က ဆိုင်ရာ ဆက်သွင်းစေ။

ရွှေခွန်တော် ငွေခွန်တော်များမှာ[၁၃](ရွှေခွန်ကို) ရွှေတိုက်ဝန်က စီရင် ခွဲခန့်စေ [၁၄] ရွှေတိုက်ဆိုင်ရာ ဆက်သွင်းစေ။ ကျီဝန်က မဆော်မခန့်စေနှင့်။

ဆည်ကြီး မြောင်းကြီး တို့မှာလည်း ဆည်ဝန် တို့မှာ (တလုံး) တဝတည်း ထမ်းရွက်စေ။ အစု [၁၅] အမှုထမ်းတို့မှာလည်း အထက်ဘေးလောင်းတော် ဘိုးလောင်းတော် မင်းတရားကြီး လက်ထက် ခမည်းတော် ဘုရား လက်ထက်တော် ပေးသည့်အတိုင်း တည်စေ။

မြို့လပ် ရွာလပ် တိုက်မဘက် ကျန်သည့်မြို့ (ရွာ) များမှာ လည်း မြို့လပ်ဝန်က (တလုံး) တဝတည်း စီရင်စေ။ အဝဝ အသွယ်သွယ် မရှိစေနှင့်။ ရွှေလွှတ်တော် ဝန်တို့က ခန့်ထားသည့် အတိုင်း (တလုံး) တဝတည်း စီရင်စေ။ နိုင်ငံတော် အတွင်းတွင် အာဏာတော် ထားသည့် အတိုင်း သေနာပတိ မဟာနေမျိုးဇေယျ မဟာသီဟသူရ မဟာသီရိဇေယျကျော်ထင် တို့က မလစ် မဟင်း မယွင်း မယိုရ အောင် ကြပ်ကြပ် တည်းတည်း အမိန့်တော် စာချွန် [၁၆] အမှာစာ အခွေ [၁၇] ပေးအပ်ရမည် [၁၈]။

သက္ကရာဇ် ၉၉၉ ခု နယုန်လဆန်း ၉ ရက်နေ့တွင် ပြောကြီးမှူး မင်းဇေယျတမန် ပြန်သည့် အမိန့်တော်။

## ပုဒ်မ ၁၂ (၈ – ၁) လှံရှည်ကိုင်အား ခွဲဝေပေးချက်

သက္ကရာဇ် ၉၉၉ ခု သာလွန် မင်းတရားကြီးသည် ဒိုင်း လမိုင်း ဝင်းတော် သူရဲ ၁၂ တပ် ရွှေပန်းပန်[၁၉] ဝင်းတော်[၂၀] ၄ မျက်နှာ မာရဘင် ၉သင်းမှူး ရွှေထား ရွှေလှော်ကား (လက်သစ် လှေတော်) ၄ စင်း မာရဘင် ဝင်းသူရဲ ကောင်ဟန် သိန်းနီ ရွှေဒိုင်း သင်းမှူး အောက်မာသင်း [၂၁] ရွှေ ငွေ အတိ သစ္စေးအခွန် တော် ဆင်စွယ် ဖယောင်း ပန်းတိမ် ပန်းပဲ ဘဏ္ဍာ လက်နက်ကြီးကိုင် (ကိုယ်ရံကြီး) မြင်းစုကြီး ပန်းရ သေနတ် အသည် ၆ သွေးသောက်နုပ် စု ၆ စို့ ၂၂ ဝန်းကျင် သွေးသောက် ၁၄ တုရင်ပြောတော စမြောင်း လွှတ်ရုံးငှက်တော်စောင့် နာရီ ၉*စို့ လက်မထောက် [၂၃]အဆောင်နီ ၁၆ [၂၄]သွေးသောက် ဒိုင်းမှူး [၂၅] မာရဘင် သင်းမှူး ၉ * သင်း သပေါက်မှူး ရွှေတော်ပြေး ဝန်းကျင် နောက်ဖွဲ့သည့် ၄၀ တော် ကွမ်းရေ ကိုင် သူငယ်တော်စု ရွှေတော်ပြေး နောက်တော်ပါ ကျွန်တော် ဟောင်း ထီးဖြူတော် ကျိုင်းတော် ထမ်း ထမ်းစင်တော် ဝေါတော် ရွှေမြင်း ၉ စို့ နော်က်မြင်း ၉ စို့ လက်ဝဲ မီးတိုက် မြင်း မိုးကြိုးထား သန့်စင်တော် ဝင်းသီးတော် ကြီးတော်စု ကျိပ်စု ရာစု ထောင်စု ၅ သွေးသောက် ၆ သွေးသောက် ၂ သွေးသောက် ၃ သွေးသောက် ၇ သွေးသောက် ၈ သွေးသောက် ၉ သွေးသောက် အစုစုကို သိမ်း၍ သက္ကရာဇ် ၉၉၉ ခု တပေါင်းလဆန်း ၁၂ ရက် အင်္ဂါနေ့တွင် ငါ့တက်တူ ငါ့ရန်အောင် ငါ့တက်ခေါင် ဒိုင်းမှူး ဝတ်လူးစား ငါးစင်းရိုင်းစား စရန္တပ္ပ ကြိုးတိုင်တာ သမုတ်ပေးချ စစ်ကြောသည်။ နယ်ပုံ နယ် တာနှင့် ဦးရေ တိုင် အသက် နေ့နံ ကျားကြီး ကျားငယ် မကြီး မငယ် ကြိုးတိုင်တာ သမုတ်ပေးချ သည် ဝင်းတော် ၄ မျက်နှာ အစုသား ဝင်းတော်ကောင်ဟန် လှံရှည်ကိုင် ရှမ်းဝင် ၉ သွေးသောက် အနက် က ငါ့ပန်းစံ ငါသည့်လိုင် ငါတသည် ငါ့တော်လုံ ငါသောကြာတို့နှင့် ၆ သွေးသောက် ငယ် ၅၆ တ

---

၁၂။ အမှုအရာ
၁၃။ မှာလည်း
၁၄။ ဝန်ကခွဲခန့်စီရင်
၁၅။ အစုစု
၁၆။ ချွန်တော်
၁၇။ စာခွေ
၁၈။ အမိန့်တော်ရှိသည်—ဟု နောက်၌ထည့်။
၁၉။ ပင်
၂၀။ ဝင်းတော်မှူး
၂၁။ ဓအောင်းမသင်
၂၂။ ၉ စို့
၂၃။ ထောင်
၂၄။ ၂၆
၂၅။ ဒိုင်းမှူး သင်းမှူး
* တောင်တွင်းကြီးမှု 'ဃု' ဆုံး၏။

ကိုယ်လျှင် ၅ ပယ်ကျ အိုးစကြီး အဝန်း ၃၂ ိ ကျ ပယ်ပေါင်း ၃၅၂ ိ တောင်ဘက် မြောက်လှရွာ နယ်၄ ရပ် မြေကြီးတိုင်နက်လုပ် ၁၅၀ စားမြေ ၁၅၀ တာပေါင်း ၅၇၉ တာ။ အရှေ့ အနောက် တောင် မြောက် တာ ၅၇၉ တာ။ အရှေ့ကို လားသော် ငါ့ပန်းလုံ ငါ့စံပါ အသည်တော်တို့ လူပေါင်း ၄ ယောက် ငယ်သား ၂၅ တကိုယ်လျှင် ၅ ပယ်ကျ အိုးစာချီ အဝန်း ၃ ပယ် ၅ိ နှင့် ပယ်ပေါင်း ၁၇၅ ပယ်။ စောလှမြို့ နယ် ၄ ရပ်အတွင်း မိလှတိုင်နက် အရှေ့ကို လားသော် ကုန်းတန်း ကုက္ကိုပင် အခြား။ တောင်ကို လားသော် ရှမ်းမြင်းမြေ သခွပ်ပင်ကြီး အခြား။ အနောက်ကို လားသော် ဒိုင်းမြေ ၅၀၀ ပယ်အခြား။ ၎င်းနယ် ၄ ရပ် အတွင်း လုပ်မြေ ၇၅ ပယ် စားမြေ ၇၅ ပယ် ချထားသည်တာပေါင်း ၅၂၉ တာ။ ၎င်းနေ့တွင် တောင်လှံရှည်ကိုင်ရှမ်း ငါ့ရွှေလုံး ငါသည်တော် ငါ့သည်ဇေ ငါသည်နီ ငါ့သည်တလျှင်တို့နှင့် လူပေါင်း ၅၄ တ ကိုယ်လျှင် ၅ ပယ်ကျ ၅ ပယ်ကျန်ကို လုပ်မြေ ၇၅ ပယ် ၁၂ စု ပယ်ပေါင်း ၁၅၂ ပယ် ၃ိ ကြေးမုံ ရွှေရွာ ထောင် ငါ့ဆုပြည်တိုင်နက် အရှေ့ကိုလားသော် နွှေ့ပင်ကြီး လယ်ထိ။ တောင်ကို လားသော် ခင်ရိုး ကုန်း အခြား ငါ့ပုလုပ်သည် လယ်ကန်သင်းထိ မြောက်လှည့် လမ်းမခြား ပယ်သေပြု၍ တာပေါင်း ၇၉၄ တာ ချသည့်ကာလ ငါ့တက်တူ ငါ့ရန်အောင် ငါ့တက်ခေါင် ဒိုင်းမှူးတို့ ချထားသည်။

သက္ကရာဇ် ၉၉၉ ခု တပို့တွဲ လပြည့်ကျော် ၁၀ ရက်နေ့တွင် တောင်ဝင်းလှံရှည်ကိုင် ငါ့ရှမ်း ငါပါ ငါ့သည်းလုံ ငါ့သည် ငါ့သည်းစံ ငါ့လည်တို့နှင့် လူပေါင်း ၄၀ အိုးစကြီး အဝန်း ၅ ပယ်ကျ ငယ် ၃ ပယ် ၂ ကျ လုပ်မြေ စားမြေ နေမြေပါ ၁၇၉ ပယ် ၃ိ တာပေါင်း ၇၀၉ တာနှင့် ချထားသည်။ သင်းတောင် အင်းရွာလှေကြီးတိုင်နက် အရှေ့ကို လားသော် အတိမ်ယင်ကုန်းထိ အခြား။ တောင်မြင်းမြေစပ်။ အနောက် ကိုလားသော် ရေဝင်မြောင်းခိုက်။ မြောက်ကိုလားသော် မြောင်းဆုံး သနပ်ပင်ထိ။တောင်ဝင်းလှံရှည်ကိုင် ရွှေလှံထောင် မိုးနဲ ကျိုင်းရုံး ကျိုင်းသည် မိုးပြဲပါ ရှမ်းသုမ်ဖမ်လူ ၅၄ ဖွဲ့ရင်းလူတို့ကွင် ထပ်ဖြည့်သွင်း သည့် လူတို့ လုပ်မြေ နေမြေပါ ပယ်ပေါင်း ၁၇၉ ပယ် ၃ိ ချထားသည် နယ်ပုံစာတမ်း။

## ပုဒ်မ ၁၂ (ဂ-၂) လှံရှည်ကိုင် အားခွဲဝေပေးချက်

သက္ကရာဇ် ၉၉၉ ခု တပို့တွဲ လပြည့်ကျော် ၁၃ ရက် စနေနေ့တွင် ကျိုင်းရုံး ကျိုင်းချိုင်း ဇင်းမယ်ပါ လူစု။ ငါ့ကောသည် ငါ့ထော်သည် ငါ့ကျန်ဆိုင်း ငါ့ပန်းသည်တို့နှင့် လူပေါင်း ၃၂ လူကို မြောက်ဝင်း လှံရှည်ကိုင် ရှမ်း လူဖွဲ့ရင်း ၄၅ တွင် သွတ်သွင်း၍ ဖြည့်ပေးသည် လူ ၁၂ ကို တကိုယ်လျှင် ၂ ပယ် ၁ိကျ ငယ် သားလုပ်မြေပါ အဝန်း အိုးစကြီးပါ လူ ၁၂ ကို ပယ်ပေါင်း ၆၉ ပယ် ၂ ကျ ရွာပုံ အနောက်တောင်ဘက် ငါ့ကြွယ်တိုင်နက် အရှေ့ကို လားသော် မြင်းစု မြေစပ်။ တောင်ကို လားသော် နွားတဲမြေစပ်။ အ နောက်ကိုလားသော် ကြက်တဲချောင်း ကျော်လုပ်နက် ထနောင်းပင် စပ်အခြား။ မြောက်ကို လားသော် ရေဝင်မြောင်းကြီးထိ။ ၎င်းနယ် ၄ ရပ်အတွင်း အပေါ်ဝန် လုပ်မြေ စားမြေ နေမြေ ပယ်ပေါင်း ၆၉ ပယ် ၂ ကျ လုပ်မြေ စားမြေ နေပါ တာပေါင်း ၂၅၉ တာ ချထားသည် နယ်ပုံစစ်တမ်း။

သက္ကရာဇ် ၉၇၃ ခု အနောက်ဘက်လွန် မင်းတရားကြီး လက်ထက် ဒိုင်း လမိုင်း ဝင်း ကောင်ဟန် သူရဲ ရွှေပန်းပန် ဝင်း ၄ မျက်နှာသားတို့ကို စီစစ်၍ ဦးရေစာရင်း ဖွဲ့ဖြည့်သွင်းသည့် လူတို့ကို ရွေး ချယ် သီးသန့်၍ အနောက်ဝင်းအမှုထမ်း ဖွဲ့ရင်းလူ ၁၇၅ အနက် လူးပေါင်း မိုးနဲ ကျိုင်းရုံး ကျိုင်းခိုင်ပါ မိုးပြဲပါ လူတို့ကို ရွေးသော် အနောက်ဝင်းမှူးထမ်း ငါ့ကသည်လုံ ငါ့ကံကြီး ငါ့ယာ ငါ့အောင်တို့နှင့် လူပေါင်း ၁၅ တကိုယ်လျှင် ၅ ပယ်ကျ ပယ်ပေါင်း ၂၅၀ နွားများ ငါ့ပေါ် ထွန်းတိုင်နက်တွင် လှံရှည်ကိုင်

ရှမ်းအစု ဖြည့်သွင်းသည် နောက်လူတို့ လုပ်မြေ စားမြေပါ ပယ်ပေါင်း ၂၅၀ တောင်ဘက် ၄ ခရိုင်နယ် အတွင်း နွားများ ငါ့ပေါ် ထွန်းတိုင်နက်တွင် အရှေ့ကို လားသော် ရေဝင်ချောင်းထိ။ တောင်ကို့လား သော် နုတ်စုမြေစပ်။ အနောက်ကို လားသော် ဒိုင်းမြေစပ်။ မြောက်ကိုလားသော် ဝင်းသူရဲ ငါ့လုံးတိုင် နက်မြေစပ်။ ပယ်ပေါင်း ၂၅၀ လုပ်မြေ စားမြေ ချထားသည်။ အနောက်ဝင်မှူးထမ်း လုံ့ရှည်ကိုင် ဇင်း မယ် ကျိုင်းရိုး ကျိုင်းချိုင်းပါလူ ငါ့ပန်းအိုင် ငါ့သည်တော်• ငါ့တာရဲ ငါ့သည် ဇောတို့နှင့် လူပေါင်း ဖွဲ့ရင်း ၁၅၀ တွင် ထပ်၍ ဖြည့်သွင်းသည် လူ ၂၅ ကို တကိုယ်လျှင် ၅ ပယ်ကျ ငယ် ၃ ပယ် ၂ ကျ လုပ်မြေ စားမြေ နေမြေ ပေးချသည်နယ် ၄ ရပ်အတွင်း ပယ်ပေါင်း ၁၅၀ ကြက်စိမ်း ငါ့ရွှေတင်တိုင်နက် အရှေ့ ကိုလားသော် ငါ့ဆုရလုပ်မြေစပ် အခြား။ တောင်ကို လားသော် သူရဲ မြေစပ်။ အနောက်ကို လားသော် မြင်းမြေစပ်။ မြောက်ကို လားသော် မြင်းလက်ကသုံ မြေစပ်။ လုပ်မြေ စားမြေ ချထားသည် ၄၇၉ တာ နယ်သုံးစင်တမ်းနှင့် နန္ဒပျံချီတို့ တိုင်တာချထားသည်။

သက္ကရာဇ် ၁၁၂၄ ခု ဘုရား နောင်တော်ဘုရားကြီး လက်ထက်တော် ပတီးဆရာကြီး ပေစာက ရှင်ညာဏ ကူးယူစေသည်။ ၎င်းသက္ကရာဇ် ၁၁၂၄ ခု ဝါခေါင် လပြည့်ကျော် ၂ ရက်နေ့ စရစ်တိုက် သဃ်ာ ရှင် အာစာရကျောင်းတွင် ပေစာလက်ခံက ကူးယူသည် အမိန့်တော်တမ်းကြီး။

## တတိယပိုင်း

## နောက်ကျသည့် စာတမ်းများ

### ပုဒ်မ ၁၃-ပေါက်ကုံ မြစည်းခုံ ဘုရားသမိုင်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။ [၁]

လေးသင်္ချေနှင့် ကမ္ဘာတသိန်း ပါရမီကို ဖြည့်၍ ထိုနေ့ဘွားဘက်နှင့် တောထွက်တော် မူလေသော် ဗောဓိပင်အောက် ပုဏ္ဏတိထိက အလွန် သတ္တသတ္တာဟ တည်တည်း ဟူသော ၇ ရက် ၇ လီကို လွန်တော်မူ၍ အမိုက်အမျက် ရန်မက်လွှမ်းသော သတ္တဝါ အပေါင်းတို့ကို တရားသဖြင့် သိတော်မူသော ကျွတ်အပ်သော လူနတ်ဗြဟ္မာ သတ္တဝါ အပေါင်းတို့၏ ခပ်သိမ်းကို ချွတ်တော် မူခဲ့ပြီးမှ ပရိနိဗ္ဗာန် ဝင်စံတော်မူ၍ ဘုရား သခင်၏ မွေတော် ဓာတ်တော်မြတ် ဖြစ်သော အသမ္ဘိန္နသမ္ဘိန္နတို့ကို ဌာပနာသည် အခါကား သက္ကရာဇ် ၂၇၆ ခု ဘုသျှနှစ် တပေါင်း လဆန်း ၉ ရက်နေ့ နက္ခတ် ၇ လုံး ကြာသပတေးနေ့ ရတနာသုံးပါးကို သဒ္ဓါစိတ္တေပသန္နေန၊ ရတနာနံ ပူဇာကရာ။ အစရှိသော ပါဌ်တော်နှင့် အညီ ရတနာသုံးပါးတို့အား သဒ္ဓါကြည်ညိုတော် မူ၍ ဆင်းရဲအပေါင်းနှင့် ငရဲ ကင်းစိမ့်သောငှာ ဘဝရှပ်ရှင် စောရဟန်း မင်းကြီး လှူတော်မူသော စေတီတော် ဘုရား မြစည်းခုံးတောင် သိမ်းအရှေ့ ကျောင်းတည်တော်မူ၏။ ဤသို့လျှင် ဘုရားသခင် သာသနာတော် ၅၀၀၀ တိုင် အတိုင်း အရှည်ရှိသော ကောင်းမှုတော်၏ အကျိုးအားဖြင့် ပြည်သူ လူတကာတို့ထက် နိဗ္ဗာန်သို့ မရောက်မီသော အကြား၌ လူဖြစ်သော်လည်း လူတကာတို့ထက် အလွန်အထူးသဖြင့် ကြီးမြတ်သော မင်း၏ အဖြစ်ကို ရပါလို၏။

ဇမ္ဗူဒီပါ အပြင်၌ ဖြစ်သော်လည်း ၄ကျွန်းလုံးကို အစိုးရသော မင်းဖြစ်ပါလို၏။ ဤအဖြစ်မှ စုတေလေသော်လည်း နိဗ္ဗာန်ကို မျက်မှောက် ပြုရသည် ဖြစ်စေသော် ဟူ၍ ဆုတောင်း ပဋ္ဌာန ပြုတော်မူ၍ လှူအံ့သောငှာ ဘဝရှပ်ရှင် မင်းတရားကြီး စောရဟန်းသည် မြစည်းခုံ မြတ်စွာ ဘုရားကို ၎င်းသက္ကရာဇ် ၎င်းလဆန်း ၁၅ ရက်နေ့တွင် တည်တော်မူသည်။ ပစ္စယာ ၃ ဆင့် ပေါင်း ကလပ်နှင့် ၁၂ ရစ်သော တောင် ကြာခံ ချရားသီးတို့နှင့် တည်တော်မူသည်။ မြတ်စွာဘုရား၌ သွင်းသောဌာပနာကား ရတနာအတိ သုံးပါးဖြင့် ပြီးသော ရွှေပချပ် အချိန် ၂၅ လုပ်၍ မွေတော်ကို ကိန်းဝတ်တော် မူစေသည်။ ရွှေကို ကိုယ်တော် အလေးလည်း ၇ ဌာန လုပ်တော်မူ၍ သွင်းတော် မူသည်။ ၎င်းပြင် ရွှေချိန် ၂၀၅ ကို ရွှေဗောဓိ ၂ ငွေဗောဓိ ၂ လင်းလွန်းပင် ၂ ၂၅ ရွှေဖြင်းလုပ်ပြီးလျှင်• ရွှေ ငွေ မိုးကြိုး ကြေးနီ ကြေးစင်ဖြင့် ပြီးသော ကြုတ်၌ ဓာတ်တော် ၄၀ ဆူကို ဌာပနာသွင်း ထားတော် မူပြီးလျှင် သက္ကရာဇ် ၄၉ ခု တပို့တွဲ လဆန်း ၅ ရက်နေ့ ရွှေကရားဖြင့် ရေစက်ချတော် မူပြီးလျှင် ဆီမီးဝတ်တော် ဖြစ်စိမ့်သောငှာ မြေလှူတော် မူသည်ကား ငါ့ရန်နွားထိန်း ရွာအနောက် ၂၀ စီး။ အခြောက် လှူမြေ အလားကား ငါ့ရန်ကဲသည် အရှေ့ကို လားသော် စောင်ချမ်းပင် မောင်နှမ။ တောင်ကို လားသော် ရွှေရည်ကုန်း။ မြောက်ကိုလားသော် မန်းနားထိ။ အနောက်ကိုလားသော် ကောက်ကွေ့ပင် ကျောက်တိုင်လျှင် အခြား။ ။ ဤသည်ကား မြေ၏ အမှတ်တည်း။ ။၎င်းနောက်တဘန် မြောက်ဘဒုံ ကျေ ပုတလင်းရွာ အရှေ့ ငါ့ချစ်ဦးတိုင်နက် ဆီကုန်း ၄၀ ပယ်ကို လှူတော်မူသည်။ ယင်းကမသော် တပယင်း အဝင် ပေါက်ရွာ၌ မိ

---

[၁] ဤမျဉ်းကြောင်းကို ၃၄၁၀ မှ၌ ချန်ထားသည်။

မြတ်ဆက်ပိုင်နက် လယ်အာပယ် အစွတ် ၁၅၀ အခြောက် ၁၅၀ ပေါင်း ၃၀၀ကို မှတ်သား၍ မြေအလကား အရှေ့ကို လားသော် ကျောက်ပြုတ်ထိ။ အနောက်ကို လားသော် ငါ့ပါကုန်း အထိ။ တောင်ကိုလားသော် သစ်ရာပင် ကျောက်အပြုတ် ရှမ်းမြေစပ်။ မြောက်ကို လားသော် ဘုံလို ကျောက်မောင်နှစ်မ။ လျှင်အမတ် တဘက် မြင်းမြေစပ်ကို လှူတော်မူသည်။ ထိုသို့ လှူတော် မူပြီးလျှင် ငါ့ရန်အောင် ငါ့နှင်းတို့ ၂ ယောက်ကိုလည်း ဘုရားသခင်မှာ နောက်ပြင်လုပ်စိမ့်သောငှာ လှူတော်မူသည်။ ငါ့ရန်အောင် စနေသား အသက် ၄၇ ၎င်း မယား မိပုံ နံအင်္ဂါ အသက် ၄၆ ငါ့နှင်း နံအင်္ဂါ အသက် ၃၅ မယား မိဖြူ နံဗုဒ္ဓဟူး အသက် ၂၀ နှင့် လူကြီး လူငယ် ဦးရေ ၆၀ ကို ဘုရားဟောင်းနွမ်းလျှင် ပြင်ဆင်လုပ်စိမ့်မည်ကို ရည်၍ ငါထား လှူတော် မူသော ဆွမ်းဝတ် ဆီမီးဝတ်ဘိုး လယ်မိုး မြေမှာ တနှစ်ကို တကြိမ် လုပ်ရလျှင် မရလျှင် မရလျှောက် နှစ်စဉ် ကပ်လှူ တင်စေ။ ဘုရား ပျက်စီး လျှင်လည်း ငါလှူတော်မူသော မြေကို လုပ်ဆောင်သမျှ ပြင်စေဟူ၍ ကြီးစွာသော ကောင်းမှုကို ငါလှူတော်မူသည်။ သန္ဓေ၍ နောက် ငါ့မိုး ငါ့မြေကို လုပ်ဆောင်၍ ထိမ်းသော သူတို့သည် ဂင်္ဂါယဝါလုကာ သဲလုံးနှင့် အမျှ ဘုရား သခင်ပွင့် တော်မူကုန်သော်လည်း မတွေ့ မကြိမ်ရသည် ဖြစ်၍ ဘဝဆက်တိုင်း ငတ်မွတ်သော ပြိတ္တာတို့၏ အမျိုး၌ ဖြစ်လေစေသော။ ထိုပြိတ္တာတို့၏ အမျိုးမှ လွတ်၍ ရှိငြားသော်လည်း တဘန် အပါယ်ဘုံသို့ လား၍ မထွက်မြောက်နိုင်သည် ဖြစ်စေသော။ ငါ၏ ကောင်းမှုတော်ကို မတုပ်စွမ်း ဖြောင့်မတ်စွာ တည်စေသော သူအပေါင်းတို့သည်လည်း နောင်သောအခါ ဘဝဆက်တိုင်း ကောင်းကျိုးချမ်းသာ မင်္ဂလာ အပေါင်းတို့နှင့် ပြည့်စုံသည် သာတည်း ဖြစ်၍ လူချမ်းသာ နတ်ချမ်းသာ နိဗ္ဗာန်ချမ်းသာဟူသော ချမ်းသာကြီး ၃ ပါးကို ရသည်သာဖြစ်စေသောဟု ကြီးလှစွာသောသစ္စာဖြင့် နှုတ်မြွက်၍ ငါလှူတော်မူသည်။ ပေါက္ကံ မြစည်းခုံဘုရားသမိုင်း ကျောက်စာကို အဝမင်းလက်ထက် သက္ကရာဇ် ၉၆၉ ခုတွင် နန္ဒသူရ ကူးယူ၍ ရှင်းလင်းသည်စာဟောင်း။

## ပုဒ်မ ၁၄ – မိုင်းတွယ် ၉၆၃ ခု

သက္ကရာဇ် ၉၆၃ ခု တပို့တွဲ လပြည့်ကျော် ၅ ရက် ကြာသပတေးနေ့တွင် ညောင်ရမ်းမင်းတရားကြီး အကြေ ၉ရွာ အောက်မြစ်စဉ်တလျှောက် မြို့ကျေးရွာ အစုအစဉ် နယ်နိမိတ်တိုင်ဦးရေနယ်ပယ် သူကြီး တိုင်ခေါင်း ဝတ်မိုး ဝတ်မြေမှ စ၍ အထက်စော်ဘွား အမတ် ကလန် သံပျင် တပ်ပေါင်းစား မြို့နယ် ခြား ပယ်ခြားမြေ မြင်းစီးစားမြေ တပ်ပေါင်းဖွဲ့မြင်း ပေါင်းအကြီး ဖွဲ့ဖက်၍ ထမ်းရွက်သောသူ ပေါ်မိုင်း အမတ်အဆက်ဆက် စော်ဘွားရိုး အစဉ်အဆက် ထီးနန်းကနက် စိုက်ဆောက်ရာ ဆက်သပဏ္ဏာ ပေးဆက် မြဲ ရွှေဖျင် ဖယောင်းတိုင် ရွှေပန်းခိုင် ရွှေ ငွေ သစ္စေး ဆင်စွယ် ခဲမ ဘော်တွင်း တောင်ပိုင် စား မြေ မြို့ပြရွာ စော်ဘွားအမတ် စီရင်စု နယ် ၄ ရပ် ၈ ရပ် သစ်စည်းဝါးစည်း ကျောက်တိုင် ဘုရားမြေ ကျောင်းမြေ ငွေခွန် ၉ ကြော ရွှေခွန်ဖွယ်ဘိုး အစဉ်အဆက်မြဲဖြင့် သူကြီး တောကဲ အိမ်ခြေပယ်နယ် ဦး ရေ တိုင်သူရင်းများမှာ ရှေးမင်းဧကရာဇ်အဆက်ဆက် တိုင်ထမ်းရွက်ရိုး အစဉ်ရှိသည် နယ်မြေပယ် နိမိတ်အပိုင်းအခြား မြို့နယ်ကျောခိုင်း တပ်ပေါင်းစား နယ်ဝင်စီးစား ထမ်းရွက်သည် အပေါင်းငယ်သား ထမုံ ပေါ်မိုင်း အမှတ်တို့ကို စစ်ကြောသည်ကာလ သရေပုံချီ နဂရာပုံချီတို့ကို စေတော်မူ၍ ဇင်းမယ် ၅၇ ခရိုင်အဝင်မြို့ သိန်နီတောင်လက် မြောက်လက်မြို့ မိုင်းမောမြို့ မိုးနဲမြို့ ညောင်ရွှေမြို့ မဲဇာမြို့ ကျိုင်း တောင်မြို့ ကျိုင်းခေါင်မြို့ ကျိုင်းသည် ကိုးကျိုင်းအဝင် ၉ထား ၉စော်ဘွား တီကျစ် ပွေးလု ရှာငန် လဲခြားမြို့ ရွှေအင်းထိမ်ရွာ မကွေးရွာ တကောင်း ကျံညှပ် မိုးထား မိုင်းတုံငဲ့မြို့ မိုးလျှည်း မိုင်းတွယ်မြို့ စံပယ်နကိုမြို့ မိုးနဲမြို့ သီပေါမြို့ မိုင်းတုံငဲ့မြို့ မိုင်းလုံးကြီးမြို့ ဗမ်းမော်မြို့မှ စ၍ ဆေးဟောင်း ဆေး သစ် မိုင်းစည် မိုင်းပဟ် မိုင်းမော မိုင်းကိုင် မြို့ပေါင်း ၅၇ ခရိုင်အဝင် ၁၆၀၀ ရွာပေါင်း ၇၈၀၀ တပ် ပေါင်းစား မြို့နယ် ပယ်ပေါင်း ၅၀၀၀ သူကြီး သံပျင် စော်ဘွား တပ်ပေါင်းစားတို့ကို သက္ကရာဇ် ၅၅၇ခု ငှင်းနောက် ဆင်ဖြူရှင် နော်ရထာ မင်းစောကြီး လက်ထက် စစ်သည်အတိုင်း စစ်ကြောစေသည်ကား မိုင်းတွယ်မြို့နယ်သည် သက္ကရာဇ် ၅၅၇ ခု တန်ဆောင်မုန်းလဆန်း ၁၂ ရက် သောကြာနေ့တွင် အမတ် ပေါင်း ၃၉ သူကြီးပေါင်း ၁၃ ငယ်သားပေါင်း ၇၀၀ စော်ဘွား အဆက်ဆက် ၁၃ ဆက် နယ်ပေါင်း ပယ်ရှိ စစ်သော် တာပေါင်း ၃၀၀ကျော် ချောင်း ၅ တော ၅ နတ်ကြီး ၁၂ မည်။

သက္ကရာဇ် ၅၆၂ ခု ပုပ္ပါးစောရဟန် အမည်ရှိသောမင်း ၅၆၀ သက္ကရာဇ်ကို ဖြိုသည်ကျိန်းနောက် အနော်ရထာ စောမင်းကြီးသည် မကွေးရွာ ၉ ကြော ငွေခွန် အသည် အလာ ရွှေခွန် ငွေခွန် သစ္စေး အခွန် ဆက်သရိုးအစဉ်ကို ပြုစုထိမ်းမှတ် ပြုစုစေသည် မြို့ပေါင်း ဇင်းမယ် ၅၇ ခရိုင် အင်းပြင် နှစ်စဉ် ဆက်မြဲအခွန်တော်နှင့် နှစ်ဦး ဝါဝင် ဝါကျွတ် နှစ်သစ် ရွှေခွန်တော် ငွေခွန်တော်မှ စ၍ အသန် သစ္စေး ခွန် ပယင်း ကျောက် သံ ခဲမ ဖယောင်း ပိုး ဖဲ စုံ လက်ဖက် ရွှေဖျင် အောင်သို ကူးတို့ကို ဆက် ၍ ကင်းဦးကင်းလမ်း အစဉ်ထားသည် အတိုင်း မြို့ပေါင်းကား မိုးမိဘ်ထောင်ပြု မိုးနဲ ရာပြု ညောင်ရွှေ ၂၀၀ ပြု ယောက်စောက် ၃၀၀ပြု လဲခြား ၂၀ပြု သိန်းနီ ၃၀၀ပြု ကျိုင်းတောင် ၄၀၀ပြု ကျိုင်းခေါင်း ၅၀၀ ပြု မိုးဝန်း၃၀၀ပြု သီပေါ ၃၀၀ ပြု မိုင်းလုံးကြီး ၇၀၀ပြု‘ သုံးဆယ် ၂၀၀ပြု ၉ ကျိုင်း ၉ထား ၉ မြို့အဝင် ကျံညှပ် ၃၀၀ ပြု မိုင်းမော ၂၀၀ ပြု ကျိုင်းတောင် ၂၀၀ ပြု မိုင်းတွယ် ၃၀၀ ပြု ကျိပ်ပြု

ရာပြူ ထောင်ပြူ တပ်ပေါင်းစား စော်ဘွားအဆက် သူကြီး သံပျင် ကလန် ကျ ရှမ်း ယွန်း ကွေး တရှပ် တရက် ရခိုင် ပလောင်ကြီး ပလောင်ငယ် ချည်း အင်ကျည် ခနု ယင် ခါးတောင်ကြိုက်ကြီး လူမျိုး ၇၅ ပါးအဝင် လူတို့နေသည် မြို့ပေါင်း ၅၇ ရွာပေါင်း မြို့ပါ နယ်တွင်း တပ်ပေါင်းစား ဇာပေါင်းစား ဟဲနဲ မြင်းစီး ဘော်နင်းမြင်းစီး လက်ဝဲမီးတိုက် လက်ယာမီးတိုက် မြင်းအစု အစဉ်ထမ်းရိုးရှက်ရိုး ပယ်နယ် မြို့ပြူသက္ကရာဇ် ၃၇၃[၁] ခုနှစ်တိုင်လျှင် မြို့နယ်ဝင် စျေးသစ် မံမော်မြို့ သုံးဆယ်မြို့ သီပေါမြို့ မိုင်းလုံးကြီးမြို့ မိုင်းလုံးငယ်မြို့ မိုးညှင်းမြို့ မိုးကောင်းမြို့ မိုးဝန်မြို့ သက္ကရာဇ် ၃၅၃ ခုနှစ် တပေါင်း လပြည့်ကျော် ၅ ရက် အင်္ဂါနေ့တွင် အနော်ရထာမင်းစောကြီးသည် ပြုစုသမုတ်တော်မူသည်ကား မိဂသီနက္ခတ် ပြိဿစန်း ခနုလက်တွင် အုတ်ပေါင်း ဂ သန်း ဂ သိန်း ၉ ထောင်နှင့် မိုင်းမောမြို့ ကျိုင်းတောင်မြို့ မိုင်း တွယ်မြို့ မိုးဝန်းမြို့ မိုးမိတ်မြို့ ၅ မြို့ကို အမတ်နန္ဒယော်ခ ငါ့လောပွန်ကြီး ငါ့ပေါလုံး ငါထော်ပေါ ငါ့ သောကြာ ငါ့ရှမ်း ငါ့သည်ဇံတို့နှင့် တပ်ပေါင်းစား ၅၅၀ ဇာပေါင်းစား ၁၀၀၀ အမတ်စော်ဘွား ၅၀၀၀ စော်ဘွားကြီး အိမ်နေ ကံတော့ခံ ၇၀၀တို့နှင့် မိုင်းတွယ်မြို့ အရှေ့ကိုလားသော် ၇တိုင်ကျော် ၃ လုံး သစွေးပင်ညီနောင် သိန်းနီမြေခြား ဘုံသူရဿတီ နတ်ကုန်းထိ။ တောင်ကို လားသော် ၄ တိုင်ကျော်ခန် ချောင်းကြီးလက်ကသုံ မိုးနဲမြေစပ် အန္တာငါ့ရှမ်း သူရဲတိမ်နတ်ကြီးကုန်းထိ အတက်အခြား။ အနောက်ကို လားသော် ၃ တိုင်ကျော်ခန့်ကွာ တောင်ဆင်းကျောက်ငါ့နွား လဲခြားမြို့က လာသည်ချောင်း ကုန်းစင် တောင်အင်း ရေကွ့ပတိနတ်ကြီးစင် အခြား။ မြောက်ကို လားသော် ၄တိုင်ကျော်ခန့်ကွာ အင်ကြင်းပင် ညီနောင် သိန်းနီမြို့တပ်ပေါင်းစား တပ်ချရာ တောင်လမ်းကုန်းအတက်။ မိုင်းတွယ်မြို့ နယ် ၄ ရပ်အ တွင်း တော ၅ ရပ် အင်းဇံတော နတ်ရင်းတော ရှံကရှံတော သစ်စေးအင်းကြင်းတော သုဝဏ္ဏခဇ္ဇာ တော ပန်းပေါင်းသိုက်တော ပန်းချောင်းနှင့် ချောင်း ၅ စော်ဘွား ၁၃ ဆက် သူကြီးပေါင်း ၂၃ ငါ့ပေါ် လုံး ငါ့တော်ပေါ ငါ့သုံကြီး ငါ့လွတ် ငါ့ရှမ်း ငါ့ပိန်တို့နှင့် လူပေါင်း ၂၃ သူကြီး တပ်ပေါင်းစား ဇာပေါင်းစားတို့ တည်ထားသည်။

၁။ ၁၂၃ (၃၄၁၀ မူ)

## ပုဒ်မ ၁၅ – အထွေထွေ

## (က) မိအိမ်နွယ်တိုင်နက် ၉၆၃

သက္ကရာဇ် ၉၆၃ ခု တပို့တွဲလပြည့်ကျော် ၃ ရက်နေ့တွင် သီဟသူရမဟာဓမ္မရာဇာ အမည်တော် ရှိသော ညောင်းရမ်း မင်းတရားကြီးသည် ရွှေနန်းတက်သိမ်း စံပယ်တော်မူသည်နောက် သူရဲ ၁၂ တပ် သွေးသောက် စုရွှေ ပန်းပန် လူ ၁၀၀၀ကျော်ကို တကိုယ်လျှင် လယ် ၇ ပယ် ၂ စီ ပယ်ပေါင်း ၇၂၀ မိအိမ်နွယ်တိုင်နက်ဘွင် ချထားတော်မူသည်ကာလ ပုံချိတုရင် သရေစန္ဒကျော်ထင်တို့နှင့် အမှတ်ငယ်သားလူစုတို့ကို ချထားတော်မူသည်။

## ပုဒ်မ ၁၅ (ခ) သုံးဆယ် ၉၆၃ ခု

ငင်းသက္ကရာဇ် ကဆုန်လပြည့်ကျော် ၅ ရက်နေ့တွင် ဘုန်းတော် အလွန်တရာကြီး မြတ်တော်မူလှသော ဘဝရှင်မင်း တရားကြီးသည် နန္ဒသီရိကျော်ထင် လကျ်ာနန္ဒကျော်ထင်တို့ကို စေတော်မူ၍ သုံးဆယ်မြို့ မိုးနဲမြို့ ညောင်ရွှေမြို့ သီပေါမြို့ မိုးမိတ်မြို့ ၅ မြို့ နယ်သီး နယ်ခြား ကန့်ကွက်၍ ပေးသနားတော်မူသည်။ သုံးဆယ်နယ်ကား အရှေ့ကို လားသော် သံလွင်ကျချောင်းလမ်းတောင် အထက်မြစည်းခုံ ဘုရားဝတ်တော် မြေအစပ် တောင်ပိုင်း အဆင်း လမ်းကူးအထက် ကျောက်တောင်အခြား။ တောင်ကို လားသော် တောင်ပိုင်း ကာင်းထားမြေ မှိုင်းလုံးချောင်းခေါ်သည် တောင် ၅ လုံးအခြား။အနောက်ကို လားသော် မိုးမိတ်မြေ မြစ်ငယ်ပေါက် စမုံမြစ်ရိုးချောင်း ဆင်လည်ကျချောင်း အခြား ငင်း ၄ ရပ်သည် သုံးဆယ်မြို့ ဟဲသည် ဇံတိုင်နက် မြေပါပြင် အရာတော်အင်းလျှားမြေ ပယ်ဝင် ၅၂၀။ ဟဲသည်ဇံငါ့ လောပွံကြီးတိုင်နက် သုံးဆယ် နယ်ပြင် နယ်သီး အင်းလျှားအရာတော် ၅၂၀ အရာတော် အခွန်ဝင် အင်းလျှား နယ်သည် သက္ကရာဇ် ၉၆၃ ခု တန်ဆောင်မုန်း လပြည့်ကျော် ၁၃ ရက်နေ့တွင် နန္ဒသီရိကျော်ထင်တို့ကို စေ၍ အရာတော် အင်းလျှားမြေ ပယ် ၅၂၀ မြေကို ကြိုးနှင့် တိုင်တာမှတ်သားချပေးသည်ကား တာပေါင်း ပတ်ဝိုက်၊ အရှေ့အနောက် တောင် မြောက် ၂ တိုင် ၅ ရာတွင်းကွာ အရှေ့ကို လားသော် တောင်တက်လမ်းအခြား။ အနောက်ကို လားသော် ချောင်းပေါက် အခြား။ အနောက်ကို လားသော်[၁] တောင် ၃ လုံးမြစ်အခြား သစ်ပုပ်ပင်ထိ။ မြောက်ကို လားသော် တောင်ပိုင်းလမ်း ညောင်ပင်ကုန်း ထိ။ ငင်းနယ် ၄ ရပ် ပယ်ပေါင်း ၅၂၀ အခွန်သေ အခွန်မ အရာတော်ထမ်း ထားမ ပုဆိန် တူးရွင်း သစ်တော ဝါး ကြိမ် လျှော် ပန်းဦးနှစ်သစ်တောင်တက် မည်း နီပါ ရောင်းဝယ်သမျှကို အရာတော် အင်းလျှားမြေ ခွန်သေ ၅၂၀ အခွန်မ ၂၅၀ တနှစ်ကို ၊ သီပေါမြို့ သုံးဆယ်မြို့ ကင်းများနည်း မြေတိုင်တို့က ဆက်သွင်း ပေးရသည်။ စာတမ်း။

---

၁။ တောင်အလားကား (၃၄၁၀ မူ)

## ပုဒ်မ ၁၆ – ပုပ်ကန်ကြီး ၉၇၃ ခု

သက္ကရာဇ် ၉၇၃ ခု တန်ဆောင်မုန်း လဆန်း ၁၅ ရက်နေ့တွင် အနောက်ဘက် သာလွန် မင်းတရားကြီးသည် မြစ်အရှေ့ဘက် တောင်ပြုံးကြီးရွာ ငါ့ထွန်းဖြူတိုင်နက် အစပ် ပုပ်ကန်ကြီး သက်ငယ်ကျင်း ရွာနယ်သည် အရှေ့ကို လားသော် သစ်ဦးချောင်းရိုး တောင်လမ်းစ ၃၉၆ ပယ်။ တောင်ကိုလားသော် သက်ငယ်ကျင်း မြေတိုင် ငါ့ပေါ်ဦးတိုင်နယ် အစပ် ၂၃ ပယ် ၂ိ ဇောင်ချမ်းပင်ကုန်းထိ။ မြောက်ကို လားသော် တောင်ဘက်လမ်းကူး စာတိုက်ဒါယကာရွာက ဆင်းသည် ချောင်းရိုး ဇရပ်ပင်ကြီးအခြား။ အနောက်ကို လားသော် တောင်ပြုံးကြီး လမ်းကွဲထိ။ ပုတ်တောင်ကုန်း ပယ် ၂၉ ပယ် ၃ ကုက္ကိုပင် အခြား ပယ်ပေါင်း ၂၃၀ အနက် ပယ်သီး နယ်သီး ဖွဲ့နည်းကို သက္ကရာဇ် ၉၇၃ ခု ဆင်ကြည်တိုက်အဝင် မြို့ကျေးရွာ သူကြီး မြေတိုင် အရှေ့ဝင်း ဒိုင်ခေါင်း ငါ့သာကြွယ်နှင့် လုပ်သားကြီး ငါ့သောကြာနှင့် ဗိုယောက်ကို ပေါက္ကံအရာတော် ပယ်ဖွဲ့ ၆၃ ပယ် နုတ်သည်ပြင် နှစ်စဉ် အခါတော်နှစ်သစ် ပန်း သစ်သီး သစ္စေး တော်ခွန် ယာခွန် ဆက်သွင်းသည့် အစုအစဉ်ကို ငါ့သောကြာကို စစ်ဆေးမေးသော် ထွက်ဆိုသည်။ ကျွန်တော် ဘေးဘိုးကသည် ကျွန်တော်တိုင် အစဉ်အဆက် လုပ်ဆောင်၍ ဆက်သွင်း ထမ်းရွက် ရသည် အိမ်ခြေ ၇၉ ထမ်းရသည် အိမ်ခြေ ၅၉ မြေပါယ်ပေါင်း ၁၇၉ ပန်း သစ်သီး ဟင်းရွက် ဝါး သစ် သက်ငယ် တောတိုင် ယာတိုင် နှင့်တကွ ငွေ ၁ိ ၁ံ အကဲ ၂ိ ၂ႋ ရေစား ၁ိ ထားမ ပုဆိန် တူရွင်း အစွတ်အခြောက် လုပ်သမျှကို ဆက်ထုံး အစဉ်ရှိသည်ဟူ၍ ပြောဆိုသည် စကားကို ကြားဘူးပါသည်။ ကျွန်တော်တိုင် နန္ဒသော်ခာ စန္ဒသီရိကျော်ထင်တို့ အခွန်တော်ကို အစွတ်အခြောက် ရေးစစ်သိမ်းခံသည့်ကာလ ဆက်သွင်း ရသည် ပန်း သစ်သီး ဝါး ကြိမ် လျှော် သစ္စေး အရာသော်နှင့် စပ်ဆိုင်သမျှကို တနှစ်လျှင် ၃ ကြိမ် ဆက်သွင်း ရပါသည် စာတမ်း။

## ပုဒ်မ ၁၇ (က) အုံးကွမ်းအရာတော် ၉၉၉ ခု

သက္ကရာဇ် ၉၉၉ ခု ရာဇမုဏိ စူဠာဘုရား ဒါယကာတော်မင်း တရားကြီး လက်ထက်တော် ၎င်းသက္ကရာဇ် တန်ဆောင်မုန်း လပြည့်ကျော် ၂ ရက် အင်္ဂါနေ့တွင် ဆင်ကြည်တိုက် အဝင် ရွာပေါင်း ၄၉ ရွာ အရှေ့ဘက် မြစ်အညာတွင် အရာတော် ပယ်မြေရှိ အုံးကွမ်းရွာ ပယ် ၃၀ အနက် ပယ်သေ တောစိမ်း မြက်မည်း ခုတ်လုပ်တီထွင်၍ ထွက်သည့်မြေ ပယ် ၃၀၂ ပယ် အနက် ရန်မဘယ်ဒိုင်းမြေ ၃၀၀၀ လှော်ကား မြေပယ် ၇၅ ငါ့စံသာကြီး ငါ့ရှမ်းလုံ တိုင်နက်မှန်သမျှကို နန္ဒသိရိကျော်သူ နန္ဒဗလကျော်သူတို့က ပယ်နယ် နိမိတ် အစုစဉ် ထမ်းရွက်ရိုး ပယ်ဖွဲ့နယ်ဖွဲ့ကို သက္ကရာဇ် ၉၉၉ ခု တန်ဆောင်မုန်း လပြည့်ကျော် ၂ ရက် အင်္ဂါနေ့တွင် ငါ့ရှမ်း ငါ့စံသာကြီး လုပ်သားနှင့် မြေတိုင် ငါ့သက်ပုံ နံကြာသာပတေး အသက် ၆၉ နှစ်သူကို သစ္စာတော်ကျမ်းပေး၍ စစ်မေးသော် ထွက်ဆိုသည် အုံးကွမ်းအရာတော် မြေသည် အရှေ့ကို လားသော် တောင်အတက်လမ်း ချောင်းကျောက်ကန် အခြား ပယ် ၃၂၉။ တောင်ကို လားသော် မြစ်ပေါက် အဆင်း တောင်ရိုးကုန်းဦး လမ်းကူးအခြား ပယ် ၃၄၂။ မြောက်ကို လားသော် ချောင်းရိုး ရေမြစ်မြောင်း ရာခွန်တော် ခွန်နတ်ကြီး ပယ် ၂၄၇ ပယ်။ အနောက်ကို လားသော် တောင်ရိုးရွာ ကုန်းတန်း အခြား ၁၄၆ ပယ် ဆည်းကြီးငါ့ကျော်ထွန်း ဘေးငါသက်ပုံ တိုင်ဆော်သည် နယ် ၄ ရပ်အတွင်း အရာတော်မြေ အုံးကွမ်းရွာ ပယ် ၆၇၉ ပယ်သေ ပြု၍ အစွတ်အခြောက် တောစိမ်း မြက်မည်း ရာ တော်ကိုင်းအင်း ပန်းတော်ပန်း သဇင်တော် သစ်သီး သစ်ရွက်တော် ဘဏ္ဍာကို ဆက်သွင်းရိုး အစဉ် အတိုင်း စစ်မေးသော် အုံးကွမ်းရွာကို သက္ကရာဇ် ၇၃၇ ခု တပေါင်းလတွင် အမတ် နန္ဒယော်ခေါ်တို့ ရေးစစ် သိမ်းခံ၍ ဆက်သွင်းရသည် နယ်စစ်တမ်း အတိုင်း အုံးကွမ်း အရာတော် မြေတွင် လှော်ကား သုံးတောင်မြေ ဝင်းမြေ ပယ်ပေါင်း ၇၉ ပယ်နုတ်သည် အပြင် ၆၆၇၉ အရာတော် အုံးကွမ်းရွာကို ပျဉ် ပြားမင်းလက်ထက် တမြက်သာမြို့မြေကို ပြုစုသမုတ်သည် ကာလ တောခွန် ရွာခွန် ကိုင်းခွန် တော စိမ်းမြက်မည်း ခုတ်လုပ်တီထွင်သည် လုပ်သား ငါ့ရှမ်းကြီး ငါ့စံအောင် ငါ့ထွန်းပုံတို့နှင့် ၅၆ ထားမ ပုဆိန် တူးရွင်း တောခွန် ယာခွန် အစွတ် အခြောက် မြေဘွင် ပယ်နယ်ကို တွက်၍ တနှစ်ကို အခွန်ဘော်ဝင် ရေတက်မြေတက်တွင် လုပ်သမျှကိုအခွန်တော် အရာတော် ဆင်ကျည် စာရေးတို့မှာ ၅၂၃ ရေးစားအကဲအဘိုး မရှိ။ တနှစ်ကို အခွန်သေ ၃ အခွန်မ ၂၅၀ တောတိုင် ၁ံ ယာတိုင်၁ံ ထင်း သစ် လျှော် ကြိမ် ဝါးများမှာ ကင်းတိုင်တို့မှာ ချေသည်နည်း အုံးကွမ်း ရွာသူကြီး ငါ့စံအောင် ဘိုငါ့ပုံထွန်း ငါ့စံအိုတို့ ဆော်ဘန်၍ အရာတော် အုံးကွမ်းရွာကို ငါ့သက်ပုံ တိုင်ဆော်၍ မိတော်ဦး ပေးဆက်သွင်းရသည် စာတမ်း စစ်ချက်အတိုင်း မင်းအဆက်ဆက် အရာတော်အုံးကွမ်းရွာကို စီရင် ရပါသည်။ ငါ့စံအောင် ငါ့ထွန်းပုံတို့နှင့် လုပ်သား ၅၆ သည် ဆည်ကြီး ငါ့ကျော်ထွန်း ဘေးငါ့သက်ပုံ ဘိုငါ့ရွှေအိုးတို့ တိုင်ဆော်၍ အဘိုးတော် အခွန်တော်ကို ဆက်သွင်း ရပါသည် ဟူ၍ အစစ်ခံချက်။

## ပုဒ်မ ၁၇ (ခ) အုံးကွမ်း ငှက်ကြီးသိုက် ၁၀၄၁ ခု

သက္ကရာဇ် ၁၀၄၁ ခု တပေါင်း လပြည့်ကျော် ၁၂ ရက် စနေနေ့တွင် ဘုန်းတော် အလွန်တရာကြီးမြတ် တော်မူသော ဘုရား အမိန့်တော် ရှိသည်။ ဆင်ချည်တိုက် အဝင် မြကန်ဆည်ရေသောက် နားငွှေင်းကျ

ဆည်တော်ရေသောက် အောင်ပယ်လယ် ကန်တော် ရေသောက် လယ်ပယ်မျိုးကျရာ နယ်သီး နယ်ခြား ဦး ရေ လုပ်သား ကျွဲရှည်း တိုင်ဆော် နက်မြေ ကျေးရွာသို့ ဆင်ကြည်တိုက်ဝင် အုံးကွမ်းအရာနှင့်တော် ငှက်ကြီး သိုက်အရာတော် ချောင်းစောက် လက်ပံအရာတော် သတိ ကျွဲနွားဘားရွာ ရေသောင် တ မုတ်ဆိုး ကြူးဝန်း ကျွန်လှရွာ ကြောင်မီး လက်ကောင်း ပုတ်သက်ယ်ကျင်းမှ စ၍ ရွာပေါင်း ၂ရွာ သူကြီး မြေတိုင် တောကဲ အလိုတော ကျွဲရှည်း လုပ်သား ကျီတော်ဝင် ဆက်သွင်း သမျှ ကျေးရွာ ပယ်နယ်ဦးရေ စာရင်းကျ နယ်ပယ်ကို သက္ကရာဇ် ၉၀၀ ကျော်က ရွှေဘိုက်တော်မှာ ဆက်သွင်း ရသည်နည်းတလုံးတဝတည်း ပယ် ၁၀၀ ကျော်အနက် ရတနာမြစည်းခံ ဘုရားဝတ်တော်မြေ ၄၂ ပယ် ၃ိ သစ္စာရ ဘုရားဝတ်တော်မြေ ၃၉ ပယ် ၃ိ လှော်ကား ၃၀၀၀ မြေ သူရဲမြေ လမိုင်းမြေ ဝင်းမြေ ဘဏ္ဍာတော်မြေ ဒေါင်းရွှေမြေ နက်နေ မိလှမြေ စစ်တုရင်ထောင်မှူးမြေ ဒိုင်းမြေ ကာမြေ အစုစု မြေပယ်၅၀၀ နုတ်သည်ပြင် ကျန်မြေ ပယ် ၇၀၀ ကျော်နှင့် အိမ်ခြေ ဦးရေ စာရင်း ကျားကြီး ကျားငယ် မကြီး မငယ် အသက် နေ့နံ လူ ၂၀၀ ကျော်ကို ဆည်ကြီး ကင်းစား ငါ့ကျော်ထွန်း ဘေးငါ့သက်ပုံ ဘိုးငါ့ရွှေဦး ဘွားမိတော် ဦးတို့ လက်ထက်တိုင် ဘော်သည်နည်း ကင်းစားဆည်ကြီး ငါ့ကျော်ထွန်း တိုင်ဆော်၍ ရွှေတိုက် အင်းစာရင်း ပယ်နယ် သီးသန့် ခြားနား ကန့်ကွက်၍ အဘိုးတော် အခွန် တော်ကို သက္ကရာဇ် ၁၀၄၁ ခု တပေါင်းလပြည့်ကျော် ၁၂ ရက် စနေနေ့ တွင် ရွှေလွှတ်တော်သို့ နာခံ တမန်သားစည် ပြန်သည် အမိန့်တော်တမ်း။

ငင်းသက္ကရာဇ် စနေနေ့ ဝမ်းပဲအင်း စံတော်မူသော မင်းတရားကြီး လက်ထက်တော် ရွှေတိုက် တော် အင်းစာရင်း ပေးဖွဲ့ဘက်သည် ၇ တိုက်အဝင် ဆင်ကြည်တိုက်အရှေ့ဘက် ကြူကန်ရွာ ကျွန်းလှ ရွာ တမုတ်ဆိုးစို့။ အောင်ပင်လယ်ကန် မြကန်ဆည် နားငွေ့ောင်းကျသည် ကြောင်မီး လက်ကောင်း ရေလောင်ရွာ ချောင်းစောက် လက်ပံရွာ အရာတော်အုံးကွမ်း ငှက်ကြီးသိုက် ဆင်အိုင်ပိန်ညင်း ကျွဲ နွားဘား ရှမ်းရွာ သတိရွာများကို ရှေးမြင်းမြေ ဒိုင် လမိုင်း ဝင် ကောင်ဟန် ဘွားဘက်ကျော်မြေ ဒေါင်းရွှေမြေ ဘဏ္ဍာမြေ အစုစုလယ်ပယ်မျိုးကျ ပယ်နယ်ဦးရေ စာရင်း ကျွဲရှည်း လုပ်သား တိုင် ဆော်နက် မြေတိုင်ရိုး အစဉ်တိုင်ရိုး ဆက်ရိုး ဆော်ဘန်မြဲ အစဉ်ကို သက္ကရာဇ် ၁၀၄၁ ပြာသိုလပြည့်ကျော် ၃ ရက် အင်္ဂါနေ့တွင် မြင်းသည် အကြီးတုရင်ကိတ္တိ တုရင်ကျော်ထင် အမတ်သီရိဇေယျသူတို့ သစ္စာ တော်ကျမ်း ပေး၍ စစ်မေးသော် ကျွန်တော်ဘေးဘိုးကသည် ကိုယ်တိုင် ဆင်းသက်ဆက်ခံ တိုင် ဆော်သည် အစည် ပယ်နယ် ကျွဲရှည်း လုပ်သား ဆည်ရေသောက် မြီးကျအခွန် သစ်စည်း ဝါးစည်း နယ်နိမိတ်ရှိသည်အတိုင်း ထွက်ဆိုသည်ကား အနောက်ဘက် လွှမ်းမင်းတရားကြီး လက်တော်ကသည် ကျွန်တော် ဆင်းသက်ခံ၍ တိုင်ဆော်သည်ကား ဆည်ကြီးငါ့ကျော်ထွန်း ဘေးငါ့သက်ပုံ ဘိုးငါ့ရွှေ အိုး ဘွားမမိတော်ဦး တိုင်ဆော်သည် မြကန်ဆည်း လယ်ပယ် ၇၀၀ အနက် သစ္စာရ ဘုရားကို လှူ တော်မူသည် ဝတ်တော်မြေ ၄၂ ပယ် ၃ိ ပြင် ကျန်ပယ်မြေ နယ်မြေ တိုင်ကြီး သားငါ့ရွှေအိုး ငါဆုံ ငါ့သာတို့ကို စစ်မေးသော် တမုတ်ဆိုးစို့ ရွာကသည် အရှေ့တောင်ထောင့် အရှေ့စူးစူး မြေးဆည်ကြီး ငါ့ကျော်ထွန်း ဘိုးငါ့ရွှေအိုး တိုင်နက် မြေသည် ဆင်ကြည်တိုက်အဝင် လုပ်သားပေါင်း ငါတော ငါ့ရှမ်း ငါ့ဇ ငါ့တော်တိုက်တို့နှင့် လုပ်သား ၇၉ သည် ဆည်ကြီး ငါ့ကျော်ထွန်း ဘေးဘိုးကပင် ဆည်ကြီးငါ့ ကျော်ထွန်းတိုင်ဆော်သည် ဆည်ကြည်တိုက်မြေ အောင်ပင်လယ်ကန် မြကန် နငွေ့ောင်းကျဆည်ရေ သောက်။ အရှေ့မြောက်ထောင့် အရှေ့ စူးစူး အရှေ့တောင်ထောင့် ပတ်ဝိုက်တာ သစ္စာရ ဘုရားဝတ် တော်မြေပြင် ၃ တိုင်ကျော်ခန့်ကွာ မရင်းကျွန်းပင်ချောင်း တဘက် ရတနာ မြစည်းခံမြေ ၄၂ ပယ်

ချောင်းရိုး သစ်ပုပ်ပင် အခြား။ အနောက်ကို လားသော် အောင်ပင်လယ်ကန် ရေသောက် ရေလောင်း ရွာ အရှေ့ ထန်းစုပယ် ၃၇၈ ပယ်။ မရင်းပယ်လယ် သုံးဆယ်တိုက် ညောင်ပင်ဝန်းထိ။ မြောက်ကို လားသော် အောင်ပင်လယ် ရေဝေးချောင်း ပယ် ၁၃၉ ပယ် သခွပ်ပင်ခြား။ တောင်ကို လားသော် မြစ်ရေဝင် ငါ့ရွှေပုတိုင်နောက် ကုန်းရိုး ချောင်းထိ ၂၃၉ ပယ်။ ချည်ပင်စိုက်အရာတော် အလျားပယ် ၅၂၀ ဆင်အိုင် ပိန်ညင်း ပယ် ၂၅၀ သတိရွာ ပယ် ၈၉ ပယ် ကျွဲနားဘားပယ် ၈၂၀ အစုစု ပယ်ပေါင်း ၇၀၀ မြေကို အရာ တော်မြေ ဘုရားမြေ ကျောင်းသင်္ဃိကမြေ လမိုင်း ဒိုင်း ဒေါင်းရွှေ ဘဏ္ဍာမြေ ဝင်း ကောင်ဟန် တံခါးနီမြေ အဆောင်နီမြေ လကျာထောင်မြေ အစုအခြား နုတ်သည်ပြင် သုံးတောင်လှော်ကားမြေ သူကြီးမြေ လက်ရွေးကြီးမြေ ကျွန်သီတော်မြေ မြင်းမြေပြင် အစုစုအစုခြား ၅၀၀ နုတ်သည်ပြင် ကျန်အိမ်ခြေ ၁၂၀၀ ပယ်သီး အခွန်တော် ပယ် ၈၀၀ ကို လယ်ပယ် ကျွဲရှည်း လုပ်သား ထားမ ပုဆိန် တူးရွင်း အစွတ် အခြောက်မြေတွင် လုပ်သမျှကို အဘိုးတော် အခွန်တော်ကို ဆက်ခံတိုင်ဆော်၍ ဆည်ကြီး ငါ့ကျော်ထွန်း ဘေးငါ့သက်ပုံ ဘိုးငါ့ရွှေအိုး ဘွားမမိတော်ဦး တိုင်ဆော် ဆက်ခံသွင်းသည် ကူးတို့ ကင်းစားဆည်ကြီး ငါ့ကျော်ထွန်း တိုင်ဆော်နက် အုံးကွမ်း ငှက်ကြီးသိုက်ရွာ မြေနယ်သည် အရှေ့ကို လားသော် ၂ တိုင်ကျော်ခန့်ကွာ ဆင်ဖြူချောင်းထိ တဘက်ဘော်နင်း မြေနှင့် ကျောခိုင်း။ အရှေ့တောင်ကို လားသော် ၃ တိုင်ကျော်ခန့်ကွာ ခရိုင်ချောင်းမြစ်လယ်ထိ တဘက်ရက်မန်း ရက်ဆား မြေနှင့် ကျောခိုင်း။ တောင်ကို လားသော် ၂ တိုင်ကျော်ခန့်ကွာ မြစ်ငယ်အလယ်ကျော် တဘက် ရက်မန်း ရက်ဆား မြေနှင့် ကျောခိုင်း။ အနောက်တောင်ကို လားသော် ၂ တိုင်ကျော်ခန့်ကွာ တနေပုတ်ချောင်း ဝ မြစ်ငယ်ထိ တဖက် သတိ ကျွဲနားဘားမြေနှင့် ကျောခိုင်း။ အနောက်ကို လားသော် ၂ တိုင်ကျော် ခန့်ကွာ နွားသိုတောင်ခြေရင်း တနေပုတ်ချောင်းဖျား ကျောက်ပုံထိ တဘက် သတိ ကျွဲနားဘား မြေနှင့် ကျောခိုင်း။ အနောက်မြောက်ကိုလားသော် ၂ တိုင်ကျော်ခန့် ကွာ မဲတဲချောင်း ကြက်ခေါင်း တင်ညောင်ပင်ရွာထိ တဖက် သတိအရာတော်မြေနှင့် ကျောခိုင်း။ မြောက်ကိုလားသော် ၂ ကျော်ခန့် ကွာ လက်ဆေးချောင်းထိ တဘက် ဆင်ကြည်တိုက် ဆည်ကြီး ငါ့ကျော်ထွန်း တိုင်ဆော် စီရင် နက်မြေနှင့် ကျောခိုင်း။ အရှေ့မြောက်ကို လားသော် ၃ တိုင်ကျော်ခန့်ကွာ ဝါးဖြူတောဆင်ကျ တင် ကြည်ကျပ် တောင်ထိ တဘက်နှင့် အရာတော်မြေ ဆည်ကြီး ငါ့ကျော်ထွန်း တိုင်ဆော် စီရင်နက်မြေ နှင့် ကျောခိုင်း ။ ၎င်းနယ်ပယ် အတိုင်း မှန်ပါသည် ဘုရား။

### ပုဒ်မ ၁၇ (ဂ) ဆင်အိုင်ပိန်ညင်း

ဆင်အိုင် ပိန်ညင်းရွာမှာ ရှေးထုံးစံ အတိုင်း အခွန်တော် အလွတ် အမှုသေးဖွဲ့ ကင်း ကူးတို့ ဆိတ် တည် ပွဲ အကောက်အစား လွတ်၍ ပန်းတော်ပန်းကိုသာ ဆက်ရမြဲ ဖြစ်သည်။ ပန်းတော် ပန်းခြင်း လည်း တမုတ်နီ ရစ်ပတ်၍ သိုင်းနှင့် ဖြဲတိုက်တော်မှာ ဆက်ရပါသည်။ ပန်းဆက် လာသော သူမှာ လည်း စျေးမှာ ကောက်၍ စားရပါသည်။

**ပုဒ်မ ၁၈-တောင်ရှည် ၁၀၄၁ ခု**

သက္ကရာဇ် ၁၀၄၁ ခု တန်ဆောင်မုန်း လပြည့်ကျော် ၃ ရက်နေ့တွင် ငါ့သက်စံ နံကြာသပဒေး အသက် ၅၅ မယားပုံလှေး နံသောကြာ အသက် ၆၇ သူသည် မြေတိုင် အရိုးအရာ ဆော်ထိန်းနက် ဘေးဘိုးကသည် ဆင်းသက်ဆက်ခံ တိုင်ဆော်၍ တောင်ရှည်ရွာကို ကြီးဆိုးတိုင်ဆော်သည် အစုအစည် ထမ်းရိုးရွက်ရိုး လယ်ပယ် နယ်ဦးရေစာရင်းကို သစ္စာတော်ကျမ်း ပေး၍ စစ်မေးသော် ကျွန်တော်ဘေးငါ့ပုံ ကြီးစိုးတိုင် စီရင်သည်။ မရှိလျှင် ကျွန်တော်ဘိုးငါပုံ ကြီးစိုးတိုင်သော် စီရင်သည်။ မရှိလျှင် ကျွန်တော် ဘငါ့ကျော် ကြီးစိုးတိုင်ဆော် စီရင်သည်။ မရှိလျှင် သားကျွန်တော် ငါ့သက်စံ ကြီးစိုးစီရင်တိုင်ဆော်သည်။ ထောင်ရှည်ရွာကို ဝမ်းဘဲအင်းစံ မင်းတရားကြီး လက်ထက်တော် ပယ် ၂၅၃ ပယ်ကို ရွှေတိုက်တော်မှာ ဆက်သွင်း ရသည် ပယ်နယ်ကား အရှေ့မြောက်ထောင့်ကို ဆင်တိုက်ဘုရား။ အနောက်ကို ညောင်ပင်ထိ ဘားနောင်မြေနှင့် ကျောခိုင်း။ တောင်ကို ခပေါင်း ချောင်းထိ။ အရှေ့ကို ကမ်းဖြူမြေစပ်။ အရှေ့တောင်ကို ရေပုပ်ချောင်းငယ်မြေနှင့် ကျောခိုင်း။ အနောက်ကို တိုင်ပြောက်မြို့ကြီး ကျေးမြေနှင့် ကျောခိုင်း မြေစပ်။ အနောက်ကို လားသော် တပ်ကျောင်း မြေနှင့်ကျောခိုင်း။ အနောက်ကို လားသော် မြေရိုးရွာထိ။ မြောက်ကို လားသော် ရှမ်းစောရွာချောင်းထိ ဘာနောက်မြေနှင့် ကျောခိုင်း ။ ၎င်းနယ် ၄ ရပ်အတွင်းတွင် ခွန်သေ ခွန်မ ရော်ရမ်းပယ်ဖွဲ့ စာရင်း ဆက်သည်။ တောင်ကြီး အိုင်မြင်းမြေ နရကန် မြင်းမြေ ဒေါင်းရွှေမြေ ပယ် ၄၅ ပယ်ပြင် မင်းမြေ ၁၇၃ ပယ် ဘုရားမြေ ၆၀ ပယ်တွင် ထားမ ပုဆိန် တူးရှင်း သစ်ခုတ် တောင်ယာပဲခင်း လုပ်ဆောင် သမျှ အခွန်အသီး အပေါ်ဝန် အကောက် အစား တရားကွမ်းဘိုး ကျွဲဝင့် နွားဝင် ကျွန်းခေါင်မြီးဖျား ရောင်းဝယ်သမျှ ပယ်နယ် ပေးဆက်ရိုး အခွန်ကို အစဉ်အတိုင်း ဆက်သွင်းသည် အရာတော် အခွန်ရ ဆက်သွင်းရပါသည်။ အခွန်တော် ကြေး ၅၂၀ တောခွန် ၁ံ ယာခွန် ၂ံ ထားမ ပုဆိန် တူးရှင်း ၁ိ ၁ံ သစ်တိုင်သစ်တောခွန် ယာခွန်မှာ မင်းမြေက ဆက်ရပါသည်။ ရွှေတိုက်အစဉ် စာတမ်း။

## ပုဒ်မ ၁၉ (က) မြကန် အစရှိ ဆိုင်ရာအမှိန့်တော် ၁၀၆၁ ခု

သက္ကရာဇ် ၁၀၆၁ ခု ဘုန်းတော် အလွန်ကြီးမြတ်တော် မူလှသော ဘဝရှင် မင်းတရားကြီး ဘုရား အမိန့်တော် ရှိသည်။ ဆင်ကြည်တိုက် အဝင် မြကန်ဆည်တော် အောင်ပင်လယ် အောက်ရေသောက် နားငွှောင်းကျ ဆည်ရေသောက် လုပ်သား ကျွဲရှည် လယ်ပယ်နယ် စစ်တမ်း စစ်ချက်။ ဆင်ကြည် တိုက်အဝင် ဆည်ကြီး ငါ့ကျော်ထွန်း ဘေးငါ့သက်ပုံ ဘိုးငါ့ရွှေအိုး ဘွားမမိတော်ဦး တိုင်ဆော်သည် ကျေးရွာမြေ ပယ်နယ်ခြား နား၍ နယ်သီးမြို့ကျေး လုပ်သား ကျွဲရှည်း ရွှေတိုက်တော်ဝင် ပယ် ၁၁၀၀ ကျော် အနက် စုခြားနယ်ခြားလူတို့ကို လုပ်မြေ နေမြေ ပေးချသည်။ သက္ကရာဇ် ၉၀၀ ကျော်က နုတ်မြေ ပေးချသည်ပြင် ကျန်မြေ ပယ် ၈၀၀ အနက် မြကန်ဆည် နားငွှောင်းကျဆည် ရေသောက် တမုတ်ဆိုးစို့ရွာ ရေလောင်ရွာ ကြူဝန်းရွာ ကျွန်းလှရွာ ပုတ် သက်ငယ်ကျင်းရွာ ကန်ကြီးရွာ သတ ကျွဲနားဘား အရာတော် ချောင်းစောက် လက်ပံစည်း အုံးကွမ်းရွာ အရာတော် ငှက်ကြီးသိုက် ဆင် အိုင် ပိညင်း ခေါင်းမိ ကြောင်းမီးလက်ကောင်း အောင်ပင်လယ်ရေသောက်မှ စ၍ မျိုးကျပယ်နယ် ဦးရေ စာရင်း ဒိုင်း သူရင်း စပါး လုပ်သား ကျွဲရှည်း ကျီတော်ဝင်မြေ မျိုးကျ ဆက်သွင်းသည်ပြင် ရတနာဘုရား ရှင်ဝတ်တော် မြေ ၄၂ ပယ် ဒိ သစ္စာဘုရားဝတ်တော်မြေ ၃၉ ပယ် ၂ိ နုတ်ချ၍ ထားသည်ပြင် ကျန်မြေကား သူရဲမြေ ဒိုင်းမြေ ဘဏ္ဍာမြေ ဝင်းမြောက်မြေ ဝတ်မြေ သုံးတောင်လှော်ကားမြေ တံခါးနီမြေ အစုစုမြေကို နှုပ်ပေးသည်မြေသည် ပယ်ပေါင်း ၅၂၀ ပြင် ကျန် ၈၂၀ မြေကို အဘိုးတော် အခွန်တော်ကို ရှေးမင်းကေရာဇ်တို့ လက်ထက် ဆက်သွင်းသည်နည်း သက္ကရာဇ် ၁၀၆၁ ခု နတ်တော်လ ဆန်း ၇ ရက်နေ့ ရွှေတိုက်တော် အင်းစာရင်းကို ဆည်ကြီး ငါ့ကျော်ထွန်း ဘေးငါ့သက်ပုံ ဘိုးရွှေအိုး ဘွားမမိတော်ဦး တိုင်ဆော်နက် မြေသည် ဆင်ကြည်တိုက် အဝင် လုပ်သား ငါ့ပါ ငါ့ပေါ ငါ့ရှမ်း ငါ့အိ ငါ့တော်သိုက်တို့နှင့် လုပ်သား ၇၉ မြကန်ဆည်ရေသောက် နားငွှေးင်းကျ ဆည်းရေသောက် အောင် ပင်လယ်ကန်ရေသောက် ပယ်နယ် မျိုးကျ လယ်တကိုယ်စပါး ၂ ိ ကို တွက်၍ ထားမ ပုဆိန် တူး ရှင်း အစွတ် အခြောက် မြေလုပ်သမျှ အဘိုးတော် အခွန်တော် ၅ ပယ်ကို စပါး ၁၀ ကျီတော်ဝင် ကင်းစားဆည်ကြီး ငါ့ကျော်ထွန်း ဘေးငါ့သက်ပုံ ဘိုးငါ့ရွှေအိုး ဘွားမမိတော်ဦး တိုင်ဆော် နက် မျိုး ကျ မြို့ကျေးရွာပယ် နယ်ကို သီးသန့် ကန့်ကွက်၍ တိုင်သူရင်း ကိုယ်တိုင် ကိုတာညှိညွတ်၍ တလုံးတဝ တည်း သိမ်းခံတိုင်ဆော်၍ ဆက်သွင်း စေ။

သက္ကရာဇ် ၁၀၆၁ ခု နတ္တော်လဆန်း ၇ ရက်နေ့ ရွှေလွှတ်တော်သို့ နားခံ နန္ဒတမန် ပြန်သည် အမိန့် တော်။

## ပုဒ်မ ၁၉ (ခ) အုံးကွမ်းအစရှိ ဆိုင်ရာအမိန့်တော် ၁၀၇၆ ခု

သက္ကရာဇ် ၁၀၇၆ ခု တပို့တွဲ လပြည့်ကျော် ၇ ရက် သောကြာနေ့တွင်, ဘုန်းတော် အလွန် တရာကြီး မြတ်တော် မူလှသော ဘဝရှင် မင်းတရားကြီးဘုရား အမိန့်တော် ရှိလိုက်သည်။ ဆင်ကြည်တိုက် အဝင်

အရာတော် အုံးကွမ်း ငှက်ကြီးသိုက်ရွာမြေ ပယ် ၅၀၀ အရာတော် ချောင်းစောက် လက်ပံပယ် ၇၀၀ အရာတော် အင်းလျား ပယ် ၅၂၀ မြေနယ်ရွာသည် အရှေ့ကို လားသော် ၂ တိုင်ကျော်ခန့်ကွာ ဆင့်ဖြူ ချောင်း အတင် ဘော်နင်း မြေနှင့် ကျောခိုင်း။ အရှေ့တောင်ကို လားသော် ၃ တိုင်ကျော်ခန့်ကွာ ခရိုင် ချောင်းမြစ်ငယ်ထိ တဘက် ရက်မန်ရက်ဆား မြေနှင့် ကျောခိုင်း။ တောင်ကို လားသော် ၂ တိုင်ကျော် ခန့်ကွာ မြစ်ငယ် အလယ်ကြော တဘက် ရက်မန်း ရက်ဆားမြေနှင့် ကျောခိုင်း။ အနောက် တောင်ကို လားသော် ၂ တိုင်ကျော်ခန့်ကွာတနေ ငါ့ပုတ်ချောင်း ဝ မြစ်ငယ်ထိ တဘက် သတီ ကျွဲနားဘားမြေ နှင့် ကျောခိုင်း။ အနောက်ကို လားသော် ၂ တိုင်ကျော်ခန့်ကွာ နွားသို့ တောင်ခြေရင်း တနေ ငါ့ပုတ် ချောင်းဖျား ကျောက်ပုံထိ တဘက် သတီ ကျွဲနားဘား ရွာမြေနှင့်ကျောခိုင်း။ အနောက်မြောက်ကို လားသော် ၂ တိုင်ကျော်ခန့်ကွာ မင်းတဲချောင်း ကြက်ခေါင်းတင် ညောင်ပင်ရွာထိ တဘက် သတီ ကျွဲ နားဘားရွာ အရာတော်မြေနှင့် ကျောခိုင်း။ မြောက်ကို လားသော် ၂ တိုင်ကျော်ခန့်ကွာ လက်သေး ချောင်းထိ တဘက် ဆင်ကြည်တိုက် ဆည်ကြီး ငါ့ကျော်ထွန်း တိုင်ဆော် စီရင် နက်မြေနှင့် ကျောခိုင်း။ အရှေ့မြောက်ကို လားသော် ၃ တိုင်ကျော်ခန့်ကွာ ဝါးဖြူတောင် တင်ကျည်ကျပ် တောင်ထိ တဘက် ဘော်နင်း အရာတော်မြေ ဆည်ကြီး ငါ့ကျော်ထွန်း တိုင်ဆော် စီရင်နက်မြေနှင့် ကျောခိုင်း။ ၎င်းနယ် ၄ ရပ် ဂရပ်အတွင်းတွင် အပေါ် ဝန် အကောက်အစား တရားကွမ်းဘိုး အရာမြေ ပယ်နယ်ဦးရေ တိုင် သူရင်း စာရင်းကျ အိမ်ခြေ ကျားကြီး ကျားငယ် မကြီး မငယ် တောကဲ အိုးစားကြီး လုပ်သား လယ်ပယ်မျိုးကျ ကျွဲရှည် ပန်းသစ်သီးအခွန်တော် အရာတော်ကို ရှေးမင်း ဧကရာဇ် လက်ထက်တော် က စီရင်သည်။ သက္ကရာဇ် ၉၀၀ ကျော်က ဆက်သွင်း သည်နည်း တနှစ်လျှင် အခွန်တော် ၇၅၀ တော တိုင် ၁ံ အရာတော်ကွမ်းဘိုးတော်နှင့် စပ်ဆိုင်သမျှ အခွန်တော်ကို အုံးကွမ်း ငှက်ကြီးသိုက် ၅၀၀ အရာ တော်ချောင်း စောက် လက်ပံပယ်နယ် ၇၀၀ အရာတော် အင်းလျား ပယ် ၅၂၀ အဘိုးတော် အခွန်တော် ကိုးတိုင်ကိုစစ် လက်နက်ကိုင် တိုင်သူရင်း မင်းမှုနှင့် စပ်ဆိုင် သမျှကို ဆင်ကြည်တိုက် အဝင် မြေနယ် မြကန်ဆည် နားချောင်းကျဆည် လုပ်သား ကျွဲရှည်း အိမ်ခြေဦး ရေစာရင်း ထမ်းသည်အတိုင်း ကင်း စား ငါ့ကျော်ထွန်း ဘေးငါ့သက်ပုံ ဘိုးငါ့ရွှေအိုး ဘွားမမိတော်ဦးတို့ကသည် ဆည်ကြီး ငါ့ကျော်ထွန်း တိုင်ဆော် ကောက်စား စီရင်သည်အတိုင်း တလုံးတဝတည်း တိုင်ဆော်၍ အရာတော်နှင့် စပ်ဆိုင် သမျှကို ဆက်သွင်းစေ။

သက္ကရာဇ် ၁၁၇၆ ခု တပို့တွဲ လပြည့်ကျော် ၁၂ ရက် သောကြာနေ့ ရွှေလွှတ်တော်သို့ နာခံတမန် သာစည် ပြန်သည် အမိန့်တော်တမ်း။

## ပုဒ်မ ၁၉ (ဂ) အုံးကွမ်းအစရှိ (၁) ရှေပြေး ၁၀၉၅ ခု

သက္ကရာဇ် ၁၀၉၅ ခု တပေါင်း လပြည့်ကျော် ၁၂ ရက်နေ့တွင် ဆင်ကြည်တိုက် အဝင် ဆည်ကြီးကင်း စား ငါ့ကျော်ထွန်း ဘေးငါ့သက်ပုံ နံကြာသာပဒေး အသက် ၆၇ ဘိုးငါ့ရွှေအိုး နံစနေ အသက် ၇၅ ဘွားမမိတော်ဦး နံအင်္ဂါ အသက် ၆၃ သူတို့ ကြီးစိုးတိုင်ဆော်သည် မြကန်ဆည်ရေသောက် နားချောင်း ကျဆည်ရေသောက် အောင်ပင်လယ်ကန်ရေသောက် လုပ်သား ကျွဲရှည်း လယ်ပယ် မျိုးကျ ဦးရေ သူကြီး တိုင်ခေါင်း အိုးစားကြီး မြေတိုင် တောကဲတို့နှင့် ဆည်ကြီးကင်းစား ငါ့ကျော်ထွန်း တိုင် ဆော်သည် ကျေးရွာမြေပယ် နယ်နိမိတ်အစုစည် ထမ်းဖိုးရွက်ရိုး စာရင်းဦးရေ အရာတော်ချောင်း

စောက်လက်ပံ ပယ် ၈၀၀ အင်းလျားအရာတော် ပယ် ၂၅၀ ငှက်ကြီးသိုက် ၅၀၀ ဆင်အိုင်ပိန်ညှင်း ၂၅၀ သတီရွာ ပယ် ၁၇၉ ကျွဲနွားဘား ၈၂ အုံးကွမ်းငှက်ကြီးသိုက် ၄၂၀ ရေလောင်တမုတ်ဆိုးစိုပယ် ၁၃၉ ရင်းကြောင်မီးလက်ကောင်း ရှမ်းရွာ ပုဘ်သက်ယ်ကျင်းပယ်ပေါင်း ၇၅၀ နှင့် အစုစုပယ် ၃၀၁၊ ၃ စုပယ်ပေါင်း ၂၃၀၀၀ပယ်မြေကို အဘိုးတော် အခွန်တော်ဝင် အရာတော်မြေပါ ဆင်ကြည်ဘိုက်ဝင် မြေရွာသည့် ၂၅ ရွာကို ဆည်ကြီး ကင်းစား ငါ့ကျော်သွန်း ဘေးငါ့သက်ပုံ ဘိုးငါ့ရွှေအိုး ဘွားမမိတော်ဦးကသည့် ဆည်ကြီး ငါ့ကျော်ထွန်း တိုင်ဆော်ဆက်သွင်းသည့် အိမ်ခြေ ရွှေဘိုက်ဝင် ကျားကြီး ကျားငယ်မကြီးမငယ် ဦးရေထမ်းရ ၃၂၀၀ ပယ်သီး အရာတော်ခွန်ဝင်လယ်ပယ်ကျွဲရှည်း လုပ်သား ထားမပုဆိန် တူရွင်း အစွတ်အခြောက် လုပ်သမျှကို အဘိုးတော်အခွန်တော်ကို စီရင်တိုင်ဆော်၍ ပယ် ၅ ပယ် မျိုးကျကို တွက်၍ ကျီတော်ဝင် စပါး ၁၀ ထမ်းတောတိုင် ၁ံ ယာဘိုင် ၁ံ စပါး ၂ံ ကျကို တွက်၍ ဆက်သွင်းရသည် စာတမ်း။

## ပုဒ်မ ၁၉ (၈) အုံးကွမ်းအစရှိ (၂) အပြီးသတ် ၁၀၉၅ ခု

သက္ကရာဇ် ၁၀၉၅ ခု တန်ကူးလပြည့်ကျော် ၁၂ ရက်နေ့တွင် ဆင်ကြည်ဘိုက်အဝင် အုံးကွမ်းငှက်ကြီးသိုက် အရာတော် ချောင်းစောက် လက်ပံအင်းလျားအရာတော်မြေ ဆင်အိုင်ပိန်ညင်း ကျွဲနွားဘား ရှမ်းရွာ သတီ သမုတ် သက်ယ်ကျင်း ဒေါင်းရွှေ ပေါက်ချိုင်း ကြူဝန်း ကျွန်းလှ အောင်ပင်လယ် ကြောင်မြီးလက်ကောင်း တမုတ်ဆိုးစို ရေလောင်ရွာမြေပယ် ဆင်ကြည်ဘိုက်အဝင် အရာတော် အင်းလျားပယ် ၅၂၀ ချောင်းစောက် လက်ပံအရာတော် ၈၀၀ အုံးကွမ်းငှက်ကြီးသိုက် ၅၀၀ ဆင်အိုင်ပိန်ညင်း ၂၅၀ သတီရွာပယ် ၁၇၉ ကျွဲနွားဘား ၈၂ အစုစုမြေ ၂၂၅၀ အနက် အစုစုမြေ ဒိုင်း လမိုင်း ဒေါင်းရွှေ သူရဲ တံခါးနီ အဆောင်နီ ဘဏ္ဍာ လှော်ကား သုံးထောင်မြေ လက်ရွေးကြီးမြေ ကျွန်သီးတော်မြေ ဝတ်မြေ ဝင်းမြေ မြင်းမြေ အစုစု ၁၂၀၀ နုတ်သည် ပြင် ကျန်ပယ် ၁၃၀၁ မြေကို ဆည်ကြီး ကင်းစား ငါ့ကျော်ထွန်း ဘေးငါ့သက်ပုံ ဘိုးငါ့ရွှေအိုး ဘွားမမိထော်ဦး တိုင်ဆော်၍ ဆင်ကြည်ဘိုက်ဝင် အရာတော်ကွမ်းဘိုး မင်းရာ ဘဏ္ဍာအစုအစဉ်ကို တိုင်ဆော်၍ ဆက်သွင်းရသည်ကာလ အိမ်ခြေ ၁၂၀၁ ကျွဲရှည်း လုပ်သား လယ်ပယ်မျိုးကျ ထားမ ပုဆိန် တူးရွင်း အစွတ် အခြောက်လုပ်သမျှကို အဘိုးတော် အခွန်တော်ကို တိုင်ဆော်၍ ကျီတော်ဝင် ဆက်သွင်းရသည်ကား ၅ ပယ်ကို ၁၁ ထမ်းစပါးအခွန်တော်တိုင် ၁ံ ရာခွန် ၂ံ ကိုင်းခွန် ၂ံ စီ ၁ံ ကျ တိုင်ဆော်ရေးမှတ်စီရင်၍ မျိုးကျစပါးကို ဆက်သွင်း ရသည်ကို နံကြာသာပတေး ' အသက် ၅၀ သူ ဘိုးငါ့ရွှေအိုး ဘွားမမိတော်ဦး နံအင်္ဂါ အသက် ၆၃ သူတို့ ဆက်သင်းသည်ရွှေတိုက်စစ်တမ်း။

## ပုဒ်မ ၂၀ (က) မုတ္တမတောင်ငူဆိုင်ရာ အမိန့်တော် ၁၀၄၁

ဘုန်းတော် အလွန်ကြီးမြတ်တော် မူလှသော ဘဝရှင် မင်းတရားကြီး ဘုရား အမိန့်တော် ရှိသည်။ ရွှေခွန်တော် ငွေခွန်တော် ဘော်ယောခွန် ပိုးခွန် သစ်သီးခွန် ပန်းယိုအခွန်တော်ကို ကျေးဇူး သင်္ဂြိုဟ်တော် ၂ ပါး ရှိသည် အတိုင်း မလစ်မဟင်း မယွင်း မယိုရအောင် ၁၂ ရာသီတွင် အထူးထူး အပြားပြား ပေါ်သည် သစ်သီးပန်းတို့မှ စ၍ ရွှေခွန်တော် ငွေခွန်တော် များကို အစဉ်မပြတ် ဆက်သွင်းရမည်။ မုတ္တမ အခွန်တော်ဝန် တောင်ငူ အခွန်တော်ဝန် ခန့်ထားတော်မူသည်။ ရွှေနန်းရိုး ရှမ်းပြည်ရှိ ငွေခွန် မြစ်ညာရှိ ငွေခွန် အကြေ ၉ ရွာ အညာ ၉ ရွာ ငွေခွန် တူးရွှင်းတိုင် ငွေခွန်တော်များမှာ ငွေခွန်ဝန် သီးခြား၍ ခန့်ထားတော်မူသည်။ ရွှေ ငွေ သဇွေး ပွက်လျက် အခွန်တော်များမှာလည်း ကျီဝန်က နှီးဆော် စီရင်ဆက်သွင်း ရမည်။ အမိန့်တော် အကြိမ်ကြိမ် ပြန်၍ ရှိသည်ကို မတည်ရ ကူးသန်းရှက်တင် စီရင်ကြသောကြောင့် အခွန်တော်ဆက် ကျွန်တော်မျိုး ဆင်းရဲသား မငြိမ်မဝပ် ရှိသည်။ သင့်သည် လော့ ဝန်တို့ သီးခြား ခန့်ထားတော်မူသည် အတိုင်း ဆက်သွင်းစေ ပြန်ဆိုသည်။

သက္ကရာဇ် ၁၀၄၁ ခု ဝမ်းပဲအင်း စံမင်း အမိန့်တော်။

## ပုဒ်မ ၂၀ (ခ) မုတ္တမတောင်ငူဆိုင်ရာ အမိန့်တော် ၁၀၆၁ ခု

ဘုန်းတော်အလွန်ကြီးမြတ် တော်မူလှသော အရှင် ဘဝရှင် မင်းတရားကြီး ဘုရား အမိန့်တော် ရှိသည် မုတ္တမ တောင်ငူ ရွှေခွန် ငွေခွန်မှ စ၍ အရပ်ရပ် အခွန်တော်ကို နှီးဆော်စီရင်၍ ဆက်ရမည်။ မုတ္တမ အခွန်ဝန် တောင်ငူ အခွန်ဝန် ခန့်ထားတော်မူလေပြီးသည်။ ငွေခွန်ဝန်က မစီမရင် မနှီးမဆော် သာပြီ။ ငွေခွန် ဝန်မှာ ရှမ်းပြည် မြစ်ညာ အကြေ ၉ ရွာ အညာ ၉ ရွာ တူးရွှင်းတိုင် တောင်ငူ မုတ္တမပြင် ရွှေနန်းရိုး ငွေခွန်ဝန် ခန့်ထားတော်မူသည်။ အခွန်ကို ဆက်သွင်းစေ။ မုတ္တမ တောင်ငူ အခွန်မှာ အခွန်ဝန်ခန့်ထား၍ ရှိလေပြီးသည်။ မုတ္တမ တောင်ငူ အခွန်ဝန်က ဆက်သွင်းစေ။ ဝန်တို့က ငွေခွန်ဝန် မုတ္တမအခွန်ဝန် တောင်ငူ အခွန်ဝန်တိုကို ပြန်။

သက္ကရာဇ် ၁၀၆၁ ခု တော်သလင်း လပြည့်ကျော် ၅ ရက်နေ့ ရွှေလွှတ်တော်သို့ နာခံပြောကြီးမှူး တမန်သာစည် ပြန်သည် အမိန့်တော်။

## ပုဒ်မ ၂၀ (ဂ) မုတ္တမ တောင်ငူ ဆိုင်ရာ အမိန့်တော် ၁၀၇၇ ခု

ဘုန်းတော်အလွန်ကြီးမြတ်တော် မူလှသော အရှင်ဘဝရှင်မင်းတရားကြီး ဘုရား အမိန့်တော် ရှိသည်။ ရွှေနန်းရိုး ငွေခွန်ဝန် မုတ္တမအခွန်ဝန် ၊ တောင်ငူ အခွန်ဝန်တို့မှာ ဘေးလောင်းတော် ဘိုးလောင်းတော် ခမည်းတော်တို့ လက်ထက်တော် အစဉ်ရှိသည် အတိုင်း အခွန်တော်ကို ဆက်သွင်းစေ။ တောင်ငူ မုတ္တမ မှာ အခွန်ဝန်ခန့်ထား၍ ရှိလေပြီးသည်။ အခွန်ဝန်တို့က နှီးဆော်၍ ဆက်သွင်းစေ။ ငွေခွန်မှာ အထက်

မင်း ကျောဇ်တို့ လက်ထက်တော်က နှိုးဆော် စီရင်ရသည် အတိုင်းသာ စီရင်အုပ်ချုပ် ထမ်းရွက်စေ။ ဝန်စာိုက ငွေခွန်ဝန် တောင်ငူ မုတ္တမ အခွန်ဝန်တို့ကို ပြန်ဆို။

သက္ကရာဇ် ၁၀၇၇ ခု နတ်တော်လဆန်း ၁၀ရက်နေ့ နားခံဇေယျ တမန်ပြန်။

## ပုဒ်မ ၂၀ (ဃ) မုတ္တမ တောင်ငူ ၁၀၈၆ ခု (ကရင်မှူး)

သက္ကရာဇ် ၁၀၈၆ ခု လောကမာရ်အောင်ဒါယကာ လက်ထက်တော် တန်ဆောင်မုန်း လပြည့်ကျော် ၉ ရက် အင်္ဂါနေ့တွင် တောင်ငူမြို့ မင်္ဂလာငွေခွန်တော်ကို အခွန်ဝန် ရာဇပုညာ စာရေးသီရိဇေယျတို့က ကရင်မှူး ၁၂ သွေးသောက်ကို ခန့်၍ အခွန်တော်ကို ဆက်သွင်းရသည်ကာလ ကရင်မှူး ဟဲဇံကျော် နံကြာသာပတေး အသက် ၆၆ ဟဲကမန်ပိုက်ကရင်မှူး နံစနေ အသက် ၇၅ သူတို့ကို နယ်သေပယ်သေ ဦးရေစာရင်းအတိုင်း ထမ်းရသည်။ သိမ်းခံ ဆက်သွင်းသည် ကာလ အကဲအပို ထမ်းစားရေးစားကျပြင် တနှစ်ကို ၁၆ အခွန်မ ၂၀ ပန်း သစ်သီး တောစိမ်းမြက်မည်း ခုတ်လုတ်တီထွင်သမျှ အစွတ်အခြောက် အဘိုးတော် အခွန်တော်ကို ငွေခွန်တော်သား ငါ့ချမ်းလုံ ငါ့ချမ်းသည်တို့ကို ခန့်၍ ဆက်စေသည် စာတမ်း။ ပယ်သေဦးရေ စာရင်း ၁၀၀၀ အခွန်ဝင် ၇၅၀ ဆက်သွင်းရိုး ကရင် ၁၂ သွေးသောက် ၎င်းခေါင်းတို့မှာ ခံ၍ ဘောင်ငူ ရွှေနန်းမင်္ဂလာငွေခွန်တော်ကို ဆက်ပါရသည်။ ။ထွက်ဆိုသည် စာတမ်း။

## ပုဒ်မ ၂၀ (င) မုတ္တမ တောင်ငူ ဆိုင်ရာ အမိန့်တော် ၁၀၉၈ ခု

ဘုန်းတော် အသွန် ကြီးမြတ်တော်မူလှသော အရှင် ဘဝရှင် မင်းတရားကြီး ဘုရား အမိန့်တော်ရှိသည်။ တောင်ငူ မုတ္တမ ရွှေခွန် ငွေခွန်တော် ဆက်သားတို့ကို ငွေခွန်ဝန်က ဆက်သွင်း ရကောင်းသည့် နှိုးဆော်သည်။ မြို့ဝန် အခွန်ဝန်တို့က နှိုးဆော်၍ အခွန်တော်ကို ဆက်သော ကျွန်တော်မျိုး ဆင်းရဲသား အပေါင်းတို့သည် မရပ်မခံနိုင်အောင် တယောက်ကို တယောက် လွှတ်ရှိကြောင်းကို နားတော်ကြားတော်မူ ရသည်။ ငွေခွန်ဝန်မှာ မြစ်စဉ်ညာ တူးရှင်းတိုင် အကြေ ၉ ရွာ အညာ ၉ရွာ စီရင်ဆော်နှိုးရမည်ကို တောင်ငူ မုတ္တမ အခွန်တော်ဆက်တို့ကို ဆွဲငင်၍ အနာအကျင် ရှိရသည်မှာ ဆင်းရဲသားတို့ ငြိမ်ဝပ်မည် မဟုတ်။ တောင်ငူ မုတ္တမ မြို့ဝန် အခွန်ဝန် သီးခြားခန့်ထားလေပြီးသည်။ တောင်ငူ မုတ္တမ မြို့ဝန် အခွန်ဝန်တို့က နှိုးဆော်ကောက်ခံ၍ ဆက်မြဲအတိုင်း အခွန်စာရေးတို့ ကြပ်မ၍ ရွှေဘဝါးတော်မြတ်အောက် တလုံးတဝဘည်း ဆက်သွင်းစေ။ ။ငွေခွန်ဝန် တောင်ငူမြို့ဝန် အခွန်ဝန်တို့ကို ပြန်ဆို။

သက္ကရာဇ် ၁၀၉၈ ခု တန်ဆောင်မုန်း လဆန်း ၂ ရက်နေ့ နားခံပြောကြီးမှူး ရာဇာတမန် ရွှေလွှတ်တော်သို့ ပြန်သည်။

## ပုဒ်မ ၂၁ (က) ဆင်အိုင်ပိန်ညင်း ၁၀၆၁ ခု

သက္ကရာဇ် ၁၀၆၁ ခု ကဆုန်လပြည့်ကျော် ၂ ရက် စနေနေ့တွင် ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော ဆင်ဖြူဆင်နီများ အရှင်မင်းတရားကြီးသည် ဆင်ကြည်တိုက်ပယ်နယ်မှ စ၍ အောင်ပင်လယ်ကန် နားဌေးချောင်းကျကန် မြကန်ဆည် တောင်ဘက်ကျောက်ဆည် နွားတက် ကန်လန် ကျော်ဆည်မှ စ၍ လယ်မှာ ၉ ပယ် ပယ်တသောင်း မြောင်းတထောင်နယ်ရှိ အစုအစဉ် သူရဲသူခက် ဒိုင်း လမိုင်း ဝင်း ကိုယ်ချံ မာရဘင် ဘဏ္ဍာ ကား သူရဲ ၁၂ တပ်မြေမှ စ၍ စုခြားငန်းခြား ဘုရားမြေ ကျောင်းမြေ အစုစုမြေကို လကျ်ာနန္ဒမိတ်ကျော်ထင်တို့ကို စေခန့်တော်မူ၍ စစ်ကြောသိမ်းရုံးစေသည်ကာလ ဆင်ကြည်တိုက်မြေ ဆင်အိုင်ပိန်ညင်း တောကဲ မြေတိုင် မိတော်ဦး ငါ့သက်ပုံ ငါ့ရွှေအိုး အစစ်ခံချက် အရှေ့မြောက်ကိုလားသော် ဆည်းလည်းကွဲချောင်းထိ။ အရှေ့ကိုလားသော် လင်းလေးအိုင်ထိ။ အရှေ့တောင်ကို လားသော် တင်ကျည်ကျပ် ဝါးဖြူတောင် ဆင်ဖြူချောင်းဖျားထိ။ အနောက်ကို လားသော် အုတ်နဲ့ရေတောင် တောင်ဆင်း ။အနောက်မြောက်ကို လားသော် ကျွန်းလှ ဆည်းချောင်းထိ။ မြောက်ကို လားသော် ဆည်းလည်းကွဲချောင်း ကောက်ကောက်စင်စင်။ ၎င်းနယ် တောမြေတွင် လုပ်စား နေထိုင်သူတို့မှာ ပန်တော်ပန်းကို ချည်နီပါးထည်ရစ်၍ ထမ်းပိုးကို နှီးပါးရစ် သိုင်းရှေး ၇ နှစ်စဉ် ဗြဲတိုက်တော်သို့ ဝင်၍ ဆက်သွင်းထမ်းရွက်ရသည်။ ၁၂မှု ကင်း ကူးတို့ အကောက်အစား ဆိပ် တည် ပွဲ တရားကွမ်းဘိုး ချော တဒမင်းအခွန်သချာ ပေးမြဲမရှိ။

## ပုဒ်မ ၂၁ (ခ) အုံးကွမ်းအရာတော် ၉၉၉ ခု၏

သက္ကရာဇ် ၉၉၉ ခု ကောင်းမှုတော်ကြီး ဒါယကာ မင်းတရားကြီး လက်ထက်တော် ၎င်းသက္ကရာဇ် ၉၉၉ခု တန်ဆောင်မုန်း လပြည့်ကျော် ၂ ရက် အင်္ဂါနေ့တွင် ဆင်ကျည်တိုက်ဝင် ရွာပေါင်း ၄၉ ရွာ အရှေ့ဘက် မြစ်အညာတွင် အရာတော်ပယ်မြေရှိ အုံးကွမ်းရွာပယ် ၁၂၀၀ အနက် ပယ်သေ တောစိမ်း မြက်မည်း ခုတ်လုပ်တီထွင်သည် မြေပယ် ၆၀၀ အနက် ရန်မပယ်တိုင် ဒိုင်းသုံးတော်လှော်ကားမြေ ပယ် ၂၇၅ ပယ် ငါ့စံသာကြီး ငါ့ရှမ်းလုံတို့ တိုင်နက်မှန်သမျှကို နန္ဒသီရိကျော်သူ နန္ဒဇေယကျော်သူတို့က ပယ်နယ်နိမိတ် အစုအစဉ် ထမ်းရိုးရွက်ရိုး ပယ်ဖွဲ့နယ်ဖွဲ့ကို စစ်သော် သက္ကရာဇ် ၉၉၉ ခု တန်ဆောင်မုန်း လပြည့်ကျော် ၂ ရက် အင်္ဂါနေ့တွင် ငါ့ရှမ်းလုံ ငါ့စာသာကြီးတို့ လုပ်သားနှင့် မြေတိုင် ငါ့သက်ပုံ နံကြာသာပတေး အသက် ၆၉ သူတို့ကို သစ္စာတော်ကျမ်း ပေး၍ မေးစစ်သော် ထွက်ဆိုသည်။ အုံးကွမ်း အရာတော်မြေသည် အရှေ့ကို လားသော် တောင်အတက် လမ်းကူး ချောင်းကောက်ကန်အခြား ပယ် ၂၀၀၉။ တောင်ကိုလားသော် မြစ်ပေါက် အဆင်း •တောင်ရိုးကုန်းတန်း ကုန်းဦးလမ်းကူး အခြား ပယ် ၃၄၀၂ ပယ်။ မြောက်ကို လားသော် ချောင်းရိုး ရေ မြစ်ချောင်းရွာစွန်း တောတန်း နတ်ကြီးပယ် ၂၄၇ ပယ်။ အနောက်ကိုလားသော် တောင်ရိုး ရွာအကုန် တောတန်း အခြား ပယ် ၁၄၆ ပယ်။ ဆည်ကြီး ငါ့ကျော်ထွန်း ဘိုးငါ့သက်ပုံ တိုင်ဆော်သည်နယ် ၄ ရပ်အတွင်း ၁၀၀ အနက် အစုစုနုတ်သည်ပြင် ကျန်အရာတော်မြေ

အုံးကွမ်းရွာ ပယ် ၆၇၉ ပယ်သေပြု၍ အစုတ်အခြောက် တောစိမ်းမြက်မည်း ရာတောကိုင်းအင်း ပန်းတော် သဇင်တော် သစ်သီးသစ်ရွက် အခွန်ဘဏ္ဍာကို ဆက်သွင်းရိုး အစဉ်ကို စစ်မေးသော် အုံးကွမ်းရွာကို သက္ကရာဇ် ၇၃၇ ခု တဆောင်း လဘွင် အမတ်နန္ဒယော်ဓာကို ရေးစစ်သွင်းသည် နယ်စစ်တမ်း အတိုင်း အုံးကွမ်း အရာတော် မြေတွင် သုံးထောင်မြေ ဝင်းမြေ ဒိုင်းမြေ ပယ်ပေါင်း ၇၅ နှုတ်သည်ပြင် ကျန် ၆၇၉ အရာတော် အုံးကွမ်းရွာကို ပျဉ်ပြားမင်း လက်ထက် တမျက်သာ မြို့မြေကို ပြုစုသမုတ်တည်သည် ကာလ တောခွန်ကိုင်းခွန် ယာခွန် တောစိမ်း မြက်မည်း ခုတ်လုပ်တိထွင်သည်။ လုပ်သား ငါ့ရှမ်းကြီး ငါ့စံအောင် ငါ့ထွန်းပုံတို့နှင့် လုပ်သား ၅၆ ထားမ ပုဆိန် တူးရွင်း တောခွန် ယာခွန် အစုတ် အခြောက် မြေတွင် ပယ်နယ်ကို တွက်၍ တနှစ်ကို ခွန်တော်ဝင် ရေထက်မြေထက်တွင် လုပ်သမျှကို အခွန်တော် အရာတော် ဆင်ကျည်တိုက် စာရေးတို့မှာ ပယ် ၅၂၀၃ ပယ် ရေစား အမိုးအကဲမရှိ တနှစ်ကို ခွန်သေ ၃ ခွန်မ ၂၅၀ တောတိုင် ၁ံ ရာတိုင် ၁ံ ထင်း သစ် လျှော် ကြိမ် ဝါးများမှာ ကင်းတိုင်တို့မှာ ချေသည်နည်း အုံးကွမ်း သူကြီး ငါ့စံအောင် ဘိုးငါပုထွန်းစံအိုး တိုင်ဆော်ဘန်၍ အရာတော်အုံးကွမ်း ရွာကို ငါ့သက်ပုံ မြေတိုင်ဆော်၍ မိထော်ဦး ပေးဆက်သွင်း ရသည် စာတမ်း စစ်ချက်အတိုင်း မင်းအဆက်ဆက် အရာတော် အုံးကွမ်းရွာကို စီရင်ရပါသည်။ ငါ့စံအောင် ငါ့ထွန်းပုံတို့နှင့် လုပ်သား ၅၆ ငယ်သားတို့နှင့် ဆည်ကြီး ငါ့ကျော်ထွန်း ဘိုးငါ့သက်ပုံ ဘငါ့ရွှေအိုး တိုင်ဆော်၍ အစစ်ခံချက် စာတမ်း။

## ပုဒ်မ ၂၁ (ဂ) မြကန်အစရှိ ၉၉၉ ခု

သက္ကရာဇ် ၉၉၉ ခု တပို့တွဲ လပြည့်ကျော် ၅ ရက် စနေနေ့ တွင် အခါတော်နှင့် သာလွန်မင်းတရားကြီး သည် ပုညာသီရိ ပုညာဗျူသမန် သရေသော်ဓာတို့ကို စေ၍ ကျောက်ဆည်ကန် လယ်ပယ် နွားတက် ဆည်သယ်ပယ် အောင်ပင်လယ်ပယ် ကန်ပေါက် ကန်တော် ကန်လှ ထောက်ရှည်ကန် နွားဒွေောင်း ကျ ဆည်သယ်ပယ် ဂျွဲရှည်း လုပ်သား အခွန်ဝင် မြကန်ဆည်လယ်ပယ် ကျွဲရှည်း လုပ်သား မြေတိုင် တောကဲ စမြင် လုပ်သား စပါးမျိုးကျ တောကဲ အိုးစားကြီးတို့ကို အခွန်သေ အခွန်ဝင် လယ်ပယ် မျိုးကျကို ငါ့သက်ပုံ ငါ့ရွှေအိုး မိထော်ဦးတို့ တိုင်ဆော်ပိုင်နက်မှန်သမျှကို စစ်သော် ကျွန်တော်ဘေး ထောင်သင်း မြင်းမှူးကြီးသား ငါ့သက်ပုံ လက်ထက်ကသည် ငါ့ရွှေအိုး ဘိုး လက်ထက်တိုင် ·ဆက်သွင်း တိုင်ဆော်စီရင်သည်ကား ဆင်ကျည်တိုက်ဝင် ရွာပေါင်း ၅၆ ရွာ သူကြီး ၃၆ တောကဲ မြေတိုင် အခြား မရှိပါ။ ကျွန်တော်ဘေး ငါ့သက်ပုံ ဘိုးငါ့ရွှေအိုးတို့ တိုင်ဆော်စီရင်သည့် မြကန်ဆည် လယ်ပယ်မြေ ၁၀၀၁ ပယ်သေ ၈၀၀ အနက် လုပ်သား ငါ့စံ ငါ့အိ ငါ့တော ငါ့ပါ ငါ့ပေါက် ငါ့ညြော ငါ့လှော်က် ငါ့စံအောင်တို့နှင့် လုပ်သား ၇၆ ငယ်သား လုပ်သားတို့ သစ္စာရဘုရား ဝတ်မြေ ၅၀ မြစည်းခုံ ဘုရား ဝတ်မြေ ၄၉ ကို သက္ကရာဇ် ၇၃၇ ခု တန်ဆောင်မုန်းလ နှုတ်လှူသည် မြေပါ တိုင်ဆော်စီရင်သည် ဆော် သည်အဘွင်း နယ်သည် မြကန်ဆည်း နွားဒွေောင်းကျဆည် ရေသောက်ပင်လယ်ပယ် တိုင်ဆော် စီရင် နက်။ အရှေ့ကို လားသော် မင်းရင်ကျွန်းပင်ချောင်း အတက် ရတနာမြစည်းခုံ ဘုရားဝတ်မြေ ၄၂ပယ် ချောင်းရိုး သစ်ပုပ်ပင် အခြား။ အနောက်ကို လားသော် အောင်ပင်လယ် ကန်ရေသောက် မြကန် ဆည်နယ်မြေနှင့် နွားဒွေောင်းကျမြေဆည်းရေသောက် ရေလောင်းရွာ အရှေ့ထန်းစု မရင်းတော ခွေး ပင်ကုန်းခိုက်။ မြောက်ကို လားသော် မြကန်ဆည်ရေသောက်မြေ နွားဒွေောင်းကျမြေ ဆည်ရေသောက် မြေ သခွတ်ပင်ချောင်း အောင်ပင်လယ်ကန် ရေသောက် ကြက်ယက်ချောင်း ကုက္ကိုပင် အခြား။ တောင်

ကို လားသော် မြစ်ငယ်က ပေါက်သည်ချောင်း။ နယ် ၄ ရပ်သည် ငါ့သက်ပုံ ငါ့ရွှေအိုး မိတော်ဦး တိုင်ဆော်သည် ပယ်သေနယ်ပယ် ၁၀၀၀ ပယ်သေ ၈၀၀ မြကန်သည် ကျွဲရှည် ၇၆ လုပ်သား ငါ့ချစ်လောက် ငါ့ခံဦး ငါ့ထော် ငါ့ပါ ငါ့ရှမ်း ငါ့အိ ငါ့ထော်သိုက် ငါ့အူ ငါသာလျှကြီးတို့နှင့် လုပ်သား ကျွဲရှည်း နားဋ္ဌောင်းကျဆည် မြကန်ဆည် ၂ ခု မြေပယ် ၁၀၀၀ အနက် သုံးထောင်မြေ ရန်မဘက်ဒိုင်း ဝင်းမြေ ရဲဘော်ထောင်မှူးမြေ ဘုရားသစ္စာရဝတ်မြေ လမိုင်းမြေ ရွှေလှံထောင်မှူးမြေ အစုစု နုတ်သည်ပြင် ကျန် ၅၈၀ကို အခွန် ကျွဲရှည်း လယ်ပယ် ၁ ပယ်ကို ၂ ဝိကြ လုပ်၍ မြကန်ဆည်းတော် နားဋ္ဌောင်းကျဆည်းတော်ကို တက်သက်ဆည်းပိုး၍ လုပ်သွင်း အခွန်တော် ဆက်သွင်း ရသည်။ နားဋ္ဌောင်းကျဆည်ရေသောက် မြကန်ဆည်းရေသောက် လုပ်သား ၇၉ ပယ် ၁၀ လုပ်ကို ၂၈၉ပယ်ခွဲ၍ အစုစုချပေး လုပ်သည် လယ်ပယ် ကျွဲရှည်း လုပ်သား မျိုးကျ စပါး အခွန်တော်ကို တွက်၍ ဆင်ကျည်တိုက်မှာ လုပ်သား တောကဲ စမြင်း သူကြီး အိုးစားကြီးပါ မြေတိုင် ငါ့သက်ပုံ မိထော်ဦး ငါ့ရွှေအိုးတို့ အစစ်ခံချက် ထွက်ဆိုသည် နယ်စစ်တမ်း။

## ပုဒ်မ ၂၁ (ဃ) ငှက်ကြီးသိုက်

အုံးကွမ်း ငှက်ကြီးသိုက်ရွာ မြေနယ်သည် အရှေ့ကို လားသော် ၂ တိုင်ကျော်ခန့် ကွာ ဆင်ဖြူချောင်းထိ တဘက် ဘော်နင်းမြေ နှင့် ကျောခိုင်း။ အရှေ့တောင်ကိုလားသော် ၃ တိုင်ကျော်ခန့်ကွာ ခရိုင်ချောင်း မြစ်ငယ် ထိ တဘက် ရမန်ရက်ဆားမြေနှင့် ကျောခိုင်း။ တောင်ကိုလားသော် ၂ တိုင်ကျော်ခန့်ကွာ မြစ်ငယ်အလယ်ကြော တဘက် ရက်မန်ရက်ဆားမြေနှင့် ကျောခိုင်း။ အနောက် တောင်ကို လားသော် ၂ တိုင်ကျော် ခန့်ကွာ တနေပုတ်ချောင်း မြစ်ငယ်ထိ တဘက် သတီ ကျွဲနားဘားမြေနှင့်ကျောခိုင်း။ အနောက်ကို လားသော် ၂တိုင်ခန့်ကွာ နွားထိုးတောင်ခြေရင်း တပုတ်ချောင်းဖျား ကျောက်ပုံထိ တဘက် သတီ ကျွဲနားဘူး မြေနှင့် ကျောခိုင်း။ အနောက်မြောက်ကို လားသော် ၂ တိုင်ကျော်ခန့်ကွာ မင်းတဲချောင်း ကြက်ခေါင်းတင် ညောင်ပင်ရွာထိ တဘက် သတီ ကျွဲနားဘားမြေနှင့် အရာတော်မြေကျောခိုင်း။ မြောက်ကို လားသော် ၂ တိုင်ကျော်ခန့်ကွာ လက်ဆေးချောင်းထိ တဘက် ဆင်ကျည်တိုက် ဆည်ကြီး ငါ့ကျော်ထွန်း တိုင်ဆော် စီရင်နက်မြေနှင့် ကျောခိုင်း။ အရှေ့မြောက်ကို လားသော် ၃ တိုင်ကျော်ခန့်ကွာ ဝါးဖြူတောင် တင်ကျည်းကျပ် တောင်ထိ တဘက် ဘော်နင်း အရာတော်မြေ ဆည်ကြီး ငါ့ကျော်ထွန်း တိုင်ဆော်စီရင်နက်မြေနှင့် ကျောခိုင်း။ ၎င်းနယ် အတိုင်း မှန်ကြောင်း ထွက်ဆိုသည်။

## ပုဒ်မ ၂၁(င) ဆင်အိုင်ပိန်ညင်း ၁၀၇၆ ခု

ဆင်အိုင်ပိန်ညင်း ရွာမှာ ထုံးစံအတိုင်း အခွန်တော်လွတ် ၁၂ မှုလွတ် ကူးတို့ ဆိပ် တည် ပွဲ အကောက် အစားလွတ် ပန်တော်ပန်းဇာကိုသာ ဆက်ရမြဲ ဖြစ်ကြောင်းနှင့် ရေးပါရသည်။ အဆက်ပန်းကို တချည် နီပါးထည် သိုင်းဆော်၍ ဗြဲတိုက်တော်မှာ ဆက်ရမြဲ ဖြစ်ပါသည်။ ပန်းဆက်လာလျှင် ဈေးကို ကောက်ရပါသည်။

သက္ကရာဇ် ၁၀၇၆ ခု ကဆုန်လပြည့်ကျော် ၁ ရက်စနေနေ့တွင် ဘုန်းတော် အလွန်ကြီးမြတ်တော်မူလှ

သော ဆင်ဖြူ ဆင်ရှင် မင်းတရားကြီးသည် ဆင်ကျည်တိုက်မြေ ပယ်နယ်မှ စ၍ အောင်ပင်လယ်ကန် နား ဋ္ဌောင်းကျ ကန်ဆည် မြကန်ဆည် တောင်ဘက် ကျောက်ဆည်ကန် နွားတက် ကန့်လန့် ကျော်ဆည်မှ စ၍ ' လယ်မ ၉ ပယ် ပယ်တသောင်း မြောင်းတထောင် ပယ်နယ်ရှိ အစုအစည် သူရဲသူခက် ဒိုင်းမှူး ဝင်း ကိုယ်ရံ မာရဘင် ဘဏ္ဍာမြေ ဝင်း ၄မျက်နှာမြေကား မြေသူရဲ ၁၂ တပ်မြေမှ စ၍ စုခြားငန်း ခြားမြေ ဘုရားမြေ ကျောင်းမြေ။ အစုငုံမြေကို နုတ်ပေးချသည်ကား လကျာ်နန္ဒမိတ် စည်သူကျော် ထင်တို့ကို စေခန့်တော်မူ၍ သိမ်းရုံးတိုင်ဆော် စစ်ကြောစေသည်ကာလ ဆင်ကျည်တိုက်မြေ ဆင်အိုင် ပိန်ညင်းတော အရာတော်မြေမှန် သမျှကို မြေတိုင် မိထော်ဦး ဘေးငါ့သက်ပုံ ဘိုးငါ့ရွှေအိုး အစစ်ခံ ချက်ထွက်ဆိုပေသည် မြေတိုင်ဆော် နက်မြေသည် အရှေ့မြောက်ကို လားသော် ဆည်းလည်းကွဲချောင်း ထိ အခြား။ အရှေ့ကို လားသော် လင်နေအိုင်ထိ။ အရှေ့တောင်ကို လားသော် တင်ကျည်းကျပ် ဝါးဖြူ တောင် ဆင်ဖြူချောင်းဖျားထိ။ တောင်ကို လားသော် အုတ်ကျန်ဘုရား လက်တော်ဆေး ချောင်းထိ။ အနောက်တောင်ကို လားသော် တနေပုတ်ချောင်း ဝါးနက်ရွာထိ။ အနောက်ကို လားသော် အုတ်နဲ ရေတောင်ဆင်း။ အနောက်မြောက်ကိုလားသော် ကျွန်းလှသည်ချောင်းထိ။ မြောက်ကို လားသော် ဆည် လည်းကွဲချောင်း ကောက်ကောက် စင်းစင်။ ၎င်းနယ်မြေတွင် လုပ်စား နေထိုင်သမျှသူတို့မှာ ပန်တော် ပန်းကို ဆက်ရိုး အစဉ် ပါရှိသည်။ ပန်းကို ချည် နီပါး သိုင်းရွှေချ နှစ်စဉ် ဗြဲတိုက်တော်သို့ ဝင်၍ ဆက်သွင်း ထမ်းရွက်ရသည်။ ၁၂ မှူ ကင်း ကူးတို့ ဆိပ် ပွဲ တရားကွမ်းဘိုး ချောတွင် အသေး အဖွဲ့ မပေးရ လွတ်သည်။

သက္ကရာဇ် ၁၀၇၆ ခု ကဆုန်လတွင် စစ်တမ်း ပတီးဆရာကြီး လက်ထက်ရှိ စာတမ်း။

## ပုဒ်မ ၂၂ (က) မှိုင်းလုံး ၉၆၄ ခု

သက္ကရာဇ် ၉၆၄ ခု ညောင်ရမ်းမင်းတရားကြီးသည် အထက်ရှမ်းပြည်ရှိ သုံးဆယ်မြို့ တပ်ပေါင်းစား ရှိ သီပေါမြို့ တပ်ပေါင်းစားနယ် ပယ်ခြားနယ်ခြားအဝင် ကျောက်တိုင်နိမိတ် မြေခြားရေခြား နယ်ဝင်နယ်ပါ မြို့ကျေးရွာ အိမ်ခြေဦးရေစာရင်း စော်ဘွားအဆက်ဆက်တို့ စားဖွားရိုးအစဉ် မှိုင်းလုံး နယ်နိမိတ် ကျောက်တိုင် နယ် ၄ ရပ် ပယ်ခြား ဦးရေစာရင်း တိုင်တမ်းရစော်ဘွားရိုး တပ်ပေါင်းစား ဇာပေါင်းစား အမတ် ကလန် သံပျင် သူကြီး အရိုးအစည်မြဲ မြို့ကျေးရွာ အင်းလျားအရာတော် ပယ်ခြား အခွန်ဝင် သစ်သီး တောင်ယာခင်း တောစိမ်းမြက်မည်း ခုတ်လုပ်တီထွင်သမျှကို သက္ကရာဇ် ၉၆၄ ခု တပေါင်း လပြည့်ကျော် ၁၃ ရက်အင်္ဂါနေ့တွင် နန္ဒပစ္စည်း သရေစန္ဒတို့ကို စေ၍ အဘိုးတော် အခွန်တော် ဆက်သွင်းမြဲ မြို့ကျေးရွာ သီပေါမြို့ မှိုင်းလုံးမြို့ သုံးဆယ်မြို့ အရာတော် အင်းလျားမြေ နယ်မှ စ၍ ထမုန် အမတ် စော်ဘွားတို့ကို စစ်ကြောစေသည်။ မှိုင်းလုံးစော်ဘွားစား ၃၂ ဆက် အဝင် မင်းရဲပြုလျှို ဖြကမ့် သိုင်းဝိုင်ဆိုင်တို့ကို နံကြာသာပတေး အသက် ၅၇ နံသောကြာ အသက် ၇၅ သူ သိုင်ဝိုင်အိုင် ဖြကမ့်တို့ကို သစ္စာတော်ကျမ်းပေး၍ စစ်မေးသော် မှိုင်းလုံးနယ်သည် အရှေ့တောင်ကို လားသော် သရက် သုံးတောင် တလုံးအခြား။ အရှေ့ကို လားသော် မင်းကခိုက် အခြား။ မြောက်ကို လားသော် သဲဖြူချောင်း။ အနောက်တောင်ကို ရွှေညောင်ပင် ဆည်လည်ကျချောင်း အခြား တောင်ကြီး မြေ ၃ ပုံဘုရားအခြား။ ၎င်းနယ် ၄ ရပ်အတွင်း စော်ဘွားစား အဆက်ဆက် ကလန် သံပျင် အမတ်တို့ သိမ်းဆည်း စီရင်ရပါသည်။ နယ် ၁၂၉၆ အိမ် ရွာပေါင်း ၄ ရွာ အမတ် ၁၂ ဆက် ယာခွန် ကိုင်းခွန် တောခွန်များ နယ်ပယ်ပေါင်း ၅၂၀ ပယ်နယ် အနက် ကောင်ဟန်မှူ ဇင်းမယ်ပါ ပုပ္ပဇဉ် သိမ်းလူ ၁၅ ငယ်သား ၅၀ တို့ နုတ်မြေ ၇၉ ပယ် ၂ ိ နုတ်ပေးသည်ပြင် ကျန်မြေပယ် မှိုင်းလုံး အဝင် အခွန် ၄ ရွာ ကျေးလက် ၁၀ ရွာ မြေတို့ကို အဆက်ဆက် စီရင်ခန့်ခွဲ၍ ဦးရေ ထမ်းရ ၁၂၉ အိမ်နှင့် လူသူ ဦးရေ အိမ်စာရင်း မှိုင်းလုံးမြို့ တာပေါင်း ၆၀၀၀ ကျုံး ၁၅ တာ အနက် ၇၇ တာနှင့် ရာပြုမင်းတို့ သက္ကရာဇ် ၁၀၂ ခု မိုးကောင်း မိုးညှင်း ပြုမြို့များက ပြုစုတည်ထားသမုတ်သည်ကို ကြားသိသည် အတိုင်း ကမ္မံ အိုင်လို ဖြေသည်လိုင်ထို ထွက်ဆိုသည် မှိုင်းလုံးနယ် အတိုင်း။

## ပုဒ်မ ၂၂ (ခ) မှိုင်းလုံး ၉၉၉ ခု

သက္ကရာဇ် ၉၉၉ ခု ရာဇမုဏိ စူလာဒါယကာ လက်ထက် ငါ့တက်တူ ငါ့ရန်အောင် ငါ့တက်ခေါင် ဒိုင်းမှူးတို့ ထပ်၍ မှိုင်းလုံးနယ်ကို စစ်သော် ထွက်ဆိုသည်ကား အရှေ့ သရက်ပင်။ အရှေ့ကို ပင်ခိုက် ဘုရား။ မြောက်ကို သဲဖြူချောင်း ၎အခြား တောင်ကြီးမြေ ၃ ပုံဘုရား။ အနောက်ကို တောင်ရိုး ရွှေညောင်ပင် ဆည်းလည်းကျချောင်း အခြား။ ၎င်းနယ် ၄ ရပ် ၅၂၇ ပယ် ဝိုင်မှိုင်းဆိုင်ကမ့်ဖြသို့ ဝိုင်သိုင်းတို့ နယ်ကို စစ်ထွက်သည် အိမ် ၉၆ အိမ် ထမ်းသည် သူကြီး စော်ဘွား ၁၃ အမတ် ၂၃ ဆက်ခံသွင်းသည် စစ်တမ်း။

## ပုဒ်မ ၂၂ (ဂ) မှိုင်းလုံး ၁၀၂၇ ခု

သက္ကရာဇ် ၁၀၂၇ ခု နယုန်လပြည့်ကျော် ၃ ရက်နေ့တွင် မှိုင်းလုံး သူကြီး ပေါမှိုင်း အမတ် ဝိုင်ဆိုင် ဗျှင်ရသီရိ နံကြာသာပတေး အသက် ၇၆ သူတို့ကို သစ္စာတော် ကျမ်းပေး၍ မေးသော် ကျွန်တော်တို့ မှိုင်းလုံး သီပေါ သုံးဆယ်မြို့များမှာ စော်ဘွားစား အဆက်ဆက်နှင့် နှစ်ကန်တော့ လက်ဆောင် အိမ်ခြေဦးရေ စာရင်းရအတိုင်း အမတ် ၂၃ စော်ဘွား ၃၇ ဆက် ခန့်တီမင်းသား ဝိုင်သူဘန်ကြီးသား ဘွားစားသည်ကာလ သက္ကရာဇ် ၉၀၀ ကျော်က နယ်သည် အရှေ့တောင် သရက် ၃ ပင်တောင်တလုံး အခြား။ အရှေ့ကို ပင်ကခို။ မြောက်ကို သဲဖြူချောင်းအခြား တောင်အတက်လမ်း။ တောင်ကို မြေ ၃ ပုံ ဘုရားမြေ စပ်။ အနောက်ကို တောင်ရိုး ရွှေညောင်ပင် ဆည်းကျချောင်းအခြား။ ရင်းနယ် ၄ ရပ်အတိုင်း ၅၂၀ အနက် တောင်ငူပါ ဇင်းမယ်ပါ ပုပ္ပဇဉ်ကမ္ဘ်တို့လူ ၁၅ ငယ်သား ၅၀ ကို နုတ်ပေးချထားသည်။ သက္ကရာဇ် ၉၀၀ ကျော် က နုတ်ပေးသည် မြေ ၇၉ ပယ် ၂ိ ရှိပါသည်။ အစုခြားမြေပယ်မရှိပါ ထွက်ဆိုသည် စစ်တမ်း။

## ပုဒ်မ ၂၃ (က) စိမ်းကျည်ကျွဲဆွဲကုန်းရွာ ၁၀၉၅ ခု

သက္ကရာဇ် ၁၀၉၅ ခု ဟံသာဝတီပါ မင်းတရားကြီး လက်ထက်တော်တွင် တောင်ဘက် ကျောက်ဆည် ၉ ခရိုင် ၎င်း ခရိုင်မြေ။ လက်ရုံး ကောင်းတွင် စိမ်းကျည် ကျွဲဆွဲ ကုန်းရွာကို ရာဇတမန်ကြီး သူရဲသွေး သောက်ကြီး မှူးတို့ လုပ်စားမြေ အဘိုးအခွန် ခံရမည် ရေထက် မြေထက်ကို စီရင်ကောက်စား သိမ်းခံစီရင်၍ ဆက်ခံစားသည် ပယ်ပေါင်းချေကျောက် ၅၆၃ ပယ် ကုန်းရွာ စိမ်းကျည် ၅၉ ပယ် ၃ိ ကျွဲဆွဲ ၂၃၄ ပယ်စိတ် နုတ်၍ ခွန်သေမရှိ ခွန်မ ၃ စပါး လယ်ခွန် ယာခွန် တောခွန် ကိုင်းခွန် ၁၀ လျှင် ၁၅ ဆက်ခံစားသည်။

## ပုဒ်မ ၂၃ (ခ) ကုန်းရွာ ၁၁၀၃ ခု

၎င်းနောက် သက္ကရာဇ် ၁၁၀၃ ခု ဟံသာဝတီပါ မင်းလက်ထက် ပင်းယစား နန္ဒသီရိကျော်က ရှင်ငယ်မြေ ကုန်းရွာ နိဂြောဓာ ဝတ်မြေပယ်သေ ၅၈ ပယ်မြေကို တရားစကား ကွမ်းဘိုး အပေါ်ဝန်မှု အကောက်စာရေး စစ်သိမ်းခံသည်။၎င်းတပို့တွဲလဆန်း ၃ ရက်နေ့ ပင်းယစား နန္ဒသီရိကျော် စားသည်။ ၎င်းသား စန္ဒကိတ္တိက ကုန်းရွာ နိဂြောဓာ ရှင်ငယ်မြေ ၅၀ ကို မြေတိုင် ၁၀ မြင်နှစ်ဆက် ခံစားပေးသည်။

## ပုဒ်မ ၂၃ (ဂ) ကုန်းရွာစိမ်းကျည် ၁၀၅၀ခု

သက္ကရာဇ် ၁၀၅၀ ခု ဝမ်းပဲအင်း စံမင်းလက်ထက် တောင် မင်းကြီး သူရသရေကျော် ကို ကုန်းရွာ စိမ်း ကျည် ၂ ရွာကို ဆည်သွေးသောက်ကြီး အရာနှင့် ပယ် ၅၃ပယ် ၃ိ နုတ်၍ ပေးသည်ကာလ တရားစကား အ ပေါ်ဝန်မှုကို အလုံးသိမ်း ခံစားသည်ကာလ နိဂြောဓာဝတ်မြေမှာ တနှစ်လျှင် ခွန်သေ ထုံး အင်္ဂတေဘိုး ၇၂ မရင်း ကောက်ကြီး သွင်းဆက်၍ သင်္ဃာရာဇာ ကန်ပေါက်စားကို ဆက်ရသည်။

## ပုဒ်မ ၂၄-မြင်းစီးဖွဲ့ခြင်း ၉၆၁ ခု

ငါတို့ ဘုရားလောင်း မန္ဓာတ်မင်းသည် စကြာရတနာဘောင်နှင့် လှည့်တော်မူသောအခါ ၃ ကျွန်းသူတို့ကို ယူခဲ့၍ ထိုကျွန်းသူတို့ နေရာအရပ်တွင် မြောက်ဥတု ဂရုကျွန်းသူတို့ နေရာကို ဥတုဂုရု တွင်သည်။ ပြုပ္ပါဝိဒေဟာကျွန်းသူတို့ နေရာကို ဝိဒေဟာရဇ်တွင်သည်။ အမရဂေါ်ရာကျွန်းသူတို့၏ နေရာကို အပရန္တတွင်သည်။

ပြုပ္ပါဝိဒေဟာကျွန်းသူတို့ နေရာမြေကို နယ်သတ်သော် အရှေ့ကိုလားသော် ဇင်္ဂလနိဂုမ်းရွာ။ အရှေ့တောင်ကိုလားသော် သလ္လာဝတီမြစ်။ တောင်ကိုလားသော် သေတမည်သော နိဂုမ်းရွာ ။ အနောက်ကိုလားသော် ဒုနမည်သော ပုဏ္ဏားရွာ။ မြောက်ကိုလားသော် ဥသီရဓဇချောင်း။ ဤငါးပါး အပိုင်းအခြားရှိသော အနံ့ယူဇနာ ၁၅၀ အလျား ယူဇနာ ၃၀၀ အဝန်းယူဇနာ ၉၀၀ ရှိသော မဇ္ဈိမတိုက် အတွင်း ပြင်ကားပဇ္ဇန္တရာဇ် ဇနပုဒ်အတွင်းတွင် သက္ကရာဇ် ၇၅၆ နယုန်လဆန်း ၁၃ ရက် စန္ဒဂုရု ၁၅ လုံး နက္ခတ် ၈နု ပြိဿလက်တွင် အရှေ့ ၉ ကျိုင်း ၉ မိုး ၉ စော်ဘွား ၉ ထား ၉ မိုင်း မြို့ကျေးရွာနယ်နိမိတ် အပိုင်းအခြား အစုအနေမြင်းသွေးသောက် ဒိုင်းလမိုင်း ငွေခွန်ရွှေခွန် ချင်း ကရင် ရှမ်း ယွန်း ဝင်း ကောင်ဟန် ဘွားဘက်ကျော် အစုအစဉ်ထမ်းရွက်ရိုး မြေအပိုင်းအခြား အိမ်ခြေဦးရေ စာရင်း ဖွဲ့ဘက်ခြား၍ စုံသွေးသောက်ကြီး လုပ်မြေ စားမြေနေမြေ စီးရိုး ထမ်းရိုး ရွက်ရိုး အစုအစဉ် မြို့ပါကျေးလက် ကျေးသီး ဇနပုဒ်ရွာငယ် အသီးအသီး သူကြီး သံပျင်ကလန် အကြီးအစဉ် ဖွဲ့ဘက်တည်ရာတွင် သက္ကရာဇ်ကို အဋ္ဌနဝသတ္တ ၇၉၈ ခု ဖို့သည်ကို မပြိုဘဲ အရှည်အတိုခေါ်ဝေါ်ခြင်း ဖြစ်သည်နှင့် သက္ကရာဇ် ရှည်ပင် ၉၆၁ ခုနှစ် တပေါင်းလဆန်း ၃ ရက်နေ့တွင် သီဟသူရ မဟာဓမ္မရာဇာ ညောင်ရမ်းမင်းတရားကြီးသည် ဘဝရှေ့မြို့တော်ကို တက်တော်မူ၍ ညောင်ရမ်း နောက်တော်ပါတလိုင်း ရှမ်း ယွန်း မြန်မာ ဒိုင်းစို့ မြင်းစို့ ကျွန်တော်မျိုး အစုအငန်း ခြားနား စီစစ်၍ လုပ်မြေ နေမြေ စားမြေတပ်ပေါင်းစားဇာပေါင်းစားတို့ကိုအသီးအသီးပေးဖွဲ့ဘက်၍ထမ်းရွက်ရသည်ကား ငွေခွန်စု ရွှေခွန်စု ဒိုင်း ဝင်းကောင်ဟန် ၉ စုံအစုဝင်သုံးပန်းလက်ရ ရှမ်း ရှန်း ဇင်းမယ်ပါ ကျွန်တော်မျိုးလူစု မြင်း ကား လွှား ဘွားဘက်ကျော် သူရဲ ၁၂ တပ် တပ်ပေါင်းစား ဇာပေါင်းစားမြေ ကျေးရွာ မြို့ကျေးလက် နယ်တွင်းပယ်တွင်း အစု သိမ်းနီမြို့ ပွေးလှ ရွာငန် လဲခြား ရောက်စောက် သီပေါ ညောင်ရွှေ မြို့နယ် ၄ ရပ် အတွင်းတွင် ပယ်ပေါင်း ပေါင်လောင်စား ထားမဦးချ မြို့ပါကျေးလက်ရွာ အစုအစဉ် ထမ်းရိုး ရွက်ရိုးကား သက္ကရာဇ် ၉၆၁ ခု နတ်တော်လဆန်း ၉ ရက်နေ့တွင် ညောင်ရမ်း မင်းတရားကြီးသည် ဥဒိန်ကျော်ထင် နန္ဒသူရ အမတ်တို့ကို စေ၍ နန္ဒသီရိသွေးသောက် ရာဇဂုဏ္ဏသွေးသောက် ကော်ခေါ်ရန္တမိတ်သွေးသောက် ကောက်မြင်းစီးဘယနန္ဒသူသွေးသောက် နန္ဒယော်ဓာသွေးသောက် မြင်းစီး ဖွဲ့တော်မူ၍ စည်စားထမ်းရွက် ရသည့်မြေကား ညောင်ရွှေမြို့နယ်ပါ တပ်ပေါင်းစား ဇာပေါင်းစားမြေနှင့် အဝင်အပါ မြင်းစီးတော်ရွာနယ်ရွာ စီးစားမြေ၂၇၉ ပယ် ၂ဝိ ပယ်သေ ချေကျောက် မြင်းစီးစား ဖွဲ့သည် ၃ စီး ပေါက်ခုံရွာ ၃၇ ပယ် ၂ဝိ စီးစားမြေ ဖွဲ့၍ ထမ်းရွက်ရသည်။ ဇင်ခေါင်းရွာ ၇၉ လယ် ယက် ၆၉ ပယ် ပါမု ၈၂ ပယ် ပါကင်း ၄၂ ပယ် နန်းဆောင်ကဲဟဲ ၉ ပယ် ၂ဝိ ပယ်သေချေကျောက် ပေးဖွဲ့၍ ညောင်ရွှေ မိုးနဲများမှာ အစည် တပ်ပေါင်းစား ဇာပေါင်းစားဖြစ်၍ စောင့်နေစီးစားထမ်းရွက်သည်တို့ကို လုပ်မြေ နေမြေ သနားတော်မူသည်ဖြစ်၍ မြင်း ၆၉ စီးစား ထမ်းရွက်ရသည် အမတ်

စန္ဒသီရိသူရတို့ကို စေ၍ မြေကိုကိုယ် တိုင်တာမှတ်သား ခြားထားပေးအပ်သည်။ ညောင်ရွှေနယ်ကား ၂၃၆၀ တာဝန်ချသည်တွင် သက္ကရာဇ်တို ၁၆၁ ခုတွင် ပေါက်ခုံရွာ မြင်းစီး ၃ စီး ဇင်းချောင်း ၂ စီး ကော်နဲ့ရွာ မြေပါ ၂ စီး မာပူရွာမြေ ၁စီး မြေပေးချသည် ပါကင်းရွာမြေ ၂ စီး မြေဖွဲ့ပေးချသည် နန်းဆောင်ဟဲကဲ ၃ စီး ပေးဖွဲ့ချ၍ မြေနှင့် ညောင်ရွှေ တပ်ပေါင်းစား ဇာပေါင်းစား အဝင်အပါ စီးစား၍ စောင့်နေထမ်းရွက်ရသည်။

**ပုဒ်မ ၂၅-အုတ်ကန်ကြီး ၉၇၆ ခု**

